www.burmeseclassic.com

# လရောင်ကျေးရှင့်

အဏ္ဏမျော်



www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

# အတ္တမှော်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၁၅၉၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၃၃၆၁၂၁၀

အကြိမ် – ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၈၈)၊ ၅၁ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

အတ္တမော်/ လရောင်ကျူးရင့် – ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၀။

၂၈၄– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) အတ္တမော်




## အခန်း (၁)

ရန်ကုန်မြို့ကြီးတွေမှာမြင်ရသည့် ဝရန်တာနှစ်ဆင့်ခံ နှစ်ထပ်တိုက်ပုံနှင့် ခေတ်မီထည်ဝါသော အတွင်းပိုင်း ဆက်တင်အခမ်းအနားမျိုးကို မိုးကုတ်မြို့မှာ ဒီတစ်နေရာပဲ မြင်ရသည်။

ဒါက 'ပန်းရတု'စံအိမ်ကြီးပဲ ဖြစ်လေသည်။

ဧည့်ခန်းကို စတင်ချဉ်းနင်းပြီဆိုကတည်းက မြက်ခင်းစိမ်းဟို ဖြန့်ကျက်နေတာမျိုး၊ မြစိမ်းရောင် မွေးပွကော်ဇော၏ နူးညံ့အေးချမ်းမှုကဆီးကြို နှုတ်ဆက်၏။

''လာပါ မမေ..၊ ထိုင်ပါ..''

''လာပါ..၊ ဝင်ခဲ့ပါ..''

ဆီးကြိုဖော်တော့ ရသည်။ ဒါပေမယ့် ဆိုဖာပေါ် ခြေချိတ်ထိုင်နေသူက နည်းနည်းမှ ကိုယ်ကိုမရွေ့။

အပျိုကြီးသုံးယောက်အနက် စိန်ကိုမှ နှစ်သက်သော အကြီးဆုံးအပျိုကြီး မနွေမှတ်သုံ က ငါးပိရောင်ဝတ်စုံနှင့် အလယ်မှာဖြစ်ကာ...

ဒုတိယညီမ မိုးဂီမာန် မှာ အနီရောင်ဝတ်စုံနှင့် ဖြစ်၏။ သူကတော့ ပတ္တမြားကိုကြိုက်သည်ဟု သတင်းကြီးခဲ့သည်။

အငယ်မလေးဖြစ်သည့် ဆောင်းဝသန် ကိုတော့ မတွေ့သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ညီအခ်မသုံးယောက်ထဲမှာ ချောတာလှတာ နာမည်ကျော် မဟုတ်ခဲ့လို့ ထင်သည်။

သူမ ဘာကိုနှစ်သက်သည်ဆိုတာလည်း ကျော်ကြားမှုတစ်ခုအဖြစ် မရှိခဲ့ပါ။ လင်မယားနှစ်ယောက် မျက်လုံးထဲဝင်လာသမျှကို ဝေ့ပတ်ကြည့်လိုက်ပြီး ထိုင်ပါ ပြောသည့်နေရာမှာပဲ ထိုင်လိုက်ကြ၏။

နံရံတွေမှာ ထိပ်ဖျားကနေ အောက်ဖျားထိ ခပ်အိအိတွဲကျနေသော နံရံလိုက်ကာတွေကို ငဲ့ကြည့်၍ ဒေါ်မကောင်းကင် သဘောကျမိသည်။

ကာကယ်ဆို ဒီကာ အပျိုကြီးသုံးယောက်က သူမထက် အများကြီးတော့ မငယ်ပါ။ မတိမ်းမယိမ်းအသက်တွေပဲ ဖြစ်၏။

ဒါပေမယ့် မိုးကုတ်မှာ လူတိုင်းမနေနိုင်သော စည်းစိမ်အဆောင်အယောင်ပြိုးနှင့် နေမယ်၊ လာမကိုင် ငယ်ယော ညီအစ်မတွေက အပျိုကြီးတွေလည်း ဖြစ်နေပြန်၏။

အကြီးဆုံးအစ်ကိုကြီးဆိုတာက ကျောက်တွင်းလုပ်ငန်းတွေကို နိုင်မြဲအောင် ပုံးဆင်းခဲ့ပြီးမှ နိုင်ငံခြားကို ထွက်သွားခဲ့သည်။ အဲဒီကနေ ပို့နေတဲ့ငွေတွေကလည်း တစ်လတစ်လ နည်းလို့လား…၊ အပျိုကြီးဖြစ်ရတာကို အားမကျပေမယ့် ဒီလိုတစ်ပင်တိုင်မြနန်းနှင့်နေရတာမျိုးကိုတော့ အားကျမိတာ အမှန်ပင်…။

ကြက်ကြည့်ရင် အခြေအနေချင်းကလည်း ကွာပါသည်။ ကိုယ့်ပတ်ဝန်း ဒီမှာ ကိုယ်က သူဌေးပေမယ့် ဒီထဲကိုရောက်တော့ နတ်သမီးနှင့် ဆောင်းပါ သလင်လို ခံစားမိခဲ့၏။

'သားရေးသမီးရေး ပြောရအောင်' ဆိုပြီး အခေါ်လွှတ်လို့ လာခဲ့ကြပေမယ့် လက်ထပ်ပေးရအောင်ပါလို့ ပြောလာမှာ မဟုတ်တာက သေချာပြီးသား…။

ဒါကြောင့် စိတ်ပါ ဘားလွန်းလို့ ထလာခဲ့ကြတာ ဖြစ်သည်။

"နေလယ်က ဆောင်း ရောက်လာလို့လေ…၊ အဲဒါကို စိတ်ဝင်စား





ဘာနဲ့ လာခဲ့ကြတာ…"

"ဟုတ်တယ်…၊ အရေးတကြီး ပြောစရာရှိလို့ ခေါ်နိုင်းလိုက်တာ"

"အဟွန်း… သားရေးသမီးရေးဆိုတော့ သားလေးက မန္တလေး ရောက်နေတယ် မနွေ ရဲ့…"

"ဟင်!…၊ ဘာ…၊ အို… မလိုဘူး…၊ မလိုဘူး…၊ ကောင်လေးနဲ့ မဆိုင်ဘူးနော်…"

"ရှင်!…"

"သားရေးသမီးရေးဆိုတာက တခြားကိစ္စပါ…၊ သူတို့ကို လက်ထပ်ပေးဖို့ မဟုတ်ဘူး"

"အဲဒါပြောတာပဲ နွေ…၊ နင်ကိုက စကားပြောတာ မဟုတ်တာ၊ အပြောအဆိုတွေမှားပြီး ကလေးက နစ်နာဦးမယ်"

ဘာစကားတွေလဲ…၊ ဒေါ်မကောင်းကင် မျက်မှောင်ကြုတ်ကာ အောက်ကျားဖြစ်သူကို ပြန်ငဲ့ကြည့်၏။ ဦးဟံရှင် လည်း နားလည်သေးပုံ မရပါ…။

ကလေးချင်းကိစ္စလို့ ပြောဖြစ်လာတာက ကိုယ့်မှာ သားတစ်ယောက်ရှိကာ သူမတို့မှာလည်း နိုင်ငံခြားထွက်သွားသည့် အစ်ကိုအကြီးဆုံး ဦးရတုကျော် ၏တစ်ဦးတည်းသောသမီးလေးတစ်ယောက် ရှိနေ၍ ဖြစ်သည်။

ဒါဆို သားရေးသမီးရေးဆိုတာ ဘာလဲ…၊ ကိုယ့်သားက သူတို့ သမီးကို မဖွယ်မရာ စ,နောက်သွားခဲ့လို့လား…၊ ဒါက မဖြစ်နိုင်ပေ…။ သားက ကျောက်တွင်းလုပ်ငန်းတွေကို သိပ်စိတ်မဝင်စားသလို ကျောင်းမှာပဲ အခြေချချင်တဲ့သူ…။ မန္တလေးမှာလည်း သူ့သူငယ်ချင်း တွေ အနှံ့အပြားရှိလျက် လုပ်ငန်းတွေတောင် ထူထောင်ထားတာ…။

ပိုသေချာတာက မိုးကုတ်ကိုလာဖို့ ခုမှ ခေါ်ထားရတာ…၊ ရောက်

www.burmeseclassic.com



တောင်မလာသေးပေ။

"ဒါဆို ပြောပါဦး..၊ ကောင်လေးက ဘယ်မှာလဲ.."

"ဟင်!..."

ခုနကတော့ တစ်မျိုး..၊ ဦးဟံရှင် မျက်မှောင်ကြုတ်သွားပြီး မဖြေ ဘဲနေမှ ဒေါ်မေကောင်းကင် က...

"သားက မိုးကုတ်မှာသိပ်မနေပါဘူး၊ ရန်ကုန်မှာကော..၊ မန္တလေး မှာကော သူ အင်တာနက်ဆိုင်တွေ ဖွင့်ထားတယ်လေ..၊ သူ့အပေါင်း အသင်းတွေကလဲ များမှများကိုး..၊ မိုးကုတ်ကို တစ်ခါတလေပဲ ရောက် လာတတ်တာ"

နေ နှင့် မိုး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။

"ကျွန်မတို့သိထားတဲ့ မှတ်တမ်း ဆိုတဲ့ကောင်လေးက ဒီလိုမဟုတ် ပါဘူး"

"ဟုတ်ပါတယ်..၊ ကျောင်းပြီးသွားမှ ပြန်မလာတော့တာ၊ သားက မိုးကုတ်မှာ မပျော်ဘူး မနေ့ ရဲ့..၊ လုပ်ငန်းတွေထဲမှာ ခေါက်ချပြီး လှုရှုပ်မပေါ်ဘူးတဲ့..၊ တကယ့်မြို့ကြီးတွေမှာပဲ နေချင်တာတဲ့၊ သူက ကျောက်တွင်းလုပ်ငန်းတွေကို စိတ်မဝင်စားဘူး"

"ကျွန်မတို့က သူ စိတ်ဝင်စားတဲ့အရာကို သိချင်လို့ မေးနေတာ မဟုတ်ဘူး မမေ..၊ လိုအပ်လို့ပါ..၊ နင် ပြောမလား..."

ပြောနေရင်း မိုး ကို လှည့်မေး၏။ မိုး က မေးဆတ်ပြကာ..

"ပြောလိုက်ပါ..၊ နင်ပဲ..."

ညီအစ်မနှစ်ယောက်ကိုကြည့်၍ ဦးဟံရှင် နည်းနည်းတော့ စိတ် ချင်၏။

ပြောစရာရှိတာကို ခေါ်ပြောသည်။

လူတွေရောက်နေတာတောင် ကောင်းကင်မှာ တက်ချိတ်နေ မျက်နှာတွေနှင့် လူကို စိုးမိုးကြည့်ပြီး ကြီးကြီးကျယ်ကျယ်ပုံတွေနဲ့





"ပြောရမှာ မျက်နှာတော့ ပူတယ်..၊ နားနဲ့မနှာ ဖဝါးနဲ့နှာပါ..၊ နောက်တစ်ခုက ဒီကိစ္စကြီးကိုဖွင့်ပြောရပြီးမှ မမေတို့ဘက်က 'ဟင့်အင်း' လုပ်လို့ မရဘူး"

မြတ်စွာဘုရား!.. သူတို့တွေမ ဟိုဟာဒီဟာဖြစ်တာကိုများ သားကို တာဝန်ယူခိုင်းမှာလား..။ ဒေါ်မေကောင်းကင် စတင် ရင်ပူခြင်းတွေ ဖြစ်ခဲ့၏။

ကြီးပွားချမ်းသာကြတာချင်း အတူတူပဲကို ကိုယ်တွေက စီးပွားရေး ထဲမှာပဲ နှစ်ထားခဲ့သည်။ သူမတို့က လူယုံတွေ အမြောက်အမြားနှင့် ထိန်းချုပ်ပြီး ရှရှလှလှလေး နေနိုင်သည်။

ကိုယ်တွေက ကိုယ့်လက်ထက်ကျမှ အရှိန်အဟုန်မြင့်အောင် ရုန်း ကန်ကြိုးစားရသလောက် သူမတို့ကတော့ မိဘဘိုးဘွားလက်ထက်က တည်းက မိုးကောင်း၊ မိုးညှင်း စသည့် နယ်ပယ်အနှံ့အပြားမှာ လုပ်ငန်း တွေက အကြီးအကျယ်..။

ချမ်းသာပုံချင်း မတူတာဟာ အဲဒီလိုနည်းတွေနဲ့ ကွဲလွဲသွားတာ ဖြစ်သည်။ ထို့ပြင် လွန်ခဲ့သည့် ငါးနှစ်ခန့်က ဒေါ်မေကောင်းကင် တို့ ရဲ့ လူးကျင်းတစ်ကျင်း ပြိုကျခဲ့၏။

အဲဒီမှာ လူသုံးယောက် တွင်းပိ သေဆုံးခဲ့သည်။ သားရော..၊ ယောက်ျားရော အနားမှာရှိမနေကြသဖြင့် ဒေါ်မေကောင်းကင် သေမှု သတ်မှုတွေကြားထဲမှာ သွေးပျက်မတတ် ရှိခဲ့သည်။

ထိုအချိန်မှာ 'ပန်းရတု'က သုံးရာသီညီအစ်မ၏ စောင်မ,ကြည့်ရှု ခြင်းတွေ အများကြီးရခဲ့သည်မို့ ကြောခင်မှာ အားလုံး အဆင်ပြေသွား ခဲ့၏။

ကျေးဇူးဆိုတာလည်း အဲဒီမှာ ပိုမိုများပြားသွားခဲ့တာ ဖြစ်သည်။

တစ်ခုခုများ ပြောလာလျှင်ဆိုသည့်အတွေးနှင့် ကျေးဇူးမကင်းခဲ့တာ တွေကို စိုးရိမ်တွေးကာ ဒေါ်မေကောင်းကင် တွေးမိမျှတာတောင်



www.burmeseclassic.com

www.burmeseclassic.com



အာခေါင်တွေ နာသွား၏။

ကူညီပါဆိုရင် ဘယ်လိုကိစ္စဖြစ်ဖြစ် ငြင်းရခက်မှာပါ..။

"မမေ.. ပြောပါဦး..၊ အဲဒီကိစ္စ ဘယ်လိုလဲ.."

နွေ ပြန်မေးတာကို နားထဲမှာ အကျယ်ကြီး ကြားလိုက်ရသလို ပင်..။

"သြော်... ပြောပါ မနွေ..၊ ဘာမှန်းမသိတော့ ကျွန်မ..."

"သားရေးသမီးရေးနဲ့ ပတ်သက်တာပါ၊ ကျွန်မတို့က စ,ပြောရပြီ ဆိုတော့ မမေတို့က ငြင်းသွားတယ်ဆိုရင်..."

"မဟုတ်ဘူးလေဗျာ..၊ တစ်ယောက်နဲ့တစ်ယောက် ယောက်ထား ရမှာတွေရှိတာ မှန်ပါတယ်၊ ဒါပေမယ့် သားကို အသေခံဖုံးကိုင်ပြီး ရှေ့တန်းကိုထွက်ခိုင်းတာမျိုးကျတော့ ဘယ်လက်ခံနိုင်မလဲ..၊ ဘာကိစ္စဆို တာတော့ အရင်သိရမှ ဖြစ်မှာပေါ့"

"အဲဒါနဲ့ ဘာမှမဆိုင်ဘူး..၊ ကြိုပြောလို့လဲ မဖြစ်ဘူး..၊ ဘယ်သူမှ မနစ်နာတဲ့ကိစ္စမျိုးမို့ ကျွန်မ ပြောနေတာ..၊ ဒါပေမယ့် အပြောမတော် ရင် ကျွန်မတို့ နစ်နာမှာ..၊ ဒါကြောင့်ပါ"

တောင်းပန်တာလား..၊ အမိန့်ပေးတာလား မသိ။ နွေ့ မျက်နှာက မနာခံရင် ခေါင်းဖြတ်သတ်တော့မလိုလို..။

ဒေါ်မေကောင်းကင် က ယောက်ျားဖြစ်သူကို အသာနေဖို့ မျက်လုံး နှင့် လှည့်သတိပေး၏။ ဦးဟံရှင် က မကျေလည်ချင်..။

ဒီမိန်းမကိုက သုံးရာသီညီအစ်မတွေဆို ပြားပြားဝပ်ချင်နေတာဟု တွေးမိနေ၏။

အိမ်မှာများ အဲဒီလိုပြောမိရင် မမေတို့ ပြန်အော်ပါလိမ့်မည်။

"အမွှအခင်းဆို မေက တအားကြောက်တာ ရှင်သိသားနဲ့..၊ ရှင် တို့မရှိတုန်းမှာ မေ့ကို ဘာမှလိုလေသေးမရှိ ကူညီခဲ့ကြတာ သိရဲ့လား၊ သူတို့ပုံစံတွေက ခက်ထန်ပေမယ့် စိတ်ရင်းကောင်းရှိတယ်"လို့ သူ





တွေးနေတဲ့အတိုင်း ဒေါ်မေကောင်းကင် က ခေါင်းညိတ်လိုက်ပါပြီ..။

"ဟုတ်ပါပြီ..၊ ပြောပါ မနွေ..၊ ကျွန်မတို့ အတတ်နိုင်ဆုံး ကြည်ဖြူမှာပါ"

နွေက ကျေနပ်သွားသည့်မျက်နှာနှင့် ခပ်မိန့်မိန့်ပြုံး၏။ သုံးရာသီမှာ နွေ က အတ္တပိုသည် ထင်၏။ ပြောရင် ရမှ..၊ ပြိုင်ပြီဆို နိုင်မှ..။

မိုးကတော့ သူမလောက် မပြင်းထန်ပေမယ့်...

"နွေ ပြောလိုက်လေ..၊ လိုရင်းကို ရှင်းရှင်းပဲ ပြော..၊ မရှုပ်နဲ့.."

ဟု သံပြတ်နှင့် ဝင်ပြော၏။

"ဟုတ်တယ်..၊ ရှင်းရှင်းပြောမှ ဖြစ်တော့မှာ..၊ ဒီလိုပါ.. ကျွန်မ တို့ရဲ့ ကလေးနှစ်ယောက်ကို..."

အားတင်းလိုက်ပုံရပေမယ့် နွေ စကားမဆက်နိုင်ဖြစ်သွားပြန်သည်။

"ကဲ... မိုးပဲ ပြောတော့မယ်၊ ဒီလို မမေ..၊ မှတ်တမ်း ကို ကျွန်မတို့က သဘောကျတယ်၊ မိဘမျိုးရိုး၊ စာရိတ္တ အားလုံးပေါ့နော်..၊ ဒါပေမယ့် အခု ရန်ကုန်မှာပဲနေတာဆိုတော့..."

"အို..၊ သားလေးက ခုချိန်ထိ မိန်းမသနာနဲ့ပတ်သက်ပြီး အရှု အရှင်း တစ်စုံတစ်ရာ မရှိခဲ့ပါဘူး မိုး ရယ်..၊ သူ စိတ်ဝင်စားနေတာက စီးပွားရေးပါပဲ..၊ ပြောစရာရှိတာကို စိတ်သန့်သန့်နဲ့သာ ပြောပါ"

"ကျွန်မတို့လဲ တွေးမိပါတယ်၊ ဒီကလေးရဲ့ ငယ်ကျင့်ကိုကော..၊ ဒီ့သနွေစိတ်ကအစ မျက်စိအောက်မှာ မြင်တွေ့ခဲ့တာပဲ"

"ဟုတ်ကဲ့.."

"ဒါပေမယ့် သားရေးသမီးရေးဆိုတာ ကလေးနှစ်ယောက်ကို ဆက်ထပ်ပေးမှာ မဟုတ်ဘူး.."

"ဒါဆို ဘာများလဲ..၊ ပြောပါ.."

"မပေါင်းသင်းကြတဲ့ လက်ထပ်ခြင်းပေါ့နော်..၊ ကျွန်မတို့က ကျွန်မတို့ရဲ့တူမလေးကို ဘယ်သူစိမ်းတစ်ရံစာလက်ထဲကိုမှ ထည့်မပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်ဘူး..၊ ဥပမာ အိမ်ထောင်ချပေးတာမျိုးပါ၊ အဲ... ဒါပေမယ့် အားလုံး အိမ်ထောင်မပြုကျရင် မျိုးဆက်တုံးသွားမှာက ရှိသေးတယ်"

"ဟုတ်ကဲ့.."

"ခုနကပြောတဲ့ ပေါင်းသင်းခွင့်မရှိတဲ့ လက်ထပ်ခြင်းနဲ့..၊ မှတ်တမ်း နဲ့ကလေးကို လက်ထပ်ပေးချင်တယ်၊ ခုခေတ် ထွန်းကားနေတဲ့ ဆေးပညာတွေ အကူအညီနဲ့ပေါ့.."

"ဟာဗျာ..၊ ဒါတွေ တကယ်လုပ်ကြရင် မြန်မာနိုင်ငံမှာ..."

"မဟုတ်ပါဘူး..၊ ကျွန်မတို့တွေ ကိုယ့်ကလေးကိုယ်ခေါ်ပြီး နိုင်ငံခြားကို ထွက်ကြမှာပါ.."

"ဟင်!..."

"နိုင်ငံခြားမှာ..."

လင်မယားနှစ်ယောက် ငိုင်သွား၏။

"ငိုင့် ကို ကိုယ်ဝန်ယူနိုင်းမယ်..၊ ဟုတ်လား မိုး..."

"ဟုတ်တယ် မမေ..၊ ဒါကြောင့် ဒါကိုမပြောခင် သဘောတူပြီး ရဲ့ဘူး ဖြစ်နေချင်တာ၊ ဒီကိစ္စ ကလေးချင်း လုံးဝ ပေးမသိရဘူး၊ နောက်ဆုံး ကာယကံရှင်တွေကိုယ်တိုင် သူတို့ကို နိုင်ငံခြားကိုခေါ်ပြီး ဆေးစစ်တာတွေ..၊ သန္ဓေရနိုင်,မရနိုင် စမ်းသပ်တာတွေ ဘာလုပ်လုပ်..၊ စမ်းသပ်တာကို စမ်းသပ်တာလို့ပဲမြင်ရမယ်၊ ဘာကိစ္စဆိုတာ မသိစေချင်ဘူး"

"ဒါ.. လွယ်ပါ့မလား မိုး ရယ်..."

"ဘာလို့ မလွယ်ရမှာလဲ..၊ မမေတို့ မဖုံးဖိနိုင်တော့ရင်တောင် မှတ်တမ်း နဲ့ ငိုင် ပတ်သက်နေတယ်ဆိုတာ မှတ်တမ်း မသိရင် ရပြီ"

နွေ က ဝင်ပြောပြီး သူတို့မျက်နှာတွေကို စိုက်ကြည့်သည်။

"ကျွန်မတို့ဘက်က ကျွန်မတို့ကလေး မသိဖို့ နည်းမျိုးစုံနဲ့ ထိန်းချုပ်ထားမှာ..၊ မမေဟို့ဘက်ကစပြီး ပေါက်ကြားသွားရင်တော့..."

"နေဦး နွေ..၊ ဒီနေရာမှာ ငါတို့ပေးနိုင်တဲ့အပိုင်းကို အရင်ပြော





ရမယ်.."

မိုး က ကိုယ်ကို ရှေ့ကို အနည်းငယ်ကိုင်းလိုက်ကာ...

"ဒီလုပ်ငန်းအတွက် မမေတို့ကို ကျွန်မတို့က အဆမတန် များပြားတဲ့ငွေအမောင့်ကို ပံ့ပေးမှာ..."

"အို.. ကျွန်မတို့ ငွေမလိုပါဘူး..၊ ဘာလုပ်ဖို့လဲ..."

"သိပါတယ်..၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ချည်နှောင်ထားဖို့က ဒါပဲရှိတာ၊ ဒီငွေက မမေတို့ ပါးစပ်လုံနေသရွေ့ ငွေသေပဲ..၊ ပေါက်ကြားသွားတဲ့တစ်နေ့မှာ ငွေရဲ့သုံးဆကို ပြန်လျော်ရမယ်..၊ ဒါကို စာချုပ်စာတမ်းအရ ချေးငွေသဘောနဲ့ ချုပ်မှာ..."

"နေပါဦး မနွေ..၊ တွက်ကြည့်လိုက်တော့ ကျွန်မတို့က မလိုအပ်ဘဲ ဒီငွေကိုလက်ခံထားပြီး တစ်ခုခု ချွတ်ချော်လို့ ဒီသတင်းပေါက်သွားရင် မနစ်နာလွန်းဘူးလား"

"ချွတ်ချော်စရာ မရှိပါဘူး..၊ ဒါကိုသိထားတာ မမေတို့လင်မယားပဲလေ.."

"ဘယ်ဟုတ်မလဲဗျာ.."

"ဘာလို့ မဟုတ်ရမှာလဲ..၊ ပါးစပ်တွေကို ပိတ်ထားလိုက်ရင် ရပြီ၊ ဘုရင်ကို ဖွဲ့ထမင်းကျွေးခဲ့တဲ့ တောထဲကသစ်ခုတ်သမားလို ပြောစရာလူမရှိတော့ သစ်ခေါင်းထဲဝင်ပြောတာမျိုး..၊ မမျိုမသိပ်နိုင်ဖြစ်နေရင်တော့..."

"အဲဒီ ဥပမာကိုပဲ ကြည့်ပါဦး၊ သူများကိုမပြောရဲလို့ 'ဘုရင်ကြီး ...' ဆိုပြီး သစ်ခေါင်းထဲဝင် ပြောလိုက်တာပဲ၊ ဒါပေမယ့် အဲဒီသစ်ပင် ...ပြီး နန်းတော်မှာ စည်ကြီးလုပ်လိုက်တော့ တီးလိုက်တာ စည်သံ ...ဘဲ 'ဘုရင်ကြီး ဖွဲ့စား' လို့ ထမြည်တယ်လေ..၊ ဒါ တစ်စုံတစ် ...ကို ပြောမိတာ မဟုတ်ဘဲ..၊ ကံတရားက ဖြစ်သွားတာ..."

"ဆုပ်ကိုင်မပြနိုင်တဲ့ ပုံပြင်တွေပါရှင်..၊ ကျွန်မကတော့ ရေဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တာ..၊ ဒါ မပြောဘဲနေရင် ဘာမှမဖြစ်ဘူးလေ၊ ငွေကို လိုချင်သည်ဖြစ်စေ..၊ မလိုချင်သည်ဖြစ်စေ.. နှုတ်လုံပေးရတဲ့အမှုလေးနဲ့ပဲ နောက်ထပ် ရှင်တို့ နှစ်ဆ၊ သုံးဆ ချမ်းသာသွားမယ်၊ ဘယ်လို ဥပါဒ်ဆိုးကျိုးမှလဲ ဖြစ်လာမှာ မဟုတ်ဘူး၊ ကိုယ့်ရဲ့ စောင့်ထိန်းနိုင်မှုကို ဒီလောက်လေးတောင် မယုံကြည်ဘူးလား..''

နွေ က စကားကြွယ်သည်။

မျက်နှာထားက ပြင်းထန်၏။ တစ်ယောက်နှင့်တစ်ယောက် ဒီလို အမိန့်ပေးရလောက်အောင် ချည်နှောင်ဖိစီးထားကြတာ မရှိဘဲ ပြောလည်း ပြောထွက်ပါ၏။

ဒါပေမယ့် ဒေါ်မကောင်းကင် က ဦးဟံရှင် ကို တစ်ချက်ပဲ ငဲ့ကြည့်ကာ...

''ကောင်းပြီလေ..၊ ကျွန်မတို့ သဘောတူတယ်..၊ သားကို ခေါ် လိုက်ရမှာလား..၊ သား ရောက်လာမှလား..''

''နိုင်ငံခြားသွားကြဖို့ ကျွန်မတို့ စီစဉ်မယ်..၊ ပြီးရင် အကြောင်းကြားမယ်လေ၊ ဒီကထွက်ကြပြီး ပြန်လာကြတဲ့အထိ ကလေးတွေ မသိစေရဘူးနော်..၊ ပြောချင်တာက သူတို့ နိုင်ငံခြား အတူတူထွက်ခဲ့ကြတဲ့ အကြောင်း...''

''သိပြီ..၊ ကျွန်မတို့ဘက်က နှုတ်လုံဖို့ ကတိပေးတယ်''

''ဒါဆိုရင် စာချုပ်က ခုပဲ ချုပ်ကြမယ်..၊ လက်မှတ်ထိုးပြီးတာနဲ့ စာချုပ်ထဲကငွေပမာဏအတိုင်း အိမ်ကိုရောက်နေပြီးသား ဖြစ်ရမယ်''

''တစ်ခု ပြောချင်သေးတယ် မနွေ...''

''အင်း..၊ ပြောလေ...''

''မပြေးသော် ကန်ရာရှိပေါ့နော်..၊ ဟိုရောက်မှ သားက သနွေ သား မရနိုင်တဲ့ယောက်ျားမျိုး ဖြစ်နေခဲ့ရင် ဒီစာချုပ်က...''

''မပူပါနဲ့..၊ အားလုံးကို သေချာထည့်ချုပ်ပြီးသား၊ သူ့အခွင့်နဲ့သူ





အကုန်လုံး ပါမယ်၊ အထူးပြောချင်တာက မမေတို့ တစ်ဖက်သတ်နစ်နာသွားစေတာ ဘာမှ ထည့်မထားဘူး၊ အကြောင်းတစ်ခုခုနဲ့ ဖိစီးလွှမ်းမိုးဖို့ မပါဘူး၊ ယုံပါ..''

ဒေါ်မကောင်းကင် ခေါင်းညိတ်လိုက်စဉ်မှာ မိုး က စာချုပ်နှစ်စောင်ကို ရှေ့မှာချပေး၏။ 'ပန်းရတု'စံအိမ်ကြီးရဲ့မျိုးဆက်သစ် လှုပ်ရှားရေးက သည်မှာ စတင်လေသည်။

ထို့နောက် လများမကြာမီမှာ တမာဝိုင် ဆိုသည့်ကောင်မလေးနှင့် မှတ်တမ်း ဆိုသောကောင်လေး၏ ဖူးစာလမ်းဆုံကတော့...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

တောလမ်းကိုကြည့်ရင်း ဝိုင် ပျော်သွားသည်။ ဟိုအရင် ငယ်ငယ်က မှ ဒီနားထိ ရောက်ဖူးသည်။ အဲဒီတုန်းက ဖေဖေနှင့်လာလို့ ရောက်ဖူးတာ ဖြစ်သည်။

အသွားက မန္တလေးမှာပဲနေတာမို့ မိုးကုတ်ကို ရောက်လာရင် ခဏပဲ နေရသည်။ ကျောက်တွင်းတွေရှိတဲ့ဘက်ကို ခြေဦးတောင် မလှည့်ရဘူး ဆိုတော့ ခဏခဏရောက်တာပဲရှိသည်။ ဝိုင် အပျိုကြီးဖားဖားဖြစ်တဲ့အထိ ဆိုင်ကယ်လေး ဟိုလျှောက်စီး ဟိုသွားဒီလာ ဒါပဲ..။

''ဝိုင်..၊ ဘယ်လဲ...''

''ဒီနားပဲ အန်တီ..''

တောထဲဝင်မှာလားဆိုသည့် နားမလည်သည့်အကြည့်နှင့် သမင် လည်ပြန်ကြည့်ရင်း ဒေါ်စိမ်း ဆိုသည့်အမျိုးသမီး ဝိုင့် ကို ဖြတ်ကျော် လွန်မြောက်သွား၏။

ဝိုင် ပန်းလေးတွန်း၍ ဆိုင်ကယ်ဝင်လို့ရသည့်နေရာထိ ဆိုင်ကယ် ကို မောင်းဝင်ခဲ့သည်။ ပြီးတော့ ဟဲလ်မက်ကို ဖြုတ်၍ လက်ကိုင်မှာ ချိတ်ထားလိုက်၏။





ဂျာကင်အဖြူလေး၏အိတ်ထဲမှာ အသေးစား လောက်လေးခွတစ် လက် ပါတာကို ထုတ်ကာ လက်ထဲမှာ အကျအန ကိုင်ထားလိုက်သည်။

ဟိုဘက် ကုန်းမြင့်ချိုင့်ဝှမ်းကြီးတွေရှိတဲ့အထိတော့ မသွားရဲပါ။ တောက နေပြောက်မထိုးသာအောင် နက်တာမျိုးမဟုတ်ဘဲ အရိပ်ကောင်း တဲ့နေရာလည်း မရှိ..။

ထို့ပြင် လမ်းရယ်လို့လည်း သတ်သတ်မှတ်မှတ် မရှိပြန်..။

ဘာပဲဖြစ်ဖြစ် လူသူတစ်ယောက်မျှမရှိဘဲ ကျေးငှက်သာရကာတို့ ၏ ရှားပါးစွာ အော်သံကြားရတာလေးက နားထဲမှာ ချိုအီနေသည်။

''ဒီနားတစ်ဝိုက်မှာ ဒီလောက် ဖောက်ခွဲနေကြတာ၊ ကျေးငှက် သာရကာအသံလည်း မကြားရပါဘူး''

လို့ အန်တီမိုး ပြောဖူးတော့ ကြားနေရသည့် အသံရှင်ငှက်တို့ကို တောင် မြင်အောင် သေချာလိုက်ရှာမိသေးသည်။ ပြီးတော့ လောက်လေး အဆလုပ်ရင်း ရှေ့ကိုလှမ်းသည့်ခြေလှမ်းက နှေးကျသွား၏။

ငှက်လေးတွေကို ချစ်သည်..၊ သတ်ချင်စားချင်လို့လည်း မဟုတ်၊ သို့သော် 'ကိုယ့်လက် ဘယ်လောက်တည့်သလဲ' ဆိုတာတော့ မြည်း ချင်၏။ တစ်နည်းအားဖြင့် ကြွားချင်တာပါ..။

အဒေါ်သုံးယောက်ထဲမှာ ဝိုင် ဘာလုပ်လုပ် ဖေးဖေးမမ အမြဲ ရှိတတ်သူက အန်တီဆောင်း..၊ အဒေါ်အငယ်ဆုံးဖြစ်ကာ အန်တီနွေ ကို ဆုပ္ပပြောဆိုတိုင်းလည်း ဘယ်တော့မှ လိုက်မဆူ။ မွေးနေ့လက်ဆောင် လည်း ဝိုင် ဘယ်ရောက်နေနေ မပျက်မကွက် ရောက်အောင် ပို့ သည်။

အခု လေးခွဆွဲပြီး ဆွဲထွက်လာတော့လည်း မြင်လျက်နှင့် မမြင် ယောင်ဆောင်နေလိုက်တာ ဝိုင် မသိဘဲ နေမလား..။

''ယော...''

ရှေ့မှာ ချိုးပုတ်လေး လှုပ်စိလှုပ်စိနှင့်..။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တွေက အလိုလိုနေရင်း သတိဆွဲပြီးသား ဖြစ်သွားသည်။ ပြီးတော့ လောက်လေးကို ကျကျနန ဆွဲချိန်လိုက်၏။ မျက်လုံးတစ်ဖက်မှိတ်ကာ ချုံပုတ်ထဲက သားကောင်၏တည်ရှိရာကို စူးစိုက်ရှာတော့ အဖြူရောင်အကွက်ရိပ်တို့ကို မြင်သဖြင့် ယုန်ပဲဆိုတာ တပ်အပ်သိလိုက်သည်။

ထို့ကြောင့်…

"ဟိတ်…"

"ဟာ!… သွားပြီ…"

လက်ကို တစ်ယောက်က ပင့်ရိုက်ပစ်လိုက်သောကြောင့် လောက်စာလုံးက လွတ်ထွက်သွားပေမယ့် ပစ်မှတ်၏အပေါ်ကနေ ကျော်ထွက်သွား၏။

"တောက်…"

ဝိုင် ဒေါသခြောင်းခြောင်းထွက်ကာ…

"နင် ဘာလုပ်တာလဲ.."

"မင်းကရော ဘာလုပ်တာလဲ.."

"ပစ်နေတာလေ…၊ နှင့်ပထွေးကို ပစ်နေတာ…၊ ချုံထဲမှာ နင့်ပထွေး…၊ ဟင်…"

လက်ညှိုးက ဒေါ်နှင့်မောနှင့် တန်းခနဲ ညွှန်လိုက်သော်လည်း ချုံထဲကနေ ကုန်းကွထွက်လာတာက မုတ်ဆိတ်မွေးတွေဖရုပျစ်နှင့် လူသန်ကြီးဦးတာတေ..။

ဒီလူကြီးက သွက်သွက်ခါ ရှုးနေတာပါ။ ပြီးတော့ လူလေးယောက်ထိုင် စားပွဲအကောင်းတစ်လုံးလုံးကို လက်နဲ့ပဲ တစ်စစီဖြုတ်ဖျက်ပစ်နိုင်တာ..၊ ဘာအကူနှင့်မှ ထုနက်ရိုက်ချိုးတာ မဟုတ်..။

"ကောင်စုတ်မလေး.. ငါ့ကိုများ ပထွေးတော်ချင်သေးတယ်.. မိန်းမဆို သိုင်းကားတောင်မှ မိန်းမပါရင် မကြည့်ဘူး၊ ထွီ… လာ





…၊ ကိုင်ပေါက်ပစ်မယ်"

"ဟယ်… လုပ်…လုပ်ပါဦး"

"လာ…"

ဘုဘောက်ကျမလို့ ပါးစပ်ပြင်ပြီးမှ သူဆွဲပြေးသည့်နောက်ကို ဝိုင် ကောက်ကောက်ပါလေသည်။

"ဟော့…၊ ရပ်နေစမ်း.."

"လုပ်ပါဦး…၊ ဟိုမှာ လိုက်လာပြီ..၊ နည်းတဲ့ဗလကြီး မဟုတ်ဘူး"

"လာပါဆို..၊ မြန်မြန်မောအောင် စကားတွေက များမေးသေးတယ်"

"အို….ဒီဘက်ကိုသွားရမှာ..၊ အဲဒီမှာ ဝိုင့် ဆိုင်ကယ် ရှိကယ်"

ဆိုင်ကယ်ပေါ် နှစ်ယောက်ထိုင်မိသည်နှင့် လူကြီး ဒီလာသည်။ …တစ်ချက်နှင့်သာ ဆိုင်ကယ်မနိုးလျှင် လှမ်းဆွဲလိုက်သည့်လက်ကြီး …မှာ ဆိုင်ကယ်နှင့် လူတွေအဖြစ်က မတွေးရဲစရာ..။

"မြည်းမြည်းလုပ်စမ်းပါ.. ဟိုက စက်ကိုတော့ ပီအောင် ပြေး …လိုက်နိုင်ပါဘူး"

"ပြောလို့ရမလား..၊ ပုံစံက ဘီလူး…နေတာပဲ.."

ဝိုင် က ဆိုင်ကယ်ကို အရှိန်မချဘဲ …ဆက်မောင်း၏။ ဖြစ် …လို ဦးတည်လာသည်မို့ မြို့ထဲပြန်တာမဟုတ်ဘဲ မြို့ပြင်ကို …ရီးဆက် …သလို ဖြစ်သွားသည်။

တစ်ချိမှာ ချိုင့်ဖြတ်စဉ် ဆိုင်ကယ်ရော လူတွေပါ မြောက်ကြွခုန် …ကျကန်ကာ…

"အို!… ဘယ်လိုလုပ်တာလဲ.."

"မြတ်ကျမှာ စိုးလို့ပေါ့..၊ ခုကျမှ ကြောက်လန့်တကြားနဲ့ ပြေး… ကြည့်လုပ်..၊ အိမ်ရောက်မှ အဖျားပါတက်နေဦးမယ်"

"ဖယ်..၊ လွှတ်…"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် က ဆိုင်ကယ်ကိုရပ်ပစ်လိုက်ပြီး စက်မသပ်ရသေးခင် ခါးလိမ်လိုက်၊ ပခုံးတွန့်လိုက်နှင့် အသည်းအသန် ခါချသည်။ သူကလည်း ဆိုင်ကယ်ပေါ်ကနေ ဆင်းကာ…

''မိန်းကလေးမောင်းတဲ့ဆိုင်ကယ်မှာ ဒီတစ်ခါ ပထမဆုံးစီးတာပဲ''

''အောင်မယ်…''

''သော့တောင်းချိန်၊ နေရာယူချိန် လုံးဝမရလိုက်လို့…၊ တကယ်ပြောတာ… မိန်းကလေးနောက်က ထိုင်လိုက်ရတာ ဘယ်လောက်အောက်လဲ…''

''သေလိုက်…''

ဒေါသက ပြန်စလာ၏။ လူ့ကို တစ်လမ်းလုံး ပခုံးကိုင်လာပြီး ဆိုင်ကယ်ခုန်တော့ တစ်ကိုယ်လုံးကို ရင်ခွင်ထဲ ဆွဲသွင်းထားသလို ခါးကနေ သိမ်းကျုံးဖက်ပစ်တာ…၊ အဲဒါ လိုလို့လား…။

''တစ်အောင့်နေရင် ပြန်မယ်… နင် မလိုက်နဲ့တော့…''

''ဘယ်သူကရော လိုက်မယ် ပြောလို့လဲ…''

ဝိုင် အံ့သြသွားသည်။ ကျောင်းထဲဂနိုးကျင်နှင့် တော်တော်ဝေးလာပြီဖြစ်ကာ ဒီဘက်မှာ ကျောက်တွင်းတွေ မရှိတော့သလောက်ပင်…။

သူ့ကို 'မှတ်တမ်း' ဆိုတာ သိသည်။ အန်ကယ်ဟံ တို့လင်မယားနှင့်လည်း မရင်းနှီးပေမယ့် ခေါ်ပြောနှုတ်ဆက်ဖူး၏။ ထို့ကြောင့် သိမေ…သည်လေ…၊ ဒီဘက်မှာ သူတို့လုပ်ငန်းနှင့်ပတ်သက်တာ ဘာမှမရှိတာ… တည့်တည့်ဆက်တိုးသွားရင် ကားလမ်းရှိသည်။ ဘယ်သွားမှာမှန်း မသိ… ပေမယ့် မိုးကုတ်မြို့ထဲကို ပြန်မရောက်မှာတော့ သေချာ၏။

ပြန်လှည့်ဝင်ဖို့လည်း ဆိုင်ကယ်မရှိဘဲ ဘယ်လိုလုပ်မလဲ…၊ သူ… တောင်းပန်လာလျှင်တော့ လက်တွေ ငြိမ်ငြိမ်သက်သက်နေဖို့ ကတိပေး… နိုင်းပြီး ပြန်ခေါ်သွားဖို့ပါ…။

ကိုယ့်ဘာသာ အံ့သြခြင်းဖြစ်ပြီး မျက်နှာကတော့ 'ကောင်းတ…





ပေါ့' ဆိုသည့်ပုံစံနှင့် မေးဖျားလေးပင့်ပြီး ခေါင်းပါညိတ်လိုက်သေးသည်။

''ဘယ်မှာလဲ ခုနက လောက်လေး…''

''ရှိသားပဲ…''

''လောက်လေးတစ်ချောင်းနဲ့ တောထဲတောင်ထဲ ဝင်ရဲတယ်…၊ ပြဿနာဖြစ်လာတော့ ကြောက်တတ်လိုက်တာ နှစ်ယောက်မရှိဘူး''

''လောက်လေးက လူသတ်လက်နက်မှ မဟုတ်တာ''

''ပိုဆိုးတာပေါ့…၊ မင်းပစ်တာ ဦးတာတောကို တစ်နေရာရာ သွား… ထိကြည့်ပါလား…''

ဒါကျတော့ ပက်ခနဲ ပြန်မပြောနိုင်ဘဲ နှုတ်ခမ်းလေး စူပွပွနှင့် …ဆတ်ခနဲ လှည့်ပစ်၏။ နှုတ်ခမ်းနီ ရဲရဲတောက်တောက် ဆိုးထားသည့် မျက်နှာလေးက အသားဖြူလေးပေမယ့် ဝင်းညက်ညက်လေးမို့ လှသထက် …နေ၏။

မျက်လုံး သိပ်အလုကြီးမဟုတ်ဘဲ မျက်တောင်ဖျားလေးတွေ ရှည်…များကော့ညွှတ်နေပုံက ခပ်ကျုံကျုံ… မှောင်လက်လက်လေး…။

နှာတံလေးကလည်း ပေါ်သည်။ လေးထောင့်ဆန်ချင်သည့် မျက်နှာ… ဝိုင်းလေးက ချစ်ဖို့ကောင်း၏။ နိုင်ကြည်သည့်မျက်နှာကျမျိုးလေးမို့ …နေနေ စူပုပ်ပုပ်လေးပဲဖြစ်ဖြစ် ပြောင်းလဲနေတိုင်း လှသည့် သူမ၏ …ညေက 'တမာဝိုင်'…။

သို့သော် တမာဝိုင် ဆိုတာထက် 'သုံးရာသီညီအစ်မရဲ့ ယုန်လေး' … ပို၍ လူသိများကြ၏။

မိုးကုတ်မြို့မှာ ချမ်းသာကြွယ်ဝခြင်း…၊ လှပခြင်းတို့ဖြင့် နာမည် …ကြော်တာက သုံးရာသီ အပျိုကြီးညီအစ်မနှင့် တမာဝိုင် တို့၏ လှပခြင်း… ကြောင့်လို့ အများက သတ်မှတ်သည်။

ဝိုင့် ကို ခုမှ ပြောဆို ခေါ်ပြောဖူးပေမယ့် အမှတ်တမဲ့ လှမ်းမြင် …တာ၊ သတိတရကြည့်နေခဲ့တာတွေ မှတ်တမ်း ဘက်မှာ ရှိခဲ့သည်။

www.burmeseclassic.com



သူက မန္တလေးမှာပဲ အနေများကာ ရန်ကုန်က ဆွေမျိုးတွေဆီ ရောက်ပြီဆိုလည်း နှစ်လလောက်နေပြီးမှ ပြန်ဖြစ်၏။ ထို့ကြောင့် မိုးကုတ်က မိတာနှင့် သူ့အတွက် ဇာတိချက်မြှုပ်ဖြစ်ခဲ့တာပဲ ရှိသည်။

အနေအနည်းဆုံးဒေသ ဖြစ်ခဲ့၏။

မေမေတို့ပြောကြတော့ ဝိုင် က ငယ်ငယ်က မန္တလေးမှာနေသည် တဲ့..၊ ထို့ကြောင့် သူ မန္တလေးကိုရောက်သွားတဲ့အချိန်မှာ ဝိုင် က မိုးကုတ်မှာပြန်နေတော့ မဆုံဖြစ်တာတွေ ဖြစ်လိမ့်မည်။

သေချာတာတစ်ခုကတော့ ဝိုင့် ကို မြင်တိုင်း သူ သတိတရကြည့် ဖြစ်သည်။

''နှင်းဘေကော ဒဲဒီမှာ ဘာလုပ်နေတာလဲ..၊ မမြင်ကွယ်ရာ ဝင်နေပြီးတော့...''

ခုမှ မေးစရာတွေ့သွားသည့်ပုံနှင့် ခါးတစ်ဖက်လေးထောက်သေးသည်။ မှတ်တမ်း က ရယ်လိုက်ရင်း...

''မမြင်ကွယ်ရာဝင်နေတယ်လို့ ဘာလို့ပြောတာလဲ''

''မမြင်လို့ပေါ့..၊ သစ်ပင်ချုံပုတ် မရှိဘဲနဲ့...''

''ချုံဝင်တိုးစရာလား..၊ ဦးဘာတေလို ငါ အဖြစ်ဆိုးသွားမှာပေါ့''

ဝိုင့် မျက်နှာ ရဲခနဲ ဖြစ်သွားလျက်...

''ချုံထူထူထဲ သူက ဝင်နေတာ...''

''ဘာကောင်မှန်း မသေချာသေးရင် မပစ်နဲ့ပေါ့..၊ လောကကြီးထဲမှာ အဲဒီလို မှားယွင်းမှုတွေကြောင့် ယုန်ထောင်ကြောင်မိမဖြစ်ဘဲ ကြောင်ထောင်ကျားမိ... အဲ... ကျားနဲ့တွေ့တာတွေ..ရှူးသမင်မှတ်လို့ တောလုန်ပါတယ် စိုင်လိုက်လို့ ပြေးရတာတွေကော မင်း မကြားဖူးဘူးလား..''

''ကြားဖူးတော့ ဘာလုပ်ရမှာလဲ..၊ ကျွန်မက မုဆိုးလုပ်နေတာ မဟုတ်ဘူး၊ ဒီနားပတ်ဝန်းကျင်မှာ ယုန်၊ ဖွတ်၊ ပဒတ် ဒါတွေပဲ ရှိတာ၊ လူက လူလိုမှမနေဘဲ...''





''သာမန်လူ မဟုတ်လို့ပေါ့..၊ ဘယ်သူမှ ကိုယ့်သေတွင်း ကိုယ်တူးဘူး၊ ဒီလို မထင်မှတ်တဲ့ပြဿနာတွေကြောင့် ဒုက္ခရောက်ကြရတာ၊ ဦးဘာတေ လိုလူကြီးကို သွားစမိရင် အဖြစ်က ပိုကြီးသေးတယ်၊ ဒီလူကြီးက လက်ဖွေ့သမား အကျော်အမော်ရယ်..၊ မိန်းမဖျက်လို့ ဘဝဖျက်ရတာဆိုတော့...''

''ဘာလေး...၊ မိန်းမဖျက်လို့ ဘဝဖျက်ရတယ်ပဲရှိသေး..၊ ဘီလူးဆယ်ကောင် ဆယ်ရက်လောက်စားမကုန်တဲ့ လူပုံကြီးနဲ့ မိန်းမကြောင့်လို့ လက်ညှိုးထိုးရဲတာ အရှက်မရှိတာ၊ အဲဒါကြောင့် ဒီလူကြီးကို သူများတွေက သနားပါတယ်ပြောတိုင်း ဝိုင် ကတော့ 'လုံးဝ မသနားပါဘူး' လို့ ဝင်ပြောနေကျ၊ မသနားပါဘူး..''

ခါးနှစ်ဖက်ထောက်၍ မှဲ့ရှုံ့ပြောနေပုံက ဆံပင်ကုတ်ဝဲ ထူထူအုပ်အုပ်လေးနှင့် ရုပ်အင်္ကျီပွပွလေးကြောင့် ကလေးဆန်နေသလိုပင်။ စိုက်ကြည့်ပြီး မှတ်တမ်း က ရယ်၏။

''အဲဒါကြောင့် မင်းကိုမြင်တာနဲ့ ဟိုကလဲ သတ်မယ်ဖြတ်မယ် ဖြစ်တာ..၊ တစ်ဦးစေတနာ တစ်ဦးမေတ္တာတဲ့..၊ ခုလဲ အဲဒီတောစပ်က စောင့်ချင်စောင့်နေမှာ..၊ သိတယ်မို့လား အဲဒီထိပ်က ပိတောက်ခြောင်နှမ သစ်ပင်နှစ်ပင်လေ၊ ချစ်သူနှစ်ယောက် မိဘက သဘောမတူလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေကြတာ၊ အဲဒီအောက်မှာ...''

''နင်နော်...''

''နှစ်နှစ်သာ ကြာတယ်၊ တစ်ယောက်တည်း ဘယ်သူမှ အဲဒီအောက်မှာ မထိုင်ရဲဘူး..''

''လူတိုင်းသိပြီးသား..၊ အပိုတွေမပြောနဲ့...''

ပြောပြောဆိုဆို ဆိုင်ကယ်ကိုကိုင်လိုက်ပြီးမှ လက်ပြန်တွန်း၏။ မှတ်တမ်း က သိပေမယ့် သူမကို ကျောခိုင်းထွက်လာခဲ့သည်။

''မှတ်တမ်း...''



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မှာပဲဆိုတာ သိသည်။ ဒါပေမယ့် ခြေစုံရပ်ပစ်လိုက်ပြီး လှည့်မကြည့်သေးဘဲ နေလိုက်၏။

မျက်ဝန်းထက်က ရယ်ချင့်နေတာတွေကို အစအနသိမ်းပြီးမှ ပြန်ငဲ့ကြည့်ကာ···

"ဘာလဲ···"

"နင်က ဘာနဲ့ပြန်မှာလဲ···"

"ပြန်စရာမရှိလဲ ဘာဖြစ်လဲ··၊ ငါက ယောကျ်ားလေး၊ ဒီဘက်ညာအတိုင်း ပြန်ကွေ့ရင် နာရီဝက်လောက်လျှောက်ပြီးတာနဲ့ ကိုထွေးကို့နိုင်းကွင်းကို ရောက်မယ်၊ ခြေညောင်းမခံချင်လဲ ဒီမှာ ဖုန်းပါတယ်"

သူ ဖုန်းပြတော့ ဝိုင် က လိုက်ကြည့်ကာ···

"လုပ်မနေနဲ့··၊ ဒီနေရာမှာ ဖုန်းလိုင်းမမိဘူး"

"ဘာလို့မမိရမှာလဲ··၊ နေဦး··· မင်းသိအောင် ခေါ်ပြမယ်··"

သူ တကယ်ခေါ်ပြတော့ ဝိုင် ခြေဖျားလေးထောက်ကြည့်သည်။ မမြင်ရမှန်းသိတော့လည်း သူက ခေါ်ထားသည့်ဖုန်းကို ထောင်ပြ၏။

တင်းနေသည့် စခရင်မ်ကို ငေးကြည့်ကာ ဖုန်းခေါ်ပြီး အိမ်ကဆိုင်ကယ်ကို မှတ်တမ်း မှာနိုင်တာပဲဆိုတာ သိလိုက်သဖြင့် ဣန္ဒြေဆောင်လို့မရအောင် ဖြစ်သွားလေသည်။

ထို့ကြောင့် မျက်နှာလေးကို ပြန်တင်း၍···

"နင် ဒီကိုပါလာတာ ငါ့ကြောင့်မို့လို့ မေးနေတာ···"

"ဟုတ်တယ်လေ··၊ မင်းပဲ ကျေးဇူးမသိတတ်စွာပြောနေလို့ ငါ့မှာလဲ အားကိုးမဲ့မဟုတ်ကြောင်း သိအောင် ပြရတာ··"

ဒီလို မလိမ်ခဲ့ဖူးတော့ မျက်နှာတွေဝေ‌ါင် ယားနေသလိုလို··၊ ပြီးတော့ ဒီမျက်နှာကြီး ပြုံးစိစိများဖြစ်နေသည်လေ။ ဖုန်းက နောက်ဆုံးပေါ် အဆင့်အတန်းမြင့်ဆုံး ကလေးကစားစရာ ဖုန်းအတုပါ··။

အတုပါဆိုမှ ဘယ်လျှောက်ဆက်ဆက် ခေါ်မှာပဲပေါ့··။





အလွယ်တကူ လိမ်လို့ရသွားတာက ဝိုင် က ခြွင်းချက်မရှိ အလျှင်စလို ယုံကြည်သွားခြင်းပင်။ 'ပြစမ်း' ဆိုပြီးတော့များ ဆွဲယူလိုက်လျှင် ပြီးပြီ··။

"ဒါဆိုလဲ ပြန်လိုက်ခဲ့···"

ဝိုင် တော်တော်လေး စဉ်းစားနေပုံနှင့် ခဏကြာမှ အသံပြန်ထွက်လာသည်။

"ဘာလဲ ငါ ပြန်လိုက်ရမှာလား··"

"ဟုတ်တယ်လေ··၊ မလိုက်ချင်လည်းနေ···"

"လိုက်မယ်··၊ ဒါပေမယ့် မင်း ငါ့နောက်က ထိုင်စီး···"

"မစီးချင်ပါဘူး··"

"ခုနက အလောသုံးဆယ်လေ··၊ အခု အေးအေးဆေးဆေးကြီးနဲ့ မင်းနောက်က ငါ ထိုင်စီးရမှာ ထည့်တွက်ပါဦး"

ဒါလည်း ကောင်းတော့ကောင်းသည်။ သူက ကိုယ့်နောက်ကဆို အလကားတုန်းကလို အသားယူတာမျိုး ထပ်ရှိလာနိုင်၏။ ကိုယ့်ဘာသာဆို ဆင်ခြင်နိုင်ဦးမည်မို့···

"ပြီးရော··၊ တက်···"

မှတ်တမ်း က ဝိုင် ကျေနပ်လိုက်တာ ဘာကြောင့်မှန်း သိသည်။ ထို့ကြောင့် ပြုံးလိုက်၏။

"ဘာပြုံးတာလဲ··၊ ရုပ်က မသားနားရတဲ့အထဲ အကြံသမားဆိုလို·· နာဘူးလိုလို···"

"ဟာ!··· မင်း···"

"လုပ်မနေနဲ့··၊ မြန်မြန်တက်·· ပွန်း···"

'ဟုတ်တာပြောတော့ နာသည်' ဟု မှတ်ခမ်းလှုပ်ရုံလေးပြောကာ သူ့နောက်ကနေ ဆောင့်ခနဲ ထိုင်လိုက်၏။ ဆိုင်ကယ်ကလည်း ထွက်သွားသည်းက ခေါသနှင့်···။



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးလမ်းမကြီး မှတ်နေသလား၊ ဆိုင်ကယ်မောင်းတာ.."

"ဒီလိုပဲ မောင်းတတ်တယ်"

"မောင်းလို့မရ..၊ အမေ့..."

ဝိုင် အားကိုခါချခဲ့လိုက်ရသလိုဖြစ်ကာ သူ့ခါးကို သိမ်းကျုံးဖက်လိုက်မိသည်။

"မှတ်တမ်း..၊ နင်... နင်... သက်သက်အသားယူတာ..၊ ဖြည်းဖြည်းမောင်းလို့ ပြောနေတာ ကန်းနေလား..."

"မင်းလဲ ခုနက အဲဒီလို အသားယူခဲ့တာလေ.."

ကြည့်စမ်း..၊ ယောက်ျားလေးဖြစ်ပြီး နှုတ်လှန်ဖို့တတ်နေတာ..။

"ငါက သေလုမြောပါး မောင်းပြေးရတာ..၊ နင် မိန်းမလိုမိန်းမရတွေ ပြောမနေနဲ့.."

"မဟုတ်ဘူးလေ..၊ မင်းဆိုင်ကယ်က မိန်းမစီးလေး၊ အရမ်းပေါ့လွန်းတော့လဲ ထိန်းရခက်တာပဲ၊ ဒါပေမယ့် မင်း ဘာမှမဖြစ်စေရဘူး စိတ်ချနေ..."

"ဘယ်ဖြစ်မလဲ..၊ ဒီမှာ နင့်ရဲ့ထန်းပင်ကိုယ်ကြီးကို တောက်တဲ့ကပ်သလို ကပ်တွယ်နေတာကိုး"

သူ မအောင့်နိုင်ဘဲ အသံထွက် ရယ်မိ၏။ မျက်လုံးထဲမှာလည်း သုံးရာသီညီအစ်မသုံးယောက်ကို မြင်ယောင်မိသေးသည်။ ဒီမြင်ကွင်းလေးကိုသာ မြင်သွားရင် တက်ချက်ကုန်ခလား မသိ..။

မြင်တော့ ဘာဖြစ်လဲ...။





## အခန်း (၃)

"မြင်တော့ နာမည်ကြီးသွားတာပေါ့ ဝိုင် ရယ်..၊ ပြောစမ်း... ကလေးကို ဒီသတ္တဝါ ဘာတွေပြောလာသေးလဲ၊ တော်သေးတာပေါ့.. သင်းကို နောက်ကများ ထိုင်နိုင်းလိုက်မိရင် မတွေးဝံ့ဘူး"

"ထိုင်နိုင်းတယ်လေ..၊ သူက မာနရွှေချပြီး မစီးနိုင်ပါဘူးတဲ့"

"အလိုတော်..၊ အမယ်လေး... အဲဒီမာန ရွှေချရုံမကဘူး၊ စိန်နဲ့ပါ ခြယ်ချင်သေးတယ်၊ ဆိုင်ကယ်ပေါ်တင်ရုံတင်မကဘူး၊ ညည်းလေးက အမယ်လေး... လေး..."

အန်တီနွေ့ ရင်ဘတ်ထုတာကိုလည်း မရပ်၊ အမယ်လေးတွေ ဆက်တိုက်လေးကာ မျက်ဖြူလန်တော့မလို မော့ခနဲ..၊ မော့ခနဲ..။

"တောထဲလဲ ရောက်သွားသေးတယ်..၊ အရှူးကလိုက်လို့ ဟိုကောင်နဲ့ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက်..၊ အမယ်လေး... မတွေးရဲပါလား...၊ ရေ... ရေ... ပေးစမ်း..၊ ငါ့ကို..."

"ဟဲ့!... ခြော်... မိဆောင်းရယ်..၊ သူများရေတောင်နှုပ်ရှာ..."

"နားထောင်ရတဲ့သူလဲ ရင်တွေတုန်တာပဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန့်တာလဲ..၊ ကလေးကိုဆုံးမရင် နင်ပဲ ကပ်ကပ်ပြီးမြှောက်ပေးနေတာ.."

"ချော့တာပါ မမမိုး ရယ်..၊ မြှောက်တော့ မပေးပါဘူး၊ အခုကြည့်ပါဦး..."

စကားစမပြတ်ဘဲ ရေသောက်လိုက်တော့ ရေနင်ပြီး လည်ချောင်းကြီး ပေါက်ထွက်တော့မတတ်ဖြစ်ကာ ဆောင်း မျက်လုံးကြီး ပြူးထွက်လာသည်။

"ဟဲ့... ဟဲ့..."

မိုး ထပြေးသွားသဖြင့် သတိလစ်မတတ် ဟိတက်နေသော နွေလည်း မနေနိုင်။ ထိတ်လန့်ပေါက်ကွဲနေတာတွေ ရပ်ကုန်ကာ ဆောင်းကိုပဲ ပြုစုနေကြရပြန်သည်။

ဒီအဒေါ်တွေ အမြဲတမ်း ဟိတက်ဖို့ အကြောင်းတွေချည်းပဲ အစဆွဲထုတ်တတ်တာမို့ ဝိုင် ကတော့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ထိုင်ရာမထ..။

အပျိုကြီးသုံးယောက်က 'နွေမုတ်သုံ'၊ 'မိုးဂိမာန်'၊ 'ဆောင်းဝဿန်'။ နာမည်တွေကိုက သဘာဝကို ဆန့်ကျင်နေကြလို့လားမသိ သုံးယောက်စလုံး အယူအဆများက တစ်ထပ်တည်း၊ တစ်ပြေးတည်း..။

ထို့ပြင် ကံတူအကျိုးပေး ညီအစ်မတွေဆိုလည်း မမှားပေ။ နွေက ရည်းစားသနာစိတ် ဘယ်တုန်းကမှ မရှိခဲ့တာမို့ အိမ်ထောင်မပြုခဲ့တာပေမယ့် မိုး ကတော့ ကျန်းမာရေးချွတ်ယွင်းမှုတစ်ခု အကြီးအကျယ်ဖြစ်ပြီး အိမ်ထောင်ကျလည်း ကလေးမရနိုင်တော့ဘူးလို့ ကြားကတည်းက ဘယ်တော့မှ အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ချက်ချခဲ့သည်။

ဆောင်း ကျတော့ မျက်နှာလေးလှပေမယ့် ညီအစ်မသုံးယောက်ထဲမှာ လူက ပုပုသေးသေးလေး ဖြစ်နေ၏။ ပြီးတော့ သူမမှာလည်း ခါးသီးစရာ ရာဇဝင်လေးနှင့်..။





တစ်ခါက မိုး ကို လူကြီးချင်း စေ့စပ်ကြောင်းလမ်းဖို့ အိမ်မှာ ညှိသည်တွေ ရောက်လာကြ၏။ ထိုစဉ်က သူမတို့၏အဘိုးဖြစ်သူ ရှိနေသေး၏။

သူ့မြေးမတွေမှာ ချစ်သူရည်းစား ဘာညာ မရှိကြမှန်းကို ယုံကြည်ထားသောကြောင့် လူငယ်ချင်းရည်ငံလို့မဟုတ်ဘဲ မိဘတွေက'သင့်တော်အောင် စီမံချင်တာမှန်း နားလည်သည်။

ထို့ကြောင့် အနီးဆုံးမှာရှိနေသည့် ဆောင်း ကို ပြောတာလားဟု လက်ညှိုးထိုး မေးခဲ့၏။

စေ့စပ်ဖို့ပါလာသည့် လူငယ်လေးရဲ့ အသက်အရွယ်ကို ခန့်မှန်းပြီး အသက်တူသူကို ရွေးပြလိုက်တာပါ။ ဒါကို လူငယ်က ရှုံ့မဲ့ရွဲ့သွားကာ...

"ဟာ... အဲဒါလေး မဟုတ်ပါဘူး... လုံးဝ မဟုတ်ဘူး..၊ ကျွန်တော်နဲ့စေ့စပ်ပေးမှာက ဆောင်းဝဿန်..၊ ဟုတ်တယ်မို့လား အမေ၊ မြန်မြန် ပြောလိုက်ပါဗျာ..၊ ဒုက္ခပါပဲ... မှားကုန်ရင်တော့ သေပြီ..."

ဟု လူတွေရှေ့မှာ ငိုချတော့မတတ်ပြောကာ သူ့ခေါင်းသူ နှစ်ချက်လောက် ထုသွား၏။ ထိုမြင်ကွင်းကို တစ်သက်စာ စွဲမှတ်ကာ ဆောင်းအရုက်ကြီး ရှက်သွားသည်။

ညီအစ်မတွေ၏အလှကို တခမ်းတနား စာဖွဲ့သံတွေ ထွက်လာတိုင်း..၊ အစ်မနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို စေ့စပ်ကြောင်းလမ်းဖို့ ဖြစ်လာတိုင်း...

သူမဘာဝက သစ်ခေါင်းထဲက ဇီးကွက်လေးလို..။

ထို့ကြောင့် သူမ စိတ်နာခဲ့သည်။ ဘယ်ယောက်ျားကိုမှ မယူဟုဆုံးဖြတ်လိုက်တော့ ဆုံးဖြတ်ချက်ကို မြင်ပါဦးလို့ ဘယ်သူမှ မပြောရက်ဘဲ ငိုခဲ့ကြ၏။

အကြောင်းကြောင်းတွေ ဤသို့ရှိခဲ့တာ အမှိုင်အမာပေမယ့် နောက်တော့ အပျိုကြီးမတွေ ဖြစ်ခဲ့ကြတာ ကံတူအကျိုးပေးတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား..။

အခေါ်တွေကိုငေးရင်း ဝိုင် တရားကျမိတော့သည်။ တစ်ခါတလေ ကလေးချီချင်တဲ့အကြောင်း လာပြောသေးသည်။ ဝိုင် က စ,သလို နောက်သလိုနှင့် သူမ ယောက်ျားယူလိုက်မည် ပြောလိုက်လျှင် သုံး ယောက်စလုံး ပြုံးပြုံးပြဲပြဲ...

"မယူရပါဘူး..၊ မယူရပါဘူး...၊ ဖြစ်ရလေ ဒီသတ္တဝါတွေမပါဘဲ ကလေးယူလို့ရတဲ့ခေတ် ကိုယ်ဆီရောက်လာမှပဲ ယူတော့မယ်၊ နေပါစေတော့.."

"ဟုတ်တယ်..၊ နိုင်ငံခြားမှာဆို ဖန်ပြွန်သန္ဓေသားယူတဲ့စနစ် တွင်ကျယ်နေပြီ"

လို့ အန်တီမိုးက စာအုပ်ကြီးတကိုင်ကိုင်နှင့် မင်ပြောသေးသည်။ ပြီးတော့...

"ဒါဆို နင် မွေးမလား..."

"အဲမယ်..၊ နင်မွေးပါလား..."

ဆိုတာတွေ ထထဖြစ်တာလည်း ခဏခဏ..။

သူမတို့အရေးအခင်း ဘယ်၊လောက်ကြီးကျယ်နေပါစေ ဝိုင့် ဘက်ကိုတော့ နည်းနည်းမှ မြားဦးမလှည့်ပါ။ ဟိုတစ်လောကမှ...

"ကလေး ကြားမိလား..၊ ဟိုဥစ္စာပြုတဲ့စနစ် မြန်မာနိုင်ငံမှာ ရနေပြီ၊ စိတ်မဝင်စားဘူးလား" တဲ့..။

ကြက်သီးများတောင် ထမိပါ၏။ ဝိုင် တွေးလို့မဆုံးသေး..။

"ဒီသတ္တဝါလေးကို လုံးဝ စိတ်မဝင်စားနဲ့နော်.."

အန်ဟီနွေ ကပဲ ပြန်စ,၏။

"အလေကား မိဘက အိုကြီးအိုမနဲ့ ရှာကျွေးနေတာကို သူက လည်ရှုးပြန်စားရေးလုပ်ပြီး ထိုင်ဖြုန်းနေတာ..၊ ရန်ကုန်မှာ အင်တာနက် ဆိုင် ဖွင့်ထားဟယ်တဲ့၊ မန္တလေးမှာလဲ အင်တာနက်၊ အီးလက်ထရွန်းနစ်





ရှိုးရှမ်းဆိုတာက ပါသေး..၊ ဘယ်မှာဘယ်လို ပြုတ်စော်နံနေသလဲတော့ မသိဘူး၊ မြင်လိုက်ရင် မိုးကုတ်မှာပဲ..၊ ပြေးမကြည့်နိုင်တဲ့လူတွေကို ကြွားလုံးထုတ်ပြီး တကယ်တမ်းကျတော့ လတ်လျားလတ်လျား..."

အန်တီနွေ က အတင်းအဖျင်းပြောတာ ဝါသနာကြီးလွန်းတာတော့ မဟုတ်ဘူး ထင်ပါသည်။

အထူးသဖြင့် ယောက်ျားလေးတွေအကြောင်း အကောင်းမပြော တတ်တာတစ်ခုကလွဲ၍...

"တမာဝိုင်..."

"ရှင်..."

"ကျုပ်တို့က လျှာကျိုးမတတ် ပြော..၊ ရေသောက်ပြီး ...မှုးလို စုနဲ့၊ ရှင်လေးက ငုတ်တုတ်ကမလှုပ်ဘဲ ဘာထိုင်တွေးနေသလဲ ပြောမေ်း..."

"ဘာမှမတွေးဘူး..၊ အန်တီနွေ သူများအကြောင်း ပြောတတ်လာရတဲ့အကြောင်းကို တွေးတာ..."

"ဘာ!... ဘာပြောတယ်..."

နွေ က ဒေါသဖြစ်ချင်သည့်မျက်နှာနှင့် လှည့်လာကာ ပြေကျလုလု ဆံပင်ရှည်ကို အော်ဟိုမစ်တစ်ကလစ်နှင့် ဖြစ်သလို စုသိမ်းလိပ်တင်သည်။

"အဲဒါ ညည်းတို့တွေကြောင့် ပြောနေရတာ ..၊ အနှိုက် အရှိတိုင်း မမြင်ဘဲ 'သဘာဝ'ဆိုတာကြီးနဲ့ ရောလိမ့်ပါသွားမှာစိုးလို့.."

"ပါလာပြီ..."

'ညည်းတို့တွေကြောင့်'ဆိုပြီး တစ်ယောက်စီ လက်ညှိုးထိုးသွားတာကြောင့် မိုး နှင့် ဆောင်း မျက်နှာတွေ မသိမသာ အိုသွားသည်။

နွေ က ကော့သည့်မျက်တောင်မွေး ဖြန့်ကပ်နေတဲ့အထိ ပြူးသားသည့်မျက်လုံးတွေက နေရာတကျ မဖြန့်နိုင်ဘဲ...

"...သော ရုပ်ရှိရှိ၊ အရွယ်ရှိရှိ မလိုချင်လို့ မယူတာကိုများ



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်လို့ အသိတွေ့ပြီး နှုတ်ဆက်မိတာနဲ့ 'ဒီလောက်လှနေတာကို ဘာဖြစ်လို့ ခုထိ အပျိုကြီးလုပ်နေတာလဲ..၊ အရွယ်တင်လိုက်တာ ဆယ့်ခြောက်နှစ်သမီးလိုပါပဲ၊ အိမ်ထောင်ပြုပါလား... ဘာညာတွေ...'၊ ဒီကြားထဲ ကိုယ်ပြောတဲ့စကား ဘယ်ရောက်လဲ မစဉ်းစားဘူး၊ 'အလတ်ကြီး ရှိသေးတယ်'ဆိုတာ လာသေး.."

နွေ ဒေါသဖြစ်နေတာကို ကြည့်၍ ဝိုင် က ခစ်ခနဲ ရယ်သည်။

"မရယ်နဲ့..၊ ငါ အဲဒီလောက် စပ်ဇပ်စုစု မပြောတတ်သေးဘူးသိလား၊ လူတွေကိုက ခေါ်ဖို့ပြောဖို့ မကောင်းတာ၊ နေပါဦး.. မှတ်တမ်းနဲ့ တော်တော် ရင်းနှီးခဲ့ဖူးတာလား.."

"မရင်းနှီးပါဘူး အန်တီနွေ ကလဲ..၊ သူ့ကို [illegible] ဦးဟံ တို့လင်မယားရဲ့သားမှန်း သိထားတာပဲ ရှိတယ်"

"ဦးဟံတို့လင်မယားနဲ့ရော ဘယ်လောက် ရင်း[illegible]"

"မရင်းနှီးပါဘူး..၊ အန်တီနွေ တို့နဲ့ ရင်းနှီးပြီး [illegible]

ကျဆိုတော့ တွေ့မြင်နေတာလေ၊ ပြုံးပြနှုတ်ဆက်[illegible]

တော့ အန်တီမေ က ဝိုင့် ကိုမြင်တိုင်း မရိုးတမ်း ပြောတာရှိတယ်"

"ဟင်..၊ ဘာလဲ..."

"ချစ်စရာလေး...တဲ့"

ကြည့်စမ်း...၊ ညီအစ်မသုံးယောက် မျက်လုံးချင်းဆုံသွားသည်။ တွေ့တိုင်းပြောသည်ဆိုသောအဆင့်က စိုးရိမ်မှတ်ကို ရောက်နေပြီပဲ။ မိုး က ဆောင်း ရဲ့ဘေးကနေ ထလာကာ...

"အန်တီမိုး တို့ လူကြီးတွေချည်း ရင်းနှီးတယ်ဆိုတာကို တစ်လွဲတွေတွက်ပြီး အဲဒီကောင်လေးနဲ့ မရင်းနှီးရဘူးနော်..၊ ကျောက်တွင်းဝိုင်နဲ့ ကုန်သည် ရင်းနှီးတာ ဘာမှမဆန်းဘူး၊ စီးပွားရေးအရ ကိုယ်အကျိုးရှိလို့ ဆက်ဆံနေကြတာ၊ မမေတို့ရဲ့ လက်တစ်ဆုပ်စာ စီးပွားရေးလေးလောက်တော့ အန်တီတို့က ရယ်ချင်တယ်"





"မှတ်တမ်း ကိစ္စကို ထားလိုက်ပါတော့ အန်တီနွေ ရယ်..."

"ထားလိုက်လို့ ရမလား ကလေးရယ်..."

ဒီတစ်ခါ သူ့ဘက်ချည်း အမြဲနေခဲ့သည့် အန်တီဆောင်း က ဝင်ပြောတာပါ..။

"ယောကျ်ားယူတာကိုတော့ ငါလဲ မကြိုက်ဘူး..၊ ငါက မလှလို့ပြောတာ မဟုတ်ဘူးနော်၊ ငါချစ်တဲ့သူတွေကို သူများပိုင်သွားတာရယ်..၊ သူများက နိုင်စားတာရယ်.. အဲဒါကို လုံးဝ မခံနိုင်တာ"

"အဲဒါကျတော့ အားလုံးကို သိမ်းပြောသလို ဖြစ်သွားပြီ၊ ခေါင်း[illegible]င်းအိမ်က အပါကြီးတို့လင်မယားကျတော့ အန်တီဆောင်း ဘယ်လိုပြောမလဲ"

"[illegible]

" [illegible] က အပါကြီးကို နိုင်လိုက်တာမှ ထိုင်ဆို [illegible]င်..၊ [illegible]

[illegible] ကုလားတွေလေ..၊ ဘာသာမတူတော့ [illegible] မတူတာ ဖြစ်မှာပေါ့၊ နောက်ပြီး တီချယ်ကြီးက အငြိမ်းစားမယူ[illegible]အတည့်က ကျောင်းမှာ အရိုက်ကြမ်းတာ နာမည်ကြီး..."

"ဒါဖြင့် ကျင်းဆရာ ဦးချစ်တို့လင်မယားရော..၊ သူ့မိန်းမကို [illegible]လိုက်၊ ကြောက်လိုက်တာ အန်တီမိုး တောင် ပြောရသေးတယ်လေ၊ [illegible] 'ဒီလောက်' ကြောက်ရဝ်လဲ အလုပ်လုပ်မစားနဲ့တော့ဆိုတာ..."

ဒါလည်း ဟုတ်သည်။ မိန်းမက အောင်ချမ်းသာဈေးထဲမှာ အလှ[illegible]ဆိုင်သေးသေးလေး ဖွင့်ထားပြီး သူ့ကိုယ်သူ ဆင်ထားတာကျတော့ [illegible]မြို့ပေါ်က Beauty Sloon မှာထိုင်တဲ့ ပိုင်ရှင်တွေအတိုင်း..။

မျက်နှာမှာ ရောင်စုံကာလာတွေနှင့်..၊ ဆံပင်က တိုကပ်ကပ်..၊ [illegible] အသက်က တော်တော်ကွာသည်ဟု ကြားတော့ တော်ကြာ[illegible]အပျိုတွေလာလို့..၊ မိန်းမက သူ့မွေးနေ့အတွက် ဘု[illegible]သွားချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုလို့…

စသဖြင့် ဒီမိန်းမကချည်း ခေါင်းစဉ်ကြီးပိုင်းနဲ့ ပါပါလာတာကြ မငြိုငြင်ဘဲ မနေနိုင် ဖြစ်ခဲ့၏။ ကျင်းအောင်လို့ စားသောက်ပွဲလေ ကျင်းပပေးလိုက်ပါသည်…။

နောက်နေ့မှာ ဦးချစ် ဆေးခန်းသွားရသည်တဲ့။ ထိုနေ့က ခွင့်ယူပြီ နောက်နေ့လာတော့ ခေါင်းမှာ ပတ်တီးနှင့်။ ဘာဖြစ်တာလဲ မေးသည် နှင့် ရှက်မျက်နှာကြီးင့်ကာ…

"ကျွန်တော့်မိန်းမနဲ့ ရန်ဖြစ်ပြီး မတော်တဆ…" ဆိုတာမှ ရပ်သွားရှာ၏။

လွန်လွန်းလာတော့လည်း အလုပ်လည်း မနိုင်ပါနဲ့တော့လို့ ပြေ မိတဲ့အထိ…။ ဒါတွေပြန်တွေးကြည့်တော့ မှန်ပါသည်။ ဒါပေမယ့် အမှု "နဲ့တရားတွေကို သက်သေပြပြီး ဒီကောင်မလေး ဘာပြောချင်တာလဲ

မျက်လုံးက ဝိုင့် ဆီ ပြန်ရောက်လျှင်…

ပြူ "သူများကို တစ်မျိုးမထင်နဲ့နော်…။ အန်တီတို့လို ဘစ်ယူသ အပူလွဲနေကြတယ်လို့ သူများပြောမှာစိုးလို့ မှုမှုတတ တွေးဖြစ်အော ရှိန်ထိုးပြတာ…။ ရေချိုးတော့မယ်…"

ဝိုင် က ကော့ကော့လေးထသွားပြီးမှ ကွယ်ရာမှာ ပခုံးတွန့်ရယ်

သူများက ဘာတွေဖြစ်နေလို့လဲ…။ မှတ်တမ်း နဲ့ ဒီနေ့ ဆိုင်က လည်း အတူစီးထွက်လာတော့ နောက်ကလိုက်လာသည့် အိမ်ကလူ မြင်သွားသည်။

ပြဿနာက ထိုမှအစပြုကာ နီးစပ်သွားမှာတွေ…။ အိမ်ထော မပြုသင့်တဲ့အရေးတွေ ပြန်လည် ပွထလာခြင်းပင်။ အဲဒီလောက် စိုးရိမ်နေကြတော့လည်း တစ်ခါတလေ တကယ်လိုလို တွေးပြော စ,ကြည့်ချင်သည်။ နွေ ရယ်၊ မိုး ရယ်၊ ဆောင်း ရယ်…။

သူမတို့ကတော့ မသိပေ။ ဝိုင် ထသွားတဲ့အတိုင်း မျက်စိတ





လိုက်ကြည့်နေပြီးမှ…

"ဟဲ့… ဆောင်း…၊ နင် မြင်ခဲ့တာကို ပြန်ပြောစမ်း၊ သူတို့ရယ် မောလို့လား"

"မဟုတ်ပါဘူး…၊ ဝိုင့် မျက်နှာက တည်တည်တံ့တံ့လေးပဲ၊ ဒါပေ မယ့်…"

"ဟင်…၊ ဒါပေမယ့် ဘာဖြစ်လဲ…"

"မှတ်တမ်း က တော်တော်ကြည့်ကောင်းတဲ့ ကောင်လေး…"

"ဘာ…"

"တိုးတိုးပြောစမ်းပါ…၊ 'ဘာ' သံကြီးကလဲ ကျယ်လိုက်တာ"

"နင်ပြောပုံ ပြန်ကြည့်လေ…၊ အဲဒီသတ္တဝါ ချောတာကြည့်ကောင်း တာ ဘာထည့်ပြောတာလဲ…"

"ဩော်… 'လှလို့ချစ်တာ မဟုတ်' ဆိုတာ သီချင်းထဲမှာ ရှိတာပါ၊ ချစ်တာ၊ ချစ်နေရင်းမှ နောက် ဘာဖြစ်ဖြစ် ခွင့်လွှတ်နိုင်တာ၊ ဒါနဲ့သွ သပ်သပ်…"

"အရေးထဲ သူက ခံစားချက်တွေ လှုပ်နေပြန်ပြီ"

"အဲဒါပဲ မမနွေ တို့…"

ဆောင်း မျက်နှာလေးက စိတ်တိုပုံပေါက်သွားသောကြောင့် အပျို ကြီးနှစ်ယောက် ပျာပျာသလဲ ဖြစ်သွား၏။

ညီအစ်မသုံးယောက်မှာ နွေ နှင့် မိုးက နှစ်နှစ်ပဲ ခြားတာ မိုး ဆောင်း ကျတော့ ငါးနှစ်တောင် ကွာသည်။ ထို့ကြောင့် ရွယ်တူလို နေသည့် နွေ နှင့် မိုး က သူငယ်ချင်းတွေလို ရင်းနှီးတာလည်းရှိလျက် နှင့်ငါပဲ ပြောဖြစ်ခဲ့ကြသည်။

ဆောင်း ကတော့ အစ်မနှစ်ယောက်ကို မမနွေ၊ မမမိုး ခေါ်ဖြင့်…

"ပြောပါဦး…၊ ငါတို့က ဘာဖြစ်လို့လဲ…"

"လူငယ်သဘာဝကို ကြိုမြင်ရမှာလေ၊ မှတ်တမ်း ဘာပုံဖြစ်ဖြစ်

ဆောင်း က ဘာကိစ္စ ပါးစပ်ထဲ ထည့်ပြောရမှာလဲ၊ အခု စပြီး ခေါ်ဖြစ် ပြောဖြစ်ကြပြီ၊ နောက်ဆို…"

"အို… နောက်ဆိုတာ မရှိရပါဘူး၊ မဖြစ်ဘူး… ဝိုင့် ကို မန္တလေး ပြန်လွှတ်မှ…"

"ဟိုရောက်တော့လဲ မတွေ့မှာကျနေတာပဲ"

"မတွေ့အောင် လုပ်ထားမှာပေါ့…၊ ကြီးကြီးမြင့်ကလဲ ငါတို့လုပ် ထားတဲ့ကိစ္စတွေကို သိပြီးသား…၊ ဘာဖြစ်ဖြစ် ဒီကောင်လေးမို့လို့ကို ပတ်သက်မခံနိုင်တာ၊ ဒါတွေ သေချာပြောပြပြီး အဲဒီကောင်ကို မန္တလေး မှာတွေ့တာနဲ့ အကြောင်းကြားပါလို့…"

"ဘာလုပ်မှာလဲ…"

"ကလေးကို ပြန်ခေါ်မှာပေါ့…၊ ဒါကို ဒုက္ခများတယ်လို့ ထင်လို့ မရဘူး၊ ဒီကောင်လေး ဒီရောက်လာရင် ကလေးကို ဟိုပြန်ပို့မယ် လုံးဝ မနီးစပ်ရဘူး"

"ကိုယ်ကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပဲ၊ ကြီးကြီးမြင့်က နို့ တို့ကိစ္စကို သိပ်အားပေးခဲ့တာလဲ မဟုတ်ဘူး၊ နောက်ပြီး နင်က ကလေး ဟိုသင်းပြုထားတဲ့တစ်ယောက်က မှတ်တမ်း ပါလို့ ပြထားမှာမို့လို့ လား…"

"ဟုတ်တယ်…၊ မမငွေ့ တို့အစီအစဉ်က ဘီးတစ်ဖက်မပါဘဲသွား နေတဲ့ လှည်းကြီးလို တစ်ဖက်စောင်းကြီး ဖြစ်နေတယ်၊ သေချာ ပြန်လုပ်ကြဦး…၊ အိုးနင်းခွက်နင်းတွေဖြစ်ပြီး ဟိုမှာ ကြီးကြီးမြင့်က ကလေးကို ယောက်ျားပေးစားပစ်လိုက်ရင် သွားပြီ"

"အို… ဖြစ်ရလား…၊ ဖြင်မှာစိုးလို့ တားဆီးနေကြတဲ့ဟာ…"

"ဟုတ်တယ်လေ…၊ အိမ်ထောင်မပြုဟာကို ကြီးကြီးမြင့်က ဘာ ပြောခဲ့လို့လဲ၊ စကိစ္စကို သူက လင်ကောင်မပေါ်ဘဲ မွေးဖွားရမယ့်အဖြ ဆီးလို့ မြင်တာ…၊ 'ဒီလောကီချမ်းသာလှတာတောင် ဝဋ်ကြွေးကြ





သော့ ဒီနည်းနဲ့ပဲ မွေးရဦးမယ်' ဘာညာနဲ့ တရားဂချစကားတွေ ပြောဆို တာ မမတို့ မကြားဘူးလား၊ ကလေး သိသွားရင်လဲ မလွယ်ဘူးဖြစ်ဦး မယ်၊ ဝိုင် က ခုချိန်ထိ ဘာစိတ်ညာစိတ်ရှိပုံ မပေါ်ဘူး၊ တကယ်ဆို အဲဒီကိစ္စကို ဆောင်း တို့သုံးယောက်ထဲက လုပ်ရမှာနော်…"

ဆောင်း က ဘာကိုနားလည်နေသည်မသိဘဲ နောင်တစကားတွေ ပြောနေ၏။

"ဟုတ်တယ်…၊ နင်ပဲ လုပ်သင့်တာ…"

"ဆောင်း ကမွေးရင် ဆောင်း လိုပဲ မလှမပလေး ထွ ပေါ့၊ တော်ပါပြီ…၊ ယူမယ့်သူမရှိရာဘူးဆိုပြီး သနားခံနေရတာ ဗိုးကွဲ ကြုံရာလူနဲ့ငြိမိလို့ အဖြစ်ဆိုးရတယ် ထပ်အပြောမခံနိုင်

ဒီစကားကြောင့် စ,မိသည့်ပါးစပ်ဆိုပြီး မိုး မျ မထားဘူး သွားကာ…

"ညီမလေးကလဲ မမမိုး က စ,တာပါ၊ အားလုံးလဲ ဖော်ရသေး ပြီစွာ၊ တို့သုံးယောက်က ဖြစ်မှမဖြစ်နိုင်တာနော်၊ ပြီးတော့ တာနဲ့ သူ့ဆီ သွားသွားနေရတာက ရှိသေးတယ်၊ မတော် ဘူး…" နေကာမှဆို ခက်မယ်"

"မမတို့စီစဉ်သလို ဖြစ်မလာဘဲ ခုနေသာ ကိုကြီး ရော သွားပြီနော်…" သည်။

"တော်ပါတော့ဟယ်…၊ မကြုံစည်အပ်တာကို ကြံစည်း က လိုလိုကာမှ နလုံးတုန်နေရတဲ့အထဲ နောက်ကို ပြန်မကြည့်နဲ့ လဲ အများကြီး မျှော်မကြည့်ကြေး…၊ လောလောဆယ် ငါတို့ လုပ်သင့်လဲ"

"ဖွင့်ပြောလိုက်ဖို့ သင့်နေပြီ"

"စောပါသေးတယ်…၊ ကလေး လန့်ဖျပ်ပြီး တစ်ခုခုလုပ်လိုက်ရ ရမ်းနေသေးတော့ ပျက်စီးသွားနိုင်တယ်လေ"

www.burmeseclassic.com



"ဟုတ်တယ်..၊ တော်ကြာ ငါတို့က အိမ်ထောင်မပြုဖို့တော့ အပြင်းအထန် တားချိုးနေကြပြီး သူ့ကို ဘဝပျက်အောင်တော့ လုပ်ရက်ကြတယ် ထင်သွားမယ်"

"ဟုတ်တယ် နွေ..၊ ငါတို့ အဲဒီပုံစံခေါက်နေတာတော့ အမှန်ပဲ၊ ...းစားဆိုတာကြီးက အမှန်တကယ် မပျောက်မပျက် ရှိနေခဲ့ရင် ကလေး ...ပျက်ပြီ..."

"အဲဒါပြောနေတော့ ကြီးကြီးမြင့် ရှေ့တွေ့တော့သလိုသာဖြစ်ခဲ့ရင် ကလေး ထားတော့...ကိုသာ့...ဖို့ကောင်းလဲ.."

ပတ်သက...တယ်..၊ ငါတို့က ကလေးရှူး ရှူးနေကြပေမယ့် သူကတော့ မှာတွေ့တာ...ယ်သူ..."

"ဘာ...နဲ့းက ဘာမျှ မှန်သည်မှားသည် သေချာမခွဲခြားခဲ့ကြ..။

"က...ခဲဆွဲထုတ်ကြည့်တော့ အစကနေ ခုထိ ဆုပ်ဆွဲဘားတဲ့ မရဘူး၊ ဒီ... ပျက်ရာတွေနှင့်..။

လုံး၀ မနီး...ငကြားမိလား၊ ဦးဟံတို့လင်မယား ဗုဒ္ဓဂယာဘုရားဖူးသွား "ကို

တို့ကိစ္စကို၊ ဘာဖြစ်လဲ"

ဟိုသင်း...အောင်မြင်တဲ့အကြောင်းတောင် မိုး တို့က သွားပြောရတာ"

လား.."ဒါတော့ ဘာဖြစ်လဲ..၊ ဒီကိစ္စကို စိတ်မဝင်စားလေ ကောင်း

"ဘိုက မြေးဖြစ်သလို သူတို့ကလဲ မြေးပဲ၊ ငါတို့လောက်မဟုတ်နေတဲ့ သူတို့မှာလဲ စီးပွားဥစ္စာ ခြေဆန့်လက်ဆန့်တော့ ရှိတယ်၊ စိတ်ဖြန်...ပြီး စာချုပ်လဲ ဂရုမစိုက်ဘူး၊ ကလေးနဲ့ ပြန်လဲယူမယ်ဆိုရင် က...."

"ဒါလဲ ဟုတ်သားပဲ"

"သူတို့ပုံစံကလဲ ဆောင်း တို့နဲ့ မကင်းလို့သာ ဒါကို လိုက်လျော ...ကာပါ၊ မျက်နှာမှာ ဓာနရှဲ့တောက်ကြောင်းတွေက ဒီတိုင်း..."





သုံးယောက်သား ကိုယ်လုပ်ခဲ့ပြီးတဲ့ ဖြစ်ရပ်ကြီးကို ခုကျမှ တွေး...ကြောက်နေမိကြသည်။ လုပ်ကြတုန်းကတော့ အကောင်းကနေ အစိမ်း...ခံရသလို ဒါ မှန်တယ်၊ ဒီလိုလုပ်မယ်၊ နောက် ဘာမျှမမြင်။ ...ကိုမျှ ဂရုမစိုက်..။

"အန့်တီဆောင်း ဝိုင် ရေချိုးမလို့..."

"ဟင်!..."

"ဟော..."

"အေး... လာပြီ..."

ငိုင်တွေနေကြသည့် သုံးယောက်များထဲမှာ ဝိုင့် အော်သံက ဗုံးကွဲ...သလိုပင်..။

"ဒီအချိန် ကလေး ရေချိုးမယ်မှန်းသိရက်နဲ့ ရေနွေးစပ်မထားဘူး ...မိဆောင်း ရယ်..."

"အေးလေ..၊ တော်သေးတာပေါ့၊ အကြောင်းကြားဖော့ရသေး ...ရအေးတွေသာ ချိုးပစ်လိုက်ရင် အအေးပတ်မယ်"

"သူများကို ပြောမနေနဲ့..၊ နင်လဲ သနပ်ခါး သွားသွေး..."

"နင်လဲ ညဝတ်အင်္ကျီ သွားထုတ်ချေပါ"

"ငါ့အလုပ် ငါသိတယ်"

အပျိုကြီးသုံးယောက် တာဝန်အသီးသီး ထရပ်ကြလေသည်။ ...ကြီးမွေးခဲ့တာ ဒီကလေးလေးကို ခုနစ်ရက်မပြည့်သေးဘဲ နွေ က ...န်ယူခဲ့၏။

ဝိုင့် ခမျာ မွေးကင်းစကုသိုလ်ကံတော့ မကောင်းရှာပေ။ ကိုကြီးက ဝိုင်ချို ကို နေ့ထိုင်ပုံ ကလက်သည်ဆိုပြီး မနှစ်သက်ဘဲ ...ညီမို့ ကိုကြီးကိုကြိုက်ပြီး လူကြီးတွေကို ပူဆာခြင်းဖြင့် လက်ထပ်ခွင့် ...သာ ဝိုင်ချို ခမျာ နှလုံးရောဂါအခံလည်းရှိတော့ စိတ်ဆင်းရဲခြင်းကို ...ငါ..။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ကိုယ်ဝန်ရှိပြီဆိုကတည်းက ကိုကြီး မယုယတာကို ကြိတ်ခံစားပြီး လိုအပ်လို့ စုဆောင်းပေးထားသမျှ ဆေးတွေကို ဘာဆေးမျှ မသောက်ဘဲထားခဲ့၏။

မွေးဖွားတဲ့အချိန်မှာ ကလေးမျက်နှာကို တစ်ချက်ပဲ ငုံ့ကြည့်ကာ ထိုမျက်လုံးက ပြန်မပိတ်ခဲ့တော့..။

ကိုကြီးကလည်း စိတ်မကောင်းရိပ်လေးတစ်ချက်ပဲ ဖြစ်သွားပြီး ပြောသေး၏။ "ကိုယ့်အသက်ကို စတေးပြီး ရွဲ့တာ ဘယ်သူက တတ်နိုင်မှာလဲ"တဲ့..။

ဒါပေမယ့် ပတ်ဝန်းကျင် ဝေဖန်သံတချို့ ထွက်နေ၏။ သူ့ရင်ထဲမှာလည်း စိတ်မကောင်းတာတွေ ရှိဦးမှာပါ။ ဝိုင်ချို့ ဆုံးသွားပြီး တစ်လ ကျော်လေးမှာပဲ ကိုကြီး ရန်ကုန်ထွက်သွားခဲ့သည်။

ညီမတွေက ကလေးကို ဝိုင်းချစ်နေကြမှန်းသိလို့ ယုံကြည်တာလား..၊ ဒါမှမဟုတ် မိန်းမဆုံးသွားလို့ စိတ်လေခြင်း၊ လူတွေရဲ့ဝေဖန်တာကို စိတ်နာခြင်း..၊ ဘာကြောင့်မှန်းမသိသည့် အမျိုးမျိုးသော အကြောင်းတရားများထဲက ဖြစ်နိုင်ခြေတစ်ခုနှင့် ထွက်သွားလိုက်တာ ဒီနေ့ထိ ပြန်မလာခဲ့ပေ..။

ပြန်ခေါ်တော့ 'ငါ ဝါသနာပါတာ ငါလုပ်ချင်လို့'တဲ့..။ ကျောင်းမျက်ရတနာတွေ ကိုင်ရတာ ဝါသနာမပါသည့်သူသည် နိုင်ငံခြားမှာ ခေတ်ပြိုင်စီးပွားရေးစနစ်တွေနဲ့ ဆော့ကစားရင်း ပျော်မွေ့နေခဲ့၏။ နေပါစေတော့လို့ ထားခဲ့ကြပြီးမှ ခုတော့ ပြန်လာမှာကို တွေးကြောက်နေကြပါပြီ..။

ဒီနှစ်ထဲမှာ ရာသီဥတုဒဏ်ကြောင့် ဝိုပူနေသည်လား..။





အခန်း(၄)

"တော်ပါပြီ...၊ ဘာကျွန်းမာရေးလဲ..၊ ကောင်းနေပြီ အကုန်လုံး"

"မဟုတ်ပါဘူး..၊ အခု မင်းကို စောင့်ရှောက်ဖို့ ငါပဲ ကျန်တယ်"

"မဟုတ်ဘူး..၊ ဒါပေမယ့် ဟုတ်တယ်၊ လေးလေး စောင့်ရှောက်မှာ ဟုတ်ပေမယ့် ကျွန်တော့်ကို မဟုတ်ဘူး၊ ဒီရောက်လာကတည်းက ဟိုမှာ ငွေပိုတွေ မထည့်ချင်လို့ မိဘဆီ လာပြန်ခပ်တာနော်..၊ လတ်လျားလတ်လျားနဲ့ ဖယားမဟုတ်ဘူး..၊ အလုပ်နဲ့အကိုင်နဲ့.. အခြေနဲ့အနေနဲ့..၊ ဒီရောက်မှပဲ ပုခက်ထဲ ပြန်ဝင်ရတော့မလိုလို..."

ဦးသာဖံ စိတ်ဝင်စားသွား၏။ သူက မုဆိုးဖို၊ သမီးတစ်ယောက်အဖေ ဖြစ်သည်။

သမီးက အိမ်ထောင်ကျပြီး သူ့အိမ်ထောင်နောက်ပါသွားတော့ ဒီမှာကျန်ခဲ့တာ လူလွတ်အတိုင်း။ ခင်မင်တဲ့သူတွေက သူ့ကို 'လူပျိုကြီး' လို့ပဲ ခေါ်ကြ၏။

သမီးက လက်လွှတ်ပေမယ့် တူဖြစ်တဲ့သူကို ထိန်းနေရတာ သူ့ဒုက္ခကိုတော့ ဘယ်သူမှ မသိပါလား။ မိုးကုတ်ကို ခဏပဲ ရောက်လာသည်။ ခဏ ခေါင်းကျိန်း၏။



www.burmeseclassic.com

www.burmeseclassic.com



ခုလို ကြာကြာနေတော့ ခေါင်းဆင်နင်းသလိုပါ။ ဒီကြားထဲ အစ်ကိုက မှာသွားသည်။'

''မင်းတူ ကျန်းမာရေး သိပ်မကောင်းဘူး၊ ငါတို့ပြန်မလာသေးဘဲ ဘယ်မှမသွားစေနဲ့'' တဲ့··။

ပြောတော့ ရလို့လား···။

''ပြောတာကလဲ ကျန်းမာရေးမကောင်းတာကြီးကို ခေါင်းစဉ်မတပ်နဲ့လေ··၊ ဒီရောက်တာနဲ့ ကျန်းမာရေးမကောင်းဘူးဆိုပြီး ဟိုသွားရဒီသွားရ··၊ ပြီးတော့···ကျွတ်'···''

စိတ်ပျက်ရှုံ့ရှာသလို ရှုံ့မဲ့ကာ မှတ်တမ်း ခေါင်းတခါခါနှင့် ထိုင်ရာက ထ,သွား၏။

ဘာဖြစ်သွားမှန်း မသိတော့ ဦးသာဖေက မျက်စိတစ်ဆုံး လိုက်ကြည့်သည်။ ပုံစံက သူ့ကိုပဲ ချုပ်နှောင်ပြီး အရှင်လတ်လတ် ရင်ခွဲထားခဲ့ကြသလိုလို···။

''နေမကောင်းဘူးဆိုမှ မကောင်းတာ မဟုတ်ဘူး ငါ့တူရ··၊ ကျန်းမာရေးဆိုတာ အကြောင်းအမျိုးမျိုး ရှိတယ်၊ ကိုယ်မွေးထားတဲ့ သားသမီးအကြောင်း·မိဘ အသိဆုံးပေါ့၊ အဲဒါ ယုံစမ်းပါကွာ··၊ မင်းမိဘက မင်းကို မင်းကိုယ်မင်းထက် ပိုသိတယ်''

''သိလေ··၊ အဲဒါ မမှန်ဘူးလို့ ကျွန်တော် ပြောတာမှ မဟုတ်ဘဲ၊ ဒါပေမယ့် ဘာရောဂါတွေ အစကတည်းက ရှိခဲ့လို့လဲ၊ တစ်သက်လုံး ဒီအတိုင်းနေလာခဲ့တာ အကောင်း··၊ ခုတော့ ရန်ကုန်ထိသွားနေနေလို့ပဲ လူကို မယုံကြည်သလိုလို၊ အစက ကျွန်တော့်ကို မိန်းမများ ပေးစားမလို့လားဆိုပြီး မန္တလေးကို ချက်ချင်းပြန်လစ်ဖို့ ကြံလိုက်သေးတာ··၊ မဟုတ်ဘူးဆိုတော့လဲ ကျွန်တော့်အဲဖြစ်က ယုဏ္ဍိမရှိပြန်ဘူး··၊ သွေးစစ်တာတွေ၊ စမ်းသပ်တာတွေမကဘူး ပြောကို မပြောချင်ပါဘူး လေးလေးရာ··၊ ဖေဖေ ဘာတွေလုပ်ခိုင်းသလဲ သိလား···''





''ဟော!·· မသိဘူး··၊ ပြောစမ်း···''

''မပြောတော့ဘူး''

ဖြစ်ပြန်ပြီ ဒီမျက်နှာ··။

''အဲဒါကြောင့် မြန်မြန်ပြန်လစ်တော့မယ်၊ မိဘက ကျန်းမာရေး ကောင်းတာ မဟုတ်ဘူး··၊ ကျွန်တော့်က မကောင်းဖြစ်နေတာဆိုတော့ ကိုယ်စိတ်ချမ်းသာသလို နေပါရစေလို့··နော်··၊ ဒီတစ်ခါ ကြာမှာလို့··၊ ဖေဖေတို့လဲ ပြန်လာတော့မှာဥစ္စာ၊ ဒီတိုင်းပဲ ပြောလိုက်ပါ''

''မဟုတ်သေးပါဘူး မှတ်တမ်း ရာ··၊ ဒီမှာ မင်းရှိနေလို့လဲ ···လို ရက်ရှည်ခရီးထွက်သွားကြတာပါ၊ ပြီးတော့ မင်းက ပိုင်ရှင်လေ၊ ···င်းရှိမှ လူရှိန်မှာပေါ့···''

''လေးလေး တစ်သက်လုံး ဖေဖေနဲ့ လက်တွဲလုပ်ခဲ့တာ၊ တချို့ဆို ···လေးကိုပဲ သိကြတာလေ··၊ အကြောင်းတွေ ထပ်ရှာမနေပါနဲ့၊ ···တော်ကတော့ မနက်ဖြန် လစ်မယ်··၊ အခု အပြင်မှာ ထမင်းသွား ···လို့၊ လေးလေး ဘာမှာဦးမလဲ···''

''အိမ်မှာ ငါးခူစဉ်းကော ချက်ထားတယ်ကွ··၊ ပဲဟင်းပျစ်ပျစ် ···နဲ့···''

''အဲဒါကိုပဲ မကြိုက်တာ၊ ငါးခူစဉ်းကောက လူမမာစာနဲ့ တူတယ်၊ ···င်းဆို အဝါရောင်တောင် မကြိုက်တဲ့ကောင်''

''မဟုတ်ပါဘူး··၊ ပဲနီလေးပါ··''

''နီပါလေ့စေ··၊ 'ပဲ'ဆိုတဲ့အသံ ဆိတ်အော်တာတောင် မုန်းတယ်''

···တားနဲ့တော့ သာဖေ···၊ ဦးသာဖေ ကိုယ့်ပါးစပ်ကို ဘရိတ်အုပ်သွား ···သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဟိတ်..၊ ဟိုဘက်ကိုပြေး..."

"ဟင်!... မှတ်တမ်း..."

ဝိုင် ကြာကြာစဉ်းစားချိန်မရလိုက်ဘဲ သူပြောတဲ့ဘက်ကို စွတ်ရွတ်ပြေးခဲ့၏။

"ဦးတာတေကြီး.."

"ဟား...၊ ဘာလဲ ဒီခွေးသူခိုးလေးက..."

သူ့ရှေ့ကနေ ပိတ်ခံပေးလိုက်သည်နှင့် လက်သီးဆုပ်ကြီးက မျက်နှာဆီပစ်ဝင်လာ၏။ သူ ကမန်းကတန်း ဆုတ်ရှောင်ပေးလိုက်ရင်း...

"ဦးတာတေ... ကျွန်တော်က မှတ်တမ်း လေ..၊ အိမ်မှာ အလှူ လုပ်တိုင်း ဦးတာတေ အတွက် လာလာပို့ပေးခဲ့တာ မမှတ်မိတော့ဘူး လား.."

ရှုးနေတဲ့သူမို့ စိတ်က ကြောင်တောင်တောင် ဟိုရောက်ဒီရောက် ဦးတာတေကြီး ခဏ ငြိမ်သွားပေမယ့် သူ့ကို တားဆီးလိုက်တာကို တော့ ကျေနပ်နိုင်ပုံမရ။ ထို့ပြင် သူ့ရင်ထဲမှာ မကျေနပ်ခြင်းတစ်ခုသ သတိတရ ထင်ကျန်ခဲ့ပြီး ဝိုင့် ကိုတော့ မေ့သွားပြီ ဖြစ်၏။





မှတ်တမ်း မှာလည်း ဦးတာတေ အစပေါ်အောင် ဟိုပြောဒီပြော ပြောပြရင်း အကိုင်မခံ အဆွဲမခံသည့်လက်ကိုပဲ လိုက်ဆွဲပြုံးပြနှင့် ကြိုးစားနေရသည်။

နောက်ဆုံးမှာ ဒေါသငြိမ်သက်ခြင်းနှင့် မှတ်တမ်း ကို မှတ်မိခြင်း တို့ ပေါင်းစပ်မိသွားကာ...

"မင်းက ဘယ်တုန်းက မိုးကုတ်ကို ရောက်နေတာလဲ.."

"ဒါ မနွလေးလေ..."

"ဟင်..."

ဦးတာတေ ဘာဖြစ်လို့ လာတာလဲလို့ ပြန်မမေးရဲဘဲ ကော်ဖီ သောက်ဖို့ ခေါ်တော့ ဦးတာတေ က ခေါင်းခါ၏။ သူကိုယ်သူ မနွရင ကို ဘာဖြစ်လို့ရောက်နေမှန်း ရုတ်တရက် ခမှသွားပုံပေါ်ကာ မျက်နှာကြီးကို ရှုံ့တွနေအောင် စဉ်းစားနေသည်။

မှတ်တမ်း ကတော့ မိုးကုတ်မှာ လောက်လေးပစ်ဝ ကိုယ့်ကို ဦးတာတေကြီး မမှတ်မိတဲ့အတွက် အစမဖေ ဖို့လာဖို့ မိုးကုတ်ကပြန်လာတာဖြစ်တဲ့အကြောင်းကို မျိုသိပ်ထ

"ငါ ဒေါသ တအားဖြစ်ခဲ့တာကွ.."

"ဟင်!.. ဩော်... ဖြစ်မနေနဲ့ ဘာမှ..၊ လာပါ ရင် ကက်ကြေးကိုက်စား..."

"မစားချင်ပါဘူးကွ..၊ ငါမှာ ပိုက်ဆံပါတယ်၊ အပိုမလုပ် သွားမယ်..."

လုံးဝ သဘောကောင်းနေပြီဆို ဦးတာတေ က ပြုံးနေတတ်တဲ့သူ ကြည့်ရသလောက်မှာ သူ ချုံ့တိုးပြီး အပေါ်အပါးသွားနေတုန်း လေးကြောင့် တော်တော် ဒုက္ခများသွားနဲ့ပုံပင်။ ထို့ကြောင့် ကို သူမမေ့နိုင်ဘဲ လိုက်ရှာနေတာ ဖြစ်မည်။ ဝိုင် ကရော ဘယ်ကား သွားပြီ၊ *ဒီလူကြီးနှင့် ဘယ်လိုတွေ ပက်ပင်းတိုးရမလဲ..။*

www.burmeseclassic.com



အရှုံးဆိုပေမယ့် ဘကယ် ဒေါ်သဖြစ်နေပုံက မကျေနိုင်မချမ်းနိုင် ဆိုတော့ ဒါ လွယ်တဲ့ကိစ္စ မဟုတ်..။ ဦးတာတေ က မွေးချင်းမောင်နှမ တောင့်တင်းသည်။ အရှုံးပေမယ့် လူ့ရမ်းကားလည်း မဟုတ်တော့ သူ့ကို ဆို မွေးချင်းတွေက အလိုလိုက်ကြ၏။

ခုလို ခရီးသွားမယ် ဘာညာ ထဖြစ်ရင်လည်း ပိုက်ဆံအလုံ အလောက်နှင့် ပေးလွှတ်တတ်သည်။ ဝိုင် နှင့် ဦးတာတေ ကားပေါ်မှာ ဆုံခဲ့ကြတာတော့ မဖြစ်နိုင်..။

မျက်လုံးအောက်ကနေ ဦးတာတေ-ပျောက်သွားပြီးပေမယ့် မှတ် ဘမ်း ခေါင်းထဲမှာ ဝိုင့် အတွက် တွေးနေမိခဲ့၏။ ဝိုင့် မှာ ခရီးဆောင်အိတ် ....လည်း မတွေ့ပေ..။

"ဒီပဲ မန္တလေးကိုရောက်နေတာ နှစ်ရက်၊ သုံးရက် ရှိပြီလား..။ ဟာ၊ ဟုတ်တာလား..။ ခုမှရောက်နေတာနှင့် မတူတော့ ရောက် ဝိုင် ကြ ဆိုတာနှင့် သုံးသပ်ကြည့်၏။

ပြေးခဲ့၏။ ကားဂိတ်များမှာ ....ကည်း ....လုပ်တာလဲ..။

"ဦးတ..."

"ဟား ....ကြီး ကို မြင်လိုက်ရပြန်သည်။ ဒီတစ်ခါ လူစိတ်ပျောက် သူ့ရှေ့ ....မျက်နှာကြီးနှင့်..။ စိတ်မရှိတဲ့သူဟာ ကောင်းစဉ်ရမေ မျက်နှာဆို ....ဖြစ်နေပေမယ့် ....လိုက် ပြောဆိုနေတတ်တာ ....လည်း ဖြစ်လာတတ်၏။

ဒီလူ့သန်ကြီး ဝိုင့် ကို ....လိုက် ....သတိတရဖြေ ....ခဲ့ရင် မ....။ သူ ....မဝင်ဖြစ်တော့ဘဲ ဦးတာတေ ....မသည့် ....နေခဲ့မိသည်။

ဝိုင် တို့အိမ်ဘက်ဆီကို သွားရမှန်းတော့ မသိပေ။ ဆန့်ကျင်ဘက် လမ်းတွေကို ဦးတာတေ ....ဖြစ်သည်။ ပုဆိုးနီညိုတိုတို၊ ....ကျယ် အနီရောင်ချိုင်းပြတ်ကြီးနှင့် ....ကိုယ်လုံးကြီး....





အနိုင်ကုံးကြီးဖြစ်နေတော့ ဒိ၍ ကြောက်လန့်ဖွယ် ဖြစ်နေသည်။

ခွဲမိခွဲရာခွဲ၍ မပြေနိုင်ဖြစ်နေသည့် ဦးတာတေ ဒေါ်သကို မှတ်တမ်း အုံသြမဆုံးတော့ပါ။ ဝိုင့် ကို အပြင်သိပ်မထွက်ဘဲနေဖို့ သွားသတိပေး ရင် ကောင်းမလား..။

ဒီကောင်မလေးကလည်း ပြောလို့ရတာ မဟုတ်ပေ။ ဦးတာတေ ကြီး မြို့ထဲမှာ ပတ်ချောင်းနေတယ်ဆိုတာကို ယုံရင် ကိစ္စမရှိ..။

မဟုတ်လို့ကတော့ ကိုယ့်ကိုပဲ ဘာလိုလို ပြောနိုင်သေး၏။ ဒါပေ ယ့် တကယ်တမ်း သူ မနေနိုင်ခဲ့ပါ။ ညနေနေဝင်ခါမှ စိတ်က ဒါကို အာ့တာပြင်း ခံစားမိလာသဖြင့် ဆိုင်ကယ်နှင့်ထွက်တော့..

"ဘယ်လိုလဲ မှတ်တမ်း..၊ မနက်ခရီးသွားဖို့က ပါ ဘာလုပ်ထည့် မှာလဲ"

"မလုပ်နဲ့..၊ အိမ်မှာပဲ ငါလုပ်နိုင်းပြီးပြီ"

"ဒါဆို မင်း ဆိုင်ပြန်မလာတော့ဘူးပေါ့"

"ကဲ... မလာဖြစ်လဲ ဖုန်းဆက်မယ်ကွာ..၊ သွားဖို့လာဖို့ ....ရှုး တကယ်ပဲ"

"အဲ့မာကွာ..၊ ဖြစ်နေတဲ့မျက်နှာက မိန်းမခိုးတော့မယ့်ကော ..၊ ဟား... ဟား... ဟိုသင်း... ဘာလဲ.. မှန်ယိုနေတာမျိုးလွှ"

"သူ့တောင်းစား.."

သူငယ်ချင်းတွေ ဝိုင်းရယ်တော့ သူ ....ပြုံးမိသည်။ ဝိုင် ဆိုတဲ့ကောင်မလေးကို မြင်ယောင်မိကာ အသံထွက် ရယ်လိုက် ....

ဒီကောင်မလေးကို ....မှတ် ချစ်ကြသလောက် ....ဆံပင်ဖြီးပေး..၊ ရေချိုးပေးလုပ်နေကြတဲ့နှမ်းလို့ ....ကြားဖူးသည်။

....ပါးလေး မှ ချက်တတ်ရဲ့လား မသိ..။



www.burmeseclassic.com

www.burmeseclassic.com



''ဟိတ်ကောင်...''

''ဟာ... ဇော်မင်း...''

ဆိုင်ကယ်နှစ်စီး ဦးတွဲလေးရပ်လိုက်ကြရင်း တအံ့တသြဖြစ်သွားကြ၏။ ဇော်မင်း က သြစည်မှာ ပညာသင်သွားနေတဲ့သူ..။

''မှတ်တမ်း..၊ မင်း ရောက်လာမယ်ဆိုလို့ကွာ..၊ ဘာဖြစ်တာလဲ''

''အေးကွာ..၊ မေမေတို့က လုံး၀ သဘောမကျဘူး၊ ငါ ပြင်ဆင်နေပြီဆိုကတည်းက မေမေဖျားတာ ဆေးရုံတက်ရတဲ့အထိဖြစ်တော့ ငါလဲ စိတ်ဓာတ်ကျသွားတယ်''

''ငါ ထင်ပါတယ်၊ မင်းအမေက ရန်ကုန်မှာ ကျောင်းသွားတက်ဖို့ တောင် အလွယ်တကူ ခွင့်ပြုခဲ့တာမှ မဟုတ်တာ၊ ငါလဲ တွေးမိပါတယ်၊ ခု ဘယ်ကိုလဲ..၊ မင်း မန္တလေးရောက်နေမှန်းမသိလို့ ငါ မနက်ဖြန် ကုတ်ထိ လိုက်ခဲ့ဖို့ စိတ်ကူးထားတာ...''

''ဟုတ်တယ်..၊ ငါ ဒီမှာရောက်နေတာ သုံးညအိပ်ရှိပြီ။ ဒါပေမယ့် မြေ ်ထဲမှာနေတာ များတယ်၊ အခု မင်း ဘယ်လဲ...''

''မင်းတို့အင်တာနက်ဆိုင်က အကြိုးကြီးလို့ကြားတာနဲ့ ငါတောင် ကြည့်ဖို့ စိတ်ကူးဖြစ်သွားသေးတယ်၊ မင်း မရှိဘူးထင်ပြီး မသွား တာ..၊ အခု သွားမယ်လေ..၊ မင်းဆိုင်ရောက်မှပဲ ငါ ကော်ဖီသောက် မယ်''

''ဟင်...''

သူ အချိန်ကို သတိထားမိတော့ မိုးချုပ်တော့မည်ဖြစ်၏။ ဗိုင် ဆီကိုသွားဖို့က တွေ့မှပြောဖြစ်မှာပေမယ့် အရေးကြီးနေတာလည်း အမှ ဖြစ်သည်။

ထို့ကြောင့် ရုတ်တရက် ဘယ်လမ်းဘက်ကို လိုက်ရမလဲဆိုတာ စဉ်းစားရခက်သွား၏။

''မင်း သွားစရာရှိနေလို့လား..''





''ရှိတော့ရှိတယ်ကွ..၊ ဒါပေမယ့် ရပါတယ်..၊ လာ... သွားရအောင်...''

သူငယ်ချင်းနှင့် နောက်ပြန်လှည့်ခဲ့ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောမိကြ၏။

''ဘာပဲဖြစ်ဖြစ် နိုင်ငံခြားမှာ ဘွဲ့တွေထပ်မယူနိုင်တာပဲ ရှိတာပါ၊ မင်းက ငါတို့ထက် အများကြီး သာပါတယ်ကွာ..၊ မင်းမှာ အခု ငွေ၊ ရွှေ၊ စည်းစိမ် ဘာမှလိုလေသေးမရှိဘူး''

''မင်းကကော လိုနေလို့လား''

''မလိုတာက မိဘပစ္စည်းတွေလေ..၊ မင်းက ငွေဖြစ်နေနိုင်ပြီ၊ ဘွဲ့ရထားပြီးသားချင်းအတူတူကို ငါတို့က ဘွဲ့တွေထပ်ရလာပေမယ့် အစားအလုပ်တစ်နေရာရဖို့အတွက် ကြိုးစားရဦးမှာတွေ ရှိသေးတယ်''

''တော်ပါကွာ၊ ပျားရည်နဲ့ ဝမ်းချမ်နေပါနဲ့..၊ ငါ မင်းတို့နဲ့ လိုက် ရက်နဲ့ ကျန်ခဲ့ရတုန်းက ငါ့ရင်ထဲကိုလဲ ပြချင်ပါတယ်၊ ဟွန်း... သာလို့ တော်ရာမှာ နေခဲ့ရတဲ့ကောင်ပါ''

တစ်ယောက်ကိုတစ်ယောက်က လိုအပ်တာလေးတွေ ပြောသိမ့်ကြ ဆိုင်ထဲမှာပဲ ညရှစ်နာရီ ထိုးသွားခဲ့သည်။

ဇော်မင်း နှုတ်ဆက်ပြီးပြန်သွားတော့ သူ အိမ်ကို မပြန်ချင်သေး ဆိုင်ကယ်ကို အမှတ်(၈)ဘက်သို့ ပြန်ပတ်မောင်းခဲ့၏။

စိတ်က ဗိုင့် ကိုပဲ သတိရနေမိသည်။ ဦးတာတေကြီး နှင့် ဗိုင် တွေ့ဖို့အကြောင်းမရှိပေမယ့် နေ့လယ်က ဘာဖြစ်လို့ လိုက်တဲ့သူက ..၊ ပြေးတဲ့သူက ပြေးဖြစ်နေတာလဲ..။

ဒါဟာ တိုက်ဆိုင်စွာ ဆုံစည်းကြတာဆိုလျှင် နောက်ထပ် ဒီလို နိုင်တာကို မဖြစ်နိုင်ဘူး ပြောလို့မရ..။

ဘယ်ဆို မဖြစ်နိုင်ဘူးဆိုလည်း ပြောလို့ရသည်။ ဖြစ်တော့လည်း အနေသားကြီးပါ။ ဒါပေမယ့် သူမှာ မနေသာသည် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ဝိုင်း တို့ဘက်ကို သွားကြည့်ချင်သည့် စိုးရိမ်စိတ်တွေနှ
ယောက်ယက်ခတ်နေစဉ်…

"ဟာ…"

တောင်းအော့တစ်စီးက အဝေးကနေ အရှိန်နှင့်ခါယမ်းလာပြီး သ
ကားကို ဘေးကပ်ပေးနေသည့်ကြားကနေ သူ့ဆီကို တည့်တည့်ကြ
ဝင်လာ၏။

"အား…"

"ဝေါ…"

ကားကလည်း လူကိုမတိုက်မိအောင်တော့ ရှောင်သည်။ ဒါပေမယ
လမ်းဘေးကနေ ပွတ်ကပ်ပြီး လမ်းမကြီးပေါ် ပြန်ရောက်ဖို့ တခြာ
ကားတွေသာရှိလျှင် မလွယ်…။

ကားကြီးက သူ့ကို ပွတ်ကပ်ကျော်ထွက်သွားသလို လွတ်အော
အတင်းကွေ့ပစ်လိုက်ရသည့် မှတ်တမ်း အဖြစ်ကလည်း ကားနှင့်လွ
သွားသည့်တိုင်…။

ခေါင်းထဲမှာ ဒုတ်ခနဲ မီးပွင့်ကာ ပူခနဲ…၊ မိုက်ခနဲ…။





## အခန်း(၆)

"အား…"

သတိရရို့ကြည့်လိုက်တော့ လူက ချုံပုတ်စပ်စပ်မှာဖြစ်လျက်
ဆိုင်ကယ်က သူနှင့်ခပ်လှမ်းလှမ်းမှာ ဖက်ခေါက်လဲနေ၏။

"အား…၊ နာလိုက်တာ…"

မျက်လုံးအထက်ကို ကြည့်လိုက်တာနှင့် ကြယ်တာရာတွေက
ဘက်တို့ ရယ်မောနေကြသလို ကောင်းကင်ထက်မှာ ဖွေးဖွေးလှုပ် စုံညီ
ချက်…။

နာရီကလည်း ညဥ့် ဆယ်နာရီခွဲပြီးနေကြောင်း ပြသနေကြသည်။
သူ့ခေါင်းမှာ နဖူးဘယ်လောက်ကွဲသွားသည်မသိဘဲ ဘယ်ဘက်ပါးရိုး
ကနေ စီးကျနေသည့်သွေးတို့က လည်ပင်းကြားထဲမှာပါ ရွှဲစိုနေ၏။

သူ သတိရလာလို့ တော်ပါသေးလား…၊ သွေးထွက်လွန်လို့များ
ချုံပုတ်ပေါ်မှာ သေနေလျှင် မိုးလင်းတာတောင် ရုတ်တရက် လူမြင်မှာ
ဟုတ်…။

ကားကိုရှောင်ရင်း ဆွဲကွေ့ပစ်လိုက်တာ ကံကောင်းလို့ဘိုဘက်
ချိုင့်ထဲက အိမ်လေးတွေထဲ ထိုးဆင်းမသွားတာ…။



www.burmeseclassic.com

www.burmeseclassic.com

## ၁၂ လရောင်ကျူးရင့်

တစ်ယောက် သွ်းတွေးရင်း ဆိုင်ကယ်ကို ပြန်ယူသည်။ နှိုးကြည့်လိုက်တော့လည်း အကောင်းပဲ ရှိနေတာမို့ ဒီအတိုင်း မောင်းပြန်ရန် တက်ထိုင်ပြီးမှ…

"အား… ကျွတ်…"

ခေါင်းထဲမှာ မူးဝေယိမ်းထိုးနေ၏။ ပြီးတော့ သွေးတွေက ထ လျှောက်လာမှ ပိုပြီး စိမ့်ယိုလာသလို လည်ပင်းကြားမှာ ပူနွေးနွေးကြီး ပျော်ချွဲလာ၏။

မတတ်နိုင်တော့ဘဲ ဆိုင်ကယ်ကို ချုပ်တဲထိတော့ ရောက်အောင် သူ တွန်းပို့လိုက်သေးသည်။ ပြီးတော့ အနီးဆုံးမှာရှိသည့် ဆေးခန်းက ရောက်အောင်တော့ အားတင်းသွားမည်ဟု စိတ်ကူး၍ လမ်းကြားငယ် ကို ဝင်လာခဲ့၏။

ဒီလမ်းထဲမှာ ဆေးခန်းလေးတွေ နှစ်ခုတောင် ရှိသည်။ အိမ် အလုပ်သမား အသုဘဖြစ်တုန်းက ဒီထဲမှာမို့ သူ ရောက်ဖူးထားတာပါ…

ဘာပဲဖြစ်ဖြစ် ဆေးခန်းကို မရရအောင်နိုးဖို့ စိတ်ကူးနှင့် ခြေလှမ်း မှန်အောင် ထိန်းလျှောက်ခဲ့၏။ လမ်းမှာ လူတစ်ယောက်စ နှစ်ယောက် စ တွေ့ပေမယ့် မှောင်ကလည်း မှောင်နေသည်။ သူကလည်း ခေါင်း လျှောက်တာမို့ ရုတ်တရက် သတိမထားမိကြ…။

သို့သော် ခေါင်းကဒဏ်ရာက ခေါင်းငုံ့လျှောက်လေ ပိုဆိုးလေ…

"ဟော… ဟော… ဟိုမှာ… အမယ်လေး… သွေးတွေနဲ့ ဆရာ… ဆရာ… ထွက်ကြည့်ပါဦး၊ လာပြန်ပြီတစ်ယောက်…"

ဆေးခန်း မပိတ်သေးပါ။ မီးအလင်းရောင် ဖြာကျနေသည့် မှာ ဆိုက်ကားတစ်စီးနှင့် မိန်းကလေးနှစ်ယောက်၏အရိပ်တွေကို မြင်လိုက်ရ၏။

သူ ဆေးခန်း၏မီးရောင်ရွှေ့ရောက်လျှင် အထဲကထွက်လာ ဆရာဝန်သည် လူနာစမ်းသပ်နေဆဲပုံနှင့် လည်ပင်းမှာ နားကျပ်





ချက်သား…။ မျက်နှာမှာ အထိတ်တလန့်ဖြစ်ဟန်ရှေ့နှင့် သူ့ဆေးခန်း ဆ လက်မခံကြောင်း အထဲမဝင်ခင် ကြိုတင်ပြော းစပ်ပြင်နေသည်။

"ဒေါက်တာ…"

"မရဘူး…၊ မဖြစ်ဘူး…၊ မင်း ရန်ဖြစ်လာတာလား…၊ ကားတိုက် ခံရတာလား…"

"တစ်ခုမှ မဟုတ်ဘူး…၊ ကျွန်တော့်ဘာသာ ဆိုင်… ဆိုင်ကယ် မှောက်လာတာ၊ ဒီကရှေ့ထိပ်နားမှာ ဆိုင်ကယ် ကျွန့်ခဲ့ပါတယ်၊ ပတ် တီးလေးပဲ စည်းပေးပါ ဆရာ"

"ဟာ… ဒါ ဆေးရုံကြီးမှာပဲ ကုရမှာ…၊ အထဲမှာလဲ တစ်ယောက် မှာ…၊ ကျုပ်က မှုခင်းဆရာဝန် မဟုတ်ဘူး၊ ဒီမှာကုလို့ လုံးဝ မရဘူး အဲဒါ နားလည်လား…"

"လည်ပါတယ်"

မှတ်တမ်း က ဘောင်းဘီထဲမှာ ထည့်လာသည့် ပိုက်ဆံအိတ်ပြား ကိုထုတ်၍ ဆရာဝန့်လက်ထဲ ထည့်လိုက်ကာ…

"ကျွန်တော် မရလို့ပါ၊ အိမ်ပြန်နိုင်ရုံလေးပဲ၊ အား… လုပ်ပါ ဆရာ…"

"မင်းက ဘယ်ကလဲ…"

"ကျွန်တော်… အ…"

"အယ်… လုပ်… လုပ်ပါဦး…"

မိန်းကလေးအသံတွေကို ကြားလိုက်ရသည်။ ခန္ဓာကိုယ်ကို တစ် ယောက်က မြေပြင်နှင့် ကိုင်ရိုက်ပစ်လိုက်သလို ဗုန်းခနဲ လွင့်စဉ် သွား…။ သူ ဘာမျှမသိတော့တဲ့နောက်မှာ အားလုံးက မှောင်နှင့် နည်း…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

''ဟင်…''

သတိရလာသည်နှင့် မျက်လုံးတွေဖွင့်လိုက်တော့ အပေါ်မှာ အဖြူရောင်မျက်နှာကြက်ကျောက်ပြား၊ ခေါင်းကို ဒီဘက်လှည့်၍ နေရာပြောင်းကြည့်လိုက်သည်။ ပိတ်ထားသည့် တံခါးချပ်တွေကို ကန့်လန့်ပိတ်ခံထားသည့် တစ်ယောက်အိပ် တန်းလျားလေးပေါ်မှာ…

''မှတ်တမ်း…''

ဝိုင် ခုတင်ထက်မှာပဲ ငုတ်တုတ်လေး ဖြစ်သွားခဲ့၏။ ပြန်စမ်းကြည့်တော့ သူမမှာလည်း ခေါင်းမှာပတ်တီးနှင့်ဖြစ်ကာ မှတ်တမ်းမှာလည်း ပတ်တီးနှင့်…။

သူမ ဘယ်ရောက်နေတာလဲ…၊ မျက်လုံး ဝေ့ကြည့်လိုက်မိသည်။

ခေါင်းရင်းမှာ နံရံကပ်စင်မြင့်လေးနှင့် ဆေးပုလင်းတွေ…၊ ဆေးကတ်တွေက အထပ်လိုက် စီစီရီရီ…။ ဒါ ဆေးခန်းတစ်ခန်းပဲ…။

သူမ ညက အပြင်ထွက်မိတုန်း လူရိုက်ခံလိုက်ရသည်။ မည်းခနဲ့ အရိပ်ပဲ မြင်လိုက်ပေမယ့် ထိုလူဟာ ဦးတာတေကြီး ပဲ ဖြစ်၏။ ဒါ… သေချာပါသည်။





ဆေးခန်းကို ရောက်လာခဲ့တာဟာ သူတော်ကောင်းတစ်ယောက်…လေနှင့်တွေ့ပြီး စေတနာနှင့်ပို့ပေးသွားတာပဲ ဖြစ်နိုင်၏။ မဟုတ်လည်း… လမ်းဘေးမှာ ဘဝပျက်ပြီ…။

ဒါဆို မှတ်တမ်းကရော…

ဒီတစ်ခါတော့ ကိုယ့်ကိုကာယ်တင်ရင်းနှင့် မဟုတ်နိုင်ဘူး ထင်…။ သူမ လဲကျ မူးဝေနေတဲ့အထိ အနားမှာ လူသံသူသံ ဘာမှမျ…ခဲ့ဘဲ…

သတိမလစ်ခင်အချိန်ထိ လူးလဲပြန်ထဖို့ ကြိုးစားပါသေးသည်။ …ားရင်း သတိလစ်သွားတာ ဖြစ်သည်။

ထို့ကြောင့် မှတ်တမ်း ရောက်လာပြီး ကယ်တယ် ထားဦး…၊ …ပါ ဒဏ်ရာရတဲ့အထိ ဖြစ်ဖို့လိုသလား။ ဦးတာတေကြီး က ရှူးနေ…ယ့် အသိတရားတော့ ရှိနေသေးသည်။ ကိုယ့်ကို ရန်သူလိုသဘော…ခဲ့ပေမယ့် မှတ်တမ်း ကိုတော့ သိနေနိုင်၏။

''အား…၊ ကျွတ်… ကျွတ်…''

ဟင်!… သူ သတိရလာပြီလား…။

ငေးနေမိဆဲမှာ မှတ်တမ်း လူးလွန့်သွားသဖြင့် အမှတ်တမဲ့ ဝိုင့်…ယ်လေး တုန်ခနဲ ဖြစ်၏။ မှတ်တမ်း က ညည်းညည်းညူညူနှင့်…တ်လှည့်လာပြီး ပြန်၍ ငြိမ်သက်သွား၏။

မီးရောင်အောက်မှာ နီးနီးကပ်ကပ်မြင်နေရသည့် မှတ်တမ်း ရဲ့…နှာသည် ဝတ်ထားသည့် စပို့ရှပ်အနီရဲရဲနှင့် ဂျာကင်အနက်ရောင်…ကြောင့် ဖြူဝင်း ထင်ရှားနေ၏။

ထိုအထဲမှာ ယောက်ျားပီသစွာ ထူတန်းနက်မှောင်နေသည့် မျက်ခုံး…တို့က ပတ်တီးစည်းထားသည့် အောက်စပ်နားမှာ သေသပ်ပုပ္ပရ…ဝှက ကြည့်လို့ကောင်းသည်။

သူ မသိတုန်းမှာ ဝိုင် တစ်ယောက်တည်း မေးလေးထောက်၍



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ငေးနေမိ၏။

ဒီလူ ဒီလောက်တောင်ချောမှန်း ခုမှပဲ သေချာကြည့်မိတော့သည်။

အစက အမှတ်တမဲ့..၊ ကားဂိတ်ထဲမှာ ပြန်ဆုံတော့ တစ်နေ့လယ်လုံး သတိရနေခဲ့သည်။ ခုကျတော့ တိုက်ဆိုင်ဆုံတာတွေကို သီကာကုံးရင်း ကြည်နူးပြုံးလေး ဖြစ်လာခဲ့၏။

ခရီးသွားချင်တယ်ပြောတိုင်း မအောင်မြင်ခဲ့ဘဲ ဒီခရီးကျမှ လျော့လျော့လျူလျူ လွှတ်ပေးလိုက်သည့် အန်တီနွေ တို့ကိုလည်း သတိရမိသည်။

သူနှင့် ဝိုင် ရေစက်ဆုံနေတာတွေက တစ်ခါ နှစ်ခါမှ မကတော့ဘဲ..။ လောလောဆယ် ကိုယ့်ဒုက္ခကို မေ့လျော့ကာ သူ နောက်ထပ်ရှုံ့မဲ့ညည်းလိုက်မှ လန့်ဖျပ်ပြီး နာရီငုံ့ကြည့်မိသည်။

ထိုအခါ ခေါင်း ဖျတ်ခနဲ ငုံ့လိုက်မှ တရိပ်ရိပ်မူးဝေသွားခြင်းနှင့်အတူ နားထင်နှစ်ဖက်မှ ကိုက်ခဲခြင်းဝေဒနာကို ခံစားလိုက်ရသည်။

''ဟင်!... မင်း...''

ဝိုင့် မျက်နှာလေး ရှုံ့မဲ့သွားတုန်း သူလည်း သတိရလာ၏။ ဒါပေမယ့် သူက ဝိုင့် ထက် ဒဏ်ရာပြင်းသလားမသိ။ လက်တစ်ဖက်ထောက်၍ထထိုင်ရင်း ခေါင်းကိုကိုင်ပြီး ရှုံ့မဲ့ ညည်းနေသည်။

''ရှင် ဘာဖြစ်လာတာလဲ..''

''အဲဒါ ငါက မေးရမှာလေ..၊ အခု မင်းက ငါ့ရှေ့ရောက်နေတဲ့သူ...''

''ဝိုင် လဲ မသိဘူး..''

''ဟာ... မင်းခေါင်းမှာလဲ ပတ်တီးနဲ့..၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မှန်း မသိဘူးလား...''

သူမေးပုံက ဒေါသမကင်းသည့်လေသံနှင့်..၊ တကယ် အဟုတ်ပါပဲ...။





သင်းကလေးကြောင့်ဆိုသည့် ဒေါသတွေနှင့် ခေါင်းက ဝိုနာနေသလိုပင်..။

မဆီမဆိုင် စိုးရိမ်စိတ်တွေဝင်ပြီး ဘာမသိ ညာမသိနှင့် တစ်နေကုန်ဟိုလမ်းရောက် ဒီလမ်းရောက်..။

'မင်းလို့ကောင် ခံရတာတောင် နည်းသေးတယ်' ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း ထားမိတဲ့စေတနာတွေကို ပြန်ရုတ်သိမ်းချင်၏။

သူ့ ဆေးခန်းလေးကို ဝေ့ကြည့်လိုက်ရင်း ဆရာဝန်က လက်ခံကုသခဲ့တာကိုတော့ ကျေးဇူးတင်ပါသည်။ ဒါပေမယ့် ဒီကောင်မလေးက ဘယ်က ရောက်လာတာလဲ..။

''ဟော့... မေးနေတာကို ဖြေဦးလေ..''

''ဝိုင့် ကို ဟိုလူကြီး ချောင်းရိုက်တာ..၊ ဝိုင် လဲကျသွားတာပဲ သိတယ်၊ ဒီရောက်လာတာကို မသိဘူး၊ ရှင် ကယ်လာတာလားဟင်...''

''မဟုတ်ပါဘူး''

အဲဒီလိုဖြစ်မှာစိုးလို့ တစ်နေ့ကုန် လိုက်ရှာနေခဲ့တာကို ထာဝရ ဖွင့်ဟလိုက်တော့ဖို့ ဆုံးဖြတ်၍...

''ရမ်းကားပြီး မောင်းလာတဲ့ကားကိုရှောင်ရင်း ဆိုင်ကယ်မှောက်တာ...''

''ဒီကို ဘယ်သူခေါ်လာတာလဲ...''

''ငါ့ဘာသာ ထလာတာ...''

''ဆေးခန်းရှိမှန်း သိတယ်..''

''မေးခွန်းတွေ သိပ်ထုတ်မနေပါနဲ့၊ ကျွတ်!... တိုက်တိုက်ဆိုင်...''

နာရီငုံ့ကြည့်တော့ မနက်လေးနာရီခွဲတော့မည်။ ဒီကောင်မလေး ...င်းရန်ရှင်းရှိသွားပြီဆိုတော့ သူ့ရင်ထဲမှာ ဘာအနှောင်အဖွဲ့မှ ...ဖြစ်ချင်တော့သည့်စိတ်တွေပဲ ဝင်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ဒီလို မပူမိခင်၊ ဒီလိုမစိုးရိမ်ရအောင် မမြင်မတွေ့ရတဲ့ အရပ်မှာ ကိုယ်နေမှဟု တွေးဖြစ်ရင်း…

"ငါ သွားတော့မယ်.."

"ဟင်…၊ ဘာ… သွားမယ်… ဟုတ်လား.."

မှတ်တမ်း က တန်းလျားလေးပေါ်ကနေ ခြေချဆင်းလျှင် ဝိုင် က ခုတင်မြင့်ထက်ကနေ ကမန်းကတန်း ဆင်း၏။ သူမပုံစံက မှတ်တမ်း နှင့် အမိအရ လိုက်တော့မလိုလို..။

"မင်းက ဘယ်လဲ.."

"ရှင့်ကို တားမလို့လေ..၊ မသွားပါနဲ့…"

"ဘာကွ.."

"ဟုတ်တယ်လေ..၊ ဒီလို အတူတူ ဒုက္ခတွေပြီး ရောက်လာတာ၊ ဝိုင် တစ်ယောက်တည်း ကျန်ခဲ့ရမှာလား…"

"ကျန်ခဲ့ပေါ့..၊ မင်းတစ်ယောက်တည်းတောင် ညကြီးမိုးချုပ် လျှောက်သွားနေသေးတာ၊ ဒါ ဆရာဝန်ရဲ့ဆေးခန်း၊ မင်းအတွက် လုံခြုံမှုရှိတယ်"

"အို.. လုံခြုံခြုံမခြုံခြုံ မသိဘူး..၊ မိုးလင်းဖို့က အဝေးကြီးလိုသေးတယ်၊ ဝိုင် တစ်ယောက်တည်း မနေခဲ့နိုင်ပါဘူး"

"ဟား…"

စိတ်ပျက်စွာ ဝင်ထိုင်ကျသွားလျက် ခေါင်းက မူးနောက်ကိုက်ခဲနေတာရော..၊ စိတ်ပျက်တာတွေရောကာ လဲသေချင်စိတ် ပေါက်သွား၏။

ဒီကောင်မလေး ဘာဖြစ်သွားတာလဲ..၊ မိုးကုတ်မှာ တွေ့တုန်းကတော့ ရန်တွေ့လိုက်တာ ကက်ကက်လန်..၊ စေတနာမှန်းမသိ ဘာမှန်းမသိနှင့်..။

အဲဒီတုန်းကမျက်နှာနှင့် ခုတော့ ကွာလှချေလား..။

"မင်းက မန္တလေးကို ခုမှ ရောက်တာလား.."





"နှစ်ရက်ရှိပြီ..၊ ရှင်ကော…"

မှတ်တမ်း ကမဖြေဘဲ ပြန်မမေးနဲ့ဆိုသည့်မျက်နှာနှင့် နေ၏။

"ငါသွားမှဖြစ်မယ် ဝိုင်..၊ မင်း နေခဲ့တော့…"

"ဟင်…. ဘာဖြစ်လို့လဲ.."

"မင်းနဲ့ငါ ဒီတိုင်း မိုးလင်းသွားရင် ရှော့ ရှိတယ်"

ရုတ်တရက် သူပြောတာကို ဝိုင် နားမလည်..။ မျက်တောင်လေး ဆံရင်း သေချာ စဉ်းစားလိုက်ပြီးမှ…

"ဆရာဝန် သက်သေရှိတယ်လေ..၊ ဘာမှမဖြစ်ပါဘူး၊ နောက်ပြီး တို့မှာ ဒဏ်ရာတွေနဲ့ဥစ္စာ…"

"ဘာဖြစ်ဖြစ် မင်း တစ်ညလုံး ငါနဲ့ ရှိနေတဲ့အဖြစ်က ဖြန့်ကားမှာ…"

ပြောနေရင်း သူ ထရပ်လိုက်တော့ ဝိုင် ကလည်း ရှေ့ကနေပိတ်ပြီးဖြစ်ကာ…

"မသိဘူး..၊ ရှင်ထွက်ရင် ဝိုင် လဲ လိုက်ထွက်မှာပဲ"

"ဟာကွာ..၊ အဲဒီလို အတူရှိနေလို့ မဖြစ်ပါဘူးဆိုမှ…"

"နှစ်ယောက်တည်းမှ မဟုတ်ဘဲ ဆေးခန်းမှာ ဆရာဝန်သိတဲ့ဟာ"

နဖူးကိုသာ လက်သီးဆုပ်ကြီးကြီးနှင့် ပိတ်ထုပစ်ချင်တော့သည်။ ထိုစဉ် အပြင်ကနေ စကားသံတွေ ကြားလိုက်ရကာ…

"ဟုတ်တယ်..၊ အထဲမှာ သတိရနေပြီ အစ်ကို"

အပြင်က သော့ဖွင့်သံနှင့်အတူ အထဲက မှတ်တမ်း ကပါ ခုံတန်းကို ရွှေ့ပေးလိုက်သဖြင့် တံခါးတစ်ခြမ်း ပွင့်သွား၏။

အသားဖြူဖြူ ခပ်ဖိုင့်ဖိုင့် နဖူးအနည်းငယ်ပြောင်သည့် လူကြီးတစ်ယောက်ကို မှတ်မိသည်။ သူ တောင်းပန်ခဲ့ရသည့် ဆရာဝန်ပဲ ဖြစ်၏။ သူ့ဘေးက ညဝတ်အင်္ကျီပေါ်မှာ အနွေးထည်ပါးလေး ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော အမျိုးသမီးကတော့ ဇနီးပဲဖြစ်မှာပါ။ ဆရာဝန်မျက်နှာက မှုန်ကုတ်ကုတ် မကြည်မလင်ရှိနေလျက်..၊ ဆရာကတော်က ပြုံးချိုသော မျက်နှာနှင့်..။

''ပြိုင်တူ သတိရကြတာလား..၊ ရောက်လာကြတာတွေကတော့ အဆန်းပဲနော်၊ တို့က မင်းတို့နှစ်ယောက် သတိရလာမှာကို စိတ်ဝင်စားပြီး ညက ကောင်းကောင်းကို အိပ်မပျော်ဘူး၊ နှစ်ယောက်စလုံး ရုပ်ချောချောလေးတွေဆိုတော့ တစ်ယောက်တခြားစီ ရောက်လာကြတာပေမယ့် အရမ်း ထူးဆန်းလို့လေ..''

ဆရာဝန်က ဇနီးသည်ကို စကားများနဲ့ဆိုသည့်အကြည့်နှင့် ငေးကြည့်၏။

ထိုအခါကျမှ သူမကလည်း ပါးစပ်ပိတ်လေသည်။

''မင်းနာမည်က ဘယ်သူလဲ...''

''ကျွန်တော်က မှတ်တမ်း ပါ''

''မင်းကရော...''

''တမာဝိုင်..''

ဆရာဝန်မျက်နှာကြီးကို ပြန်ကြည့်ကာ ဝိုင် က တိုတိုတုတ်တုတ်ဖြေ၍ မျက်နှာလွှဲ၏။

မိုလ်ချင်းတွေ့ပြီဆိုသည့်အတွေးနှင့် မှတ်တမ်း ရယ်ချင်သွား၏။ ဒီကောင်မလေး ကျေးဇူးတင်ရမှန်းလည်း မသိဘူးလား..။

''မင်းက ဘာဖြစ်လာတာလဲ..''

သူမကိုပဲ ဆရာဝန်က ထပ်မေးတော့ မျက်နှာလေး သိသိသာသာ ပျက်သွားသည်။ တကယ်တော့ မှတ်တမ်း က သူ့အဖြစ်ကို ညကတည်းက အတိုချုံး ပြောပြပြီးသားမို့ပါ..။

ဒါကို ဝိုင် က မသိ..။

သူမကိုပဲ စစ်ဆေးမေးမြန်းနေသည်ဟု ထင်ပုံရကာ...





''ဝိုင် က လူရိုက်ခံရတာပါ..၊ ပိုက်ဆံအိတ်လုတာ ဖြစ်မှာပေါ့''

ဟုပြောကာ လက်က စိန်လက်စွပ်ကိုချွတ်၍ ဆရာကတော်ကို ...မ်းပေးသည်။

''ဝိုင့် ကို ဆေးကုပေးခဲ့တာ ကျေးဇူးတင်ပါတယ်..၊ ဆေးဖိုး ...တွက် ဒါပဲ ကန်တော့စရာရှိလို့ ယူပါ အန်တီ...''

ပြောပုံက သိပ်တော့ မရိုင်းပါ။ ဒါပေမယ့် မှုပုပ်ပုပ်မျက်နှာလေး ... စစ်ဆေးနေ့တာကို မကျေနပ်ဘူးလို့ ပြောနေသလိုပဲမို့...

''ဒီမှာ မှုင်းတို့နှစ်ယောက်စလုံးကို ကျုပ် ညက မကုဘဲ ဝစ်ထား ...က်လို့ရတယ်..၊ မင်းတို့ဖြစ်လာတဲ့ ဒဏ်ရာတွေက ပြစ်မှုမြောက်နေ ...တွေ...''

''ဟုတ်တယ် သမီးရဲ့..''

ဆရာကတော်က လက်စွပ်ပေးနေသည့် ဝိုင့် လက်ကို ပြန်တွန်း ...က်ကာ...

''သမီးရော.. ကောင်လေးရော သွေးသံရဲရဲနဲ့ ရောက်လာကြတာ၊ ...ကို မိန်းကလေးနှစ်ယောက်က ဆိုက်ကားနဲ့ လာပို့သွားကြတာလေ၊ ...တို့ပြန်လာတုန်း အမှောင်ထဲမှာ ပစ္စည်းလုသလိုလို စော်ကားဖို့ ကြံ ...လိုလိုနဲ့ လူပ်ရှားမှုတွေ လှမ်းမြင်လိုက်ကြပြီး အော်သံကြားရတာတဲ့..၊ ...ိုးကတော့ ဆိုက်ကားနဲ့ လူတွေလာနေတာမြင်လို့ဖြစ်မှာပေါ့ ထွက် ...သွားတယ်တဲ့..၊ သူတို့က ညီမကို ခေါ်လာကြတာ...''

''သူတို့က ဆေးဖိုးပါ ပေးသွားကြတာလား...''

''ဟိတ်..၊ မင်း ငွေစကားပဲ ပြောနေပါလား၊ စေတနာကို စော် ...လှချေလားဟင်...''

''မဟုတ်ပါဘူး ဒေါက်တာ..၊ သူ ခုနကပဲ ပြောနေတာ၊ ဆေးကု ...ထားတဲ့ ဆရာဝန်ကို အရမ်းကျေးဇူးတင်လို့တဲ့..၊ အဲဒါကြောင့်ပါ..၊ ...ွန်း... အုံပြောမတတ်လို့ပါ..၊ ဆောရီးပါ ဒေါက်တာနော်..''



www.burmeseclassic.com

www.burmeseclassic.com



ကောင်စုတ်မလေး ဒီလောက်တောင် လူမှန်းသူမှန်းမသိရလား…။

ပါးစပ်က ပြုံးနေရပေမယ့် ရင်ထဲမှာ ဒေါသက ပွစိထနေပြီ။ ဆရာဝန်ကတော့ ရိပ်မိနေမှာပါ…။

"ထားလိုက်တော့…၊ အခု မင်းတို့ သက်သာနေပြီဆိုတော့…"

"ကျွန်တော် ခုပဲ ပြန်တော့မလို့…၊ ဒေါက်တာ့ကိုလဲ ကျေးဇူးတင်စကားပြောချင်တာနဲ့ စဉ်းစားနေတာပါ…၊ အခု အဆင်ပြေသွားပါပြီ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ ခင်ဗျာ"

"အို… မင်းက နေဦးလေ…၊ ညက မင်းတို့အကြောင်း ရပ်ကွက်လူကြီးတွေကို သွားပြောထားရတာ၊ ပြန်မယ်ဆိုလဲ ပြန်မယ့်အကြောင်း အကြောင်းကြားရဦးမှာပေါ့"

"ဗျာ!…"

"ဗိုင် ကရော…"

"အတူတူပဲလေ…၊ သေချာပြန်ရှင်းပြမှလဲ မင်းတို့မှာ ဘာပြစ်မှု မရှိခဲ့ကြောင်း အားလုံး ရှင်းသွားမှာပေါ့…၊ ခုနေ မင်းတို့ဘာသာပြန်သွားပါတယ်ဆိုရင်…"

"ဘာဖြစ်သွားနိုင်လဲဟင်…"

ဗိုင် မျက်နှာလေးကို ဆရာကတော် စာနာစွာ ငုံ့ကြည့်ကာ…

"မင်းပဲ နစ်နာမှာပေါ့ ကလေးရယ်…၊ တကယ်လို့ မင်း တစ်ညလုံး ပျောက်နေတဲ့ကိစ္စက ရေးကြီးခွင်ကျယ် ဖြစ်လာခဲ့ရင်…"

သူမမျက်လုံးက မှတ်တမ်း ဆီကို ရောက်ကာ…

"မင်းအတွက် သူ လိုအပ်တယ်"

"ဗျာ!… ကျွန်တော်…"

မှတ်တမ်း မျက်လုံးပြူးသွားသည်၊

"ဘာဆိုင်လို့လဲ အန်တီ…၊ ကျွန်တော်တို့က ဒုက္ခတွေ့လာကြတာ ဥစ္စာ၊ ပြီးတော့ အတူတူလဲ မဟုတ်ဘူး၊ တစ်ယောက်တစ်လမ်း…"





"မှန်ပါတယ်…၊ တို့တွေကလဲ မင်းတို့ကို ညားကြလေသတည်းဆိုတဲ့အဖြစ် ရောက်စေအောင် တွန်းမပို့ဘူး…၊ သူ့ကို ထောက်ခံကူညီဖို့ မင်းလိုသလို…၊ မင်းအတွက် မလိုပေမယ့် သူ့အတွက် မင်း ငုံ့ရမှာ…"

မှတ်တမ်း နားရှုပ်သွားသည်။

"ဒါနဲ့ ကလေးတို့ကြည့်နေရတာ သိနေကြသလိုပဲ"

ဗိုင် နှင့် မှတ်တမ်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။

ဗိုင် ခေါင်းမညိတ်သလို မှတ်တမ်း ကလည်း ရင်ထဲမှာ ငြင်းဆန်ခြင်းတွေပြည့်နေခဲ့ပြီး ဒီအတိုင်းပဲ ငေးနေခဲ့၏။

"ကဲပါ… ကျန်းမာရေးကတော့ စိတ်ချရပြီ၊ သူတို့အတွက် မင်းပဲ ဆုံးပေးလိုက်…"

တစ်ချိန်လုံး ရပ်ကြည့်နေပြီးမှ ဘာမှမပတ်သက် ရှေ့မဆက်ချင်တော့သလို ဆရာဝန်က မျက်နှာလွှဲစကား ဝင်ပြောသည်။

ဘယ်လူကြီးအိမ်ကို လိုက်ရဦးမှာလဲ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

''ဘာ··ဘာလေ··၊ မိုးမလင်းခင် ပြန်ရောက်တာပဲ ဟုတ်လား··ဘယ်သူမှ မသိနိုင်ဘူးလို့ ညည်း ထင်တာလား''

''အဘွားကလဲ ဝိုင် အိပ်ချင်ပါပြီဆိုမှ···''

ဒေါ်မြင့်မြင့်တင် အသက်ကြီးမှ ပြူးရတဲ့မျက်လုံးက ပုစွန်ဆိ[illegible] လို ဖြစ်နေပြီလားမသိ··။ မနက်ဝေလီဝေလင်းကျမှ ဘုရားဆွမ်းတေ[illegible] ကပ်၊ တရားထိုင်ပြီးလို့ အပြင်ကိုထွက်ပြီး ဆွမ်းတော်စွန့်တာ ဖြစ်သည်[illegible]

မယ်မင်းကြီးမလေးက ညဦးကတည်းက သော့ယူထားပြီး သူ[illegible] ချင်းဆီ သွားလည်သည်တဲ့··။ ခေါင်းမှာ ပတ်တီးနှင့် အိမ်တံခါး[illegible] သော့ဖွင့်နေတာမြင်မှ···

''ဝိုင် ညကတည်းက ထွက်သွားတာ''တဲ့··။

မိုးကုတ်ကနေ့ မန္တလေးကို အားကိုးတကြီး လွှတ်လိုက်[illegible] 'မယ်ကဲကဲဆတ်'တွေကို ဖျတ်ခနဲ သတိရလိုက်ကာ ခေါင်း ဘယ်လေ[illegible] ကြီးထွက်သွားသည် မသိ··။

လုံးစေ့ပတ်စေ့ ရှင်းပြနေတာတွေကိုလည်း ကြားတစ်ချက် မ[illegible] တစ်ချက်··။





ပုတီးစိပ် တရားထိုင်၍ ပွားများထားသည့် ဘာဝနာတရားတွေ သည်း တစ်စက်မှ ထင်မကျန်ခဲ့တော့ပေ··။

''ခက်တော့တာပဲအေ··· ငါ့မှာလဲ တစ်ညလုံး ခေါင်းတွေမူး၊ [illegible]င်တွေကျပ်နဲ့ သင်း စောစောအိပ်ပျော်လေခြင်းဆိုပြီး လှမ်းတောင်ခေါ်မိ [illegible]သေးတယ်၊ နေပါဦး··· ဘယ်အချိန်က ထွက်သွားတာလဲ၊ မြဝတီက [illegible]တ်လမ်းပြီးတော့ ရုစ်နာရီကျော်တုန်းက ရှိနေသေးတယ် မဟုတ်လား''

''ဟုတ်···''

''အမယ်လေး ရုစ်နာရီကျော်မှ ညည်းထွက်သွားတာ··''

''ဟုတ်···''

''ရက်စက်ပါပေ့ မယ်ဝိုင် ရယ်··၊ အိမ်ဖော်တွေလဲ ခွင့်ယူနေကြ [illegible]ယ်၊ တစ်အိမ်လုံးမှာ မြေးအဘွားနှစ်ယောက်ပဲရှိတာကို ညကသာ [illegible]ျပ်သေသွားရင် ညည်း အသက်မီမှာ မဟုတ်ဘူး··''

''အဘွားကလဲ ညက ဝိုင် သေသွားရင်ရော အဘွား ဝိုင့်အလောင်း [illegible]ယ်လိုက်ကောက်မလဲ··''

''ဖွဟဲ့··· လွဲပါစေ··· ဖယ်ပါစေ···၊ တော်စမ်း··''

''ပြောပြတာလေ··၊ လမ်းပေါ်ရောက်သွားတဲ့လူကိုတော့ မပူ [illegible]··''

''ကျုပ်က လူမမာလေ··''

''ညက ဝိုင် လှမ်းကြည့်ပါသေးတယ်၊ အဘွား မြဝတီကနေ့ဇာတ် [illegible]ငှဲ့ ကြည့်တယ်၊ ပြီးတော့ နှိုသောက်နေတယ်၊ ကောင်းနေတယ်ပဲ [illegible]င်တာပေါ့''

ဒေါ်မြင့်မြင့်တင် မျက်နှာကြီး ဟိုပို့ဒီပို့နှင့် ခဏတော့ အလုပ်ရှုပ် [illegible]။

''ဝိုင် က ရန်ကုန်သွားမယ့်သူငယ်ချင်းက ဖုန်းလှမ်း[illegible]က်လို့ [illegible]တွေ့တာ··၊ သူတို့က မန္တလေးကနေ့ အပြီးပြောင်း[illegible]လေ···''



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ ပြောဖို့ရှိလို့လဲအေ..၊ ဖုန်းနဲ့ပဲ ပြောပါတော့လား၊ မကြုံကောင်းမစည်ရာ..."

"ပေးလိုက်စရာ ရှိလို့လေ..၊ အဘွားပြောရင် ခွင့်ပြုမှာမှ မဟုတ်တာ၊ အဲဒါကြောင့် ခဏပဲဆိုပြီး ထွက်သွားတာ..."

"ကဲ... ကဲ.. ထားလိုက်တော့..၊ ခေါင်းကဒဏ်ရာကို ပြပါဦး"

ဒေါ်မြင့်မြင့်တင် က ထလာပြီးကြည့်တော့ ဝိုင် က လက်ကိုယယ်ချလိုက်ကာ...

"ဖြေကြည့်လို့မှ မရတာ ကိုင်မနေပါနဲ့..၊ နှစ်ချက်ပဲ ချုပ်ရတယ်တဲ့..၊ သွေးတွေတအားထွက်ပြီး သတိလစ်သွားတာတဲ့..၊ ပြီးတော့ လဲကျတဲ့အရှိန်နဲ့-ခေါင်းဆောင့်မိတာလေ၊ ဒါပေမယ့် မုတ်တမ်း ကျတော့ လေးချက်တောင် ချုပ်ရတာ.."

"ဘာ!.. မုတ်တမ်း..."

"အဲ... ဟို..."

သွားပြီ... လို့ တွေးလိုက်မိကာ သေချာမှာလိုက်သည့်စကားကိုပါ သတိရသွားမိ၏။

"အခု ပြီးသွားပြီနော်..၊ မင်းနဲ့ငါ ဒီကနေ လမ်းခွဲသွားတာနဲ့ ကိုယ့်ကိစ္စ၊ ကိုယ့်ပြဿနာကိုပဲ တစ်ဖက်ခြမ်းစီ ပြောကြေး..၊ ငါပြောလဲ မင်းနာမည် မပါစေရဘူး၊ မင်းပြောလဲ ငါ့နာမည် မပါစေနဲ့၊ အကုန် ရှုပ်ကုန်လိမ့်မယ်"တဲ့..။

"ဟဲ့... ပြောလေ မုတ်တမ်း ဆိုတာ နွေ တို့ပြောတဲ့.. အဲ.. မိုးကုတ်ကမို့လား၊ မောင်ဟံရှင် တို့ရဲ့သား..."

"ဟုတ်တယ်..၊ အဘွားက သိနေတာလား..."

"ဖြစ်ရလေအေ.. ကျုပ်လဲ မိုးကုတ်သူပဲဟာ၊ ကိုယ့်အရပ်ဒေသကလူတွေကို မသိဘဲနေမလား..."

ဖြေမယ့်သာ ဖြေလိုက်ရသည်။ ဝိုင် နှုတ်နှုတ်ချွတ်ချွတ်တွေ ထပ်





မေးလာမှာကို စိုးရိမ်နေမိတာ အမှန်..။

နွေ တို့ ဘာတွေလုပ်ထားကြတာကို ဒေါ်မြင့်မြင့်တင် သိထားသည်။ မုတ်တမ်း ဆိုတဲ့နာမည်ကို နားထဲမှာ စွဲနေခဲ့၏။ ဒါပေမယ့် လူကိုတော့ မသိပေ..။

မန္တလေးကို ရောက်နေတာကြာပြီဆိုတော့ မိုးကုတ်က နောက်ပေါက်လူငယ်တွေကို မသိတော့ပါ။ ဝိုင်က ဘာမှထပ်မမေးဘဲ သူမဖြစ်ခဲ့တာတွေကို ပြောပြနေသည်။

"အဘွား ဘာမှမပူနဲ့..၊ မုတ်တမ်းက သူဟာသူသပ်သပ်..၊ ဝိုင်က သပ်သပ် ရောက်သွားတာ၊ လူကြီးတွေရှေ့မှာလဲ ဝိုင် တို့ တစ်ယောက် ဘယ်လိုဖြစ်ပျက် ရင်ဆိုင်ခဲ့ရတာတွေကို ပြောပြခဲ့ပြီးပြီ.."

"လူရိုက်ပြီး ပစ္စည်းတွေ ဖြုတ်မသွားဘူးဆိုတော့ ရိုက်တဲ့လူက မြေးကို သိနေလို့များလား၊ ရိုက်သတ်ချင်လောက်အောင် မုန်းနေတဲ့လူမျိုး မြေးရဲ့အသိထဲမှာ ရှိခဲ့လား စဉ်းစားစမ်း..၊ ကိုယ့်အသက်အန္တရာယ် အတွက် ရဲကို တိုင်သင့်ရင် တိုင်ထားရမှာ..."

ဦးတာတေကြီးနှင့် ဟိုမှာ ပြဿနာစ,ခဲ့တာကိုတော့ မပြောချင် ...မို့ အခု ရိုက်လိုက်တဲ့လူကိုလည်း ဝိုင် ထည့်မပြောခဲ့ပါ။ တကယ် ...ည်း မြင်လိုက်ရတာ မဟုတ်တော့...

"ပစ္စည်းကို ယူချင်တာပါ..၊ ဟို... အမျိုးသမီးတွေနဲ့ ဆိုက်ကား ...ကိုမြင်ပြီး ထွက်ပြေးသွားတာ ရှင်းရှင်းကြီး..."

လို့ ထပ်မံ သက်သေပြလိုက်မှ အဘွား "ဟင်း"ခနဲ သက်ပြင်းချ၏။

"တိုက်ဆိုင်လိုက်တာအေ... မုတ်တမ်း ဆိုတဲ့ သူငယ်နဲ့မှ ဒီလိုဆုံ ...ရတယ်လို့၊ နေဦး... မြေးနဲ့ သူ ခင်မင်ရင်းနှီးခဲ့တာ ရှိလား..."

"မရင်းနှီးပါဘူး..၊ ဒါပေမယ့် သိတယ်၊ ဟိုလေ.. အဘွား..."

"ဟင်..."

"ရွှေရေစက်ဆိုတာ အဘွား ယုံလား"



www.burmeseclassic.com

www.burmeseclassic.com



ရှေးရေစက်…တဲ့..။ မေးလာပါပြီ..။

ဒေါ်မြင့်မြင့်တင် မျက်ခုံးခပ်လှုပ်လှုပ်နှင့်…

"ယုံတာပေါ့..၊ ဒါတွေက တို့ရဲ့ဘာသာရေးကနေ ရှိလာခဲ့ ပဋ္ဌာန်းတရား…"

"ဟိုလေ… မှတ်တမ်းနဲ့ ဝိုင်နဲ့ ဆုံဖြစ်တာ ဒါနဲ့ဆို သုံးခါရှိ အဘွားရဲ့.."

"ဟင်…"

ရွှေ တို့ပြောတုန်းကတော့ ကောင်လေးက မိုးကုတ်မှာ မရှိဘူးဆို ဝိုင် က သေချာမြင်ဖူးမှာ မဟုတ်ဘူးဆို..။

ဒီကိုပို့လိုက်တာတောင် ဟိုကောင်လေး မိုးကုတ်ကို အလည်ရော လာလို့ သူတို့ချင်း ဆုံဖြစ်သွားမှာစိုးလို့တဲ့..။ ကြားရတော့ တစ်မျိုး လား..။

"သူက မြေးကို မှတ်မှတ်ရရရှိနေတဲ့အကြောင်း ပြောလို့လား.."

"ဟင့်အင်း.."

ဝိုင့် မျက်နှာလေးကတော့ မေ့ဖျောက်မရတဲ့ ကြည်နူးမှုအပြုံး နှင့်ပါ..။ ခက်နေပါပြီ..။

"ဝိုင် လဲ ဟိုနှစ်ခါတုန်းက အမှတ်တမဲ့ပဲ"

ဒေါ်မြင့်မြင့်တင် မျက်နှာပျက်နေတာကို ဝိုင် က သတိမထား ပေ..။

"သူက ကြီးကျယ်တယ် အဘွားရဲ့..၊ ဟွန့်.."

"အံမယ် ကြီးကျယ်ရအောင် ဒါ ဒီလိုဖြစ်တဲ့အတွက် ဘယ် နစ်နာတာတုံး"

"သူ နစ်နာမှာစိုးလို့ သိလား..၊ ခါနေတာပဲ"

ခါနေတာပဲဆိုပြီး ဒဏ်ရာနှင့်မိန်းမက ခါးလှုပ်ပြီး ခါပြနေ သည်။ ဒေါ်မြင့်မြင့်တင် မပြုံးနိုင်..၊ မရယ်နိုင်ပါ..။





ကိုယ့်မြေးကတော့ သူ့ကို သဘောတကျဖြစ်လာတဲ့ပုံ သိသာနေ ပြီ။ သင်းက ဘာတွေ ခါစရာရှိလို့ ခါနေရတာလဲ..။

မခံချင် ဒေါသဖြစ်မိသော်လည်း ဒီနှစ်ယောက် ညားကိုညားတော့ ပါလို့ စိတ်ထဲမှာ အတွေးတွေ ဖြစ်လာခဲ့သည်။

ရွှေ တို့ကတော့ စီစဉ်နေလိုက်ကြတာ အကြောင်းသိ ဓာတ်သိဖြစ် ယ်တဲ့..။ တည်ကြည်ခံ့ညားတဲ့ရုပ် ရှိရမယ်တဲ့..။ ပြီးတော့… မျိုးရိုးဗီဇကောင်းရမယ် တဲ့..။ ဒါတွေကို သေချာသိထားမှ ဖြစ်မှာ နီးအနားကလူကိုပဲ ရွေးလိုက်တာဟု ဆိုသည်။

နောက်ပြီး ပြောသေး၏။

"သူတို့ချင်း လုံးဝ မသိဘူး..၊ အသိခံလို့ကို မဖြစ်တာ"တဲ့..။ တော့ စဉ်းစားနေတုန်း ဖုန်းဝင်လာသဖြင့် ထကိုင်လိုက်တော့ မိုးကုတ် နှန်း..။

"ကြီးကြီးမြင့်…"

"ဟေ..၊ ဘယ်လိုဖြစ်တာလဲ၊ နေတောင်မထွက်သေးဘူး"

"သြော်… ညကထည်းက ဆက်ချင်လွန်းလို့..၊ အဲဒီလို အပြောခံ နီးလို့ မျိုသိပ်နေရတာ…"

"ကဲ… ကဲ… ဘာလဲ.. ပြော…"

"ဝိုင် နေကောင်းရဲ့လား.."

"ဟင်…' ဟို…"

"ကလေး နေကောင်းလားလို့ ကြီးကြီးမြင့်…"

ရွှေ့ အသံမှန်း သိသည်။ ရွှေ က မိုး လောက် အကင်းမပါးလို့ပဲ သေး၏။

"ကောင်းပါတယ်အေ..၊ စောစောစီးစီး ဘာတွေ ထူးခြားနေလို့လဲ ။"

"ထူးတယ် ကြီးကြီးမြင့်ရဲ့..၊ ဟိုကောင်လေး မှတ်တမ်း လေ…"



www.burmeseclassic.com

www.burmeseclassic.com



''ဟေ!...''

ဒေါ်မြင့်မြင့်တင် မျက်လုံးက ဆိုဖာပေါ်မှာ ပတ်တီးလေး တကိုင်ကိုင်နှင့် မျက်နှာရှုံ့မဲ့မဲ့ဖြစ်နေသည့် ဝိုင့် ထံ ဝေ့ခနဲ ရောက်သွားသည်။

ဝိုင် က မော့ကြည့်လိုက်တာနှင့်ဆုံသွားကာ 'မိုးကုတ်က ဖုန်းလား'၊ 'ဘာမှ မပြောလိုက်နဲ့နော်' စသည့် အမူအရာတွေနှင့် ဝိုင် ဗျာယာခတ်သွား၏။

ထို့ကြောင့် ဒေါ်မြင့်မြင့်တင် ကလည်း မြေးကို အလိုလိုက်လိုက်ရတာမျိုး ဟိုဘက်က တူမတွေဆီ မုသာဝါဒတွေ ပစ်သွင်းနေရ၏။ စိတ်ထဲမှာတော့ ပူလောင်ပြင်းပြနေကာ...

''ကုန်ပါပြီ..၊ ငါ သီလတွေ ယူထားတာ ကုန်ပါပြီ..၊ စောစောစီးစီး မဟုတ်တမ်းတရားတွေနဲ့ ကျက်သရေယုတ်လိုက်ပါဘိ၊ တပည့်တော်မ 'ကံ'သုံးပါးစလုံး ဘယ်အပါးမှ မပါခဲ့ပါဘူးဘုရား၊ မဖြစ်လွှန်းလို့ ပြောနေရတာပါ၊ သီလကျိုးပြီဆိုရင်လဲ မုသာဝါဒါကံတစ်ပါးပဲ ကျိုးပါစေ၊ အားလုံး အကောင်းတိုင်း ရပါစေ''

ဟု ဆုတောင်းနေမိလျက်...

''သီလား ကြီးကြီးမြင့်..၊ မှတ်တမ်း က မန္တလေး ပြန်သွားပြီ ကလေးကို သေချာကြည့်ပေးထားနော်..၊ အပြင်ကို ခြေတစ်ဖဝါးမှ ပေးမထွက်နဲ့၊ ဆောင်း ကို လွှတ်ပေးလိုက်မယ်၊ ကလေးကို မိုးကုတ်ကို ပြန်ခေါ်ဖို့...''

''ခေါ်ပေ့ ခေါ်..၊ ငါ့မှာလဲ ကုန်ပါပြီ...''

''ဟင်... ကလေးက ဘာတွေလုပ်နေလို့လဲ''

ခက်ပါပြီ..။ ဘာတွေပြောထွက်ကုန်မှန်းလည်း မသိ..၊ ဩော်.. ဒုက္ခ..။





## အခန်း(၉)

''ဟာ... မပြန်ပါဘူး..၊ လုံးဝ မပြန်ဘူး..၊ မိုးကုတ်ကို ပြန်ဖို့ပြောနဲ့ မန္တလေးမှာလဲ ဝိုင် မနေချင်ဘူး''

''ဘယ်လို...''

''ရန်ကုန်ကို လိုက်ခဲ့မယ်လို့ သူငယ်ချင်းကိုတောင် ပြောလိုက်ပြီ''

''ဘာ...''

''ဟုတ်တယ်..''

''တမာဝိုင်...''

ခေါ်ပေ့..၊ အဲဒီလို နာမည်အမှန်အတိုင်းကို အပြည့်အစုံခေါ်တာ အသွားတစ်ယောက်ပဲ။

ဝိုင် က ထမင်းပန်းကန်ကိုရော ဖိကြိတ်ဝါးနေသည့် မျက်နှာကိုပါ ဘက်ရွှေ့ပစ်လိုက်ပြီး မဲ့ရွဲ့နေ၏။

''မြေး... မြေး... ဒီဘက်ပြန်လှည့်စမ်း...''

''သွားမှာပဲ..''

www.burmeseclassic.com



''နေဦးလေ..၊ ပြောတာ နားထောင်..၊ ခက်တော့တာပဲ...''

ဝိုင် က ထမင်းစားခြင်းကို စွန့်လွှတ်၍ ခုံပြောင်းထိုင်၏။

ထိုအခါ စားခါစပန်းကန်နှင့် ဝိုင့် ကိုကြည့်၍ ဒေါ်မြင့်မြင့်တင် အထိတ်တလန့် ဖြစ်ရပြန်၏။

အနာရှိန်တက်နေလို့ မနေ့က ဖျားခဲ့သည်။ ဒီနေ့ကျမှ ထမင်းစားရတာ ဖြစ်သည်။

'စားလို့ကောင်းလိုက်တာ' ဆိုပြီး ကိုယ်ချက်ထားတာလေးတွေကို အားပါးတရ စားနေရှာတာမို့ ကိုယ့်စကားကြောင့် အစားပျက်သွားတော့ ရင်ထဲမှာ နင့်သွားသည်။

''ထမင်းစား..၊ ထမင်းစားပြီးမှပဲ ပြောရအောင်...''

''မစားချင်တော့ဘူး..၊ ထပ်ပြောလဲ ဒါတွေပဲမို့လား၊ ဝိုင် တစ်သက်လုံး မန္တလေးနဲ့ မိုးကုတ်နဲ့ပဲ ကူးလူးခွင့်ရတယ်၊ အဘွား အိမ်ကြီးထဲကနေ မိုးကုတ်က လှောင်ချိုင့်ထဲ..၊ ဒါပဲ...''

''ဟဲ့... လှောင်ချိုင့်လို့ ပြောစရာလား..''

''ဘာထူးလို့လဲ..၊ ဆယ်တန်းကို ဂုဏ်ထူးနဲ့အောင်တာတောင် အဝေးသင်နဲ့ပဲ ကျောင်းပြီးခဲ့ရတာ၊ တွေးကြည့်ရင် အရမ်း ဝမ်းနည်းဖို့ကောင်းတာပဲ''

''အချစ်ခံရတာပါ မြေးရယ်..၊ ဒါ ဝမ်းနည်းစရာလား...''

''ဘယ်သူတွေက ချစ်တာလဲ..၊ အဘွားတို့ အန်တီတို့ကလား.. ဟွန်း... ဝိုင် က နွားခြေရာခွက်ထဲက ဖားလိုပါပဲ၊ ကိုယ့်ဒေါ်လေးကိုယ့်လူတွေအပေါ်မှာ ဆိုးလို့နွဲ့လို့ကောင်းပြီး ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်နေတာ၊ အပြင်လဲ ထွက်လိုက်ရော ဟိုလူနဲ့ အဆင်မပြေ.. ဟိုလူက မကြည်ပေါက်နဲ့ကြည့် ဘာကောင်းလဲ..၊ ကိုယ့်ကိုယ့်ကိုယ် အသိမကျယ်၊ အမြင်ကျဉ်းကျဉ်းနဲ့လူ ဖြစ်လာရမှန်း ခုမှ သိရတယ်''

''အမယ်လေး..၊ စကားကလဲ တတ်လိုက်ပါဘိ..၊ အသိအမြင်





ယ်ချင်ရင်လဲ နွေ တို့ကိုပြောပြပြီး ခရီးတွေဘာတွေ ထွက်ဖြစ်အောင် ောင်း လာရင် အဘွား ပြောပြပါ့မယ်၊ တစ်ယောက်တည်းတော့ းလာဖို့ စိတ်မကူးပါနဲ့..''

''သွားမှာပဲ..၊ အန်တီတို့နဲ့ သွားလာနေသရွေ့ ဘာမှမထူးဘူး၊ ်ရတာ့ပဲရှိမယ်၊ ဘာမှသိရမှာ မဟုတ်ဘူး၊ ဟို... ကြက်တူရွေးလေး ့ လှောင်အိမ်လေးထဲထည့်ပြီး ဟိုခေါ်ဒီခေါ် ခေါ်မှာမျိုး...''

''မြေးနော်...၊ ဘွားကို မလေးမစားနဲ့ ခံပြောနေတာ..၊ တစ် ောက်တည်း ထင်ရာလုပ်ရင် ဘာဖြစ်သွားမယ် ထင်လဲ''

''မထင်တတ်ပါဘူး..၊ အဲဒါကြောင့် သွားလာကြည့်ချင်တာ၊ ဝိုင် တော့ သွားပြီဆို ဘွားတို့ လုံးဝ ရှာမတွေ့အောင် အစဖျောက်သွားမှာ၊ ပြောထားတာ...''

''ကြည့်စမ်း.. ကြည့်စမ်း...၊ မြေး... မြေး... တကယ်ပြောနေ ာလား၊ မလုပ်ရဘူးနော်.. အလောင်းတော် မဟာဇနက္ကမင်းသား ောင် မိဘမကြည်ဖြူတဲ့ခရီးကိုသွားလို့ ပင်လယ်ထဲမှာ ခုနစ်ရက်တိတိ းခတ်နေရတာ''

''ဒါပေမယ့် ဘာမှမဖြစ်ဘူးလေ..၊ မေခလာနတ်သမီး လာကယ် းတော့ မင်းတောင် ဖြစ်သွားတယ်မို့လား''

''ဟိုက ဘုရားအလောင်းလေ..''

''ဝိုင် ကလဲ ခပ်ညံ့ညံ့ မဟုတ်ပါဘူး အဘွားရယ်..၊ ပြောရင်းနဲ့ ်တောင် ပြန်ဆာလာပြီ''

ဆိုပြီး ပစ်ထားသည့် ထမင်းပန်းကန် အေးစက်စက်ကို ပြန်ဆွဲယူ သည်။

စောစောကလို အစားအသောက် ပျက်လောက်အောင် ဖြစ်သွား းသည်မို့ ပြောဖို့ရှိသေးပေမယ့် ဒေါ်မြင့်မြင့်တင် ခဏတော့ ပါးစပ် ိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ အစီအစဉ်မကျသည့် ပူလောင်စိုးရိမ်ခြင်းတွေ ပါးစပ်နားထိ ပြေးတက်လာလိုက်..၊ ရင်ဝကိုပြေးဆောင့်လိုက်..။

မဖြစ်ဘူး နွေ့ ကို ဖုန်းပြန်ဆက်ပြီး ဆောင်းကို မြန်မြန်ရောက်အောင် လွှတ်ဖို့ ပြောရမည်။

မဟုတ်ရင် သူမ ဘာမှမသိလိုက်ဘဲ ဝိုင် ဘာတွေလုပ်သွားဦးမည်မသိ..။

အဘွားရာထူးနဲ့နေတာလည်း ငြိမ်းငြိမ်း မနေရပါလား..။





## အခန်း၊(၁၀)

''မင်း တကယ် ပြန်လစ်မှာလား...''

''ပြန်မယ်လေ..၊ ငါ့အလိုဆို တစ်ခါတည်း ပြန်ဖြစ်တယ်၊ ဒီ င်ရာကြောင့်...''

လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြရင်း ကောင်းမြတ် က မှတ်တမ်း နှာကို သေချာကြည့်၏။

''မနက်က သွေးပြန်ထွက်တယ်ဆို..၊ မင်း ဟုတ်ရဲ့လား...''

''ခေါင်းဖြီးရင်း ထိမိသွားလို့ပါ''

''မင်းကွာ..၊ အဲဒီညက ဆေးကုပေးခဲ့တဲ့ဆရာဝန်ကို သေချာသွား တော့သင့်တယ်၊ ဒဏ်ရာကိုကုပေးတဲ့အပြင် လမ်းပေါ် ဆွဲထုတ် ဘဲ ဆေးခန်းထဲမှာ လက်ခံပေးထားတာ ကျေးဇူးအရမ်းတင်ဖို့ င်းတယ်''

ဘာမှ သူ စွန့်စားခဲ့တာ မဟုတ်ဘူး။ ရပ်ကွက်လူကြီးတွေရှေ့ လိုရောက်၊ ရုံးထိသွားလိုက်ရတာလဲ လူတွေရှေ့မှာ ဝက်ဝက်ကွဲ..။ မိုးသာမလင်းသေးတယ် ရုံးစောင့်တွေရော လိုက်ပို့တဲ့လူနဲ့..၊ ခေါ် တဲ့လူနဲ့.. ဒါမှအရှက်မကွဲရင် ဘာကွဲမလဲ..။

www.burmeseclassic.com



ဝိုင် ဘယ်လိုခံစားရမလဲတော့ မသိ‥။ သူ ဒီနေ့ထိ မကျေမနပ်ကြီး ဖြစ်နေတာ ရှက်နေတာ ထင်သည်။ ကျေးဇူးတင်ထိုက်တာကို သိပေမယ့် အဲဒီကျေးဇူးကိုတော့ ချန်ရစ်ခဲ့ချင်၏။

ထို့ပြင် သူ မန္တလေးကနေ အမြန်ဆုံး ထွက်သွားဖို့ဆန္ဒတွေ ဖြစ်နေတာလည်း ဒါနဲ့ပဲ ပတ်သက်လေသည်။

"မင်း ဒီလောက် ပြန်ချင်နေတာ ဘာလဲ‥၊ ထိပ်ထား နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်လို့လား…"

ကောင်းမြတ် မေးခွန်းကြောင့် သူ့စိတ်က ရန်ကုန်ဆီ တစ်ပတ် ပြန်ပြေးသွားခဲ့သည်။

"နှစ်နှစ်တောင်ရှိပြီဆိုတော့ မင်းတို့ လက်ထပ်လိုက်ပါကွာ‥"

"ငါက လက်ထပ်ဖို့ဆုံးဖြတ်ထားတာ ကြာပြီ‥၊ သူက ခေါင်းခါနေတာ…"

"ဟုတ်တယ်လေ‥၊ အဲဒါက အလုပ်အကိုင် စီးပွားရေး ဘာညာ အခြေမကျသေးတဲ့အချိန်တွေပဲ၊ အခု မင်းလုပ်သမျှအားလုံး အဆင်ပြေနေပြီ၊ သူတောင် ဒီထိ လိုက်လာဖူးတယ်ဆိုတော့ မင်းဘက်က ပြန်စဖို့ပဲ လိုတော့တာ…"

"ငါက အမြဲတမ်း ကြိုဆိုတဲ့လက်နဲ့ ကမ်းနေခဲ့တာပါ၊ ငါ့ဘက်က စ,ဖို့လဲ မလိုဘူး၊ ဆုံးဖို့လဲ မလိုဘူး‥၊ သူ စ,ပြောလာမှာကိုပဲ စောင့်နေတာ…"

"ဟင်!…"

ကောင်းမြတ် က အံ့သြသွားသလို ကြည့်သည်။

မှတ်တမ်း မျက်နှာပေါ်မှာ မြစ်ကျိုးအင်းတွေနဲ့ပါလား‥။

ထိပ်ထားစံ က လှသည်‥၊ မိဘက ချမ်းသာကြွယ်ဝပြီး အလိုလိုက်ခံထားရသော အငယ်ဆုံးသမီး ဖြစ်သည်။

တွေ့ဆုံကြပုံက မဆန်းပေမယ့် မာနကြီးသည့် မှတ်တမ်း ကတော့





ထူးဆန်းနေလောက်အောင် သည်းခံခဲ့တာ သူတို့အမြင်ပါ။

စပြီး ချစ်သူဖြစ်ပြီဆိုကတည်းက ထိပ်ထား က နာမည်နဲ့လိုက်အောင် အနိုင်ယူသည်။ ကြီးကြီးမားမားတွေ မဟုတ်ခဲ့သော်လည်း ဆားလူ အမြင်ကတ်လောက်အောင် မှတ်တမ်း ကို ချုပ်ကိုင်ချုပ်နေတာမျိုး‥။

ဒါပေမယ့် သူ ချုပ်နေတာက ငွေ မဟုတ်ပေ‥၊ အရှုံးမပေးတတ်သည့်လူတစ်ယောက်ရဲ့မာနတွေကိုပဲ ဖြစ်၏။

မှတ်တမ်း ကလည်း သည်းခံခဲ့သမျှမှာ ဘယ်သူ ဘယ်လိုကဲ့ရဲ့ကဲ့ရဲ့ ဘာထင်ထင်ဆိုတာမျိုး‥။

ခုကျတော့ ဒါတွေက သူ့ရင်ဘတ်ထဲမှာ မြစ်ကျိုးအင်းတွေ ဖြစ်ကျန်ရစ်သတဲ့လား‥။

"ရှင်းအောင်ပြောစမ်းပါကွ‥၊ မင်းရင်ထဲမှာ တစ်ခုခု ပြောင်းလဲသွားလို့လား‥၊ မင်းတို့ မပြေလည်ကြဘူးလား၊ ငါတို့လဲ ဘာမှ မကြားလိုက်ဘူး‥"

"ဘာမှမဖြစ်ဘူး‥၊ ရှေ့ဆက်ဖြစ်သင့်တာကတော့ အဲဒီအတိုင်းပဲ"

"ကြည့်လုပ်ပါကွာ‥၊ တော်ကြာ သူတင်းကိုယ်တင်း ဖြစ်ကုန်ရင် ပြတ်တောက်ကုန်ပါ့မယ်၊ အနိုင်ယူတတ်တဲ့အကျင့်ရှိရင် နိုင်ရမှကို ကျေနပ်တာတွေ‥၊ မင်း ပြန်တင်းတာကို သူ မခံနိုင်ရင် အခြေအနေတွေ ရှုပ်ကုန်လိမ့်မယ်…"

မှတ်တမ်း က လက်ဖက်ရည်ပန်းကန်လုံးကို ရေနွေးနဲ့ လှုပ်ကျင်းနေရင်း မျက်မှောင်ကြုတ်ထားသည့် မျက်ခုံးတို့က ထိဆက်တော့မတတ်‥။

"တော်ကြာ လုပ်ငန်းတွေ တိုးပွားလာမှ သူ့ကိုခါခဲ့တယ် ထင်နေရင်လဲ မကောင်းဘူးနော်"

မှတ်တမ်း က ဟင့်ခနဲရယ်ပြီး ပန်းကန်ထဲကရေကို သောက်ပစ်ကာ ဆုတ်လိုက်၏။

"တခြားအကြောင်းတစ်ခုခုဆိုရင် သဘာဝကျသေးတယ်ကွာ‥၊



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ကုမ္ပဏီပိုင်ရှင်ကြီးတွေ၊ အရာရှိအရာခံတွေ ဝိုင်းနေတဲ့ သူ့အတွက် ငါလိုကောင်က ပမွှားပါ''

''ဟာ… မင်း ဒါတော့မပြောနဲ့ မှတ်တမ်း…၊ မန္တလေးထိ စွန့်စွန့်စားစား လိုက်လာတာကိုပဲ ကြည့်…၊ သူ့မိဘလက်ထဲက ထွက်လာတဲ့အခါ ဆင်းရဲမှာ ကြောက်တာပါကွာ…၊ ပစ္စည်းမက်တာမျိုးမှ မဟုတ်တာ၊ မင်းကလဲမင်းပဲ မိုးကုတ်က သူဌေးသားဆိုတာ လုံးဝမပြောဘဲ ကိုယ့်ဒူးကိုယ်ချွန် ရပ်တည်နေရတယ်လို့ ပြောထားတာလေ…၊ ညာတဲ့လူမှာရော အပြစ်မရှိဘူးလား…''

မှတ်တမ်း က ခပ်မဲ့မဲ့ ပြုံးနေ၏။

ကောင်းမြတ် ပြောသလောက် ထိပ်ထား မဖြူစင်ဘူးဆိုတာ သူ သိနေလို့ပါ။ သူ့အပြင် ချစ်သူတွေ ရှိခဲ့တယ်ဆိုတာ သူမကိုယ်တိုင် ဝန်ခံခဲ့တာ…။ ချစ်သူတို့၏ အရည်အချင်းကောင်းမှတ်တမ်းရယ်လို့ တပွဲတနဲ့ ပြုစုရေးသားထားတာ မရှိသော်လည်း သူမဆီမှာ လိုအင်ဆန္ဒတွေ တနင့်တပိုးကြီးပါ…။

''မှတ်တမ်း က တည်ငြိမ်ပေမယ့် ရုပ်ရည် မဆိုးဘူး၊ လူငယ်ဆန်ဆန်ချောပြီး လူကြီးလိုနေတတ်တာမျိုးပေါ့၊ ဘာဖြစ်ဖြစ်… ထိပ်ထားကို အမျိုးမျိုး အလျှော့ပေးသည်းခံခဲ့တာက ရင့်ကျက်မှုပဲ၊ မှတ်တမ်း ထိပ်ထားကို ချစ်နိုင်သလိုမျိုး တခြားသူက ချစ်လာဖို့မလွယ်ဘူး၊ အဲဒါကြောင့် မှတ်တမ်း ကို ထိပ်ထား ချစ်တယ်…၊ ဘဝလက်တွဲဖော်လို့ ရည်ရွယ်ခဲ့တယ်''တဲ့…။

အချစ်အတွက် ကန့်သတ်ချက်မလိုပါဘူး၊ သတ်မှတ်ချက်တွေရော ရှိခဲ့လို့လား…၊ အချစ်ကို ဘာကြောင့် ချစ်သလဲမေးရင် ဖြေနိုင်တဲ့သူ ရှိတတ်လား…။

ရှိခဲ့ရင်လည်း အဲဒီစာမေးပွဲအောင်ခဲ့သူကို သူ အထင်ကြီးမိမှာ မဟုတ်ပေ။





အချစ်မှာ အကြောင်းပြချက်မရှိနိုင်…၊ အကြောင်းပြချက်တွေ အနိုင်အလုံရှိနေသည့် ထိပ်ထား ရင်ထဲကို သူ နားမလည်ခဲ့ပါ…။

ဒါပေမယ့် သူမက သိနေသည်။ အကြည့်၊ အပြော၊ အထိအတွေ့ အားလုံးက ဖြားယောင်းနိုင်စွမ်းတွေ ရှိနေသည်။ ဒါတွေဟာ သူမရဲ့ ဘမင်တကာတွေလား…၊ မွေးရာပါ ပါရမီတွေလား… ဒါလည်း သူ မသိခဲ့ပေ…။

သူ သိလာတဲ့အချိန်မှာ ထိပ်ထား က ရက်စက်လွန်းတဲ့သူ…။

''မှတ်တမ်း… မင်း ငါ့ကို တစ်ခုတော့ ပွင့်လင်းကွာ..''

''ဘာလဲ…''

''မိုးကုတ်ကသူဌေးတွေဆိုရင် လူသိပ်အထင်ကြီးတာကွ…၊ မင်းတို့နဲ့ ထိပ်ထား တို့အခြေအနေ ဘယ်သူပိုသာမလဲ…''

''ဘယ်သူပိုသာသာ ငါ စိတ်မဝင်စားဘူး''

''မင်း စိတ်မဝင်စားပေမယ့် သူက ဝင်စားနေတယ်လေ…၊ မိန်းမတစ်ယောက်ရဲ့ အထင်ကြီးအားကိုးမှုတွေမှာ ဒါက အဓိက လိုအပ်ချက်ကွ…၊ သူဌေးသမီးဖြစ်နေပေမယ့် ပြည့်စုံပြီလို့ မှတ်ကြတာ မဟုတ်ဘူး၊ ချိုက ဆင်းရဲမှာ ပိုကြောက်တယ်၊ ပစ္စည်း ပိုမက်တယ်၊ တကယ်တော့ ဒါက သချာဆန်တာပဲ ရှိတာပါ၊ မိန်းကလေးတစ်ယောက်အတွက်လည်း မတွက်လို့ မဖြစ်ဘူးလေ…၊ ငါ့မှာ ညီမတွေရှိလို့ ထင်တယ်၊ ဒါကိုတော့ ငါ ကိုယ်ချင်းစာတယ်ကွ…၊ ထိပ်ထား ကို မင်း နားလည်ပေးလိုက်ပါကွာ၊ မင်းလဲ ချစ်နေတာပဲမို့လား၊ ပစ်စလက်ခတ်ကြီး ပေးဆပ်ခဲ့ပြီးမှ ဆုံးရှုံးခံလိုက်မှာလား..''

''ဘာလဲ… ငါနဲ့ ထိပ်ထား ဒီပုံအတိုင်းဆို ကွဲမှာပဲလို့ မင်းထင်ထားလို့လား''

ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘဲ ကောင်းမြတ် မျက်နှာ ပျက်သွား၏။ မှတ်တမ်း က မတည်မပြုံးမျက်နှာနှင့် စိုက်ကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် သူက ငါ့ကို အမြဲတမ်းနိုင်နေရမှ ချစ်မယ့်သူပေါ့"

ကောင်းမြတ် ပါးစပ်ပြင်လိုက်ပေမယ့် မပြောနိုင်သေးပါ..။

"မနိုင်ရတဲ့ တစ်နေ့မှာ ကွဲကြရမယ်ဆိုရင် ငါက မိုးကုတ်က သူဌေးပါလို့ ပြောလိုက်ရင်ရော နောက် နှစ်ပေါင်း ဘယ်လောက်အထိ လက်တွဲနိုင်မလဲ..၊ ဒီလိုလဲ မဟုတ်ဘဲ ငါ မွဲသွားရင်ရော..."

"မင်းကလဲကွာ..၊ ငါပြောတာက မိန်းကလေးတစ်ယောက်ရဲ့ချစ် ချယ်မှုဟာ..."

"တော်ပြီ ကောင်းမြတ်..၊ ငါ့မှာ နှမမရှိတဲ့အတွက် စာနာမပေးနိုင်ဘူး၊ ငါ သူ့ကို အရင်လို ချစ်နေတုန်းပဲ..၊ ဒါပေမယ့် အရင်လို မအားဘူး.."





## အခန်း(၁၁)

"ဟာ..."

"အား..."

ကားရဲ့ခြေနင်းခုံမှာ ရပ်၍ သန်းမင်းမောင် တို့ လာကြိုကြမယ်ဆို ကားလေးတွေရှိတဲ့ဆီ မျှော်ကြည့်နေတုန်း နောက်ကနေ တစ်စုံ ယောက်က တွန်းပစ်လိုက်သလို ခံစားလိုက်ရကာ လူရောအိတ်ရော အောက်ကို ဗရုတ်သုတ်ခ ပြုတ်ကျ၏။

သူသာမကဘဲ သူနဲ့ထပ်တူ လိုက်ပါပြုတ်ကျသူက မိန်းကလေး..။

"အား...သေပါပြီ..၊ သွားမယ်ဆို မြန်မြန်ဆင်းမသွားဘူး၊ ..."

"အံမယ်... ကွာ..."

ခုံးကနေ ဘုတ်ခနဲ ပြုတ်ကျသည့်အိတ်ကို ပြန်ဆွဲယူရင်း ငုံ့နေ နေ ပြန်ငုံ့ကြည့်မိသည်။ တစ်ဖက်မှလည်း ဂျာနယ်တစ်စောင် ပ်တွေ ပြန့်ကျဲလို့ဖြစ်ကာ ဒါတွေကို ပြန်လိုက်ကောက်နေသည့် သည် ဖြန့်ဝေဖုံးလွှမ်းသွားသည့် ဆံပင်တွေကို လက်တစ်ဖက် နဲ့ ထိုးသိပ်တင်ပြီး ဒီဘက်အလှည့်...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"ဝိုင်..."

နှုတ်ခမ်းတွေ အသီးသီး လှုပ်ခတ်သွားကြပြီး တစ်ဖက်ဆီက အသံ မထွက်ပါ..။

"မှတ်တမ်း... ရှင်လဲ ရန်ကုန်ကို လာတယ်..."

နောက်ထပ်မေးခွန်းကိုကြားတော့ မှတ်တမ်း 'အင်း' တစ်လုံး ဖြေပြီး ကိုယ်ကို မတ်မတ်ပြန်ရပ်၏။ ဝိုင် ကလည်း သူ့ကိုထက်ပိုပြီ စိတ်ဝင်စားစရာတွေ ရှိသေးတော့ ပြန်မကြည့်နိုင်..။

မစားရသေးသည့် မုန့်ထုပ်အသစ်နှစ်ထုပ်နှင့် ကတ္တီပါရှူးအိတ်လေး ကို ကမန်းကတန်း ပြန်ကောက်ထည့်နေရင်း နောက်ထပ် အရေးကြီးတာ ဘာရှိသေးလဲလို့ မြေပြင်ကို ထပ်ငုံ့ကြည့်မိသည်။

မျက်လုံးအားပြီဆိုမှ သူ့ကို ပြန်မော့ရာလျှင် မှတ်တမ်း က တဈွှ ငှားနေ၏။

"ဝိုင် လိုက်လို့ရလားဟင်..."

"ဟာ... ရတာပေါ့..၊ ညီမက ဘယ်ကိုလဲ.."

"ခင်ဗျားက တော်ရောပေါ့ဗျာ..၊ သုံးယောက်ရှိပြီးပြီ၊ တစ်ယောက် ကို လေးထောင်ယူထားတာလေ.."

မှတ်တမ်း က ကားထဲမှာရှိပြီးသည့် ခရီးသွားနှစ်ယောက်ကို ကြည့်လိုက်ပြီး ညည်းသည်။ ဝိုင့် ပုံစံ ဘိုသီဘတ်သီလေးက သနားစရာ ပေမယ့် ဒီကောင်မလေးနှင့် သူ ခဏခဏ လာဆုံနေတာကို စိတ်ထဲမှာ အထာမကျချင်..။

အဒေါ်တွေက ပြူးပြူးပြဲပြဲ သဟောက်သဟမ်း..၊ တူမဖြစ်သူ ခပ်စွာစွာ..။ မိုးကုတ်မှာ လူ့ကိုများ သူက နင်နှင့် ငါနှင့် ပြောလိုက်သေး သည်။

ထားလိုက်ပါ..၊ အနံ့ရာယ်တစ်ဖက်နှင့်မို့ ကိုယ့်မှာ သူမအတွ





ည်းပဲ ပူပန်နေခဲ့လို့ ပုံစံကြည့်ရတာ နောက်ထပ် ပတ်သက်ဖို့များ အကြောင်းတွေ ဖန်လာလေသလား..။

"သည်းခံပါ ညီလေးရာ..၊ ဟိုမှာ တခြားကားတွေလဲ လူပြည့်နေ နောက်ပြီးတော့ ဂိတ်ဝင်းထဲမှာ အရင်လို အပြင်တက္ကစီတွေ ဝင်ခွင့် ရှိတော့ဘူး၊ ဒီမှာရှိတဲ့ တက္ကစီဂိတ်က ကားတွေပဲ ရှိတော့တာ၊ ကား ချင် အပြင်ထွက်စီးမှ ရမှာ..."

"ကျွတ်..."

သူ့မျက်နှာ မှုန်တည်နေတာမို့ ဝိုင် ကလည်း မကျေနပ်ပါ။ မချိမဆံ့ ယ်ထားရသည့် အိတ်ကြီးနှင့် ဆွဲထားရသည့် အတိုအထွာဆွဲခြင်း ကို သယ်ပိုးရပ်နေရတာလည်း ညောင်းလှပြီဖြစ်ရာ...

"အထဲက ခရီးသွားတွေကတောင် ကိုယ်ချင်းစာစိတ်နဲ့ ဘာမှ ပြောဘူး၊ ရှင်က တစ်မြို့တည်းသားချင်းဟောင် သဝန်တိုနေသေးတယ်၊ ... ကားဆရာ..၊ ဝိုင့် အိတ် တင်ပေး..၊ နှစ်ယောက်စာပေးမယ်"

"ဘာ... ဟာ... ဟေ့... ဒီလိုမရဘူးနော်၊ ငါ့အတွက် မင်းပေးဖို့ ဘူး"

"သေလိုက်ပါလား..၊ ဟား... ဟား... ဟား... ရယ်စရာကြီး၊ သူက ရှင့်အတွက် ပေးမှာမို့လို့လဲ..၊ စိတ်ကူးတွေ ယဉ်နေရှာတာ၊ ... ဟား..."

တကယ်သေသင့်တာ မင်းအစစ်ပဲ မှတ်တမ်း..။ ရယ်နေတဲ့မျက်နှာ ဒါ သမဖြစ်နိုင်တော့ဘဲ ဘယ်လိုရှက်ခြင်းမျိုးနှင့် ရှက်ပါသည်လို့ မှန်းမသိလောက်အောင်ပင်..။

"နော်... ကားဆရာ..၊ ဝိုင် က နှစ်ယောက်စာ ပေးစီးမှာပို ..."

ကားသမားကလည်း အားနာပြုံးနှင့် မှတ်တမ်း ရှက်နေမှန်းသိ ရယ်ရက်ဘူး ထင်သည်။ အထုပ်အပိုးတွေ နောက်ခန်းထဲ သွား

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး ကားထွက်ဖို့ကိုပဲ လုံးပန်းနေ၏။

ကားစီးကြတော့ ရှေ့ခန်းမှာ တစ်ယောက်၊ နောက်မှာ သုံးယော
စီးကာ အလယ်မှာ မှတ်တမ်း့ က ထိုင်၏ ဒီဘက်အစွန်မှာ ဝိုင်..

ဒီမိန်းကလေး အဖော်မပါဘဲ ခရီးထွက်လာသလား။ ကားဝင်း
က ထွက်တာနှင့် ရှက်စိတ်မပြေသေးဘဲ သူမအကြောင်းပဲ ခေါင်း
ရောက်လာသည်။

တကယ်ကို ထူးဆန်းနေတာပါ။ ဝိုင် မိုးကုတ်နဲ့ မန္တလေး ကူး
တာက အဘွားနဲ့ အဒေါ်တွေရဲ့ အစီအစဉ်နဲ့၊ လုံခြုံတဲ့အရိပ်တစ်ခုအော
မှာ ဖြစ်သည်။

တစ်မြို့တစ်ရွာမပြောနဲ့ မြို့ပေါ်မှာ ဟိုနားဒီနားသွားတာတော
ဘူမဘေးမှာ အဖော်ပါတာ မတွေ့တာဆိုလို့ ဦးတာတေကြီး နှင့် ဆုံ
တုန်းကပဲ ဖြစ်၏။

ပြီးတော့ မန္တလေးမှာ တစ်ခါ..၊ ဒီကောင်မလေး ထူးတော့ ထူး
ပြီ ဖြစ်၏။ ကေန္ဒ အိမ်က ယောကျ်ားပေးစားလို့ ထွက်ပြေးလာတာမျ
လား..။

"မှတ်တမ်း..."

သူမအကြောင်း တွေးနေတုန်း သူမအသံကိုပဲ ကြားလိုက်ရသဖြ
ရှက်နေသည့်အရှိန်ကလည်း မကုန်သေးရာ မှတ်တမ်း မျက်နှာကို အ
သဖြင့် တင်းပြီးမှ ငဲ့ကြည့်၏။

"ရန်ကုန်ကနေ မန္တလေးကို ပြန်ဦးမှာလား.."

"ငါ့ဟာငါ ပြန်ပြန်၊မပြန်ပြန် မင်းအလုပ်လား.."

"သိချင်လို့ပေါ့..၊ ဟွန့်..."

ကောင်းကောင်းမေးတာပေမယ့် ကောင်းကောင်းပြန်မဖြေ
မျက်စောင်းတစ်ချက် အပိုဆုအဖြစ် ပါသွားသည်။ ပြီးတော့...

"နေရာတကာ ရောက်ရောက်နေပြီး လူက လျှပ်စီးလက်နေတာ





ကိုယ့်ကိုယ်ကိုယ် မသိဘူးလား"

ဟု ပွစိပွစိ ရေရွတ်နေမိသည်။ မှတ်တမ်း က ကြားတော့ လှည့်
ကြည့်သည်။

"မင်းကရော ငါ ..... စီးလက်နေတဲ့အတိုင်း အပြိုင်လက်နေတာ
လေ..၊ သွားလေရာမှာ တွေ့နေရတယ်"

ထိုစကားအဆုံးမှာ သူက ဝိုင့် ဘက်ကို ခပ်ငုံ့ငုံ့တိုးလာပြီး...

"မင်း ငါ့နောက် လျှောက်လိုက်နေတာတော့ မဟုတ်ပါဘူးနော်"

"အံ... မာ..."

တအံ့တသြ ဒေါသသံက တော်တော်ရှည်သည်။ သူက ဝိုင် ဒေါသ
ထွက်သွားတာကို ကျေနပ်သွားသည့်စတိုင်လုပ်၍ ပြုံးစိစိ..။ ဝိုင် က
နှမ်းခနဲ မဲ့ပစ်ကာ...

"လိုက်မှာ... လိုက်ကိုလိုက်ဦးမှာ..၊ သိပ်တော့ ဖီးလ်တက်မနေနဲ့၊
စောင့်ကြည့်လိုက်..."

"ကောင်းတာပေါ့"

ခပ်သဲ့သဲ့ ပြန်ပြောပြီး သူ ရယ်မိသည်။ ပြီးတော့ သူမမျက်နှာလေး
ကို တည့်တည့်လှည့်ကြည့်ကာ...

"မှတ်တမ်းကို ကောင်မချောချောလေး တကောက်ကောက် လိုက်
နေတယ်ဆိုတော့ ဖီးလ်မြင့်သွားတာပေါ့၊ ငါ့ကောင်မလေးလဲ နောက်ထပ်
ထခဏ စိတ်မကောက်ရဲတော့ဘူး..၊ အိုခေ..."

"အဟွန့်... လုံးဝ အိုခေသွားမယ်..၊ စိတ်ချ..."

ဝိုင် က မဲ့ပြုံးလေးနှင့် စောင့်ကြည့်၏။ သူက လက်ပိုက်ထား
ရက် ခပ်မိန့်မိန့် ပြုံးနေသည်။

ထိုစဉ် ကားက တစ်နေရာကို ရောက်ရှိသွားခဲ့၏။ နောက်ထပ်
ရောက်ရှိခြင်းမှာလည်း ဝိုင် က မဆင်းသေးဘဲ...

"ရှင့်အိမ်ကလဲ မရောက်နိုင်တော့ဘူးလား.."



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းဆင်းအောင် စောင့်နေတာ..၊ ကားဆရာ သူ့ကို အရင်ပို့ပေးလိုက်ပါ.."

"အို... မပို့နဲ့..၊ သူ့ကို အရင်ပို့..."

"မလိုပါဘူး..၊ မင်းက မိန်းကလေး၊ မင်း အရင်ဆင်းလိုက်..."

ကားဆရာက ရယ်ချင်သည့်မျက်နှာနှင့် နောက်ကြည့်မှန်ထဲကနေ ကြည့်နေသည်။

"ဒီမှာ ရှင်မဆင်းဘဲ ဝိုင် မဆင်းဘူးနော်..၊ တစ်နေကုန် ကားပတ် စီးနေချင်လို့လား"

"မင်းကရော ဘာဖြစ်လို့ ကပ်နေတာလဲ..၊ ဘာလဲ.. ခုနကပြော တဲ့ဖယောင်းနဲ့ မင်းက ငါ့အိမ်ကို သိချင်လို့လား.."

"ငကြောင်..."

"ဘာ...ပြောတယ်.."

"ယောကျ်ားဖြစ်ပြီး မိန်းမတစ်ယောက်လို စိတ်ကူးယဉ်သေးတယ် ရှင်ပြောသလို စိုးရိမ်တာက ဝိုင် လေ..၊ ရှင် ဝိုင့် အိမ်ကိုသိချင်လို့ ကပ်ကွယ်နေတာ"

"အံမာ... လာသေးတယ်..၊ တောက်... ကားဆရာ ကမာရွတ် မီးပွိုင့်ရောက်ရင် ဘယ်ကိုချိုး..."

ဟား... ဟား... မှတ်တမ်း..၊ အရှုံး...။

ဝိုင် မျက်နှာလေးမှော၍ အသံတိတ်ရယ်နေတာကို မှတ်ကမ်း က ပေစောင်းစောင်းကြည့်၏။ မာနကရှိနေလေတော့ သိသိကြီးနှင့် လိုက်ရ၏။

ဒီလောက်ဆိုးတာလေးမှန်းသိခဲ့ရင် လက်ဆွဲပြေးမိတဲ့အထိ မကူညီပါဘူး..၊ တကယ်...။

ကုသိုလ်ကံကလည်း ကိုယ့်ဘက်မှာမရှိ..၊ ဒေါ်နှင့်မောနှင့် ဆင်း သွားပြီး ကားခပေးတော့ ငါးရာတန်ပြသနာက စ,၏။





ကိုယ်ကလည်း ထည့်ပေးစရာ မရှိ၊ ကားသမားကလည်း ပြန် အမ်းနိုင်..။

"ရော.. ရော...၊ ဝိုင် ခဏစိုက်ထားလိုက်မယ်" တဲ့..။

"နေပါစေ.. ပြန်မအမ်းနဲ့တော့၊ ယူသာသွား..."

"အို... ငါးရာက နည်းသလား၊ ပေးချင်ပေးလိုက်လေ ဝိုင် ပြီး ခဏသိမ်းပေးမယ်"

ဟွန်း ခဏပဲ သိမ်းသိမ်း...၊ ကူးတို့ခပဲ ယူယူ...၊ ခေါင်းလောင်း ထိုးပေးလိုက်ဦးမယ်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

"မလုပ်ပါနဲ့ ဝိုင် ရယ်..၊ မေမေတို့သိရင်လဲ စိတ်ကောင်းမှာ မဟုတ်ဘူး၊ နင် ဒီမှာ ကြိုက်သလောက်.. ပျော်သလောက်ကို နေ.. ဖေဖေကော မေမေကော နင်တို့မိသားစုကို သိနေကြတာပဲဟာ..."

"မဟုတ်ပါဘူးဟာ..၊ ငါက မလိမ္မာဘူး..၊ ကိုယ့်ကိုယ်ကိုယ် သိတယ်၊ ပြီးတော့ အမြင်လဲ မကျယ်ဘူးလေ၊ မြို့ကြီးပြကြီးဆိုတာ မစိမ်းသက်ပေမယ့် ရန်ကုန်ကို တ..ါမ လာဖူးတာမဟုတ်ဘူး၊ တစ်ခု သေးတယ်၊ မရောက်ဖူးတဲ့ နေရာသစ်.. ့ယ့် ငါက ကြောက်ရွံ့နေ.. တွ..မှာ မဟုတ်ဘူး၊ သွားမှာ..၊ လာမှာ..၊ မိသိရင် မေးနေမှာပဲ..."

"အေးပါ... အဲဒါကော ဘာဆိုင်လို့လဲ.."

"ငါ ပြောဆိုနေထိုင်တာတွေကို အန်တီတို့ မျက်စိစပါးမွေးစူးလ.. မှာ သေချာတယ်..၊ ဖြစ်ပါဘူးဟာ.. ငါ အဆောင်မှာပဲ သွားပြောင်း.. ပဲ့ရစေ၊ ဒါလေးကိုပဲ ရောင်းပေး..."

ပတ္တမြားငါးလုံးကို စပျစ်ခိုင်လေးလို လှော့ကက်လုပ်ထားသည့် ဆွဲကြိုးလေးက သေးသေးမျှင်မျှင်လေး ဖြစ်၏။ ဒါပေမယ့် ပတ္တမြ.. တွေရဲ့ အရည်အသွေးကြောင့် လက်ခံယူထားလိုက်သည့် ဖူးဖူး လ.. ဖဝါးလေးမှာတောင် အနီရိပ်တွေ ပြေးနေသလိုပင်..။





"ဟင့်အင်း..၊ ဒါဆို ပိုပြီး မလုပ်ရဲသေးတယ်၊ တကယ်ပြောတာ .. ဝိုင် ရယ်..၊ မေမေလဲ ရတနာကုန်သည်ပါပဲ၊ မေမေကိုင်တာတွေ ..မှာတောင် ဒီလိုမှည့်နေတဲ့ပတ္တမြားမျိုး ငါ မမြင်ဖူးဘူး၊ နောက်ပြီး ..မေ့လက်ထဲ ဒါရောက်သွားရင် ကုန်သည်ပီပီ ဈေးဖြတ်ဘာဖြတ်နဲ့ ..ကားသွားမှာ..၊ ဒီပစ္စည်းကစပြီး နင့်အန်တီတို့ လိုက်လာကြရင် ..ယ်လိုလုပ်မလဲ..၊ နင်ပဲ ဒီမှာ အကြာကြီး ပုန်းနေချင်တာဆို..."

ဖူးဖူး လှည့်ပတ်ဖျောင်းဖျနေတာကို သိနေသလို ဒါတွေက အမှန် ..ဆိုတာလည်း တွေးဖြစ်ပါသည်။ ဒါပေမယ့် ဝိုင့် မှာ ပိုက်ဆံတစ်ပြားမှ ..ရှိတော့ပေ..။

ဘယ်တုန်းကမှ ပိုက်ဆံမကိုင်ဖူးခဲ့သည့် ဝိုင့် မှာ သောင်းဂဏန်း ..ပြည့်အောင်တောင် ကိုင်ရခဲ့ပါ၏။ ထို့ကြောင့် အန်တီဆောင်း ရော်က် ..လာခင် ဖုတ်ပူမီးတိုက် ထွက်ပြေးလာခဲ့သည့်သူမမှာ ငွေ အပိုမပါပေ..။

နောက်ပြဿနာက ဖူးဖူးအမေက ကုန်သည်လိုလို ပွဲစားလိုလို ..တနာတွေ ကိုင်တွယ်နေသဖြင့် အိမ်မှာ လူဝင်လူထွက်တွေ ရှုပ်သည်။ ..အလုပ်သူ ပြန်လာပြီဆို စကားများတတ်ကြသေးသည်။

ဒါကြောင့် ဝိုင် ဒီအိမ်မှာ မနေချင်..။

"နင် မနေချင်တာကို ငါ နားလည်ပါတယ် ဝိုင် ရယ်..၊ ဒါပေ ..ယ့် မေမေနဲ့ ဖေဖေကတော့ နင့်ကို အရမ်းချစ်ပါတယ်..၊ နေကြည့်လိုက် ..ဦးနော်.. ဒီပစ္စည်းကိုလဲ အမေ့ကို မပြနဲ့ဦး၊ နင် ငွေလိုရင် ငါ့မှာ ..ရှိပါတယ်၊ အလကားမသုံးချင်ရင် နောက်တော့ ပြန်ဆပ်ပေါ့"

ဝိုင် က လက်မခံပါ..။

"အေးပါ.. ငါ ဒီမှာ တစ်ပတ်လောက်တော့ နေဦးမှာပါ၊ ဒါပေ ..ယ့် ငွေတော့ မချေးချင်ဘူးဟာ..၊ ရတနာတွေပါတာကို မလုပ်သင့်ဘူး ..ဆိုရင် ဒီရွှေလက်စွပ်လေး ရောင်းပေး..."

ခေါင်းခါနေလည်း နောက်ထပ်တစ်မျိုး ထွက်လာဦးမှာမို့ ဖူးဖူး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်ရသည်။

“ဒါနဲ့ နင်က ဘာသင်တန်းတက်မှာလဲ...”

“UFL မှာလေ..၊ မိုးကုတ်မှာနေကတည်းက ငါ အဲဒီမှာ ကျောင်းတက်ချင်ခဲ့တာ..၊ ဒါကြောင့် အခု သင်တန်းတွေတက်မယ်၊ သူများတွေလို လွတ်လွတ်လပ်လပ် အပီကဲမယ်..”

ဝိုင် အရမ်းပျော်နေတာကိုကြည့်ကာ ဖူးဖူး လည်း ကျေနပ်နေမိသည်။ ဝိုင် နှင့် သူမ ရပ်ဆွေရပ်မျိုးမဟုတ်ဘဲ အဝေးသင်ဖြေကြရင်း ခင်မင်ခဲ့ကြတာ ဖြစ်သည်။

ကျောင်းတွေပြီးတော့လည်း ဝိုင် မန္တလေးမှာ ရှိနေသမျှ သူမတို့ အိမ်ကို အလည်လာသည်။ ဖုန်းတွေ ညတိုင်း ပြောသည်။ ဒါကြောင့် လူကြီးတွေကလည်း ဝိုင့် ကို ချစ်ခင်ပြီးသား ဖြစ်နေတာပါ..။

သူမတို့ကျတော့ ပြောင်းလာကြတာ မကြာသေးပေမယ့် ဖေဖေ က ရန်ကုန်မှာ စီးပွားရေးချနေခဲ့တာကြာပြီမို့ အားလုံးက မစိမ်းသက်ပေ..။ ဝိုင့် ခမျာ သူမတစ်ချက်နှာတည်းနှင့် စွန့်စားလာရှာတာမို့ ဒုက္ခ ရောက်သွားမှာ စိုးသည်။

“တစ်ခုရှိသေးတယ် ဝိုင် ရဲ့..၊ ငါတို့က နင်တို့လို မချမ်းသာတော့ အိမ်မှာစီးဖို့ကားက တစ်စီးပဲရှိတာ..၊ ဖေဖေကတော့ အလုပ်ထဲက ကားကြီးနဲ့ပဲ သွားလာနေတာလေ..၊ နင့်အတွက်...”

“အိုး... ငါ လိုင်းကားစီးမှာပေါ့”

“ဝိုင် ရယ်..၊ ခက်တော့တာပဲ”

“ဘာမှမခက်ဘူး၊ မန္တလေးမှာလဲ ငါ ကားခိုးစီးဖူးတယ်..၊ လူကို အထင်သေးလိုက်တာ ဖူးဖူးရယ်..၊ ငါ ဒီလောက်လဲ မအ,ပါဘူးဟ..”

“ငါက နင့်ကို အ,တယ်လို့ မပြောပါဘူး၊ ဒါပေမယ့် ရန်ကုန်မြို့လေးက ကျဉ်းကျဉ်းလေးနဲ့ ပင်လယ်ပြင်ကြီး အပြောကျယ်သလိုပေါ့..၊ နင် မသိသေးတာတွေ အများကြီးပါ ဝိုင် ရယ်..၊ ငါတောင် ဒီနေ့ထိ





အပြင်ကို လိုင်းကားစီးပြီး တစ်ယောက်တည်း မထွက်ရဲဘူး”

“ကြောက်စရာတွေကိုတွေးနေရင် ကြောက်ဖို့ကောင်းတာချည်း ပါ..၊ နင်တို့ကျတော့ လုပ်ချင်တာလုပ်ခွင့်ရနေရက်နဲ့ ဆင်ခြင်နေတာ..၊ ဒါကတော့ လှောင်ချိုင့်ထဲကနေ ထွက်ပေါက်ရှာနေတဲ့ ငှက်လိုပဲ..၊ ပျံသန်းခွင့်တစ်ခုကိုပဲ လိုချင်တယ်၊ ငှက်ဖြစ်ပြီး အမွေးအတောင်လဲ ရှိနေရက်နဲ့ ပျံသန်းခွင့်မရှိတဲ့အခါ ငှက်ကလေးအဖြစ်ကို နင် တွေး ကြည့်စမ်း..”

“အေးလေ... ငါတို့က ငှက်မှမဟုတ်တာ..”

“မဟုတ်ပေမယ့် ငါ့ကိုကျတော့ ငှက်လို လှောင်အိမ်ထဲ ထည့်ထား တာလေ..၊ ချစ်ဖို့တော့ သိတယ်၊ အဲဒီအချစ်ကို ငါ မလိုချင်ဘူး”

“နင်က ရင်ခုန်သံမြန်စေတဲ့အချစ်ကို လိုချင်တာလား”

“အဲဒါလဲ မဟုတ်ဘူး..၊ ဒီလိုဟာ... ငါ သိထားတာက ကိုယ် ချစ်တဲ့သူကို စိတ်ချမ်းသာစေခြင်းက တကယ့်အချစ်..၊ ချစ်လို့ ကိုယ့်စိတ် ကြိုက် ပြုပြင်ဖန်တီးမယ်ဆိုတာကျတော့ တစ်ကိုယ်ကောင်းဆန်တာ ပဲ..၊ ချစ်တယ်လို့ ခေါင်းစဉ်တပ်ပြီး ကိုယ့်ဘာသာ စိတ်ချမ်းသာချင် တာ..၊ ကိုယ်စိတ်ချမ်းသာဖို့ပဲ ကြိုးစားတာ၊ အန်တီတို့ ငါ့ကိုချစ်တာ ငါ သိတယ်..၊ ဒါပေမယ့် အတ္တတွေ များလွန်းနေတယ်ဟ..၊ ဒါတွေ ပြောမိတာ ငါတော့ ငရဲကြီးမှာပဲ၊ မတတ်နိုင်ဘူး.. ငါကတော့ ဘာကိုမှ ဂရုမစိုက်ဘူး၊ လူဆိုးနဲ့ဆုံတော့ လူဆိုးဘယ်ပုံဆိုတာ မြင်ဖူးသွားတာ ပေါ့..၊ လူလိမ္မာနဲ့ဆုံရင် ကံကောင်းတာပဲ..”

ဝိုင် တက်ကြွနေတာလေးက ဘေးလူရင်ထဲကိုပါ အပျော်တွေ ကူးစက်စေပေမယ့် ဖူးဖူး မျက်နှာကတော့ ပြုံးမဲ့မဲ့လေး ဖြစ်နေခဲ့၏။

ဝိုင် သည် ပခုံးမထောက်တထောက် စတက်ဆံပင်ရှေ့ညှိရှောင် လေးနှင့် ညဝတ်အင်္ကျီပွပွကြီး ဝတ်ထားတာတောင် ဖြူဖြူနုနုလေးနှင့် နုညက်နေအောင် လှသည်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်လည်း မပုပါ‥၊ သိပ်အမြင့်ကြီးလည်း မဟုတ်ဘဲ ကျပ်ကျပ် မွမွ ဘာဝတ်ဝတ်လှသည်။ ဒေါက်နိမ့်၊ ဒေါက်မြင့်၊ ဘာစီးသွားသွား ခါးမတ်မတ်နှင့် ပခုံးလေးနှစ်ဖက် လျှော့ချ၍ လျှောက်ပုံလေးက အလှ မပျက်‥။

သူမလေး စွန့်စားချင်လို့တဲ့‥။ 'ငါ့အန်တီတို့ သိသွားတဲ့တစ်နေ့ နင်နဲ့ငါ သေခန်းပြတ်'ဟု ကြိမ်းဝါးထားသည့်ပြင် 'သူတို့ လာဖမ်းတိုင်း ငါက ပြန်ပါသွားမယ် မှတ်လို့လား‥၊ ငါ ပျက်စီးတာ မြင်ချင်ရင်‥ ဒါမှမဟုတ် ဒီမှာနေတာမကြိုက်ရင် အကြောင်းကြားလိုက်ပေါ့'ဟု ပြော ထားသေးသည်။

ဒါကို ဘယ်လိုလုပ်မလဲ‥။





## အခန်း(၁၃)

ကန်တင်းမှာ စုဝေးမိသည်နှင့် ဖောင်သာဝေအောင် ပြောနေကြတာ ဘယ်မိန်းကလေး ဘယ်လိုလှကြောင်း‥။

မှတ်တမ်း တို့အုပ်စုကတော့ ငြိမ်သက်နေကြ၏။ သူတို့က ကျောင်း ‌တွေမှ မဟုတ်ကြဘဲ‥။

"မှတ်တမ်း‥၊ မင်း ဒီမှာ မနားသေးဘူးလား"

"နားမယ်‥၊ ဒါပေမယ့် ဆရာ့ကို ငဲ့ရမယ်ကွ‥၊ ဆရာ လုံးဝ ‌မာလာမှဖြစ်မှာ‥၊ မဟုတ်ရင် ငါ့ကြောင့် ဆရာ နေရာပျောက်သွား စိုးတယ်"

"ဟုတ်တော့ ဟုတ်တယ်လေ‥၊ ဒါပေမယ့် ဟိုမှာလဲ မင်းရှိမှ ‌မှာ…"

"ညည်းမနေနဲ့ကွာ‥"

ဆိုပြီး သူ လက်ကနာရီကို ပသိမသာ လှမ်းကြည့်သည်။ ဘယ်လိုပဲ ‌ကြည့် ဧယျ က မြင်ကာ…

"ထိပ်ထား နဲ့ ချိန်းထားလို့လား‥"

"အင်း…"



www.burmeseclassic.com

www.burmeseclassic.com



ဖေယျ က ခဲတံ မျက်နှာကိုလှည့်ကြည့်ပြီး မျက်ခုံးပင့်၏။ ခဲတံ က ခေါင်းညိတ်ကာ…

“အေ•ပါကွာ..၊ လာတာမြင်ရင် ဖယ်ပေးပါ့မယ်၊ မင်းတို့နှစ်ယောက်ကော ဘယ်တော့လဲ…”

မှတ်တမ်း ကမဖြေဘဲ ဟမ်ဘာဂါကို စိတ်မပါသည့်မျက်နှာကြီးနှင့် ဖြတ်တောက် ဖဲ့ယူနေသည်။

“ထိပ်ထား က မင်းအပေါ်မှာ အရင်ကလို မဆိုးတော့ပါဘူးကွ..၊ အဲဒါ သိသာတယ်..၊ ငါတို့က မင်း မန္တလေးကိုသွားတာ မိုးကုတ်ကစ်ခါတည်းရောက်အောင်ဝင်ပြီး လက်ထပ်ဖို့ကိစ္စ မိဘတွေကို သွားပြောတယ် မှတ်နေတာ…”

“မဟုတ်သေးဘူးလား..”

“မဟုတ်ပါဘူး..၊ သူက ငါ့ကို လှေလာနေဆဲပဲလို့ ငါထင်တယ်လေ..၊ အဲဒါကြောင့် သူ မီးစိမ်းပြမှပဲ..”

“ဟ… ပြနေပြီလေ၊ မင်းနဲ့ မန္တလေးကိုတောင် လိုက်လာတယ်မို့လား၊ ဟိုတစ်ခါ သူငယ်ချင်းတွေနဲ့ ကလောကိုသွားကြရင်းလေ..”

မှတ်တမ်း က ပြုံးသည်။ ပီပြင်မှုတော့ မရှိခဲ့ပါ။ ကိုယ့်ဆီကို ထိပ်ထား လိုက်လာတာက ကြည့်ရှုစစ်ဆေးဖို့ပါ..။

‘တော်တော်ကြိုးစားတာပဲ၊ ကိုယ့်ချစ်သူက ဒီလိုကြိုးစားတော့ ထိပ်ထား စိတ်တောင် မလုံတော့ဘူး’တဲ့..။

‘ဘာဖြစ်လို့လဲ’မေးတော့ သူမမျက်နှာ နှစ်သိမ့်ပြုံးလေးနှင့်…

‘ထိပ်ထား က မှတ်တမ်း နဲ့လက်ထပ်ဖို့ ရည်ရွယ်ထားပေမယ့် စိတ်ကတော့ လွှတ်လပ်ချင်တုန်းပဲလေ..၊ မှတ်တမ်း ခုလို အောင်မြင်နေပြီဆိုတော့ ဒီက သိတတ်မှ ဖြစ်တော့မှာပေါ့’တဲ့..။

ချစ်လို့ပေါင်းချင်ကြတာ..၊ အပေးအယူ၊ အလျှော်အစားတွေ လုပ်ကြတာလား။ သူကတော့ ချစ်သူကို ကိုယ့်အတွက်နဲ့ မျက်နှာမငယ်ရ





အောင် ကိုယ်ပိုင်ဆိုင်မယ့် ချမ်းသာမှုကို ရှာဖွေခဲ့တာ မဟုတ်ဘူးလေ..။

ထိပ်ထား ပြန်သွားတဲ့နောက်မှာ သူဟာ အလုပ်ရှင် ကျေနပ်အောင် ကျားကုတ်ကျားခဲ ကြိုးစားနေရတဲ့ အလုပ်သမားတစ်ယောက်လို ကိုယ့်ကိုယ်ကို ခံစားခဲ့ရသည်။

ထိုသိမ်ငယ်စိတ်နှင့် ထိပ်ထား တို့အုပ်စုနှင့် ကလောထိ လိုက်တက်ခဲ့ စိတ်ကူးတွေကိုလည်း ဖျက်ပစ်ခဲ့မိသည်။ ကြာလာလေ တဖျင်းဖျင်း တရိပ်ရိပ် တက်လာနေသည့် ဘာမှန်းမသိသော ခံစားချက်တို့ကြောင့် အနာဂတ်က မှုန်ဝါးလာသည်။

“မှတ်တမ်း…”

“ဟင်..”

“မင်းကလဲ ငိုင်လိုက်တာကွာ..၊ ငါတို့ချင်း ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ မင်းတို့ တစ်ခုခုတော့ ဖြစ်နေပြီ၊ ထိပ်ထားဘက်ကလား..၊ မင်းကလား..”

“ဟာ… ဒီကောင်က ဘာဖြစ်ခဲ့ဖူးလို့လဲ..၊ ပြောသွားလိုက်တိုင်း ထိပ်ထားပဲ..၊ လုပ်သွားရင်လဲ သူ..၊ ဒီကောင်ပဲ ခံခံနေရတဲ့ဟာ…”

ခဲတံ က မှတ်တမ်း မျက်နှာကို အမြဲတမ်းလိုလို ဖတ်ရှု ဝေဖန်နေခဲ့သူ..။

တစ်ခါတလေ ထိပ်ထား လုပ်လုပ်သွားတာတွေကို မခံချင်လို့ပါ။ ထိပ်ထား မာနကြီးတာ သူတို့ သိသလို မှတ်တမ်း ကလည်း ကလက်တက်တက်ကောင်တော့ မဟုတ်ပေ..။

တစ်ခုဆိုးတာက မှတ်တမ်း ကို မိုးကုတ်ကလိုလို မန္တလေးကလိုလို ဘာမှ သေချာမသိခဲ့ရခြင်းပင်။ သူတို့နဲ့ ဆုံခဲ့တာက ဒေးကလပ်တစ်ခုမှာ ဖြစ်ကာ ဒီတုန်းက ဒီကောင် သီချင်းတွေဆိုပြီး တပေါ်ပေါ် တပါး ပါး၀ါ..။

အလုပ်အကိုင်ရှိကြတာချင်းတူကာ အလုပ်လုပ်ဖို့ တိုင်ပင်မိကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ ခင်မင်တွယ်တာခဲ့ကြကာမှ မှတ်တမ်း က ဒီလိုကောင်မှန်း သိခဲ့သည်။

အားလုံးထက် ပိုကြီးစားသလို ဖွဲလည်း ကြီးသည်။ အိမ်သုံး လျှပ်စစ်ပစ္စည်းဘောဂ ရှိုးရှမ်းလေးတစ်ခု ဖွင့်ကြည့်ကြသည်။ အကြောင်း ကြောင်းကြောင့် အဆင်မပြေဖြစ်လာတာတောင် ဒီကောင်က နောက် ပြန်ဆုတ်ဖို့ အလျှော့ပေးတာကျ ခေါင်းမညိတ်ခဲ့ပေ..။

ဟိုပြောင်းဒီလုပ်နှင့် အင်တာနက်နှင့် ကော်ဖီဆိုင်ကြီးက မန္တလေး မှာအောင်မြင်ကာ သူ ရန်ကုန်ပြန်လာပြီး သူတို့နှင့် ဒီတိုင်းပြန်လုပ်ဖို့ တိုင်ပင်၏။

ဒုတိယခြေလှမ်းမှစပြီး အောင်မြင်ခဲ့တာပါ။ လုပ်ငန်းကြီးတွေ မဟုတ်သေးဘူးလို့ သတ်မှတ်ပြီး ထိပ်ထားက ခေါင်းမညိတ်သေးတာ လား..။

ခဲတံ ကိုယ်ဘာသာ တွေးယူနေသည့်စိတ်ကူးများနှင့် ကြာကြာ မအောင့်နိုင်ဘဲဖြစ်ကာ...

"မင်းကို ထိပ်ထား က ဘာတွေထပ်ပြီး ဦးဆောင် လမ်းညွှန်ပြန် ပြီလဲ..၊ မင်း နောက်ထပ်လုပ်မယ့် နိုင်ငံခြားကုမ္ပဏီနဲ့ချိတ်ထားတဲ့ IT အပြင်သင်တန်းကိစ္စကကော သူ ပြောလို့လား..၊ သူ့ကြောင့်ပဲ လား.."

မှတ်တမ်း က ဟမ်ဘာဂါကို ပါးစပ်ထဲထည့်ပြီး နှုတ်ခမ်းစေ့ဝါးနေ ရင်း ခေါင်းခါသည်။

"အဲဒါ သူ မသိသေးပါဘူး"

"ဟာ... ဘာလို့ မသိရမှာလဲ..၊ မင်း အခုတစ်ခေါက် မိုးကုတ် မပြန်ခင်လေးကပဲ သူမေးတာ ငါ ကြားတယ်..၊ ဘယ်ကနေ သိလာတာ လဲ မသိဘူး"

ဇေယျ က ဝင်ပြောတော့ ခဲတံ က ဟုတ်လားလို့ မေးနေသလို





ကြည့်နေ၏။

"ဟုတ်တယ်ကွ..၊ ငါ ဘာမှမပြောလိုက်ပါဘူးဆို..."

"အဲဒါ ဘာဖြစ်လို့လဲ..၊ မင်းပဲ သူ့စိတ်ကြိုက် အားလုံး ဖြစ်စေချင် တယ်ဆို..."

"အင်း... ဟုတ်တယ်လေ..၊ အခုလဲ ဒီအတိုင်းပဲ ဘာဖြစ်လို့လဲ"

"ဒါကိုပြောလိုက်ရင် သူ ပိုပြီး ဝမ်းသာသွားမှာပေါ့ကွ..၊ မင်းပုံစံ တစ်မျိုးကြီးပဲ"

"အဲဒါ ငါ သိတယ်"

ခဲတံ က အလကားချပေးထားသည့် တစ်သျှူးကို အားမနာပါးမနာ ဘာတော့မဟုတ်ဘဲ စကားပြောရင်း အားပါသွားတာ ဖြစ်သည်။ သျှူးက သူ့လက်ထဲမှာ အထွေးလိုက်ပုံကျနေမှ...

"ဟိတ်ကောင်... မင်းကို ဆိုင်ရှင် ဆဲနေပြီ.."

မှတ်တမ်း က သူ့လက်ကို ဖမ်းကိုင်ထားလိုက်ပြီး ကြိတ်ပြောသည်။

"ဟာ... အဲဒါ မင်းကြောင့်..၊ မင်းအကြောင်း ပြောချင်လွန်း .."

ဟု လွှဲချပြီး သွားအဖြီးသားနှင့် ဟိုကြည့်ဒီကြည့်...

"မင်း အခုရင်ခံနေပြီမို့လား မှတ်တမ်း..၊ အဲဒါ ဒီကောင် မသိ ယ် ငါ သိတယ်ကွ..၊ ဘယ်အရာမဆို တစ်ဖက်စောင်းနင်း ဖြစ်လာ ဘယ်တော့မှ ဒီတိုင်း ပြီးမသွားဘူး၊ မင်းမှန်တယ် မှတ်တမ်း..၊ ား က အရမ်းကိုလည်းလွန်းတယ်၊ မင်းနဲ့ချစ်သူဖြစ်မှ သူ ရည်းစား းတော့ဘူးဆိုတာ မှန်တယ်..၊ ဒါပေမယ့် ပါးစပ်ကော လက်ခံရော စည်းမရှိဘူး"

ခဲတံ ပြောလိုက်ကာမှ ဇေယျ ပါ စိတ်ဝင်တစားဖြစ်လာ၏။ သိတော့ သိသားပဲ။ ဒါပေမယ့် မှတ်တမ်း အသေအလဲ လိုက်ခံနေ ကိုမြင်နေလို့ ဒီကောင် ဒီလောက်ချစ်နေတာပဲဆိုပြီး ခုလိုကြီး ပြော

www.burmeseclassic.com



ဖို့ စိတ်မကူးခဲ့ပေ…။

"ဘာပဲဖြစ်ဖြစ် သူနဲ့မင်းက ပုံစံခွက်တူထဲက ကော်ရည်တွေဆိုရင်လဲ ဟုတ်သေးတယ်…၊ အရောင်ပဲ ကွဲနေနေ အေးသွားရင် ပုံစံတူ ဆိုက်တူလေ၊ အခု သူက အရှမ်းမြင့်နေတာ၊ သူ့ဘက်ကနေ ကိုယ့်ကို ခွစီးပြီး နိုင်စားနေတာ၊ ငါတို့တော့ တကယ် အမြင်မတော်ဘူး၊ အဲဒါ ကြာပြီ…"

"ဒါပေမယ့် ငါ သူ့ကို ချစ်နေတုန်းပဲ…"

"မင်းဘက်မှာ အချိန်မရွေး ဒီအဖြေပဲ ရှိတာကိုး…၊ နေပါဦး… မင်းကို အစက မိုးကုတ်ကသူဌေးသားလို့တောင် ငါတို့ထင်ခဲ့သေးတယ်၊ မင်း တမင်လျှို့ထားတာတော့ မဟုတ်ပါဘူးနော်…"

"မင်းတို့ကို ငါ မလျှို့ပါဘူး"

"ဒါဆို မင်းက…"

"မင်းတို့လိုပါပဲ"

တိုက်နှင့် ကားနှင့်တော့ နေနိုင်ကြတာပေါ့။ ဒီအဆင့်လောက်ပဲလို့ ပြောချင်တာလား။ အလုပ်လုပ်ကြဖို့အတွက် သိန်းထောင်ကျော် မ,တည်ခဲ့တဲ့သူက ဒီလောက်ပဲလား။ ဦးလေးဆီက ဆွဲတာဆိုပေမယ့် ခဏဆိုပြီး ထမင်းအိုးဝေမှာစိုးလို့ လက်နှီးစုတ်ဆွဲသလို ဆွဲယူလိုက်ရုံနဲ့ ရတတ်လို့လား…။

မဖြစ်နိုင်ဘူး ထင်သည်။ ဒါပေမယ့် သူတို့ မရမကမေးဖို့ ဘယ်တုန်းကမှ စိတ်မကူးပါ။ မှတ်တမ်း က သူများအကြောင်း စပ်စပ်စုစု လုပ်တာ မရှိတော့ သူ့အပေါ်မှာလည်း စည်းကမ်းလေးတော့ ထားပေးလိုက်တာ ဖြစ်၏။

"ကဲ… ကဲ… ငါတို့ ထဖို့သင့်ပြီ…၊ ဟိုမှာ ထိပ်ထား…"

အနက်ရောင် ကျပ်ကပ်နေသည့်အင်္ကျီက လက်စက ခါးရှည်ဖြစ်ကာ ပေါင်လယ်လောက်ထိ ရှိ၏။ စတောကင်အနက်အောက်မှာ





ပြောင်နက်နေသည့် ဖိနပ်ရှည်နှင့် အားလုံးထဲမှာ ထင်းနေသည်။

တစ်ဖက်ချဆွဲလာသော ကြိုးရှည်တပ်လာသည့် ဆလင်းဘက် မြေပြင်မှာ တိုက်လုတိုက်ခင် လွဲယမ်းနေလျက် လခြမ်းပုံ နားဆွဲဝိုင်း လှုပ်ခါနေတာနှင့် အထက်အောက် ဖြိုင်ဆိုင်နေ၏။

ထို့ပြင် ဟိုတုန်းက လည်းအားမျက်မှန်ဟု ခေါ်ကြသည့် ပုံတုံးတုံး မျက်မှန်နက်အဝိုင်းကြီးက မျက်နှာဖြူနုနုလေးကို တစ်ဝက်လောက် ဖုံးမိုးထား၏။

သူမကတော့ ဘယ်လိုနေနေ ဘာဝတ်ဝတ် လှပါသည်။ ဒီထဲက သင်တန်းတွေနှင့်မှလည်းမဆိုင်ဘဲ သင်တန်းတိုင်းမှာ သူမကနာမည် ကြီးနေ၏။

သူမ လှမ်းဝင်လာပြီဆို ဘယ်နေရာမှာဖြစ်ဖြစ် လှုပ်လှုပ်ခတ်ခတ် တော့ ဖြစ်ကျန်ရစ်တတ်သည်။ ထို့ကြောင့် ကျွန်တော် သူ့ကို မက် ခဲ့လမ်းခဲ့ပါ၏။

ငေးနေရင်း ကိုယ့်ကိုယ်ကိုယ် ဝန်ခံမိသည်။ ဝန်ခံရင်း ပြုံးလိုက်မိ အနားရောက်လာပြီဖြစ်သော သူမက ပြန်ပြုံးပြကာ…

"ဆောရီး…"

လို့ ပြော၏။

"ရပါတယ်ကွာ…၊ ဆောရီးတွေ လွတ်လွတ်လပ်လပ် နေပါစေ ကိုယ့်အတွက်နဲ့ သနားပါတယ်"

"ဘာလဲ…၊ မှတ်တမ်း က စိတ်ကောက်တာလား…"

"ကိုယ်က မိန်းမမှမဟုတ်တာ…"

"အဲဒီလိုသဘော မဟုတ်ဘူး…၊ ဒါပေမယ့် ထိပ်ထား သိနေပါ ယူ တစ်ခုခုကို မျှိုသိပ်ထားတာ…"

"မင်းကို ချစ်တဲ့စိတ်တွေပါ…၊ ဒါတွေက ထာဝရ ရှိနေမှာပါ…"

ဘားမှာ ခုံဆွဲထိုင်လိုက်ပြီး မကျေနပ်ဘူးလို့ ပြောလိုက်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားက နှုတ်ခမ်းကို တမင် သိသာအောင် စူစစ်၏။

မှတ်တမ်းက ပြုံးနေပေမယ့် ရယ်မြူးခြင်းကင်းသော မျက်ဝန်းများနှင့် သူမမျက်နှာလေးကိုပဲ စူးစိုက်ငေးနေခဲ့၏။

'မင်း စ,ပြောပါ ထိပ်ထားရယ်..၊ မှတ်တမ်း အဆင်သင့်ဖြစ်နေပြီပဲ. လက်ထပ်ရအောင်'လို့..။

'မင်း မပြောပါဘူး..၊ မင်းရဲ့အချစ်က ကိုယ့်ရင်ခွင်လောက်မှာ မွေးစက်အနားယူချင်တာမှ မဟုတ်ဘဲ..'

ရင်ထဲမှာ စကားတွေ ပြောဖြစ်ရင်း မျက်ဝန်းတို့ကို မသိမသာ လွှဲရသည်။ ကိုယ်ကတော့ တစ်ခါ အငြင်းခံရတယ်..၊ နောက်ထပ်တစ်ခါလည်း အရှက်ရခဲ့တာပဲ။ သုံးကြိမ်မြောက်ထိ ကိုယ် မမိုက်ချင်ဘူး..။

မင်း ကိုယ့်ကို တကယ်ချစ်တယ်လို့လည်း မယုံရဲတော့ဘူး ထိပ်ထား..၊ အဲဒါကြောင့် မင်း ဘယ်တော့မှ မပြောတော့ရင် ကိုယ်က လည်း ဒီတိုင်း နေသွားတော့မယ်လို့...။

"မှတ်တမ်း..."

"ပြောလေ.. ဒီနေ့ ဘယ်မသွားတော့ဘူး..၊ ဘယ်ကိုပဲ ခဏသွား ထိုင်ပြီး ပြန်ရအောင်..၊ အဲဒီလို တစ်ခုခုလား,.."

"မဟုတ်ပါဘူး..၊ တွေ့လား... လူကို အကောင်းကို မပြောဘူး"

"အကောင်းပြောဖို့ကို မေ့တတ်နေတာကွ..၊ ခေါင်းထဲမှာ တွေးသမျှ မြင်သမျှ ကိုယ်ကစပြီး မကောင်းဘူးပဲ ဖြစ်နေတော့..."

"မဟုတ်ဘူး... မဟုတ်ဘူး...၊ မှတ်တမ်း ထိပ်ထား ကိုပဲ ပြောချင်ဆိုချင်နေတာ..."

"အဲဒီလို ဘာလို့ပြောနိုင်တာလဲ..၊ ကိုယ် အမြဲတမ်း ထိပ်ထားကိုပဲ အလိုလိုက်အလျှော့သွားပေးနေတဲ့ကောင်..၊ မင်း စိတ်ဆိုးအောင် ပြောမိရင် ကိုယ်ခွေးမှာပေါ့.."

"စိုးရိမ်လို့ တော်သေးတာပေါ့၊ ဟွန်း..."





သူတို့နှင့် ကပ်လျက်စားပွဲမှာ ခဲတံ တို့နှစ်ယောက် ရှိနေသဖြင့် သူတို့ဆီကိုပဲ မျက်လုံးတွေက ခဏခဏ ငေ့နေခဲ့၏။ မှတ်တမ်း က မသိချင်ယောင်ဆောင်နေပေမယ့် ထိပ်ထား က မျက်ဝန်းလေး ထောင့်ကပ်ကြည့်လိုက်ပြီး...

"ယူ့သူငယ်ချင်းတွေကလဲ ထိပ်ထား ကို ကြည့်ပုံမပေါ်ဘူး ထင်တယ်"

"မဆိုင်တာတွေ...."

ထိပ်ထား က ဆိုင်လည်း ဂရုမစိုက်ပါဘူးဆိုသည့် မျက်နှာလေးနှင့် စိုရွဲနေသည့် ပန်းရင့်ရောင်နှုတ်ခမ်းသားလေးတွေကို ခပ်ယွဲ့ယွဲ့ မဲ့ခစ်၏။

"မျက်မှန်ကြီး ချွတ်လိုက်ပါကွာ..၊ ခဏပဲ တွေ့ရတာ မင်းကို ကိုယ် ထိုင်ကြည့်နေချင်တာပေါ့.."

"ဟွန်း..."

ထိပ်ထားက မျက်မှန်ကို ဟန်ပါပါ ဆွဲချွတ်၍ ဟိုဘက်ကို မျက်လုံးတစ်ချက်ငေ့ကာ...

"ထိပ်ထား က ယူ့ကို ချစ်တာနော်..၊ ဘေးလူမပါဘူး၊ မှတ်တမ်း ဆိုတဲ့ယောက်ျား ဘယ်ချောင်ဘယ်ကြားရောက်နေနေ ရောက်အောင် လိုက်လာမယ်..၊ လက်တွဲကြပြီဆိုရင်လဲ သစ္စာရှိပြီးသားပဲ..၊ ဒါပေမယ့် ယူ့နဲ့ပပ်သက်သမျှတွေကို လိုက်ပြုံးပြပေးဖို့တော့ ခုကော နောက်ကော သုံးဝ ဖြစ်လာဖို့ မရှိဘူး"

"သူတို့ ဟိုဘက်ကို ပြောင်းထိုင်ပေးတာ ကိုယ်တို့ လွတ်လပ်အောင်ပါ..၊ ပြဿနာ ဒီလောက်ရှိလာနိုင်လို့လား"

"ထိပ်ထား ရင်ခံနေတယ် မှတ်တမ်း..၊ ယူနဲ့ တို့ တစ်ဖွဲ့တည်း ချင်း ငြိမိတာ မဟုတ်ဘူး။ ယူ့ဘက်က လေးယောက်..၊ တို့ဘက်က နှစ်ယောက်..၊ တို့လူနဲ့ ယူ ခင်သွားတယ်၊ ယူ့လူတွေက အဝါကတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး ကြောင်သလိုယောင်သလိုနဲ့…''

''ရောက်လာတာနဲ့ မဆိုင်တာတွေ ပြောဖြစ်ပြီး စိတ်ညစ်ရဦးမ
ကွာ…၊ ဘာစားမလဲ မှာလိုက်မယ်လေ…''

''ဟင့်အင်း… ခုပဲ ဂျူဒိုးနပ်ဆိုင်ထဲက ထလာတာ…၊ ယူ
သူတို့ကို ထိပ်ထား ပြောတိုင်း ဒီတိုင်းချည်းပဲ''

ထိပ်ထား ဒီစကားနှင့်ပဲ အစအဆုံး ပြဿနာရှာတော့မှာကို
တော့ မှတ်တမ်း မျက်နှာ မှုန်ကုတ်ကုတ်ဖြစ်သွားသည်။

''တို့က မခင်ချင်ပေမယ့် သူတို့ဘက်ကစပြီး ဒီပုံစံပြနေတာ
မကြိုက်ဘူး…''

''ဘယ်ပုံစံလဲ…၊ အဲဒါ မင်း ထင်ရာဆွဲတွေးတာ ထိပ်ထား
ဟိုးအရင်အစတုန်းက မင်း ဘာပြောခဲ့လဲ ပြန်စဉ်းစားပါဦး…''

''ဘာလဲ…''

''မင်းဘက်က တစ်ယောက်ကို ကိုယ့်ဘက်ကတစ်ယောက်နဲ့
သွားမှာစိုးတယ်ဆို…၊ ကိုယ့်ချစ်သူနဲ့ လွတ်လပ်ချင်တာနဲ့ သူငယ်ချင်း
ကို ဖြစ်ချင်ရာဖြစ် ထိုးထည့်မပေးနိုင်ဘူးတဲ့…''

''အဲဒါကို မှတ်တမ်းက…''

''ကိုယ် ဘာမှမဖြစ်ခဲ့လို့ အခု နှစ်နှစ်ကျော်ခဲ့ပြီလေ…''

''ဖြစ်စရာမှ မလိုတာ…၊ ဒါလဲ သူတို့ကိုပြောချင်တာထ
ထိပ်ထား ယူ့ကို ဘယ်လောက် စွန့်စားပြီး ချစ်ခဲ့သလဲဆိုတာ ယူ
သိစေချင်လို့…''

တကယ်ဆို မတန်မရာချစ်ခဲ့တာပါလို့ ပြောလိုက်တာမှန်း မှတ်တ
သိခဲ့သည်။ သိနေပေမယ့် မာနတွေနှင့်လည်း လှည့်မပြန်နိုင်ခဲ့ပေ
သူမက သူမအတွက်နှင့် သူငယ်ချင်းကို ထိုးမချနိုင်သော်လည်
ကိုယ့်ကတော့ သူမကို မစွန့်လွှတ်နိုင်သည့်အတွက် သူငယ်ချင်းတွေ
ဘယ်ဘဝရောက်အောင်ပြောနေနေ ပြန်လည်းမပြောပြခဲ့…၊ ကိုယ်တ





လည်း မနာတတ်အောင် နေခဲ့မိသည်။

အဲဒီလို ကိုယ့်ဘဝကို သူမအထင်မြင်သေးနေလေ သူကလည်း
အမှန်အတိုင်း ဘာမှမပြောဖြစ်လေပင်…။ မှတ်တမ်း ဟာ မိဘမဲ့ ကလေး
ကချေအဆင့်ထိတော့ မနိမ့်ကျလှဘူးဆိုတာ ဒီနေ့ထိ သူမ မသိ…။

''ယူ့ဘက်က အခြေအနေ ဘာရှိရှိ ယူ့ကို ထိပ်ထား ချစ်ခဲ့တယ်…၊
မိဘက ဘယ်လိုမှ သဘောမတူနိုင်တာသိရက်နဲ့ လက်ထပ်ဖို့ ရည်ရွယ်
ခဲ့တယ်…၊ ထိပ်ထား အဲဒီလို စွန့်စားထားခဲ့တာတောင် သူတို့က ဒီစကား
လေးကို နာလွန်းလို့တဲ့လား…''

''နာတယ်ဆိုတာ သိပ်ကို ကလေးဆန်တယ် ထိပ်ထား…၊ ကိုယ်တို့
သူတို့ကြောင့် ဘာအဆင်မပြေမှုမှ မဖြစ်ရအောင် တော်ရာမှာနေပေး
ကြတာ၊ တော်ပါတော့ကွာ… ကိုယ် မင်းကိုတွေ့ဖို့စောင့်နေတာ သူငယ်
ချင်းတွေအတွက် ဖြေရှင်းကြဖို့ မဟုတ်ဘူး…၊ မင်းဘက်က ဘယ်သူ
ဘာထင်ထင် ကိုယ် ဂရုမစိုက်သလို ကိုယ့်ဘက်က ဘယ်ကောင့်မျက်နှာ
တိုမှ မင်း မကြည့်ပါနဲ့…''

''ကြည့်ရမှာပေါ့ မှတ်တမ်း ရဲ့…၊ ထိပ်ထားစံ ဆိုတာ ဘယ်နေရာ
မှာဖြစ်ဖြစ် ခစားမယ့်သူတွေပဲ ရှိခဲ့တာ…''

ရင်ထဲမှာ တင်းခနဲ ဖြစ်၏။

ဒီလိုသာဆို လက်ထပ်ပြီးကြရင်တောင် ရှင့်မိဘက ဘယ်လို…၊
ဘာညာတွေရှိလာလိမ့်ဦးမည်။ အဲဒီအခါ သူငယ်ချင်းတွေကို ပြောလို့
သည်းခံနိုင်ခဲ့သလို သူ ခံနိုင်ပါ့မလား…။

''ကဲ…ပါ ဆက်လဲ မပြောချင်တော့ပါဘူး…၊ မှတ်တမ်း စားပြီး
ရင် ကန်ပေါင်မှာ လမ်းသွားလျှောက်ရအောင်…''

''အဲဒီလောက်တောင် အချိန်မရတော့ဘူး…၊ ကိုယ် အတင်းခင်ရ
တော့မှာ…''

ထိပ်ထား မျက်ခုံးလေးတွေ တွန့်သွားလျက် စိုက်ခနဲ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



''အရေးတကြီး ပြောဖို့ရှိသလား''

''ရှိလဲ နေပါစေတော့..၊ ထိပ်ထား ဝင့်လည်တယ်လို့ပဲ သတ်မှ ပါ့မယ်''

''မဟုတ်ဘူးလေ..၊ ကိုယ်က ဆရာ့အတွက် အစားဝင်ပေးတ ဆိုပေမယ့် ဆရာ့လိုပဲ အတန်းချိန်ကို လေးစားချင်တာ..၊ ဒီအလု ကိုယ် ဆက်လုပ်သည်ဖြစ်စေ.. မလုပ်ဘူးဖြစ်စေ ကိုယ့်ရဲ့နောက်ကျော အမွေးနဲ့ပဲ ကျန်စေချင်တယ်..၊ အပုပ်နံ့ မဖြစ်ချင်ဘူး..''

''ဒီအလုပ်မှာ ဘာဖြစ်လို့ ပျော်မွေ့နေတာလဲ မှတ်တမ်း ရယ်.. မိန်းမလှလေးတွေရှေ့မှာ ရပ်ပြီး ဆရာလုပ်နေရတာကို သာယာနေတ လား...''

''ကျွတ်!...''

''ထိပ်ထား ကတော့ ဆရာဆိုရင် ဆရာဝန်တောင်မှ ဘွဲ့ တစ်သီကြီးနဲ့ နိုင်ငံခြားပြန်ပါရဂူမှ အထင်ကြီးလို့ရတာ...''

''အထင်ကြီးစေချင်လို့ ဝင်လုပ်တာ မဟုတ်ဘူး..၊ ဒါ ကိုယ်တ ထားတဲ့ပညာ၊ ကိုယ်ထူထောင်မယ့်လုပ်ငန်းလဲဖြစ်လို့ လေ့လာတဲ့သဘော ပါတယ်၊ အဓိပ္ပာယ်မဲ့ ကိုယ် ဘာမှမလုပ်သေးဘူး''

''ဆောရီး... ထိပ်ထား စကားပြောလောသွားတာပါ..၊ မှတ်တ IT သင်တန်းဖွင့်ဖို့ ကြိုးစားနေတာ တို့ ကြားတယ်၊ လုပ်ပါ..၊ ဘ အလုပ်ဖြစ်ဖြစ် ယူက ဖြစ်မြောက်အောင် ကြိုးစားမယ့်သူပဲ၊ ယူ အော မြင်လေ တို့က ကျေနပ်လေပေါ့''

နားထဲမှာ ဗုံးတွေ တစ်လုံးပြီးတစ်လုံး ကွဲနေသည်။ သူ မြင်ရ တာက ချစ်ရည်ရွှန်းလက်နေတဲ့ မျက်ဝန်းတွေ..၊ ရောက်လာတာ မာနအရောင်တွေနှင့်...။

ကြားချင်တာက အကြင်နာစကားတွေပါ..၊ တကယ်ပြောလာတော ပကာသနတွေနဲ့ ဘဝကို တံတိုင်းခတ်ဖို့...





နှစ်ယောက်စလုံး ကိုယ့်စိတ်ကူးတွေနှင့် ခဏလေး ငိုင်သွားကြ စဉ် ဟိုဘက်စားပွဲမှာ အရိပ်လေးတစ်ရိပ် ရောက်လာ၏။ ရဲတောက်နေ သည့်အရောင်က မျက်ဝန်းထောင့်မှာ ထင်းခနဲ ဝင်လာတာမို့ သူ့မျက် လုံးတွေ ထိုဆီ ဝေ့သွားစဉ်...

''ဝိုင်!...''

ဒီတစ်ခါ အံ့ဩလွန်းလို့ ဟန်ဆောင်ပြုဖြစ်ဖို့ကိုပဲ မေ့သွားခဲ့၏။ နက်စွေးနေအောင်ဝတ်ထားသည့် ထိပ်ထား သည့် ရဲတောက်နေသည့် ဝိုင် ကို မြင်သွားလျက် မျက်လုံးမလွှဲတော့ဘဲ နေသည်။

ဝိုင် က အနီရောင်စကက်ပျော့လေးနှင့် လည်စည်းပါ တစ်ခါတည်း ပါသော အနီရောင်အင်္ကျီကို ဝတ်ထား၏။ လက်ကျတော့ လက်ခုံပေါ် ထိ ရှည်ချထားသော အနီရောင်အပါးသားလေးနှင့် ဖြစ်သည်။

နှုတ်ခမ်းနီကလည်း စိုရဲနေကာ နားပွင့်ပန်ထားတော့လည်း အနီ ရဲရဲ..၊ ဟမ်းချိန်းနာရီလေးကလည်း အနီရောင်ကြိုးလေးနှင့်ဖြစ်ကာ ဖိနပ်ကိုလည်း အနီရောင်ကြိုးသေးသေးလေးတွေပါသော ဒေါက်မြင့် ကို စီးထားသည်။

သူက ဘယ်သူမို့လဲဆိုသည့် အကြည့်တစ်ချက် ပြန်ရောက်လာမှ မှတ်တမ်း မျက်လုံးပြန်လွှဲ၏။ ထိပ်ထား က ပါးစပ်ကမမေးသေးဘဲ ဝိုင် ကို ပြန်ငဲ့ကြည့်နေခဲ့သည်။

တော်တော်လှတယ်ဆိုသော မှတ်ချက်တစ်ရပ်က သူမရင်ထဲကို လိုလားစွာ ဝင်ရောက်လာ၏။ ဆံပင်သည် အလယ်ခွဲဖြစ်ကာ တစ် ခြမ်းဖုံးလုလုချထားသည့်ဘက်မှာ ရောင်စုံကလစ်သေးသေးလေးတွေကို အရောင်စီပြီး လှအောင် ထိုးထား၏။

သူမ ဘယ်သူလဲဆိုတာ သိချင်လို့ စိုက်ကြည့်နေရပေမယ့် မှတ်တမ်း ကြည့်လိုက်တဲ့ အကြည့်တွေကိုလည်း အာရုံထဲက မပျောက် နိုင်..။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခဏလေး ထိုင်ခွင့်ပြုပါနော်..၊ ဘယ်စားပွဲမှ ခုံမအားလို့ပါ"

"ဟင်..."

"ဪ... ရပါတယ်..၊ ထိုင်ပါ.."

ဝိုင် က သူ့ကို မမြင်တာလား..၊ မိန်းကလေးတစ်ယောက်နှင့် မမြင်သလို နေတာလား..။

ဘေးတစ်စောင်းမြင်နေရသည့် မျက်တောင်ကော့လေးဆီ လှမ်းကြည့်မိပြန်သည်။ ဒါပေမယ့် ချက်ချင်း မျက်နှာပြန်လွှဲလိုက်၏။

သူ ထင်တာ တက်တက်စင်လွဲသွားပြီမှန်း ခဏအတွင်းမှာ သိလိုက်ရလေသည်။

"ဟင်... မှတ်တမ်း.."

ဝိုင် က သူ့ကို မြင်ကိုမမြင်ခဲ့တာ ဖြစ်သည်။ ကံဆိုးချင်တော့ ထိုင်ပါဆိုပြီး ခဲတံ က နေရာပေး၏။ ထိုနေရာက ဒီဘက်စားပွဲနှင့် မျက်နှာချင်းဆိုင်..။

"မှတ်တမ်း က ခေါ်ဖော်တောင် မရဘူး.."

လို့ပြောရင်း နေရာမှထလာ၏။ ထိပ်ထား မျက်ဝန်းလေးတွေ မီးဝင်းဝင်းတောက်သွားသည်။

လကွယ်တဲ့ညနှင့် နေသာတဲ့နေ့လား..။ အနက်ရောင်မြားတစ်စင်းနှင့် အနီရောင်မြားတို့၏ လားရာသည်...

"ထိုင်မယ်နော်.."

ရင်းနှီးသည့်ပုံစံနှင့် ခွင့်တောင်းရုံလေးတောင်းပြီး တန်းထိုင်ချလိုက်ကာ ...

"ရှင် ဟိုနေ့က ပိုက်ဆံပေးသွားတာလေ..."

ဟင်..၊ မှတ်တမ်း ခေါင်းကြီးသွား၏။ ထိပ်ထား မျက်လုံးအစုံ သူ့ဆီ တန်းခနဲ..။ ဝိုင် က လွယ်အိတ်ထဲက ပိုက်ဆံအိတ်လေးထု





ကိုင်ထားပြီးမှ...

"ဝိုင် က ပိုက်ဆံပိုပေးတိုင်း ယူတတ်တဲ့အကျင့် မရှိဘူး"

"ဟော့..၊ မင်း... ဘာလဲ..."

"ပိုနေတာ ပြန်ပေးမလို့လေ..၊ ရှင်ပဲ..."

"မင်း တော်စမ်း.."

"ကဲ..."

ထိပ်ထား ဆတ်ခနဲ ထရပ်လိုက်၏။ သူမမျက်နှာသည် ဝိုင့် ဆီ အနီရောင်တွေ ပြေးဟပ်နေသလိုရှိလျက်...

"ယူ ပြဿနာရှိနေရင် ရှင်းလိုက်ဦး၊ နောက်မှ တွေ့တာပေါ့နော်"

"မရှိဘူး..၊ အဲဒါ မဟုတ်ဘူး ထိပ်ထား..၊ နေဦး..၊ ဟော့..."

သူ ကမန်းကတန်း ထရပ်လိုက်ပြီးမှ ဘေးစားပွဲကလူတွေကို သတိရသွားသည်။

လူငယ်ပေမယ့်လည်း ကျောင်းသားတွေလို စိတ်သွားတိုင်း ကိုယ်ပါလို့ မသင့်တော်..။

"မင်း ဘာတွေ ပြောထည့်လိုက်တာလဲ..."

"ရှင် ကြားတဲ့အတိုင်းပဲလေ..၊ ဟိုနေ့က ရှင် မနမြောတိုင်း ပိုက်ဆံတွေ ပိုပေးသွားတာ..."

"ကျွတ်!..."

စားပွဲစွန်းကို ကျိုးကြေမတတ် ဖိဆုပ်ရင်း ဖြစ်လာသည့်ဒေါသကို ထိန်းချုပ်နေရသည်။ ခဲတံ တို့လည်း ဟိုဘက်ကနေ ဒီဘက် ကူးလာကြပြီး...

"ဘာတွေ ဖြစ်ကုန်တာလဲ..."

"မမေးနဲ့ကွာ..၊ တောက်..."

ခပ်ကြိတ်ကြိတ် တောက်ခေါက်ပြီး နောက်ကဆံပင်တွေကို ဆတ်ခနဲ ဖွပစ်၏။ ပြီးမှ ပြန်သပ်ချပြန်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း… တက္ကသိုလ်သမား ပြန်အမ်းခဲ့တဲ့ ငါးရာကို ပြောတာမဟုတ်လား‥"

"အင်းလေ…"

"အဲဒါကို ပြည့်စုံအောင် ပြောပါလား"

"ဘာကို ပြည့်စုံရဦးမှာလဲ‥၊ ရှင်နဲ့ ဝိုင် သိရင် ပြီးတာပဲ‥"

"မပြီးဘူးကွ‥၊ ခုနက မိန်းကလေးတ ငါ့ချစ်သူ…"

"အဲဒါ ဘာဖြစ်လဲ‥၊ ရော့… ဒီမှာ ငါးရာ…"

ငါးရာတန်ကို စားပွဲပေါ်မှာ အသံမြည်အောင် ချပေးလိုက်ကာ‥

"ဒီက ပြန်ပေးမယ်လို့ တာဝန်ခံမိလို့ ဒီငါးရာတန်ကို သွားလေ… ဆောင်ထားရတာ ဘယ်လောက် တာဝန်ကြီးလဲ သိလား‥၊ ရည်းစား… အထင်လွဲတာကိုတော့ မတတ်နိုင်ဘူး"

ပြောပြီး ပြန်ထရပ်သည်။

"ဟာ… ညီမက တစ်ခုခုစားဖို့ ဝင်လာတာမို့လား"

ဇေယျ က ပျာပျာသလဲ ဝင်မေး၏။ ဝိုင် မျက်စောင်းတစ်ခ… သူ့ထံ ဝေ့ခနဲ ရောက်သွားသည်။

"မစားတော့ပါဘူး‥၊ အဲဒီမျက်နှာကြီး ပွထနေတာ အစာစား… မှာလဲ မဟုတ်တော့ဘူး"

အိတ်လေးကို စလွယ်သိုင်းစွပ်ချလိုက်ပြီး ဝိုင် တကယ် ထထွ… သွား၏။

"ဝိုင်…"

ဝိုင် က ပြန်လှည့်ကြည့်၏။ မှတ်တမ်း က မခေါ်ချင်ခေါ်… မျက်နှာကြီးနှင့် မျက်လုံးလွှဲပြီးမှ…

"လာ… ထိုင်လေ‥၊ ငါတို့က ခုပဲ သွားတော့မှာ…"

"မထိုင်ဘူး‥"

ပြီးတာပဲလို့ မပြောလိုက်ရမီ ဝိုင် က လှည့်ထွက်သွား၏။





"တော်တော်ချစ်ဖို့ကောင်းတဲ့ မျက်နှာလေးကွ‥၊ ဘယ်သူလဲ‥၊ …ဒါ…"

"မျက်ခွံမို့မို့ မျက်တောင်ကော့ကော့လေးတွေက ကလေးဆန်ပြီး …နေတာ‥၊ သူ့နာမည်က ဝိုင် တဲ့လား‥"

"တမာဝိုင်…"

"လှသားပဲ‥၊ မင်းနဲ့ တော်တော်ရင်းနှီးတယ်မို့လား၊ ဒါနဲ့များ …စွန်းတစ်စလေးတောင် ပြောဖော်မရဘူး"

ခဲတံ က အပြစ်တင်နေသည်။ သူ့မှာတော့ ငါးရာတန်လေးကို …ည့်လိုက် ဝိုင် ပျောက်ကွယ်သွားတဲ့ဘက်ကို ကြည့်လိုက်နှင့် စိတ်က …ပြောင့်‥။

ဝိုင် ဘယ်မှာနေပြီး ဘာတွေလုပ်မလို့ သွားလာနေတာလဲ‥၊ ဒီထဲ …တွေ့တာဆိုတော့ သင်တန်းတစ်ခုခုများ တက်နေတာလား‥။ မျက်စိ… …မှားတွေရော ရှုပ်ကုန်ပြီ‥။

ဒီဘက်က ဇေယျ နှင့် ခဲတံ တို့မေးသမျှ ပြန်ဖြေနေရတာနှင့်စိတ် …တွေက ဟိုမမီဒီမမီ ရှိနေရင်း…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

''ဟိုတွေဒီတွေ အားလုံးနဲ့နေပြီ..၊ ဘာသတင်းမှကို မရဘူး..၊ ကြီးကြီးမြင့်ကလေး တကယ်ပဲ သူ့ကို ယုံကြည်ပြီး အပ်ထားကာမှ...''

''ပြောပါတော့အေ... ဟုက်ပါတယ်..၊ အဲဒါ ငါ့အပြစ်ပါ..''

''ဆောင်း ဘာဖြစ်လို့ ကြီးမြင့်ကို အပြစ်တင်နေတာလဲ..၊ ကလေး က သူလုပ်ချင်ပြီဆို မရမက ကြိုးစားတာပဲ..၊ နင် မသိဘူးလား..''

''သိတော့ သိတယ်လေ..၊ အခု မမနွေက အိပ်ရာထဲ လဲနေပြီ''

အိမ်ထဲဝင်ပြီဆိုကတည်းက ဆောင်း ရဲ့အပြစ်တင်သံကို ကြားရသည်။

တစ်နေ့ သုံးခေါက်လောက် ထွက်ရှာတော့ သုံးခါလောက် ဆူသံထွက်၏။

နွေ့ သာမကပဲ ကိုယ်လည်း ရှူးချင်နေပါပြီ။ ဒေါ်မြင့်မြင့်တင် ဆိုဖာပေါ်မှာ နဖူးပေါ်လက်တင်ရင်း ငိုချတော့မယ့်အတိုင်း...

''ကဲ...ပါ ကြီးမြင့်လဲ စိတ်မကောင်းမဖြစ်ပါနဲ့..၊ နွေ က သူ့တူမ ကို သည်းသည်းလှုပ်နေတာ..၊ သူများထက်ကိုပိုတာ ကြီးမြင့်ရဲ့..၊ သူ့စိတ်သူ ပြန်နှိပ်စက်နေတာ၊ ပိုင် က အရှမ်းပါးနပ်တဲ့ မိန်းကလေးပါ၊





သူ အကြီးအကျယ် ဒုက္ခမရောက်နိုင်ဘူး၊ အဲဒါ သေချာတယ်..၊ တစ်ခု ကတော့ သူမှာ ကိုယ်ဝန်ရှိနေတယ်၊ မိုး တို့နဲ့ပြန်မဆုံခင် အဲဒီကိစ္စပေါ်လာ ရင် သူ...''

''ဆောင်း က အဲဒါကို ပြောတာပါ..၊ မန္တလေးမှာလဲ သူ သွားလာ နေတာဆိုတော့ အရမ်း မစိမ်းဘူး၊ မိုးကုတ်ကို ပြန်မလိုက်ချင်လို့ နေရာရာမှာ ပုန်းနေတာပဲ ဖြစ်မယ်၊ ဒါကို ဘယ်လိုမှ မတွေ့နိုင် အောင် ပုန်းနိုင်တာ ကြည့်စမ်း..၊ ဘယ်လောက် အသည်းယားဖို့ကောင်း လဲ...''

ဒေါ်မြင့်မြင့်တင် သည် နဖူးပေါ်တင်သည့်လက်ကို ရုတ်၍ ခါး မတ်ပြင်ထိုင်ကာ...

''ငါတော့ မန္တလေးမှာ ရှိနေသေးတယ် မထင်ပါဘူးအေ..၊ ယ်ချင်းဆိုတဲ့ မိန်းကလေးနောက်ကို လိုက်သွားတာပါ..''

''ဘယ်ကို..၊ ရန်ကုန်ကို... ဟုတ်လား...''

''အေးလေ..၊ ညည်းတို့ရောက်စက ကျူပ်ပြောသားပဲ..၊ အဲဒီ င်မလေးဆီ သန်းခေါင်တလွဲမောင် ထသွားတာ ကံကောင်းလို့ ပြန်ရောက်လာတာပါဆိုမှ...''

မိုး တို့ မျက်နှာတွေပျက်ကုန်ကြသည်။ ဆောင်း က လူငယ်မို့ ပြာအဆိုမတတ်တာတွေ ရှိုင်းစိုင်းတယ်မဖြစ်ရအောင် ရှေ့ကနေ ကာ ယ် ကားဆီးနေရတာ..။

တကယ်ဆို ကြီးမြင့်ဆီကို ကလေးလွှတ်လိုက်မိတာကိုက မဟာ း..။

ရင်ခွင်ထဲကနေ ခြေဆယ်လှမ်းပြည့်အောင် လှမ်းခိုင်းမိတာနှင့် ပါင်းအသင်း မင်လာသည်။ အပြင်ကို လစ်ထွက်တတ်လာ၏။

ဒီသဘင်းတွေသာ စုံစုံလင်လင် နွေ့ သိသွားလျှင် တစ်ခါတည်းများ က်ပါသွားမလားမသိ..။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုလုပ်ကြမလဲ..''

သုံးယောက်သား ခေါင်းချင်းဆိုင်နေကြပြီး ဘာအကြံဉာဏ်မှ လည်း မထွက်..။

''ဒါနဲ့ ဟိုကောင်က ဘယ်မှာလဲ...''

''မမေတို့တောင် မသိဘူး..၊ မန္တလေးက အင်တာနက်ဆိုင်နှစ်ဆိုင်မှာ စုံစမ်းကြည့်တယ်..၊ သူတို့လဲ ဘုရားဖူးကပြန်လာကြပြီ၊ မမေ သိပ်နေမကောင်းဘူး ပြောတယ်၊ ဒီကြားထဲ နွေ က သွားစွပ်စွဲလိုက်တာ ကံကောင်းလို့ ဦးဟံ နဲ့ ရန်မဖြစ်တာ...''

''ဟုတ်လား..၊ အင်း... ဒုက္ခပါပဲအေ၊ ညည်းတို့မှာ ဒီကလေး တစ်ယောက်နဲ့ပဲ တစ်မြို့လုံးကို စိန်ခေါ်တော့မလား မသိဘူး၊ ဘဲဥလေး တွေ ထည့်ထားပေးလို့ ဘဲကလေးတွေကိုပဲ သူ့ကလေးထင်နေတဲ့ ကြက် သားအုပ်မလိုဖြစ်နေပြီ..၊ မျိုးကမှတူတော့ အရောင်က ကွဲ၊ ဘဲက ရေကူးနိုင်ပေမယ့် ကြက်က မကူးနိုင်တော့ ကမ်းစပ်ကနေ ကြက်မကြီး ပြေးလိုက်ရတာလေ..၊ ကလေးတွေအပေါ် စွန်ဝဲနေလို့ ကြက်မကြီး တောင်ပံကားကားနဲ့ မာန်ဖီနေရှာတာ၊ သူ ဘာမှ မတတ်နိုင်ဘဲ သားဆိုးတက်နေတော့ မြင်းမိုရ်တောင်ကို ခေါင်းနဲ့ပြေးတိုက်ချင်တာမျိုး...''

ပြောတဲ့လူက အပြောကောင်းတော့ အစ်မဖြစ်သူကို ကြက်သားအုပ်မနှင့်နှိုင်းလိုက်လို့ ဖျင်းခနဲဖြစ်သွားသည့် ဒေါ်သတောင် ဘယ်ရောက်သွားမှန်းမသိ..။

''အဲဒါ တကယ်လား ကြီးမြင့်...''

''တကယ်ပါအေ..''

''ဟုတ်လို့လား..၊ ဥထည့်လိုက်တာကို မသိရင်တောင် အကောင်ပေါက်လာတော့ ကြက်နဲ့ဘဲက တူမှမတူတာ၊ ကိုယ့်ကလေးတွေ မဟုတ်တာ သိရမှာပေါ့''

''ဒါတော့ ကြက်မရင်ထဲ ဝင်ကြည့်လို့ရတာမှ မဟုတ်တာ...





ဘယ်သိမလဲ၊ မိခင်မေတ္တာချင်း စာနာကြည့်လိုက်တော့ ကြက်တွေ ဥ ပြီးလို့ တင်းဝပ်တယ်ဆိုတာ မွေးဖွားတာ..၊ နို့တိုက်ပေမဲ့ အဲဒီသဘောပဲ လေ၊ သူတို့ရင်ခွင်ထဲမှာ ပေါက်ဖွားလာတာလေးကို မျိုးမတူဘူးဆိုတာလဲ သိချင်သိမှာပေါ့ကွယ်၊ ဘယ်လိုသတ္တဝါဖြစ်ဖြစ် မိခင်ဖြစ်လာပြီဆိုရင် မိခင့်မေတ္တာစိတ် ရှိကြတာပဲ..၊ ညည်းတို့ကိုလဲ ကျုပ် နားလည်ပါတယ်၊ ငှာက ကိုယ်မမွေးပေမယ့် တူမအရင်းလေးကိုး..၊ မိခင် မဖြစ်ဖူးပေ မယ့်လဲ မိခင်စိတ်ဖြစ်နေခဲ့တာ မဆိုးပါဘူး..၊ တစ်ခုပဲ ရှိတယ်''

ဒေါ်မြင့်မြင့်တင် က စကားရပ်လိုက်ပြီးမှ...

''မိခင်ဖြစ်နေတော့ အခြားသူတွေအပေါ်မှာ မစာနာသာတော့ဘူး၊ ဒါကြောင့် ပြောမှားဆိုမှားတွေ ဖြစ်ကြရတာ...''

''မိုး တို့က ကင်းကင်းနေတာပါ''

''မကင်းလို့ ညည်းတို့ပဲ ဒီကိစ္စနဲ့သွားပတ်သက်တာမို့လား..၊ ကောင်ဟံရှင် တို့က ယဉ်ကျေးသိမ်မွေ့တဲ့လူ့တွေပါ''

''အို... မိအေးအော်တာပဲ လူကြားတာ အောက်မှာ ကဏန်းညှပ် တာ လူမသိဘူး..''

မိုး က ပက်ခနဲပြောပြီးမှ မျက်လွှာချသည်။

''မိအေးက ကဏန်းရှိတဲ့ဆီ သွားတာလား၊ ကဏန်းက ညှပ်ချင်လို့ ရောက်လာတာလား..''

ဒေါ်မြင့်မြင့်တင် ကလည်း ကတ်ပိုးကတ်ဖဲ့ ပြန်မေးကာ...

''ဆိုးမနေရင် နားထောင်နေပါအေ့..၊ မောင်ကျော်လဲ ပြန်လာဦး မယ်လို့ ကြားတယ်..၊ ဖအေတစ်ယောက်လုံးက သူ့သမီးအဖြစ်ကို မှသိရတာ မဟုတ်ဘူး၊ ငါဖြင့် ရင်မောလိုက်ပါဘိအေ...''

''ကြီးကြီးမြင့်...''

မိုး တို့ညီအစ်မ ဒေါ်မြင့်မြင့်တင် ခြေရင်းမှာ ပြေးထိုင်ပြီးသွားဖြစ် တော့...



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ ဘယ်လိုလုပ်ကြမလဲဟင်..၊ မိုး တို့က ကိုကြီး ပြန်လာ
ကလေးကမိုက်တာဘာညာနဲ့ ကိုယ်ဝန်ကိစ္စကို ခွင့်လွှတ်ဖို့ပြောပြီး က
အဖေက သေပြီလို့ ပြောလိုက်မှာ..၊ ကလေးကို ကိုကြီးနဲ့ ပေးလိုက်
တစ်နှစ်သားလောက်ရမှ ကိုကြီးဆီက ပြန်ခေါ်မယ်..၊ ဗိုင့် ကို မွေးသ
လေ..၊ ကိုကြီးရဲ့ကလေးတွေကို ခေါ်ထိန်းနေကြတဲ့သဘော...''

''မဖြစ်ပါဘူးအေ..၊ ပတ်ဝန်းကျင်ပါးစပ်ပေါက်တွေကို ဘယ်
တားဆီးလို့ရမှာလဲ...''

''ကိုယ်ဝန်မွေးဖွားဖို့အတွက် တခြားတစ်နေရာမှာ နေရာထိုင်
တောင် စီစဉ်ပြီးပြီ..၊ နှစ်ချုပ်နဲ့အိမ်ငှားတာ အဆင်မပြေလို့ အပိုင်
လိုက်ရတာ...''

''ဘယ်လို!...''

''ဟုတ်တယ်..၊ ရှမ်းပြည်နယ်ဘက်မှာပဲ တိုက်နဲ့ ခြံ ဝယ်လို
တာ၊ အခု မှတ်တမ်း ကိစ္စသာ မရှုပ်ရင် ကလေးကိုခေါ်ပြီး အဲဒီသွား
ခရီးထွက်သလို သူပျော်အောင် ခေါ်သွားပြီး ဟိုရောက်မှ ကိုယ်ဝန်
ကို ဖွင့်ပြောကြမှာ...''

''မိုး ရယ်..၊ ညည်းတို့ လုပ်လဲလုပ်ရဲကြပါ့အေ၊ ငွေတွေ သော
သောက်လဲကုန်တဲ့အဖြစ်..၊ ကိုယ့်ကလေးကိုပါ ကလေးအမေ တစ်ခု
ဘဝရောက်အောင်...''

''မရောက်အောင် စီစဉ်နေတာပေါ့ ကြီးမြင့်ရယ်..၊ နောက်
ဒီကလေး ကိုကြီးလက်ထဲကနေ ပြန်ရောက်လာတာနဲ့ပြီးပြီ''

''ခု ဘယ်လိုလုပ်ကြမလဲ..''

''ခု အားလုံးလွဲကုန်မှာစိုးလို့..၊ နွေ ဆိုရင် ဖျားတောင်ဖျားနေ
ဆို...၊ ကလေးကိုသာ အချိန်မီ ပြန်မတွေ့ရင်...''

''အေး...အဲဒီလိုတွေ ဖြစ်လာနိုင်တာကျတော့ ညည်းတို့အစီအ
ထဲမှာ မပါခဲ့ဘူးမို့လား၊ မှတ်ထား..၊ အဲဒါ ကြံစည်တိုင်း ဖြစ်မလာဘူ





လက်တွေ့ပဲ၊ စိတ်ကူးနဲ့လက်တွေ့ ဘယ်တော့မှ ထပ်တူမညီဘူး..''

''အရေးထဲ ကြီးမြင့် က ဒဿနအသစ်တွေ ထုတ်ချနေပြန်ပြီ''

''ဟုတ်ပ..၊ ကလေးကို ဘယ်လိုရှာရမှန်းမသိရတဲ့အထဲ..၊ ဟို...
င်း တို့ သတင်းစာထဲထည့်ရင်ကော...''

''လုံးဝ မဖြစ်ဘူး..၊ ကလေးမှာ အန္တရာယ်များတယ်''

''ဆောင်း တို့ မမနွေ ကို ဘယ်လိုပြန်ပြောကြမလဲဟင်...''

''ဘယ်လိုမှ ပြန်ဖြေလို့ မဖြစ်ဘူး..၊ နင် နွေ ဆီကို ပြန်လိုက်...''

''ဆောင်း ပြန်ရမယ်...''

''ဟုတ်တယ်..၊ ကလေးနောက်ကို ငါ လိုက်သွားတယ်လို့ ပြော
ိုက်၊ ကလေးက ပြန်မလိုက်ချင်ပါဘူးလုပ်နေလို့ လောလော
ကလေးကို ချော့မော့ပြောရအောင်လို့ ကျန်ခဲ့တာလို့ပြော...''

''ဖြစ်ပါ့မလား မမမိုး ရယ်..''

''မဖြစ်လဲ ဖြစ်ရမှာပဲ..၊ ကလေးမှာ ပစ္စည်းနည်းနည်း ပါသွား
နည်းနည်းဆိုပေမယ့် ဒါတွေကို သူ့ဘာသာသူ ဖုံခွဲရောင်းချနေ
မ်းကို အန္တရာယ်ကြီးတယ်..၊ အဲဒါကိုသိလို့ နွေ သေလောက်
မှ နတာ...''

''မမမိုး ရယ်..၊ ဗိုင် က ကလေးလိုနေပေမယ့် ထမင်း၊ဟင်း
တတ်တာဘဲ ရှိချင်ရှိမယ်၊ သူ ဆော့ကစားလာတဲ့ စိန်တွေ၊
က်တွေကို ကိုင်လိုက်ဖဲ့နဲ့ ဘယ်ဈေးဘယ်ဟာဆိုတာ ဖြတ်တတ်
ပြီ''

''ကိုယ့်ဟာကိုယ် ဈေးဖြတ်နိုင်ပေမယ့် ဝယ်သူရှိမှ ငွေရမှာလေ..၊
က လူအများနဲ့ မဆက်ဆံတတ်သေးဘူး၊ မဖြစ်ပါဘူး.. ဆောင်း
၊ နွေ ဒီဘက်ကို ဖြန်းခနဲ လှည့်မလာအောင် လောလောဆယ်
ထိုင်သာလေးလဲ ရှိအောင်တော့ နင် အဆင်ပြေသလို ပြောထား
''



www.burmeseclassic.com

www.burmeseclassic.com



"မမမိုး က သူ ဘယ်မှာ ရှိနိုင်မယ်ထင်လို့လဲ"

"ရန်ကုန်ရောက်သွားတာလဲ ဖြစ်နိုင်တယ်…၊ ဒါပေမယ့် ငါ မန္တ မှာ ရှာဦးမှာပါ…၊ ပြင်ဦးလွင်ကိုလဲ ကြည့်မယ်…၊ ပြီးမှ ရန်ကုန် မယ်"

"မမမိုး ရဲ့ ရန်ကုန်ရောက်ဖို့ခရီးက ရှည်လိုက်တာ…၊ တော့ ကြီးမြင့် ပြောသလို ရန်ကုန်ဆင်းသွားတယ်ပဲ ထင်ပါ ကိုယ်ဝန်က ပေါ်လာတော့မှာနော်…၊ ကလေး ဒီကိစ္စကို သူ သိသွားရင် မလွယ်ဘူး"

ရင်လေးပါဘိခြင်း…။ ဒေါ်မြင့်မြင့်တင် ခေါင်းတရမ်းရမ်း နေလေသည်။ အစကတည်းက မမှန်ခဲ့တာကို ခုမှ မမှားအောင် ကြ နေတော့ရော လွယ်မလား…။





အခန်း(၁၅)

"သမီးရေ…"

"ရှင်…၊ မေမေ…"

"လာပါဦး သမီးရယ်…၊ ဝိုင် သင်တန်းမသွားသေးဘူးမို့လား၊ လာခဲ့ပါဦး"

အခန်းထဲမှ ဖူးဖူး မျက်နှာလေးမဲ့သွားကာ ဝိုင့် ကို တောင်းပန်သလို ၏။ ဝိုင် က နားလည်သည်မို့…

"ငါ အပန်းမကြီးပါဘူး ဖူးဖူး ရယ်…၊ လာ… သွားရအောင်၊ နေရတာ ကိုယ့်လုပ်ကွက်လေးပါတော့ နင့်မိဘလဲ ကြည်ဖြူတာ"

ခုမှ လူကြီးလေးနှင့် တွေ့နေရှာတော့ ဝိုင့် ကို ပိုသနားမိသည်။ ဒေါ်တွေ့ဆိမှာဆို ဝိုင် ဘယ်လိုနေရတာ သူမ အသိဆုံး…။

မေမေကလည်း ခက်သည်။ ပစ္စည်းအရောင်းအဝယ်ဖြစ်နေတုန်း က တစ်ခါ ဈေးဖြတ်ပေးဖူးသည်။ ဒါကို ဘာတွေသဘောကျနေ မသိ။ ခဏ ခဏ ဝိုင့် ကိုပဲ ခေါ်ထုတ်သည်။

ပြီးတော့ ပြောသေးသည်။ 'ခုမှပဲ မေမေက အထည်စုံ ကိုင်ရ တဲ့'။ ဖူးတို့ကတော့ မိဘအလုပ်ကို တစ်ချက်လေးတောင် စောင်း



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ခဲ့သူမို့ အလုပ်ကို နားမလည်သည့်အပြင် မေမေက 'ရော့ ဒါလေး ဝတ်ထား၊ ဂရုစိုက်နော်၊ ဒါ စိန်အစစ်''ဆိုမှ စိန်ပါလားလို့ သိရတာမျိုး..။

''လာ... သမီးတို့၊ သူလေးက သမီးရဲ့သူငယ်ချင်း၊ ခဏ အလည် လာတာ..၊ မိုးကုတ်သူစစ်စစ်ပေါ့၊ မိုးကောင်းတို့ မိုးညှင်းတို့မှာကော သူတို့က ကျောက်တွင်းလုပ်ငန်းတွေ အများကြီးရှိတာလေ၊ ဒါတွေက သူတို့လက်ထွက်တွေ...''

လို့ဆိုပြီး ရတနာဘူးကို ဝိုင့် ရှေ့ တိုးပေး၏။ ညှော်ခန်းမှာ လူစိမ်းတွေ ငါးယောက်တောင် ရှိနေကာ မိန်းမဆိုလို့ တစ်ယောက်တည်းပါ သည်။ ယောကျ်ားလေးယောက်၏ပုံစံ အနေအထားတွေကို ကြည့်ကာ ဖူးဖူး ဘဝင်မကျပါ။ မေမေ ဘာဖြစ်လို့ ဝိုင့် အကြောင်းတွေ ပြောပြနေရ တာလဲ..။ ဝိုင် လည်း မျက်နှာလေးပျက်နေတာ မြင်နေရ၏။

''ထိုင်လေ သမီးတို့..၊ သူက စိန်ကုန်သည် ဒေါ်မမစိုးတဲ့..၊ အမြဲတမ်း အဖြူရိုးကိုပဲ ကိုင်တာ..၊ ဟိုဘက်ကတော့ သူ့ရဲ့ တစ်ဦး တည်းသောသား အင်ဂျင်နီယာဘွဲ့ရပြီးပြီ..၊ ဒါပေမယ့် မအေလိုပဲ ဝါသနာတူလေ၊ နာမည်က ခိုင်မြဲ တဲ့..''

''သမီးလေးက မိုးကုတ်ကလား..၊ ဒါကြောင့်မို့ထင်တယ် လူကို က ရတနာရောင်တွေတောက်နေသလိုပဲ၊ အသွေးအမွေးက သိသာတယ် နော်''

မေမေကတော့ လုပ်ပြီ..၊ အလုပ်ကိုဘေးမှာထားပြီး ဖူးစာဖက် ပွဲစားလုပ်နေတဲ့အတိုင်းပါလား။ ပြောဆိုရယ်မောတာတွေ ပြီးတော့မှ...

''ကြည့်ပါဦး သမီးရယ်၊ ပစ္စည်းက အရမ်းသန့်တော့ အန်တီ မဖြတ်နိုင်ဘူး ဖြစ်နေတယ်''

ဘူးယဲမှာ စိန်တွေနှင့်ကွင်းထားသည့် ပတ္တမြားလက်စွပ်တစ် ကွင်း..။ ဝိုင် က ဒီတိုင်း ငုံ့ကြည့်လိုက်ကာ...

''စိန်ကိုတော့ ဝိုင် သိပ်မသိဘူး အန်တီ..၊ ဟိုလေ...''





''အမယ်လေး သိပ်မသိဘူးဆိုလဲ သိနေတာကိုက လုံလောက်ပါ ပြီ၊ ပတ္တမြားကို အန်တီက ပိုစိတ်ဝင်စားတာ..၊ ဝယ်လက်က အနီဆို သိပ်စိတ်ဝင်စားတာကွယ့်''

ရတနာကုန်သည်ဆိုသည့် ဖူးဖူး ရဲ့အမေက တကယ်တော့ ပွဲစား ပဲလား။ ဒါကြောင့် ဖူးဖူး က သူ့အမေခေါ်လိုက်တိုင်း မျက်နှာမထား တတ်အောင် ဖြစ်နေတာကိုး..။

ပြီးတော့ ဖူးဖူး ဖေဖေလည်း ဒါကို သိပ်သဘောကျပုံ မပေါ်ပါ။ အိမ်မှာ ဧည့်သည်လာပြီဆို ရှိမနေတတ်တာဘဲ များ၏။

''သမီး ဒီပစ္စည်းလေးက အခု ပွဲစားလောကမှာ နာမည်ကြီးနေတဲ့ အမွေဆိုင်အိမ်ကြီးနဲ့ သက်ဆိုင်တယ်ကွယ့်''

''ဟုတ်...''

စိတ်မဝင်စားပေမယ့် လက်စွပ်ကို လက်ထဲလာထည့်ပေးတော့ လည်း သေချာကြည့်မိသည်။

''အဲဒီအိမ်မှာ တကယ့် ရတနာအစစ်အမှန်၊ အရည်အသွေးကောင်း တွေ ရှိတယ်''

ဒေါ်မမစိုးက 'ဟုတ်တယ်'လို့ပြောပြီး ထိုင်နေသည့်ကိုယ်ကပါ တတ်သရော ဖင်ရွှေ့တိုးလျက်...

''သမီးက သိချင်မှ သိမှာ..၊ အဲဒီအမွေဆိုင်အိမ်ကြီးက ထွက်လာ ပစ္စည်းကို လိုချင်ကြလို့ ဝယ်လက် တော်တော်များများကဆို ပွဲစား ကို မျက်ခြည်ပြတ်မခံကြဘူးကွယ့်''

''ဒါက အဲဒီအိမ်ကြီးက ပစ္စည်းလား..''

''ဟင်... ဟုတ်တယ်လေ သမီး..၊ ဘာဖြစ်လို့လဲ..၊ မစိုးက ယ်သူ့ကိုမှသွားမပြသေးဘဲ အန်တီနဲ့ တမင်လာညှိတာ...''

''ဟုတ်တယ် သမီးရေ..၊ အန်တီက ပွဲသက်မရင့်သေးဘူးလေ၊ ကောင်းရှိပေမယ့် သဇင်ဖူး တို့မပါရင် မပြီးတော့...''



www.burmeseclassic.com

www.burmeseclassic.com



''အမယ်လေး..၊ ဒီကလဲ ဝယ်လက်ကောင်းတွေနဲ့ ချိတ်ပေးထား တာလေ...''

''ဟုတ်ပါ့ ကျေးဇူးရှင်ရယ်..၊ အဲဒါကြောင့် ဒါကို ဈေးဖြတ်ပြီး သဇင်ဖူး ပဲ ယူလိုက်ဖို့ ကျေးဇူးဆပ်တာပါ၊ ဝယ်လက်ရဲ့လက်ထဲကို ဘယ်ဈေးနဲ့ပဲ ရောက်သွားသွား စိုး က လည်ပင်းရှည်မကြည့်ပါဘူး ပစ္စည်းကောင်းလို့ သဇင် ပဲ ယူထားမယ်ဆိုလဲ...''

''မလုပ်နဲ့... မလုပ်နဲ့..၊ တို့ အဲဒီလောက် မချမ်းသာသေးဘူး''

စကားက ဝိုင့် ကို မေးသည့်မေးခွန်းကနေ ဘယ်တွေရောက်ကုန် သည် မသိ..။ ဝိုင် က လက်စွပ်ကို လှည့်ပတ်ကြည့်နေရင်း ဒီတိုင်းပဲ စောင့်နေလိုက်၏။

''ဒါဆိုရင် မစိုးက တို့လက်ထဲကို တကယ်ထည့်တာလား.. တစ်ယောက်တစ်ဝက်မဟုတ်တာ သေချာတယ်နော်''

''သေချာပါတယ် သဇင်ဖူး ရယ်..၊ ဒါမှ သဇင်ဖူး က တို့ရဲ့ နောက်ထပ် လက်တွဲမှာပေါ့..၊ ဒီပွဲတစ်ပွဲတော့ ပေးစားရမှာပေါ့''

''ဟုတ်ပြီ..၊ ကဲ... သမီး ဈေးဖြတ်ပါဦး''

''ဘယ်လောက်တန်သလဲဆိုတာ ဝိုင် အတိအကျကြီး မဖြတ်တတ် ဘူး အန်တီ..၊ ဒါပေမယ့်...''

ဝိုင် က လက်စွပ်ကို ဖွင့်လျက်သားဘူးလေးထဲကို သာသာလေး ပြန်ထည့်လိုက်ကာ...

''လက်စွပ်က အနိုသိပ်မသန့်ဘူး..''

''ဟင်...''

''ဟုတ်ရဲ့လား သမီးရယ်..၊ သေချာကြည့်ပါဦး...''

ဝိုင့် စကားကြားသည်နှင့် ဖူးဖူး မျက်လုံးတွေ ဒေါ်မမစိုး တို့လို ရောက်သွား၏။

ဒေါ်မမစိုး မျက်နှာပျက်သွားကာ မတ်တတ်ရပ်နေသည့်





ယောက်ထံ ဖျတ်ခနဲ လှမ်းကြည့်၏။ ထိုလူနှစ်ယောက်က ဆင်ပြောင် ...း အားမာန်ကြီးသည့်အသွင်နှင့် ဝိုင့် ဘေးကို တစ်ဖက်တစ်ယောက် ...သွားကာ...

''နေကြပါဦး..၊ ခဏလေး...''

ဒေါ်သဇင်ဖူး က ကမန်းကတန်း ထရပ်လိုက်ပြီး ယောကျ်ားနှစ် ယောက်နှင့် ဝိုင့် ကြားထဲမှာ ခြားနားလိုက်သလို နေ၏။

''သမီး... သမီးသိတာလေး ဒီထက်နည်းနည်းလောက် ပြောပြပါ ...ကွယ်၊ ဒီအမွေဆိုင်အိမ်ကြီးက ပစ္စည်းဆိုရင်...''

''မပြောချင်တော့ဘူး အန်တီ..၊ ဝိုင် က...''

''ပြောပါ သမီးရယ်..၊ အရမ်းအံ့သြတာက သမီးပေါ်မှာ ယုံကြည် ...စိတ်နဲ့ မဆိုင်ပါဘူး၊ သမီး ဒီတစ်ခါတည်း ဖြတ်ဖူးတာလဲ မဟုတ် ဒါနဲ့ဆို သုံးခါရှိပြီ..၊ သမီးကို အန်တီ ယုံပါတယ်''

''မလိုတော့ဘူး ဒေါ်သဇင်ဖူး...''

ရပ်နေသည့်နှစ်ယောက်က လက်စွပ်ဘူးကို ငုံ့၍ ကောက်ယူလိုက် ... ဒီပစ္စည်းက ဘယ်သူ့လက်ထဲကလာမှန်း မသိသော်လည်း ခုချိန် ...ာ့ ဒေါ်မမစိုး တို့သားအမိလည်း မျက်စိမျက်နှာပျက်ကာ ဘာမျှ ...ပြောနိုင်..။ ထိုင်နေသူနှစ်ယောက်က မင်းသားကြီးဒီဖိုင်းနဲ့ ...ည်းဖြည်း ထရပ်လိုက်၏။

သူက ဝိုင့် ရှေ့ စားလွယ်ခုတ်လောက်မှာဖြစ်ကာ မတ် မတ်ရပ်ပြီး ...ပဲ စူးစိုက်ကြည့်ကာ...

''မင်းက နို့နံ့ မစင်သေးပါဘူး..၊ ဘာတဲ့.. ဝိုင် ဟုတ်လား..၊ ...''

''ကျွန်မက ဝိုင် ပေမယ့် တမာဝိုင်...''

''ဟား... ဟား... ဟား...''

''ဒီမှာ မစိုး..၊ မစိုး နဲ့ သူတို့က...''



www.burmeseclassic.com

www.burmeseclassic.com



"သူက စိုး ရဲ့တူပါ"

ဟု ဒေါ်မမစိုးက ဖြေလိုက်ပြီး ရပ်နေသူကို ဒေါ်သမကင်းစွာ မော့ကြည့်၏။

"သတ္တိ..၊ မင်း... မင်းတို့ ငါ့ကို..."

"အန်တီ အသာနေစမ်းပါ..၊ ဒီအလုပ်ကို ကျွန်တော်တို့လုပ်လာတာ အုပ်ခဲ့ဆိုကတည်းက..၊ နာမည်တစ်လုံးနဲ့ နေလာတာ၊ ဒီကောင်မလေးကြောင့် ကျွန်တော်တို့ကို မယုံသင်္ကာမကြည့်ပါနဲ့..."

"မဟုတ်ဘူးလေ..၊ ပစ္စည်းရှင်ကလဲ ငါတို့မှမဟုတ်တာ၊ မင်းတို့ကို..."

"သူများလိမ်တာ ခံရအောင် ကျွန်တော်တို့က သူငယ်နှပ်စားတွေမှ မဟုတ်တာ..."

"ဟုတ်တယ်..၊ ကျွန်တော်တို့က နာမည်တစ်လုံးနဲ့နေတာ၊ အစွန်းအထင်း မခံနိုင်ဘူး"

တစ်ယောက်တစ်ပေါက်ပြောကြတော့ ဝိုင် က ရယ်သည်။

"နာမည်တစ်လုံးကလဲ ပြောလှချေလား..၊ သူခိုးတကောက်ပြားလဲ နာမည်တစ်လုံးနဲ့ပဲနော်..၊ ခုချိန်ထိ ရာဇဝင်တွင်ကျန်ခဲ့တဲ့သူ..."

"ဟေ့.. မင်း ဘာပြောလိုက်တာလဲ"

"အို.. မစိုး..၊ မစိုးရဲ့တူတွေ ဘယ်လိုလဲ..."

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ချိန်မှာ ဖူးဖူး ရဲ့ဖေဖေပါ ထွက်လာ၏။

"ဖေဖေ.. မေမေ့ညှိုသည်တွေကို လုပ်ပါဦး..."

ပါးစပ်အဟောင်းသားလေးဖြစ်နေခဲ့သည့် ဖူးဖူး က ဖအေကိုမြင်မှ ပြေးတိုင်၏။ ဒေါ်သဇင်ဖူး နှင့် ဒေါ်မမစိုး တို့လည်း အဆင်မပြေ..။

"စိုး တောင်းပန်ပါတယ် သဇင်ဖူး ရယ်..နော်..၊ ဒီပစ္စည်း ဒီလိုဆိုတာ စိုး တကယ်မသိပါဘူး၊ အဲဒီအိမ်ကပစ္စည်း ဆိုတော့လေ..."





"အန်တီက ဒီလိုတောင်းပန်နေတာ ကျွန်တော်တို့ကို လိမ်တယ်လို့ ...ပ်စွဲလိုက်တာလား..၊ ဟိုကောင်မလေးကိုတော့ ယုံကြည်ပြီး ကျွန်တော် ...တို့ကို..."

"ကိုသတ္တိ..၊ ခင်ဗျား ဒီလို မေမေ့ကို လက်ညှိုးထိုးမပြောပါနဲ့..၊ ...ပ်နေတယ်ထင်ရင် ရှင်းလို့ရတယ်"

"မင်း မပါနဲ့..၊ ဒီကိစ္စ မင်း မပါဘူး"

"မပါလို့ရမလားဗျ.."

"ဟေ့.. ဟေ့.. တော်ကြတော့..၊ ဒေါ်မမစိုး တို့သားအမိကို ...နာပေမယ့် သူတို့ ဒီထက် စော်ကားမော်ကားပြုမူလာရင် ကျွန်တော် ...ကို ဖုန်းဆက်ရလိမ့်မယ်"

ဦးမောင်မောင် မျက်နှာတင်းတင်းကြီးနှင့် ဝင်ပြော၏။

တစ်အိမ်လုံး လူငယ်ချင်း ဖြစ်လိုဖြစ်..၊ လူကြီးတွေနှင့်မပြေလည် ...လုံးရှုပ်ကုန်၏။

"ဟေ့.. ဒီမှာ...၊ မင်း... မင်း အဲဒီလို ကျပ်ကျပ်လှစွာလုပ်..."

လက်ညှိုးထိုးတတ်မှ စကားပြောတတ်ပုံရသည့် သတ္တိ ဆိုသူက ... မျက်နှာကို လက်ညှိုးထိုး ကြိမ်း၏။

"ဘာသတိထားလဲ..၊ အဲဒါ ခြိမ်းခြောက်မှုနဲ့ တရားစွဲလို့ရတယ် ... လူပါးဝလို့..."

ဖူးဖူး ကလည်း ခုမှ ပြောဖို့ဆိုဖို့တွေကို သတိရပုံပေါ်သည်။ ...သဇင်မင်း က သတ္တိ တို့ကို ရွံ့ရှာသလိုကြည့်ကာ...

"ငါတို့က ဖြူသည်,မည်းသည် ဘာမှမဆုံးဖြတ်ရသေးဘူး..၊ ...လုပ်ရပ်ကို မင်းဘာသာ ပြန်ဖော်တာ၊ တော်တော်ကြောက်စရာ ...င်းတဲ့လူတွေပဲ..၊ တော်သေးတာပေါ့.. ဒီပစ္စည်းယူပြီး တခြား...ကို ...ပြမိရင်တော့..၊ အမယ်လေး..လေး..."

"သဇင်ဖူး ရယ်..၊ စိုး တကယ်မလိမ်ပါဘူး၊ လုံးဝကို...သိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမစိုး က ထွက်သွားသည်အထိ တောင်းပန်နေတုန်းပါ။ သူတို့ တွေမရှိကြတော့ ဒေါ်သဇင်ဖူး က ဝိုင် ကို ပခုံးဖက်၍ချော့သည်။

''သမီးကို ကျေးဇူးတင်လိုက်တာကွယ်..၊ တကယ့်ကယ်တင်ရှင်လေးပါပဲ''

''မေမေက ကယ်တင်ရှင်လုပ်နေ..၊ ဝိုင် အတွက် အန္တရာယ်များ ဟယ် သိရဲ့လား..''

''ဒီလိုမထင်လို့ပေါ့ သမီးရယ်..၊ မေမေလုပ်ခဲ့သမျှ ဒီလို တစ်ခါမှ မဖြစ်ခဲ့ဘူး၊ အမွေဆိုင်အိမ်ကြီးကို ခုတုံးလုပ်ပြီး ဒါ သက်သက်လိမ်တာ''

''မေမေ့ ဒေါ်မမစိုး ကရော သူမသိပါဘူးဆိုပြီး ဒီပစ္စည်းကို မေမေ့လက်ထဲ ဝ,ကွက်အပ်နေတာလေ၊ ဒါလား မသိတဲ့လူ..''

''သမီး တော်တော့...''

ဦးမောင်မောင် က သမီးဖြစ်သူကို ဟန့်တား၍ ဒေါ်သဇင်ဖူး ကို ငဲ့ကြည့်ကာ...

''မင်းအလုပ်တွေကို ငါ ဘာမှမပြောဘူးနော်..၊ ကလေးတွေနဲ့ မပတ်သက်စေနဲ့...''

ဟု သတိပေးပြီး အိမ်ပေါ်ပြန်တက်သွားလေသည်။ ဖူးဖူး ကလည်း ဝိုင် ကို အားနာပါသည်။ စိုးရိမ်ခြင်းတွေလည်း ဖြစ်မိသည်။ ဝိုင် ကတော့ ပေါ့ပါးသည့်အပြုံးနှင့် လွယ်အိတ်လေး ကောက်လွယ်သည်။

''သွားပြီ..''

သင်တန်းထွက်သွားသည့် ဝိုင် ကျောပြင်လေးကို သားအမိနှစ်ယောက် ငေးကြည့်ကျန်ခဲ့ရင်း ဒေါ်သဇင်ဖူး ခေါင်းတရမ်းရမ်း ဖြစ်နေဆဲ..။

တော်သေးတာပေါ့...။





## အခန်း(၁၆)

ကားပေါ်ကဆင်းလိုက်ပြီး နာရီကြည့်တော့ သင်တန်းချိန်က လွန်နေပြီ။ တက်တာ သိပ်မကြာသေးတော့ အပေါင်းအသင်းကလည်း ရင်းနှီးတဲ့လူ သိပ်မရှိသေးပေ..။

ဝိုင် ဘာလုပ်ရမှန်းမသိသေးဘဲ ခြေလှမ်းတွေကတော့ လှမ်းနေဆဲဖြစ်၏။ ရန်ကုန်နှင့် မရင်းနှီးသော်လည်း သွားရဲလာရဲနေတာက ပြဿနာမရှိပါ။ စားသောက်ဆိုင် တစ်ယောက်တည်းဝင်ထိုင်ဖို့ကျတော့ နေရာတကာမှာ မဖြစ်ပြန်..။

''အ...''

''ဆောရီး...''

နောက်ကနေ ဖိနပ်ကို နင်းမိမလို ဖြစ်သွား၏။ ဝိုင်သာ ကြိုးသိုင်းနှင့်ဒေါက်မြင့်စီးမထားလျှင် တကယ် နင်းမိပြီး ဖိနပ်ပါပြုတ်သွားနိုင်သည်။ ရှေ့ကို စိုက်ခနဲ ယိုင်ပြီးသွားမှ ဒေါသနှင့် လှည့်ကြည့်မိ၏။

ဝိုင် ထိတ်ခနဲ ဖြစ်သွားလေသည်။ သတ္တိ ဆိုသည့်လူနှင့် သူ့အဖော်တစ်ယောက်..။

www.burmeseclassic.com



''ခင်ဗျား ဘာလုပ်တာလဲ...''

''ဆောရီးလို့ပြောတာ မကျေနပ်ဘူးလား..''

''အို...''

သူက ဝိုင့် ကို တံမင်တကာ ရင်ဘတ်နှင့် ပစ်တိုက်၏။ သေလု မြောပါးရောင်လိုက်ရသဖြင့် ခြေချင်းချိတ်မိကာ လူက ဟတ်ထိုးလဲတော့ မလို ဖြစ်သွားသည်။

''ဟား... ဟား... မင်းက ရုပ်လေးနဲ့မလိုက်အောင် သတ္တိကောင်းတာပဲကွ..၊ ပညာကလဲ မခေပါဘူး၊ ပြောပါဦး..၊ ခုနကလို သူနိုးငတက်ပြားတောင် နာမည်တစ်လုံး တွင်ကျန်ခဲ့တယ်ဆိုတာ...''

''လူကို မထိပါနဲ့..''

ပြောရင်းနှင့် မေးဖျားကို လက်ညှိုးကွေးနှင့်လှမ်းတို့တော့ ဝိုင်က ပုတ်ချပစ်လိုက်သည်။

''မင်းပြောတဲ့ စကားလေးတစ်ခွန်းကြောင့် ငါတို့ နစ်နာသွားသမျှ မင်း ပြန်ပေးရမယ်၊ အဲဒါ ဘာလဲ သိလား...''

''ဟော့...''

သူတို့နှင့် ခပ်လှမ်းလှမ်းကို ဆလွန်းကားအဖြူလေးတစ်စီး ထိုးရပ်သွားပြီး ,ဘေးမှန်တစ်ချပ် လျှောခနဲ ကျလာ၏။

''မှတ်တမ်း...''

ဝိုင် ဒီတစ်ခါ ဝမ်းသာအရ ခေါ်လိုက်မိသည်။ ကားပေါ်မှာလည်း မှတ်တမ်း က သူငယ်ချင်းတွေနှင့် တစ်နေရာမှာ စုချိန်းပြီး စားသောက်ပြန်လာတာမို့ ရှေ့ရောနောက်ရော လူတွေပြည့်နေ၏။

''ဘာဖြစ်နေတာလဲ..''

''ဒီမှာ လိုက်နှောင့်ယှက်နေတာ...''

ပြောပြီး ဝိုင် ခပ်သုတ်သုတ်လေး လျှောက်ထွက်ခဲ့သည်။ လှမ်းများဆွဲလိုက်မလားလို့ ရင်တွေတဆိတ်ထိတ် ဖြစ်နေတာက ခြေထောက်





နဲ့မြေကြီး ထိသည်မထင်..။

ကားပေါ်ကလူကလည်း လျင်သည်။ ဝိုင် ထွက်လာတာမြင်တာနှင့် ရှေ့ကလူ နောက်ခန်းထဲကို ပြောင်းထိုင်သူက ထိုင်..။

''ဝိုင် လိုက်မယ်နော်..''

''တက်လေ...''

မှတ်တမ်း က ဟိုနှစ်ကောင်ကို ပေစောင်းစောင်းကြည့်ပြီးမှ ကားမောင်းထွက်သည်။

''ဘာတွေဖြစ်နေတာလဲ''

''သူတို့က လူလိမ်တွေ...''

''လူကောင်းတွေ မဖြစ်နိုင်ဘူးဆိုတာ အသိသာကြီး..၊ မင်းကိုမြင်လိုက်ရရင် ဒီလိုပုံစံနဲ့ချည်းပဲမို့လို့ အံ့သြဖို့တောင် မေ့နေပြီ..''

''မေ့နေလဲ ဆက်မေ့လိုက်တော့..၊ ကားရပ်ပေး ရပြီ..''

''ဘာ...''

တကယ်ဆို ကိုယ်က ကယ်တင်ရှင်..၊ သင်းကပဲ မာရေကျောရေနှင့်။ နောက်ကကောင်တွေ ပါးစပ်ပိတ်ကြည့်နေကြတာကို သိတော့ နည်းနည်းရှက်မိသည်။ ကျေးဇူးတင်ရမယ့်အစားကို...

''မင်း အခု ဘယ်ကနေ ဘယ်ကိုကြွမလို့လဲ..''

''ဘယ်ပဲကြွကြွ ပူမနေပါနဲ့..၊ ဒီမှာ ရန်ကုန်မြို့မှာ လူလိမ်လူ ဘောက်တွေရှိမှန်း သိတယ်..၊ ဒါပေမယ့် မကြောက်ပါဘူး''

''အောင်မာ..၊ မင်း အခု ငါရောက်မလာရင် ဘာဖြစ်သွားမယ် ထင်လို့လဲ..၊ ကားပေါ်က လူအင်အားကိုမြင်လို့ ဟိုက အံကြိတ်ကျန်ခဲ့တာ၊ မဟုတ်ရင် မင်းကို ငါလဲ ကယ်နိုင်မှာ မဟုတ်ဘူး''

''ရှင်မလာလဲ တခြားလူတော်လူကောင်းတွေ အများကြီး ကျန်သေးတယ်၊ ကယ်တင်ရှင်ဖြစ်ခွင့်ရဖို့က လွယ်တယ်နော်..၊ အသင်ကြီး စောင့်နေတတ်ဖို့ပဲ လိုတာ...''



www.burmeseclassic.com

www.burmeseclassic.com



''ဘာကွ..''

ဒေါသတွေ ဆောင့်ထွက်ကုန်တော့မှ ကားက တုံ့ခနဲ ရပ်လေသည်။

''ကဲကွာ.. မင်းတို့ကလဲ တစ်ယောက်နဲ့တစ်ယောက် သူစိမ်းတွေ လဲ မဟုတ်ကြဘဲနဲ့ ရန်ပဲဖြစ်နေကြတယ်၊ မင်းပဲ မနေနိုင်လို့ ကူညီခဲ့တာ မို့လား..၊ ဘာလို့ စကားနိုင်လုနေတာလဲ''

ဇေယျ နှင့် ခဲတံ တို့ နောက်မှာပါလာသည်။ ဟိုအရင်တစ်ခါ အကြွေ ငါးရာကိစ္စနှင့် မယ်မင်းကြီးမလေး ဘာလိုလိုတွေပြောသွားတာ ကြောင့် သူမနှင့် ဘယ်လိုသိကျွမ်းရပါသည်၊ ပတ်သက်ပါသည်ဆိုတာ တွေ ဇေယျ တို့ကို ရှင်းပြခဲ့ရသည်။

ထို့ကြောင့် ဝိုင် နှင့် သူ တစ်မြို့တည်းဇာတိတွေမှန်း မသိပေမယ့် သိကျွမ်းပတ်သက်ခဲ့ဖူးမှန်း ဇေယျ တို့ သိနေကြ၏။

''နေဦး...''

နောက်တော့ သူပဲ အလျှော့ပေးလိုက်ရခြင်းဖြစ်ကာ...

''မင်း အခု ဘယ်မှာနေတာလဲ...''

ဝိုင် က တံခါးလှည့်ဖွင့်လိုက်ရင်း လည်ပင်းလေးလိမ်၍ ပြန်ကြည့် ကာ..

''သူငယ်ချင်းအိမ်မှာ...''

''ဘယ်သူနဲ့လဲ..၊ ဟို... မင်းအိမ်က ဘယ်သူနဲ့လဲ..''

''သြော်... အိမ်ကလူကြီးတွေပါမှတော့ သူငယ်ချင်းအိမ်မှာ နေ ရမလား''

''မင်း နိုးထွက်လာခဲ့တာမို့လား''

ဝိုင် က စဉ်းစားသလိုလေး ဖြစ်သွားပြီးမှ ဆတ်ခနဲ ခေါင်းညိတ် တော့ အပြာရောင် နားဆွဲဝိုင်းလေးတွေ လှုပ်ရမ်းသွား၏။

''မင်းတို့ တစ်နေရာမှာ အေးဆေး စကားပြောပါလား..၊ ငါ ဒီကနေ ကားငှားသွားတော့မယ်''





သူ့ငယ်ချင်းတွေက သူတို့အစီအစဉ်နဲ့သူတို့ ပြောရင်း ကားပေါ် က ဆင်းကုန်ကြ၏။ ဝိုင် က ဆင်းရတော့မလိုလို.. ဒီတိုင်းနေရမလို.. ကြည့်ဒီကြည့် ဖြစ်သွားသဖြင့် မှတ်တမ်း ၏ မထိုးတတ်ထိုးတတ် စောင်းတစ်ချက် သူမဆီ ဝေ့လာကာ...

''တံခါးပြန်ပိတ်လိုက်..''

ဟု ပြောလိုက်ပြီး ကားစက်ပြန်နှိုး၏။ ကားသည် ဘယ်လမ်း ကြောင်းရယ်မဟုတ်ဘဲ ဒီတိုင်း ဆက်လိမ့်သွားခဲ့ရင်း...

''မင်း တော်တော်သတ္တိရှိတာပဲ ဝိုင်..၊ ရန်ကုန်မြို့ကို ဘာမှတ်လို့ ''

''ဘာမှန်းမသိလို့ လာချင်တာလေ..၊ အန်တီတို့လက်ထဲမှာနေရင် တက်ကနေ ဘယ်မှရောက်ဖူးတော့မှာ မဟုတ်ဘူး..''

''အခု ရောက်ဖူးပြီမို့လား..၊ ပြန်တော့...''

''ဘာ!...''

''သူငယ်ချင်းအိမ်မှာ မင်း ဘယ်လောက်ကြာကြာ လုံခြုံနိုင်မှာလဲ''

ဒါကျတော့ ဝိုင် အသံတိတ်သွား၏။

ဒုံးဖုံး မျက်နှာပျက်နေတာ ကိုယ့်ကို လက်မခံချင်လို့မဟုတ်မှန်း းလည်သည်။ ဒီနေ့ ဖြစ်ပျက်ခဲ့တာတွေကို ခြုံငုံကြည့်လျှင် ဒီမှာ က်မနေသင့်တော့ကြောင်း ကိုယ်တိုင် နားလည်ရမှာ ဖြစ်၏။ ဒါပေမယ့် သူမ အိမ်မပြန်ချင်..။

ဝိုင်း မျက်နှာကို အကဲခတ်ကာ မှတ်တမ်း က လမ်းဘေးက ဆိုင်လေးတစ်ဆိုင်မှာ ကားကိုရပ်လိုက်ပြီး ဆင်း၏။

''စကားပြောရအောင်...''

''ဘာလဲ ပြန်ဖို့ပြောမလို့လား..၊ သိကြားမင်း ဆင်းလာပြော ခေါင်းမညိတ်ဘူး''

''သိတယ် မင်းအကြောင်းကို..၊ ကဲ... ဆင်းပါဆိုကွာ.. ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့..."

ဒီကောင်မလေးကို စိတ်ဆိုးလည်း ခဏပဲဖြစ်ဖြစ်နေတာ ဘာကြောင့်မှန်းမသိ..၊ ပြောဆိုမကောင်းတဲ့ မာကျောကျောပုံလေးကို ဒေါသဖြစ်ရ..၊ စိတ်ပူရ..။

ကိုယ့်စိတ်ကို မလုံလို့ ဖြေတွေးလိုက်တော့ တစ်မြို့တည်းသားချင်းမို့ဆိုတဲ့ အဖြေထွက်၏။

"ပြောပြမလား..၊ ခုနက လူနှစ်ယောက်နဲ့ မင်းကိစ္စ..."

"မင်းကိစ္စ မဟုတ်ပါဘူး..၊ သူများကိစ္စကို မဖြစ်မနေ ပါမိလို့"

စားပွဲတစ်လုံးမှာ အတူထိုင်မိကြပေသော့ မှတ်တမ်း ဖ,ပေးလိုက်တာနှင့် ဝိုင် ကလည်း ဖူးဖူး တို့အိမ်မှာ ဖြစ်ခဲ့သမျှ အားလုံး ပြောပြ မှတ်တမ်း က နားထောင်နေကာ...

"မင်းက အခု သင်တန်းပြီးရင် အဲဒီကို ပြန်သွားဦးမယ်ပေါ့"

"တစ်ရက်၊ နှစ်ရက်တော့ နေရဦးမှာပေါ့..၊ ပစ္စည်းကလဲ ဖူးထားနေလို့ မထုခွဲရသေးဘူး..၊ နေဖို့၊ စားဖို့အတွက် လောလော ဝိုင် ဘာမှမှ မစီစဉ်တတ်သေးတာ.."

"ဘာမှ ကတ်တာမရှိဘဲနဲ့ မင်း ခွန်အားရှိတယ်နော်..၊ အိမ်လူကြီးတွေတော့ ဘာတွေဖြစ်ကျန်ခဲ့မလဲ မသိဘူး.."

"သူတို့က ဘာမှဖြစ်ဖို့မရှိဘူး..၊ ဒီမှာ ကိုယ့်ကိုယ်ကိုယ် ဘယ်စီမံရမှန်း မသိလို့.."

"ဒါနဲ့ စောစောကပြောတော့ မကြောက်ဘူးဆို..."

"မကြောက်ပါဘူး..၊ ဒါပေမယ့် မရိုးရိမ်ရတော့ဘူးလား"

"အဟွန်း..."

"ရှင်က လူကို ဒီခေါ်လာတာ အဲဒါကို မျက်နှာကြည့်ပြီး လှောလား"

ဝိုင့် မျက်နှာလေးနီသွားတာ မြင်သွားတော့ သူက သွားတွေ





ဆောင် ပြုံး၏။

မှာထားသည့် ကော်ဖီနှစ်ခွက် ရောက်လာတော့ ဝိုင် ဒေါသပြေအောင်လား ဒါမှမဟုတ် လက်က အလိုအလျောက် အလုပ်လုပ်ခြင်းကို ဖြစ်စေတာလား..။

ဘာမှန်းမသိဘဲ ဝိုင့် အတွက် သူကိုယ်တိုင် ကော်ဖီထုပ်ဖွင့်၍ သကြားဖျော်ပေးပြီးမှ ရှေ့တိုးပေးလိုက်ကာ...

"မင်းနဲ့ ရန်မဖြစ်ချင်ပါဘူး..၊ ရော့.. သောက်ဦး..."

"ဟွန်း..."

မဲ့လည်းမဲ့၍ မျက်စောင်းထိုးသေးသည်။ ပြီးတော့ ကော်ဖီကိုယူသောက်၏။

ထူးဆန်းတဲ့ ဒေါသပါလား..၊ နောက်ထပ် မျက်စောင်းတိုးခံချင်သော ဒီပါးစပ်က ပြုံးမိပြန်သည်။

ဝိုင် က မမြင်ချင်ယောင်ဆောင်၍ ကော်ဖီပန်းကန်ကို မချတမ်းသောက်၏။ ကုန်ပြီဆိုမှ ချထားလိုက်၏။

"ဘာမုန့်မှလဲ မရှိဘူး"

"ဒီမှာ မုန့်တွေလေ.."

မုန့်ဘူးတွေ ချထားတာကိုကြည့်ကာ ဝိုင် က မဲ့ရွဲ့နေ၏။

"ဒီလောက် မှုန်မှိုင်းနေတဲ့ဟာ..၊ ဘယ်လောက်ကြာတဲ့ မုန့်တွေလဲ မင်း သိလား..."

"ဘယ်လိုလုပ် သိမှာလဲ.."

"မသိရင် မစားနိုင်းနဲ့လေ..၊ သူကျတော့ မစားဘဲနဲ့..."

"ဟောဗျာ..၊ ကော်ဖီကို အာပူလျှာပူလောင်အောင် မှုတ်ပြီး မုန့်ကို စားတာ မင်းလေ..၊ ဆာနေတာသိလို့ ရှိတာကို ပြောတာ..၊ မင်း ဟာတော် စေတနာစော်ကားပါလား"

"မစော်ကားစေချင်ရင် ရှင်လဲ ပြောသင့်တာပဲ ပြော..."



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ဗိုက်ဆာနေလို့ မျိုချပြီး မုန့်ကိုပါ ထပ်မေးလိုက်ပြီး နည်းနည်း ရှက်သွားမိသည်။ ဒါကို မှတ်တမ်း က ထပ်ပြောလိုက်တော့ ဝိုင် ရှက်ရှမ်းရှမ်းနေတာ ဖြစ်၏။

ဒီနေ့ကျမှ အိမ်ကနေ ဘာမှမစားဖြစ်ခဲ့သည့်ဗိုက်က ဘယ်လို ဟန်မဆောင်နိုင်ဘဲ ဖြစ်သွားသည်။

ဒီတစ်ခါလည်း မှတ်တမ်း က ပါးစပ်ပိတ်သွားခဲ့တာ ဖြစ်၏။

ဒါပေမယ့် ခပ်စေ့စေ့ နှုတ်ခမ်းသားတို့က ပြုံးယောင်သမ်းဆဲ… မသိဘဲနေမလား ဒီကောင်မလေး ရှက်နေတာ…။





## အခန်း(၁၇)

"မှတ်တမ်း…၊ မင်း ဟိုနေ့က ဝိုင် ဆိုတဲ့ကောင်မလေးကို ဘယ်လို …င်ခဲ့လဲ…"

"စီရင်ရအောင် ငါက တရားသူကြီးလား"

…ဘားပြောပြီး ဆိုင်ထဲကထွက်လာတော့ နှစ်ယောက်သား နောက်

…ကောင်မလေးက မင်းမှ စီရင်ချက်မချ

…က်ချလို့ မရဘူး၊ လိုလဲ မလိုဘူး၊ စကားပြော …ချည်း သဟောက်သဟမ်းလုပ်နေတာ…"

"အဟွန်း… မင်းကလဲ ချစ်စရာလေးပါ"

မှတ်တမ်း ခြေလှမ်းတုံ့ပြီး ပြန်ငဲ့ကြည့်တော့ ဇေယျ က စပ်ဖြဲဖြဲ …နှာကို အတင်းအကျပ် ပြန်တည်ထားရသည့်ပုံနှင့်…

"တစ်မြို့တည်းသားချင်း မင်းကလဲ…၊ ငါတို့ကတော့ မင်းရဲ့ …သားနဲ့စာရင် ဝိုင် က ချစ်စရာကောင်းပြီး ဖြူတယ်"

"ငါက မဖြူတာကိုပဲ ကြိုက်တာ…"

www.burmeseclassic.com



''ဟုတ်ရဲ့လား မှတ်တမ်း ရာ..၊ မင်း ထိပ်ထား ကြောင့် ဘယ်လောက်ညစ်နေတာ ငါတို့ သိတယ်''

''ဟုတ်ပေမယ့် အခု ထိပ်ထား က ပျော့ပျော့ပျောင်းပျောင်းလေး ဖြစ်လာပုံပဲကွ..၊ ညက ဒီကောင်မရှိတုန်း ဖုန်းဆက်တာ နှစ်ခါတောင်..''

''ဟင်...''

မှတ်တမ်း နှင့် ဇေယျ အံ့သြသည့်မျက်နှာတွေနှင့် လှည့်လာကြသည်။ သူတို့သုံးယောက် ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကို သုံးယောက် အသွဲလိုက်ကြီး ချိတက်နေကြရင်း...

''ခဲတံ မင်း တကယ်လား..''

မှတ်တမ်း က မျက်မှောင်ကြုတ်နှင့် ထပ်မေးသည်။

''တကယ်မို့လို့ ပြောတာပေါ့ကွ..၊ ငါကတော့ ပြောလိုက်တယ် မင်းစိတ်ဆိုးလဲ မတတ်နိုင်ဘူးကွာ..၊ သူက မနက် ခုနစ်နာရီကြီးချိန် တော့ စိတ်ကတိုလာတာနဲ့ သူတို့မြို့က ညှို့သည်မိန်းကလေး ရောက် နေတယ်လို့.. အဲဒါ သူ မလာဘူးလို့...''

''မင်းကွာ...''

''ငါ ကြိုပြီး တောင်းပန်ထားတယ်နော်..''

''တောင်းပန်ထားတယ်ဆိုပြီး ထင်သလို ပြောထည့်လိုက်လို့ မလားကွ..၊ ကျွတ်... မင်း တကယ့်ကောင်ပဲ..''

ဒီလောက်လေး ပြောနေပေမယ့် မှတ်တမ်း ဘယ်လောက်စိတ် နေပြီမှန်း ခဲတံ နားလည်သည်။ ဘာပဲဖြစ်ဖြစ် ဒီမိန်းမကို ဒီလိုပြော ခုန်းသွားလည်း မတတ်နိုင်..။

သူငယ်ချင်းကို နိုင်နေလွန်းလို့ ဒေါသဖြစ်ရတာတွေ ကြာလည်း ကြာခဲ့ပြီ။ များလည်း များခဲ့ပြီ။ ဒီလောက်တော့ အနစ်နာခံပြီး ဆော ရွက်မှလို့ စိတ်ကိုပြန်တင်း၍...

''မင်းကလဲ သူကပြောလိုက်ရင် မှတ်တမ်း အားရဲ့လား..၊ အ





ရဲ့လားလို့ မစဘူး..၊ မှတ်တမ်း ကိုပြောပေးပါ၊ မနက် ခုနစ်နာရီတိတိ ဘယ်ကိုလာခဲ့..၊ နောက်မကျစေနဲ့..၊ ဘာညာ သူမလာမချင်း စောင့်ပါ လို့ ပြောလိုက်ပါဆိုတာက ပါသေး...''

မှတ်တမ်း က မျက်နှာလွှဲသွားကာ ဇေယျ က မဲ့၏။

''သူ့ဘက်က ယူမယ်ဆိုတာချည်းပဲ..၊ လှလို့ မာန်တက်တယ်ဆို တာ ထားလိုက်စမ်းပါ၊ ချစ်သူအပေါ်မှာတော့ ဆက်ဆံရေး ပြောင်းသင့် တာပေါ့ကွ..''

''အေးလေ..၊ ငါက အဲဒါကို မခံချင်လို့''

သူတို့နှစ်ယောက်ကို မှတ်တမ်း က လှည့်ကြည့်ကာ ခဲတံ မျက်နှာ ပေါ်မှာ အကြည့်ရှုးစိုက်၍...

''မင်းပြောတဲ့ ထိပ်ထား ဘက်က ပျော့ပျောင်းလာပြီဆိုတာ လား''

''အေး... ဟုတ်တယ်..၊ ခါတိုင်းဆိုရင် သူ ဖုန်းဆက်တဲ့အချိန်မှာ မင်းမရှိရင် ခုလို ကောင်မလေးတစ်ယောက်နဲ့ ဘယ်လိုညာဘာ သူ ယယ်ဖြစ်ရင်...''

''အခု သူ ဘာမှဖြစ်မသွားဘူးလို့ မင်းတို့ကြီးတော်က ပြောလား..''

''မှတ်တမ်း ရာ..၊ မင်းမှာလဲ ဒါလေးကို ရင်တမမနဲ့ ချစ်နေတုန်း နော်''

''ခဲတံ မင်းမရှုည်နဲ့..၊ မေးတာကိုပဲ ဖြေ...''

လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြတော့ ခဲတံ က နောက်ဆုံးကျမှ ထောင့်ခန်း ထိုင်ချလိုက်ကာ...

''မင်းရဲ့ထိပ်ထား ဘာမှမဖြစ်တဲ့အပြင် မင်းကို နှစ်ခါဖုန်းဆက် တာ မရလို့ စိတ်ပူသွားတဲ့ပုံလဲ ပေါ်တယ်..၊ နောက်ဆုံးဆက်တော့ ရောက် မှာသွားသေးတယ်၊ ပြောဖြစ်အောင် ပြောပေးပါနော်..၊ ထိပ်ထား ကြီးနေလို့ပါ..၊ သူ့ညှို့သည်မိန်းကလေးက အဖော်မပါဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကို လာတာလား… မေးတာတွေ အများကြီးမှာ တစ်ခုမှ အရင်လို လေသံ မပါဘူး၊ ငါ လောင်းရဲတယ်ကွာ၊ မင်း သွားတွေ့ရင် လုံးဝ ရှော့မရှိစေရဘူး”

မှတ်တမ်းက မယုံကြည်သေးသလိုရှိနေလျက် ဖေယျ က စိတ်ဝင်စားသွား၏။

“ဘယ်လိုဖြစ်သွားတယ်ထင်လဲ ခဲတံ…”

“မသိဘူးလေ..၊ ဟိုတစ်ခါ ဝိုင် နဲ့ ကန်တင်းမှာဆုံတာပဲ ငါတို့သိတာ..၊ မှတ်တမ်း မင်းနဲ့သူ တွေ့ဖြစ်သေးလား..”

“မတွေ့ဖြစ်ပါဘူး..၊ သူ ဝိုင် နဲ့တစ်မျိုးထင်သွားမှန်းသိလို့ ငါလဲ ဘယ်ကစရှင်းရမှန်းမသိတော့ သူ့ချိန်းမှပဲ သွားမယ်ဆိုပြီး…”

“အေး…ကောင်းတယ်..၊ ဒါနဲ့ မင်း အရင် သူ စိတ်ကောက်တိုင်း တကောက်ကောက် လိုက်ချော့နေရတာမို့လား၊ ခုလို နေဖူးလား…”

“သူက စိတ်ကောက်နေတာမျိုးလဲ မဟုတ်ဘူးကွ..၊ သူ တစ်ခုခု ထင်ပြီဆို တစ်ဖက်သားမှာ ဘယ်လိုအခြေအနေဖြစ်နေနေ သူထင်တာပဲ မှန်တယ်၊ သူ အပြစ်ပေးတာကို ကျေနပ်…”

“ဖြစ်ရလေကွာ..၊ အပြစ်ပေးတာကိုပဲ ကျေနပ်နေရဦးမယ်လို့”

“ဒီကောင်က ကျေနပ်နေတာပဲဟာ…”

စကားမဆုံးသေးဘဲ သူငယ်ချင်းဘက်က ကရုဏာဒေါသတွေ ပွထကုန်ကြပြန်သည်။

“ကဲ… ဆက်ပြောကွာ..၊ ခု ခဲတံ ပြောလိုက်တာ သူ ဘာဖြစ်သွားနိုင်လဲ”

“မသိဘူး..”

“မှတ်တမ်း က မသိပေမယ့် ငါ သိတယ်…”

“ဘာလဲ…”

“နေဦး…၊ အာခေါင်ခြောက်လို့..”





ဟု ဆိုပြီး လက်ဖက်ရည် သုံးခွက် မှာ၏။ ပြီးမှ…

“ဝိုင့် ကိုမြင်ပြီး လွတ်မယ့်ငါး ကြီးသွားတာ…”

“ဘယ်လို…”

“ဟုတ်တယ်..၊ မင်း မယုံရင်ကြည့်နေ တကယ်တော့ ဒီကောင့်ကို ထိပ်ထား က ချစ်တယ်ကွ”

“ခဲတံ မင်း မတည့်အောင် မပြောနဲ့နော်..၊ အလိုလိုကာမှ ထိပ်ထား ကို ဒီကောင် ခေါင်းပေါ်တင်ချင်နေတာ..”

မှတ်တမ်း ခံစားချက်တွေ ရင့်သန်နေတာ သူတို့ သိသည်။ ထို့ကြောင့် ထိပ်ထား ကို ပိုမိုတွယ်တာစေသည့်စကား ဘယ်သူပြောဟာမှ ကြိုက်..။

“ငါကလဲ ပြောချင်လို့ မဟုတ်ပါဘူး..၊ တို့က မခံချင်ဒေါသတွေ ချက်နေတာပဲ ရှိတာ၊ ဒီကောင်က ရလို့လား၊ ဘာပဲဖြစ်ဖြစ် လိုက်လေပြေးလေဆိုတာတော့ သိစေချင်တယ်ကွာ..၊ ထိပ်ထား က သူ့ကို အမြဲ ဘမ်းနိုင်နေရလို့ အနိုင်ကျင့်ရုံလေး တွဲနေသလိုလို ထင်ရပေမယ့် ဒီကောင် ခု ပုံစံပြောင်းလိုက်တာနဲ့ သူလဲ ပြောင်းသွားမှာပဲ”

ဒီတစ်ခါ ဖေယျ ဘာမှမပြောတော့ပါ။ မှတ်တမ်း ကလည်း တွေ့ပ်..။

“မင်းကွာ ချစ်တာတော့ ချစ်တာပေါ့ကွ..၊ မင်းပြောသလို သူလဲ မိန်းမအလုပ်လုပ်တာ၊ ငါကလဲ ယောကျ်ားအလုပ်ပဲ လုပ်ရတာပေါ့ဆိုပြီး အနိုင်ကျင့်သလို ဆက်ဆံနေတာကြီးကို တကောက်ကောက် ဖြစ်နေတော့ စဉ်းစားကြည့်..၊ ချစ်လို့ အလိုလိုက်တာနဲ့ မတူဘူး၊ နောက်ထပ် အစားမရနိုင်တော့တဲ့ ရတနာတစ်ပါးကို ထုပ်ပိုးမက်နေတာနဲ့ တူနေတယ်”

“သူ သိပါတယ်ကွာ..၊ ချစ်မှန်းသိလို့လဲ ဆိုးနေတာပါ”

“မဟုတ်ဘူးကွ..၊ အဲဒါ လိုက်လို့ပြေးနေတာ၊ မင်းမလိုက်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေကြည့်ပါလား သူ ပြန်လှည့်လာလိမ့်မယ်''

''ဟုတ်တယ် မှတ်တမ်း..၊ သူ အခု နည်းနည်းတော့ ရှိန်သွားပြီ ဖြစ်မယ်၊ မင်း ဝိုင့် ကို ကျေးဇူးတင်လိုက်တယ်''

''ဘာဆိုင်လို့လဲ...''

''ဝိုင်-က သူ့ရှေ့မှာ ငါးရာတန်တစ်ရွက်နဲ့ လာဖွသွားတာလေ..၊ မင်းရဲ့ထိပ်ထား ခဲတံ ပြောသလို သေချာတယ် မှတ်တမ်း၊ ဘာပဲဖြစ်ဖြစ်ကွာ ကိုယ်မှ မပစ်နိုင်ရင်လဲ နိုင်မြဲဖို့နည်းလမ်း ရှာရမှာပေါ့ကွ..၊ ဒီထဲမှာ လိုတိုးပိုလျော့ လုပ်သင့်ရင် လုပ်ရမှာပဲ''

''ကဲပါကွာ... ထိပ်ထား နာမည်ကြီးပါလာရင် ရင်ပူလွန်းလို့ ခဏထားစမ်းပါ..၊ ဝိုင့် အကြောင်း ပြောရအောင်...''

''ဘာမှမရှိဘူး''

''တွေ့လား...''

''ဟုတ်တယ်လေ..၊ သူနဲ့ ငါ ဘာဆိုင်လို့လဲ''

''ဟ... ဇလိုင်းကြီး ကောနေပါလား..၊ ဇေယျ ငါတို့က ဆိုင်ပါတယ်လို့ ပြောမိလို့လား...''

''အေးလေ...''

ဒီကောင်တွေ တွန်းပို့နေပြန်ပြီ။ မှတ်တမ်း မထိတထိပြုံး၍ လက်ဖက်ရည်ရောက်လာတာကို အေးဆေး မွှေနေလိုက်၏။ ဝိုင့် ကို သူဝယ်မလို့ ရည်ရွယ်ထားတဲ့ တိုက်ခန်းလေးမှာ စိတ်ချရတဲ့ အသိတစ်ယောက်နဲ့ အတူတူထားပေးလိုက်ပြီ ဖြစ်သည်။

ဒါကို သူတို့ထင်သလို ဘာညာတွယ်တာမှုတွေ မပါပါ။ မိဘချင်းလည်း ခင်မင်နေကြသည်..၊ ဝိုင့် ကိုလည်း သူ အကြိမ်ကြိမ်ကူညီခဲ့ဖူးတာမို့ သူမ တစ်ခုခုပြဿနာရှိပြီဆို သိနေမြင်နေလျက်နှင့် ဘယ်လိုမှမမြင်သလို မကြားသလို မနေနိုင်တာ အကျင့်ပါနေလို့..။ ဘယ်သူမှ မဝေဖန်ရအောင် တစ်ယောက်ကိုမှ အသိမပေးဘဲ ရပ်ထားလိုက်တာတောင်မှ...





''အေးလေ..၊ မင်း မပြောချင်လဲရပါတယ်၊ ဒါပေမယ့် ဒီတစ်ခါဖြန့်တွေ့ရရင်တော့ ဟိတ်ကောင်... မင်း မပြောလဲ ကိုယ့်ဘာသာကိုယ်စုံစမ်းလို့ရတယ်..''

''ဘာကိုလဲ...''

''ဘာဖြစ်ဖြစ်...''

''အဟွန်း...''

သူ ရယ်တော့ ဇေယျ က မျက်စောင်းထိုးကာ...

''ခဲတံ မနက် ခုနစ်နာရီ ဒီကောင် မလာနိုင်ဘူးပြောလိုက်တော့ ထိပ်ထား ဘာဖြစ်သွားလဲ..''

''ညနေ ပြန်ချိန်းတယ်လေ..၊ ပြောဖြစ်အောင် ပြောလိုက်ပါတဲ့..၊ သူ သိဖို့ပဲ လိုတယ် တဲ့..၊ ဟွန်း..''

''အေးလေ မင်းကကော ဘာလို့ ပြန်ပြောနေသေးလဲ''

''ဒီကောင်ကကော အသံကြားတာနဲ့ ပြေးချင်နေတာလေ..၊ မပြောလိုက်ချင်ဘူး''

''မပြောနဲ့ပေါ့ကွာ..၊ မင်းမပြောတော့ ငါ ခွေးမဖြစ်တော့ဘူးပေါ့''

''ဒါတော့ သိသားပဲ''

ထိပ်ထား ကို ကြည့်မရကြပေမယ့်လည်း ကိုယ့်လူက သူမ မပါရင် ပွဲမစည်ဘူးဖြစ်နေတော့...

''ဟွန်း..၊ ခုကစပြီး ဘဝဆက်တိုင်း ဝိုင် နဲ့ ညားပါစေဗျာ..''

ခဲတံ က ဒေါသဖြစ်ဖြစ်နှင့် အကျယ်ကြီး အော်၏။

''ဟာ... ဟိတ်ကောင်..၊ မင်း ဘာလုပ်တာလဲ..''

''မသိဘူး..၊ အဲဒီအတိုင်းပဲ ပြောချင်နေလို့...''

''သေလိုက်..''



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

''မင်း အဆင်ပြေလား...''

''ပြေပါတယ်၊ ဒါပေမယ့်...''

''ဘာဖြစ်လို့လဲ''

''ဝိုင့် မှာ ပိုက်ဆံမရှိတော့ဘူး..''

''ဟ... မြန်လှချေလား''

နှစ်ယောက် စကားပြောနေတာကိုကြည့်ကာ ဇေယျ နဲ့ ခွေမိုးနီးစပ်တော်သည့် ဒေါ်ဝတ်မှုန် က ပြုံးနေ၏။ ဝိုင် သည် ဆံပင်တိုတိုလေးကို နောက်မှာ သားရေကွင်းနှင့် စည်းထားသဖြင့် ဘေးနှစ်ဖက်မှာ ရှုပ်ပွနေအောင် ပြန်ကျနေသော ဆံစလေးတွေကြောင့် ပို၍ စိတ်ရှုပ်နေပုံပေါက်နေ၏။ ထို့ပြင် ရှပ်အင်္ကျီနို့နှစ်ရောင်ပွပွလေးနှင့် ခြေဖျားမရောက်တရောက် စကက်ရှည်ကြီးတဖားဖားနှင့်...

''ရှင့်ကို သူများ ပြောသားပဲ..၊ ဝိုင့် ပစ္စည်းကိုပဲ...''

''မင်း ဘာတွေပြောနေတာလဲ ဝိုင်..၊ မိဘဘိုးဘွားပိုင်ဆိုတာ သားသမီးက ထိုင်ဖြုန်းနေဖို့ မဟုတ်ဘူး..၊ စုဆောင်းရကောင်းမှန်း သိရတယ်၊ တန်ဖိုးထားရတယ်..''





''ဟာ... ရတနာတွင်းထဲက ထွက်နေတာဥစ္စာ..၊ မိဘဘိုးဘွားပစ္စည်းလို့ တံဆိပ်နှိပ်ထားသလား''

''ဘာ.. ဘာပြောတယ်..၊ တွင်းထဲကထွက်နေတာ ဟုတ်လား..''

''အင်း..''

''မင်း..၊ ကျွတ်!...''

''ဟား... ဟား...''

ဒေါ်ဝတ်မှုန် က ဝိုင့် မျက်နှာလေးကို လှမ်းကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်၏။ မှတ်တမ်း က စိတ်ပျက်သည့်မျက်နှာကြီးနှင့်ဖြစ်ကာ...

''မင်း အဲဒါတွေကို လေး,ငါးသိန်းတန်ပဲ ထင်နေလား ဝိုင်..၊ ပစ္စည်းတစ်ခုကို...''

''မသိဘူး..၊ ရှင်ပေးတဲ့ငွေကိုပဲ ထည့်ပြီးသုံးနေရအောင် ဝိုင်က ရှင့်မိန်းမမှ မဟုတ်တာ..၊ ဒီတိုက်ခန်းငှားခလဲ ဝိုင့် ဘာသာပေးချင်တယ်၊ ကိုယ်ပိုက်ဆံနဲ့ကိုယ် သုံးချင်တယ်..၊ ရှင် ဒါကို လုပ်ပေးမှာလား၊ မပေးဘူးလား''

''ဘာမှမထူးဘူးလေ..၊ မင်းကို ငါက အလကားပေးသုံးနေတာ တစ်ခုမှ မရှိဘူး၊ အားလုံး စာရင်းနဲ့ ဖယားနဲ့ အခိုင်အမာ ရှိတယ်၊ မင်းအတွက် လုံခြုံအောင် လူကြီးသူကြီးနဲ့ ငါထားပေးတယ်၊ လိုအပ်တဲ့ငွေကိုလဲ...''

''မသိဘူး...၊ ရှင် တိုင်းတာပေးနေတာကို မလိုချင်ဘူး''

''မင်းက အသုံးတွေ အရမ်းများနေတာ ဝိုင်..၊ ငါ ယောက်ျားလေးအောင် ဒီလောက် မသုံးဘူး၊ ဘယ့်နှယ် တစ်လမပြည့်သေးဘူး နှစ်သိန်းကုန်ပြီဆိုတာ...''

''ကုန်ပြီ.. သုံးမှာပဲ..၊ ရှင် ပေးမှာလား.. မပေးဘူးလား..''

''ဟား...၊ မင်း ရူးတော့ပါလား''

''ရူးတာပဲ..''



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် က တကယ့်ကို ခွတ်တရွတ်ဆန်နေလျက်··။ မြေပြင်မှာ ခြေဆင်းငိုတော့မယ့်အတိုင်း···

"ဒီနေ့ သင်တန်းရှိလား···"

"မရှိဘူး··၊ ဒီနေ့ ရှင်နဲ့ အဲဒါတွေ အပြတ်ရှင်းချင်လို့ မသွားဘဲ နေတာ"

မှတ်တမ်း က လှစ်ခနဲ ပြုံး၏။

"ဒါဆို သွားမယ်···"

"ဘယ်ကိုလဲ···"

"ပိုက်ဆံ လိုက်ယူလေ··၊ ဒီနေ့ ငါ ဒီကို ထပ်ရောက်မှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ···"

"ထိပ်ထား နဲ့ ချိန်းထားတယ်"

ဝိုင် က မှတ်တမ်း မမြင်အောင် မဲ့ပစ်လိုက်ပြီး ဒေါ်ဝတ်မှုန် ဝင်သွားတဲ့ဆီ လိုက်ကြည့်ကာ···

"အဲဒီ ထိပ်ထား ဆိုတာလေ ရှင်နဲ့ တော်တော်သက်တမ်းရင့်နေပုံပဲနော်"

"အဲဒါ ပင်းနဲ့မဆိုင်ဘူးလေ··၊ အင်္ကျီသွားလဲ···"

"မလဲပါဘူး··၊ ဒါပဲ···"

"ဟင်!···"

မှတ်တမ်း ဟင်ခနဲ ပြန်ကြည့်၏။ အင်္ကျီပွပွ၊ စကက်ပွပွနဲ့ မျက်နှာမှာ နှုတ်ခမ်းနီကလွဲပြီး ဘာမှမရှိ··။

"ပြင်ချင်လဲ မင်းပဲနော်··၊ ရတယ်··· ဒါဆိုသွားမယ်"

နှစ်ယောက်သား ကားနားကိုရောက်တော့ ဝိုင် က နှာခေါင်းလေး ရှုံ့ပြီး လက်နဲ့ပွတ်သည်။

"ရှင့်ကားကလဲ နံတယ်!"





"ဟုတ်တယ်··၊ ခြေထောက်ထက်မြန်တာလေး လိုချင်လို့ ဝယ်ထားရတာ···၊ ငါက မင်းလို ဘွင်းထဲကနေ ရတာနာမရဘူး"

"လူကို စကားနာမထိုးပါနဲ့၊ ရှင့်အမေလဲ နာမည်ကျော်သူဌေးပဲ"

"သူ ဌေးတာ ငါနဲ့ ဘာဆိုင်လဲ···"

"အောင်မာ··"

ဝိုင် က ကားထဲကို ဆောင့်ခနဲ ဝင်ထိုင်လိုက်ကာ···

"မီဘရင်းနိုးထူလောင်ပေးတာနဲ့ လုပ်ကိုင်နေပြီးတော့ လေလုံးက လှထက်မြင့်နေပြီ"

"ဝါသနာပါတယ်"

နှစ်ယောက် အတူရယ်ဖြစ်ကြပြီး ကားသည် မီနီမားကက်လေး တစ်ခုရှေ့မှာ ရပ်သွား၏။

"ရှင့်ပိုက်ဆံက ဒီမှာလား···"

"နည်းနည်းပါးပါး ယူလို့ရတယ်··"

"ဟာ·· မရဘူးနော်··၊ ရှင် ပစ္စည်းတစ်ခုစာ ပေးရမှာ၊ အဲဒါကို ဝိုင့် ဘာသာလုပ်တာ မကြိုက်ရင် ရှင်ကြိုက်တာလုပ်၊ ဝိုင် က အပြည့်ရမှ ဖြစ်မှာ···"

"ဒီနေ့တော့ ဒါပဲ ယူထားဦးလေ၊ ဒီညနေကျ··· ကဲ··· မင်း ဒီလောက်လိုနေရင် ညနေလာပေးမယ်၊ ရလား···"

နှစ်ယောက်အတူ ဆင်း၍ မားကက်လေးထဲ ဝင်ခဲ့ကြသည်။

"အဲဒီမှာ လျှောက်ကြည့်ဦး··၊ ကိုယ် အပေါ် ခဏတက်ဦးမယ်"

မှတ်တမ်း က အပေါ်ထပ်တက်သည့် လှေကားအတိုင်းဆီ ခြေပြီး ထွက်သွား၏။

ဝိုင် ဟိုကြည့်ဒီကြည့်နှင့်သွားနေရင်း ဒီလူ ငွေဝင်ချောတာသာ ဒါမှမဟုတ် ဒီမားကတ်က သူ့လုပ်ငန်းလား··။

သင်တန်းမှာလည်း သူက သင်တန်းဆရာ··။



www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးတဲ့စိတ်လေးတော့ ဟိုနေရာက ပေါ်လာ..၊ ဒီနေရာက ပေါ်လာပါ၏။ ထို့ပြင် ထိပ်ထား နာမည် ပါလာတိုင်းလည်း စိတ်ထဲမှာ မနှစ်မြို့ခြင်းတွေ ဖြစ်နေတာတတ်ခဲ့၏။

မညာတမ်းဝန်ခံရလျှင် မှတ်တမ်း ကို သူမ စိတ်ဝင်စားနေခဲ့ပြီဖြစ် သည်။ ကိုယ့်အတွက် ပထမဆုံးဖြစ်ခဲ့သူဟာ ချစ်သူငှတ်တုတ်နှင့် ရှိနေ သည်ဆိုတော့ ဒါကို ဝိုင် ခေါင်းထဲက ထုတ်ခဲ့ရ၏။

ဘာလုပ်မှာလဲ..၊ ကိုယ့်အတွက်မဟုတ်တာကို လွမ်းလို့ သေပြနေ စရာလား..။

"အမေ့..."

"အို... အရမ်းပဲ.."

နှစ်ယောက် ပခုံးချင်းချိတ်မိတာကို ကိုယ်ကပဲ ရမ်းသတဲ့..၊ ဝိုင် ကိုယ့်ကြောင့်ပြုတ်ကျသွားသည့် ခေါက်ဆွဲခြောက်ထုပ်ကို ကောက် ကာ စင်ပေါ် ပြန်တင်လိုက်ပြီးမှ...

"ငေးနေကြတာချင်းအတူတူကို ဘယ်သူ့ကို ရမ်းတယ်ပြောတာ လဲ"

"ငေးပေမယ့် တို့က..."

"ဩော်..."

ဝိုင် မှတ်မိသွားသည်။ နက်ပြာရောင်ဝတ်စုံတောက်တောက်နှင့် အရမ်းလှနေတာက ထိပ်ထား..။ မျက်ရစ်ဆွဲထားတဲ့ အပြာရောင် မျက်တောင်ဖျားလေးတွေပေါ်မှာ အပြာ၊ နှုတ်ခမ်းသားတို့မှာ မှောင်လဲ့ သောအပြာရောင်နှင့်..။

မိန်းမသားချင်းတောင် 'သိပ်လှတာပဲ' ဆို့ ဖွင့်ပြောမိမတတ်ပါ။ ထို့ပြင် လည်တိုင်မှာ အပြာရောင် ခရစ်စတက်ကြိုးကို နှစ်ထပ်လိမ်လျက် ဆွဲထားး၏။

နားပွင့် အပြာရောင်လေးဟပ်ကာ သူမပတ်ဝန်းကျင်မှာ မိုးသား





ဒိမ်လိပ်တွေပဲ ဝိုင်းနေရှာသလား ထင်ရအောင် ကောင်းကင်ဆန်နေ သည့်အလှ..။

ဒါကြောင့် မှတ်တမ်းတို့ မောင်ကြီးမခွာနိုင်ဆိုတာမျိုး..။

"မင်းကိုး...၊ ဘယ်မှာလဲ.. မှတ်တမ်း မပါဘူးလား"

"ပါတယ်လေ..၊ ဟိုမှာ..."

"ဟင်!..."

"ထိပ်ထား..."

ထိပ်ထား က လှည့်အကြည့် အပေါ်ထပ်ကနေ ပြေးဆင်းလာ သည့် မှတ်တမ်း ကလည်း လှေကားအဆုံးမှာ ဒီနားကိုအရောက် အချိန် ကွက်တိ..။

ထိပ်ထား ကိုမြင်လိုက်ကာမှ ဒီတိုင်းကိုင်ထားသည့် ပိုက်ဆံထုပ် သတိရ၏။ ဒါပေမယ် ဘာမှလုပ်လို့မရတော့ပေ။ အဖြူရောင် ကြွပ်အိတ်ပါးလေးက ငွေငါးသိန်းလောက်ကို ထင်းနေအောင် မြင် ပေးထား၏။

ထိပ်ထား ကလည်း ပိုက်ဆံတွေကို ပိုက်ဆံမှန်း သိနေပြီဖြစ်လျက် မျက်တောင်ဖျားလေးတွေ စင်းကျငြိမ်သက်နေတဲ့အထိ စိုက်ကြည့်၏။

ထို့နောက် မှတ်တမ်း ကို မျက်လွှာပင့်ကြည့်တော့ တရားခံ ကြည့်..။

"ထိပ်ထား မုန့်ဆက်တော့ မှတ်တမ်း က သွားစရာရှိလို့ဆို..၊ ...သား..."

"ကိုယ်... ဟိုလေ.. အဲဒါလား..၊ ဟုတ်တယ် ဒါပေမယ့်..."

"ကဲ... ပေးစရာရှိတာ အရင်ပေးပါ၊ ပြီးမှ ရှင် စကားဆက် ..."

ဝိုင် က မှတ်တမ်း လက်ထဲမှာ မီးထတောက်တော့မလို ပြောလာင် သည့် ငါးသိန်းအိတ်ကို သူမဘာသာ ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထိပ်ထား ကိုကြည့်ပြီးမှ မျက်နှာလေးမော့၍…

"ပြန်တော့မယ်…၊ ညနေ ဆက်ဆက်လာနော်…"

"ဝိုင်…"

"နေခဲ့တော့ ရတယ်…၊ ကိုယ့်ဘာသာ ပြန်မယ်"

"ဟ… နေဦး…"

ဝိုင့် ကို စိတ်ပူပြီး ခြေလှမ်းပြင်လိုက်ပေမယ့် ထိပ်ထား မျက်… တွေကို မကျော်နိုင်…။

"လိုက်သွားလေ၊ မပြီးပြတ်နိုင်တဲ့ အပေးအယူတွေလဲ ဆက်… ပေါ့"

ထိပ်ထား က လက်ပိုက်ကြည့်ပြီး ခနဲ့သည်။

"မဟုတ်ပါဘူး ထိပ်ထား ရယ်…၊ ဝိုင် ကလဲ မိုးကုတ်က… ကိုယ်နဲ့ ရပ်ဆွေရပ်မျိုးပါ"

"ဟင်… သူက မိုးကုတ်က ဟုတ်လား…"

ပြောပြီးမှ မုတ်တမ်း ခပ်အမ်းအမ်း ဖြစ်သွားကာ…

"မိုးကုတ်ကပေမယ့် ကိုယ်က လူမွဲပါ…၊ အဲဒါကြောင့် … မပြောဖြစ်တာ၊ ဝိုင် က ဒီကို အိမ်ကလူကြီးတွေမသိအောင် ခိုးထွက်… တာလေ၊ အဲဒါကြောင့် ကိုယ့်မှာလဲ စောင့်ရှောက်ရမယ့် ဝတ္တရားရှိတ… လား…"

"စောင့်ရှောက်ရတဲ့ငွေက သိန်းနဲ့ချီသလား မုတ်တမ်း…၊ ယု… အောင် ပြောလေ…"

"ဒါတွေက… ဟို… ရှုပ်ကုန်ပြီကွာ…"

မုတ်တမ်း ခေါင်းမယားဘဲ ကုတ်ရခြင်းသို့ရောက်လျက်…

"ကိုယ့်ကို နားလည်ပါကွာ…၊ ဝိုင် နဲ့ကိုယ်က လုံးဝ ရိုး… တယ်…၊ ကောင်မလေးက ရွှဲချင်တဲ့အကျင့်လေး ရှိတယ်၊ အဲဒီ… အပြောအဆိုကလဲ မတတ်ဘူးလေ၊ မင်း အထင်လွဲပြီး ပြောဆိုနေတ…





သို့ သူ့ဘက်က မချေမငံပုံစံ ဖြစ်နေတာပါ"

"သော်… ထိပ်ထား ကစပြီး လက်ဆွဲနှုတ်ဆက်ရဦးမယ်ပေါ့"

"မုတ်တမ်း…၊ မုတ်တမ်း… လုပ်ပါဦး…"

"ဟင်… ဘာတဲ့…"

ရှင်းလို့ မပြေလည်သေးခင် ဝိုင် ပြေးလွှားပြန်ရောက်လာ၏။ …ားကက်ထဲမှာ အခြားလူတွေလည်းရှိကာ ဝိုင့် ပုံစံ မိုးရိုးဖားရားကို …မ်းကြည့်နေကြ၏။

ထိပ်ထား မျက်နှာ သွေးဆုတ်လို့မရ ဖြစ်နေတာကိုလည်း ဝိုင် …တိမထားမိတော့ဘဲ မုတ်တမ်း လက်ကိုဆွဲ၍ အထဲဘက်ကို အတင်း …ပြေးဝင်သည်။

"ဘာလဲ…၊ ဘာဖြစ်လာတာလဲ…"

"အပြင်မှာ… အပြင်မှာလေ အန့်တီဆောင်း ရယ်…၊ ဒီထဲကို …င်လာမလို့ထင်တယ်၊ ရှင့်ကိုမြင်ရင် ဝိုင့် ကို မေးချင်မေးမှာ၊ ရှင့်ပါးစပ် …ို မယုံလို့…"

အင်္ကျီချိတ်တွေဘက်မှာ ဝင်နေတာ အားမရဘဲ ဟင်းရွက်တွေ …ားသည့် အအေးခန်းကိုကွယ်ရင်း မုတ်တမ်း ကိုပါ အနားမှာ ဆွဲထား …

"တကယ်လို့ ရှောင်လို့မလွတ်ရင်တော့ရင် ဒါမှမဟုတ် ဝိုင် မပါ …ဲ တစ်နေရာရာမှာ တွေ့သွားရင်လေ ဝိုင့် ကို မမြော့ပါဘူး…၊ မမြင်ပါ …ူး…လို့ ပြောနော်…"

"မပြောဘူး…၊ လူမိုက်အားပေး…"

"မပြောကြည့်လေ…၊ ဘယ်သူ ဘာနဲ့ပဲ ချုပ်ထားထား၊ ဝိုင် … ထွက်ပြေးမှာပဲ၊ ပြီးမှ ရှင့်လက်ထဲမှာရှိနေခဲ့တဲ့အချိန်တွေ ထည့်…က် … ရှင့်ကို ဒုက္ခပေးခဲ့မှာ…"

"ဘာ!…"



www.burmeseclassic.com

www.burmeseclassic.com



"တယ်… ဟို… ဟိုမှာ…"

ဒီဘက်ကို တည့်တည့်လျှောက်လာနေသည့် ဆောင်း က…
ဘာကိုမှမမြင်…။

သူမ ဦးတည်နေတာက စာရင်းကိုင်စားပွဲက စာရေးမလေးဆီ…

"ဒီမှာကွယ် ဒီမားကက်က ဦးမှတ်တမ်း ပိုင်…၊ ဟုတ်ပါတ…
နော်"

"ဪ ဟုတ်ပါတယ်ရှင့်၊ ဒါပေမယ့် သူ့ဒွေး ဒီနေ့ မလာသေး…
ဘူး"

"ဟင်…"

ဝိုင် အံ့ဩသွားပြီး သူ့မျက်နှာကို ကြည့်လိုက်မိသည်။ ထိုအ…
တစ်ယောက်ကွယ်သာရုံလေးရှိသည့်နေရာမှ ဝိုင့် ကိုယ်တစ်ခြမ်းက အ…
ကို အစွန်းထွက်သွား၏။

"ဟိတ်… ဒီဘက်တိုးလေ…"

ပြောပြီး ဆွဲလိုက်ရုံပါ။ ဒါပေမယ့် ဆောင်း က ဒီဘက်လှည့်ဖ…
လာတာမြင်လိုက်တော့ ဝိုင့် ကိုယ်လေး ပျောက်သွားအောင် သူဆွဲ…
ထားလိုက်၏။

"အို… ဘာလုပ်…"

"လာနေပြီ…၊ ငြိမ်ငြိမ်နေ…"

သူ့မေးဖျားက ဝိုင့် နဖူးလေးအထက်မှာ ထိသွားမိလိုက်…၊ …
သွားလိုက်…။

သူ့ကိုယ်က အကောင်းစားရေမွှေးနံ့က တစ်မျိုး…၊ ဝိုင် ရင်တွေ…
ကာ ဘယ်လိုမှ ငြိမ်ငြိမ်မနေနိုင်ဘဲ လှုပ်စိလှုပ်စိနှင့် ဂနာမငြိမ်…။

မှတ်တမ်း မှာလည်း ဤသို့ ဖြစ်လာခဲ့၏။ အစက အမှတ်တမဲ့…
ဘာမှမဖြစ်။ ဝိုင် က ရုန်းနေတော့ ရင်ဘတ်ကိုတွန်းတော့ ပခုံးကိုဆွဲ…
လက်မောင်းကို ဆိတ်သလို ထိုးသလို ဖြစ်နေတော့ လက်ကိုဆွဲချုပ်…





မရမက ဆွဲဖက်ထားရသလို ဖြစ်လာလျက် စိတ်လည်းတိုကာ
…နှာလေးကို ငုံ့ကြည့်လိုက်မိ၏။ ထိုအခါကျမှ ရှိန်းခနဲဖြစ်သွားသည့်
…ဘက်ထဲမှာ၊ ဝိုင့် ပါးပြင်လေးတွေ ရဲတွတ်နေတာက အဓိကဖြစ်မှန်း
…ထားမိ၏။

နှုတ်ခမ်းနီမြန်းနေသည့် ပါးပြင်လေးနှစ်ဖက်က ပန်းသွေးရောင်ထ
…။ ဝိုင် ဘယ်လောက်ရှက်နေသလဲဆိုတာ မျက်ခုံးအစပ်နားလေးတွေ
…နေတာကို မြင်တာနှင့် သိသာသည်။

သူမ ရှက်နေတာနဲ့ သူ ရင်ခုန်သံမြန်တာ ဆိုင်သလား။ မသက်
…ဘူးထင်ပေမယ့် ရင်တွေ ခုန်နေတာက အမှန်တကယ် ဖြစ်၏။

"မသွားသေးဘူးလား"

သွားလမ်းလေးဘက်ကို ဝိုင် က ကျောပေးထားရသဖြင့် မမြင်
… မှတ်တမ်း က မျက်နှာလွှဲ၍ ခေါင်းခါပြ၏။ သူ့ရင်ထဲမှာ တုန်ယင်
…ချုပ်နေခဲ့လျက်…။

ဤကဲ့သို့ အချစ်နှင့် သူစိမ်းဆန်သော ရင်ခုန်သံတွေလည်း ဖြစ်
…သလား…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

တမျှော်မျှော် ဖြစ်နေပေမယ့် မှတ်တမ်း က ပေါ်မလာသဖြ
ဝိုင့် မျက်နှာလေး ပျက်လာသည်။ မနေ့ညကတည်းက ခေါ်ထားတာ
တစ်မနက်လုံး ပေါ်မလာ··။

နေ့လယ်ကျတော့လည်း ညနေမှ အားမည်ဟု ဖုန်းဆက်သည်
ညနေရောက်တော့လည်း မိုးချုပ်လုနေပြီ··။

"မလာလဲ နေပါစေ··၊ ဒေါ်လေး ဝိုင် သွားမယ်"

ဝိုင် က စလွယ်သိုင်းလွယ်လာသည့် အိတ်လေးကို ပခုံးပေါ်ထ
ဆွဲတင်ကာ နေရာမှ ထလိုက်၏။ ဒေါ်ဝတ်မှုန် ရှိုးကေ့စ် ဖုန်သုတ်နေ
ကနေ ကမန်းကတန်း လှည့်လာကာ···

"မသွားပါနဲ့ဦး သမီးရယ်··၊ ဒေါ်လေး ဆုခ်ထိပါဦးမယ်၊ မှ
တမ်း က သမီးကို ဂရုစိုက်ကြည့်ရမယ်လို့ မှာထားတာ၊ အချိန်ကု
အောင် စောင့်ကြည့်လိုက်ပါဦး"

"အချိန်ကုန်သွားတော့ ဝိုင် က ဘယ်သွားလို့ရတော့မှာလ
ဒေါ်လေးရဲ့၊ ဒီလောက်စောင့်တာ တော်ပြီပေါ့··၊ သူ အဲဒီလိုဖြစ်ရ
ပြေးတိုင်ပင်စရာရှိအောင် ဖူးဖူး ကို ဝိုင် ချိန်းထားပြီးသား၊ အဲဒါသူ
ပြောပြလိုက်တော့··၊ ဝိုင် သွားပြီ···"





နောက်ထပ်တားမည်စိုးသဖြင့် အပြင်ကို အပြေးတစ်ပိုင်းထွက်ခဲ့
မှ မှတ်တမ်း ၏ကားက လူကို ပွတ်တိုက်တော့မတတ် အလော
ယ် ထိုးရပ်လာ၏။

"သိတယ်··၊ မင်း အဲဒီလိုလုပ်မှာဆိုတာ···"

"ရှင်ကကော ဟုတ်လို့လား"

ဆိုပြီး နောက်ကို လည်ပင်းရှည်ကြည့်သေးသည်။

"အန်တီဆောင်း နဲ့ချိန်းထားလို့ သွားတွေ့ပြီး ကြာနေတော့ သူများ
ဆက်ထောက်ချလိုက်မှာ စိုးလို့ပေါ့၊ အခု အန်တီဆောင်း ကော···"

မှတ်တမ်း က ကားပေါ်ကဆင်းပြီး တံခါးကို လက်ပြန်ပိတ်လိုက်
··

"သွားတွေ့ရတာက ငါ ရှိနိုင်တဲ့ အရပ်မျက်နှာပေါင်းစုံကနေ
ဒေါ်က လူမြင်ကရာ အမှာတော်ပါးနေတာ·· ဖုန်းတစ်တန်၊ လူ
တန်လေ···"

"ဟုတ်ပါပြီ··၊ အခု ဘာတဲ့လဲ···"

"ဘာပြောရမှာလဲ··၊ မင်းနဲ့တွေ့သေးလား၊ ဘာလားညာလားပေါ့၊
ရန်ကုန်ကို ဆင်းသွားတယ်တဲ့··၊ အဖော်အဖျော်လဲ မပါဘူးပေါ့၊
သူငယ်ချင်းဆိုတာကိုလဲ မသိလို့ ဘယ်လိုက်ရမှန်း မသိဘူးတဲ့··၊
ငါ့ကိုပါ ကူရှာပေးဖို့···"

မှတ်တမ်း မျက်နှာက သုန်မှုန်နေသည်၊ အထဲကိုမဝင်ဘဲ တိုက်
ပဲ တံခါးဘောင်ကို ပခုံးတစ်ခြမ်းမှီရပ်လိုက်တော့ ဝိုင် နဲ့ မျက်နှာ
ိုင် ပြန်ဖြစ်သွား၏။

"မင်းနဲ့ငါကို ဘယ်လိုဆက်စပ်တွေးမိပြီး ငါ့ကိုမှ သည်းမည်းရှာ
လဲ တွေးကိုမတွေးတတ်တော့ဘူး"

"ရှင်နဲ့ တစ်မြို့သားတည်းသားချင်းမို့နေမှာပေါ့"

"တစ်မြို့တည်းပဲ ဖြစ်ပါစေဦး··၊ ရန်ကုန်ကို မင်းကိုရှာဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ငါရှိနိုင်တဲ့လိပ်စာတွေကို အားလုံး အပြည့်အစုံ ယူလာတာ"

"အန်တီမေတို့ဆီက သွားတောင်းတာဖြစ်မှာပေါ့..၊ ရှင်က ဘာထင်နေလို့လဲ"

"အဲဒါကို ဘာမှန်းမသိတာလေ..၊ မင်းပျောက်သွားတော့ ငါ့မှာပဲ တာဝန်ရှိနေသလိုလို၊ မင်းနဲ့ တိုက်ရိုက်ပတ်သက်နေဆုံးလူကပဲ ငါ ဖြစ်နေသလိုလို၊ အလုပ်ထဲကကောင်တွေကလဲ ဟိုမေးဒီမေးတွေ လုပ်နေကြပြီ..၊ တကယ် ညစ်တယ်ကွာ.."

"အဲဒီလောက် ညစ်ညူးမနေပါနဲ့..၊ ဝိုင် ကလဲ နည်းလမ်းရှာပြီးသားပါ"

"ဘာ..."

"ရှင် အဲဒီလို စိတ်ညစ်လက်ညစ် စိတ်မရှည်လက်မရှည်ဖြစ်ပြီး အန်တီဆောင်း ကို လက်ညှိုးထိုးပြလိုက်မှာ စိုးလို့..."

"ဘာလုပ်ချင်သေးလို့လဲ..."

"ဝိုင် အဆောင်တစ်ခုခုမှာ သွားနေမယ်၊ ဖူးဖူး ကို ဖုန်းဆက်ထားပြီးပြီ၊ အပြင်ဆောင်မဟုတ်ဘူးတဲ့..၊ အချုပ်ရည်စက်ရုံက စာရေးမလေးတွေအတွက် သီးသန့်ပေးထားတဲ့အဆောင်တဲ့..၊ သူ့သူငယ်ချင်းလဲ ရှိတယ်တဲ့..၊ အဲဒီမှာ ဝိုင် ခဏသွားနေပြီး..."

"ရန်ကုန်မှာ အပီအပြင် ကဲဦးမယ်ပေါ့"

"ဝိုင့် ဘာသာ ဘာလုပ်လုပ် ရှင့်အပူမပါပါဘူး"

"အစက ဟုတ်တယ်..၊ အခု မပါလို့မရတော့ဘူး၊ ခင်ဗျားအပေါ်ကို ကျွန်တော်က မတွေ့ပါဘူး၊ မမြင်ပါဘူးလို့ ညာပြောလိုက်ရတာ မင်း တစ်ခုခုဖြစ်သွားရင် ငါသွားပြီ"

"ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင်,မဆိုင်ဆိုင်ကွာ..၊ သွား.. အခု ပြန်ဝင်..."

"ဟင့်အင်း..."





"ဝိုင်..."

"ဘာလဲ.."

"မင်း ငါ့ညီမသာဆို နားရင်းနှစ်ချက်လောက် အုပ်ပြီးပြီ"

"ရှင့်ကိုလဲ ကျေးရူးပိစိကွေးလေးတင်နေမိလို့ သိလား..၊ မဟုတ်လုံးဝ ဂရုစိုက်မှာ မဟုတ်ဘူး"

"အခု စိုက်နေတယ်မို့လား၊ ပြန်ဝင်..."

"အ..."

မှတ်တမ်း က ဝိုင့် လက်ကလေးကိုကိုင်၍ အထဲပြန်ဝင်ခိုင်း၏။ တာမဟုတ်ပေမယ့် ဝိုင် ကလှုပ်တော့ ယိုင်ခနဲ ဖြစ်သွားကာ...

"ဝိုင်..."

မှတ်တမ်း ကမန်းကတန်းပြန်ဆွဲလိုက်ရာ တွန်းလိုက်ဆွဲလိုက် ကြားမှာ ဝိုင့် ကိုယ်လေး ပျော့ခွေကျသွား၏။

"ဝိုင်...၊ ဒေါ်မှုန် လာပါဦး..."

ဝိုင် သည် သတိတစ်ချက်မှ မရတော့ဘဲ သူ့လက်ထဲမှာ အရုပ်တစ်ရုပ်လို..။

"ဟောတော့ ဝိုင် ဘာဖြစ်သွားတာလဲ..၊ လူလေး ရိုက်လိုက်မိတာ..."

"ဟာဗျာ... ရိုက်စရာလား..၊ ကိုင်ပဲ ကိုင်လိုက်မိတာ..၊ လုပ်ပါ ဘာဖြစ်သွားတာလဲ"

"အထဲကို ပွေ့ချီခေါ်ခဲ့လေ..၊ ဒေါ်မှုန်လဲ မနိုင်ဘူး"

သူ ဝိုင့် ကို ပွေ့သွားဖို့ ငုံ့နေသည်။ စိုးရိမ်စိတ်နှင့် ကောက်ပွေ့လိုက်တော့ လက်ထဲမှာ နွေးနွေးအိအိလေးပါလာမှ သတိထားမိ၏။

မိန်းကလေးတစ်ယောက်၏ ကိုယ်ခန္ဓာတစ်ခုလုံးကို ပေါ့ပါးသည့် ဝတ္ထုပစ္စည်းတစ်ခုကို ပွေ့ယူလိုက်နိုင်တာ စိုးရိမ်နေသည့်စိတ်ခုကြောင့်လား..။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်မှာ သူ သိပ်လိုက်တော့ ဝိုင့် မေးဖျားလေးတွေမှာ ချွေးတွေစို့နေ၏။

"ဝိုင်..."

နှစ်ခါ၊ သုံးခါ ခေါ်ကြည့်တော့လည်း မရ၊ ထို့ကြောင့် စိုးရိမ်စိတ်တွေ ဆထက်ထမ်းပိုးဖြစ်ကာ...

"ဝိုင် ကျန်းမာရေးတစ်ခုခု ချို့ယွင်းနေတာဖြစ်မယ် ဒေါ်မှုန်၊ ကျွန်တော် ဆရာဝန်သွားပင့်လိုက်မယ်၊ ဒီမှာပဲ ထိုင်စောင့်နေနော်.."

"အေး... အေး... မြန်မြန်သွား လူလေး"

သူ ထွက်သွားလာခဲ့ပြီး ဆရာဝန်ပြေးခေါ်သည်။ ဆရာဝန်ရောက်လာသည့်အချိန်မှာ...

"မိန်းကလေးမှာ ကိုယ်ဝန်သုံးလ ရှိနေပြီ.."

"ဗျာ..."

ဆရာဝန်က ဒေါ်ဝတ်မှုန် ကိုပဲ ပြောသွားတာပါ။ မှတ်တမ်းနားထဲ ပြန်ရောက်ချိန်မှာ ဒေါ်ဝတ်မှုန် ၏စကားသံက မိုးကြိုးခွင်းသွားသလို သူ့နားထဲမှာ...။





## အခန်း(၂၀)

"ဟ... မင်း မသိလို့ရမလား..၊ မင်း တစ်ယောက်ယောက်နဲ့
သင်း..."

"ဘယ်တစ်ယောက်ယောက်နဲ့လဲ..၊ ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘူး၊ မှာ ချစ်သူလဲ မရှိဘူး၊ ရှင်နော်... ရှင်..."

"ဘာ... ရှင်နော်လဲ..၊ ချစ်သူရှိရှိ၊မရှိရှိ တစ်ယောက်ယောက်က ..."

"ရှင်... တော်တော့လို့ ပြောနေတယ်နော်.."

ဝိုင် ရှက်လွန်းသဖြင့် အသားဆတ်ဆတ်တုန်နေ၏။

"ရှင့်ရဲ့ နောက်ထပ် တစ်ယောက်ယောက် ထပ်ထွက်လာကြည့်...
တ်ပြောကြည့်..."

"ဝိုင်...၊ မင်းကိုယ်မင်း ဘာဖြစ်ခဲ့မှန်း မသိတာလား..၊ ရှက်လို့
ချင်တာလား၊ ဒီကိစ္စကြီးက ဟိုသင်းဟိုဟာ..."

"လူညစ်ပတ်... ကဲ..."

"ဟ!..."

ထမတစ်ချက် ရိုက်ချလိုက်တာကို သေလုမြော်ပါး ရှောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လူက ဟန်ချက်မညီသေးဘဲ နောက်ထပ် ရိုက်ချက်ဝင်လာတော့ လက်ကာတာတွေကော ရှောင်ရတာတွေပါ ရှုပ်ထွေးကုန်ကာ ဝိုင့် ကို ပွေ့ဖက်လိုက်နှင့် အိပ်ရာပေါ် လဲကျသွားလေသည်။

"ရှင်… ရှင်နော်..၊ လွှတ်…"

"မင်း ငါ့ကို ဘာဖြစ်လို့ လိုက်ရိုက်နေလဲ.."

"ရိုက်မှာပေါ့..၊ ရှင်… ရှင့်ပါးစပ်ကြီးက သူများကို အဟင့်…"

ဝိုင် ရှိုက်ကြီးတငင် ငိုပစ်လိုက်၏။ ဆရာဝန်ပြန်သွားတော့ အိပ်ခန်းထဲမှာပဲ တိုးတိုးကြိတ်ကြိတ် မေးတာပါ။ ဒါကို ဝိုင် က အရှက်ကြီးပြီး အော်ကြီးဟစ်ကျယ် ထဖြစ်သည်မို့…

"မဟုတ်ဘူးလေ၊ ဟော့… ဘာလို့ငိုတာလဲ..၊ ငါ… ငါလဲ… ကျွတ်!…"

သူ ဘာပြောရမလဲ..၊ ဝိုင့် ကို ဒီလိုအဖြစ်မျိုးနှင့် ရှုပ်ထွေးနေလိမ့်မယ်လို့ သူ မထင်ရက်ခဲ့ပါ။ ခုချိန်ထိလည်း အံ့သြနေဆဲပဲ ဖြစ်၏။ ဒါပေမယ့် ရှေ့ဆက်မလာရဲလောက်အောင် ဝိုင် တအားငိုနေတော့ ဘယ်လိုနားဝင်သည့် စကားလုံးနှင့် အစ်အောက်ချော့မော့ရမလဲ..။

"ဝိုင်…"

"ဘာလဲ… မမေးနဲ့ကွာ..၊ ဝိုင် ဘာသာ ထင်ရာထွက်သွားမယ်၊ အဲဒီဆရာဝန် မရုတ်တရုတ်တာတွေ ပြောသွားတိုင်း ရှင် ဟိုမေးဒီမေး မေးနေတာတွေက မဖြေနိုင်ဘူး"

"ဒီလိုလုပ်လို့ မင်း အရှက်ပြေသွားမှာလား ဝိုင် ရယ်..၊ ဆရာဝန်နောက်တစ်ယောက်သိရင် နောက်ထပ် အရှက်ရမှာပဲ"

ဝိုင် အင့်ခနဲ အင့်ခနဲ ရှိုက်နေရင်း စကားသံဝဲသွား၏။

"ကိုယ့်ဘာသာရှက်နေတာထက် သူများတွေ ပြောကြလို့ အရှက်ရမှာက ပိုဆိုးတယ်..၊ ပြီးတော့ ကလေးရဲ့ရှေ့ရေးက ရှိသေးတယ်၊ လောလောဆယ် ရှက်နေတာကို ဖယ်ထားပြီး မင်း စဉ်းစားပါ၊ ဒီကလေး





ရဲ့ဖခင်…"

"အို… ဘယ်သူမှ ဘာမှမဟုတ်ဘူး…၊ ဝိုင့်ကိုယ်ဝိုင် မသိဘဲ နေမလား"

"ဟုတ်ပြီလေ..၊ ဒါပေမယ့် ကိုယ်ဝန်က ချက်တော်ကို လက်တော်နဲ့ ရစ်လိုက်ရုံနဲ့ ဖြစ်လာမှာမှ မဟုတ်တာ…"

"ချက်ကိုမပြောနဲ့ ကိုယ်ထိလက်ရောက် ထိကိုင်ဖူးတဲ့လူတောင် ရှင်တစ်ယောက်ပဲ ရှိခဲ့တာ…"

မှတ်တမ်း မျက်နှာ ရဲခနဲ ဖြစ်သွား၏။ ဝိုင် က အမှတ်တမဲ့ ဖြေလိုက်တာ ဖြစ်မှာပါ။ မျက်ရည်တွေ လက်ခုံနဲ့ပွတ်သုတ်ရင်း…

"ဝိုင့် ကို ဘာမှမမေးနဲ့..၊ ဒါ လုံးဝ အဓိပ္ပာယ်မရှိဘူး၊ ဝိုင် ယုံလဲ မယုံဘူး၊ ဟုတ်နေတယ်ဆိုလဲ ပြုစားခံရတာပဲ..၊ ဝိုင် ဘယ်သူနဲ့မှ ဘာမှမဖြစ်ခဲ့ဘူး"

ဝိုင့် ကို သူ ဆက်မမေးရက်တော့ဘဲ ဖြစ်သွားခဲ့သည်။ သူမ မျက်နှာလေးမှာ နိုးစားတာ လူမိပြီး ရှက်ရမ်းရမ်းနေတာမျိုး မဖြစ်ဘဲ အကယ့်ကလေးလို အူလှိုက်သည်းလှိုက် ခံစားနေရတာမျိုး..။

"နည်းနည်းလေး ဖြန့်ကားပြီး စဉ်းစားပါဦး..၊ မင်းသူငယ်ချင်းတွေ ဘာတွေရော ခုခေတ်မှာ အချိုရည်ထဲကို အိပ်ဆေးခတ်ပြီး မကောင်းမှုပြုတဲ့ [illegible]တွေ ရှိနေသေးတယ်..၊ အဲဒါမျိုးကို မင်းသိလိုက်မှာ မဟုတ်ဘူးလေ.."

ဝိုင် ငေးခနဲဖြစ်သွားပြီးမှ ခေါင်းခါသည်။

"ဝိုင့် မှာ ယောကျ်ားလေးသူငယ်ချင်းမှ မရှိတာ…"

ဖေးပြန်ပြီ..၊ သူ ဦးနှောက်ခြောက်သွားသည့်မျက်နှာနှင့် အကြာကြီး ငိုင်သွားပြီးမှ…

"သုံးလဆိုတော့ မင်း ရန်ကုန်ရောက်တာ…"

"တစ်လခွဲပဲ ရှိသေးတယ်"

"ဒါဆို မိုးကုတ်မှာ ဖြစ်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူးလို့ဆို ရှင်..နော်..."

"ဒါတော့ မင်း မငြင်းနဲ့တော့လေ..၊ ဖြစ်လို့ဖြစ်လာတဲ့ဟာက အကောင်အထည်ပေါ်နေပြီ၊ မိုးကုတ်မှာ မင်းနဲ့..."

"မိုးကုတ်မှာလဲ ဝိုင် ပထမဆုံး တရင်းတနှီးသိခဲ့တာ ရှင်ပဲရှိတာ"

"ဘာ..."

"ဟုတ်တယ်"

"မင်းပြောသမျှ ဘာဖြစ်လို့ ငါနဲ့ပဲ ငြိနေရတာလဲ.."

"ရှင်နဲ့ပဲ ငြိနေတာမို့လို့ပေါ့..၊ ဘာလဲ... သိပ်စိတ်ကူးယဉ်မနေနဲ့..၊ ရှင့်ကိုလဲ စိတ်မဝင်စားဘူး"

"မင်း စိတ်မဝင်စားပေမယ့် ဒီစကားတွေကို သူများကြားသွားရင် လုံးဝ ဖြေရှင်းလို့မရတော့ဘူး၊ တရားခံက ငါပဲ"

ခေါင်းကို စိတ်ရှိလက်ရှိ ဖွပစ်မိသည်။ ထပ်မေးလည်း ဒီထက်ထူးသည့်အဖြေကို ရမှာမဟုတ်။ သူ ဘာလုပ်ရမလဲ..၊ ဒီကောင်မလေးကို ခေါ်ယူစောင့်ရှောက်ထားခဲ့တာက သူ..၊ ရန်ကုန်ကို တစ်ယောက်တည်း ရောက်လာပြီး အကြောက်အရွံ့နည်းစွာ သွားလာနေတဲ့ မိန်းကလေး တစ်ယောက်ရဲ့အဖြစ် ဒီလိုဖြစ်သွားတယ်ဆိုတာ ဘာမှမဆန်းပါ..။

ဒါပေမယ့် တမာဝိုင် ဆိုတဲ့ ကောင်မလေးအတွက်က ဆန်းသည်။ ယောကျ်ားလေးဖြစ်သည့် သူကိုယ်တိုင် ဝိုင့် ကို ဘယ်လို မထင်ရဏ်..၊ မယုံနိုင်..။

ဝိုင် ဟာ မိဘလက်ထဲမှာတုန်းကလဲ ပြစ်မျိုးမဲ့မထင် နေလာတဲ့ ဒီကိုရောက်လာတာကလည်း ဟိုစိတ်ဒီစိတ်တွေကြောင့် မဟုတ်မှန်း ယုံကြည်နေသည်။ သူမကိုယ်တိုင် ဒါကို မသိဘူးငြင်းနေ၏။ မယုံနိုင် ဖြစ်နေသည်။ ဒါလည်း သူ့စိတ်ထဲမှာ သူမနဲ့ထပ်တူ ခံစားပေးနေတာ

သူမ ဘာတွေဖြစ်ခဲ့ပြီး သူကော ဘာတွေဖြစ်နေတာလဲ..။





## အခန်း (၂၁)

မလုပ်ချင်ပေမယ့် သေချာအောင်တော့ နောက်ထပ် စမ်းသပ်မှုတွေ လုပ်ကြည့်ခဲ့ရ၏။ ကိုယ်ဝန်သုံးလက အမှန်တကယ်ရှိနေတာ ဖြစ်သည်။

ဝိုင် ကတော့ သိရတဲ့နေ့ကပဲ ကြုံကြုံပါအောင် ငိုခဲ့သည်။ နောက်တော့ နားမလည်သည့်ပုစ္ဆာတစ်ပုဒ်လို ဆရာက ရှင်းပြနေတာမျိုး သူမက ငြိမ်ငြိမ်သက်သက်လေး..။

"ဒါမျိုးက သူများက လုပ်ကြံတာမျိုးလဲ ဖြစ်နိုင်တယ်၊ နောက်တစ်မျိုးက ဖန်ပြွန်သန္ဓေသားပေါ့..၊ ယောကျ်ားနဲ့မိန်းမ လိင်မဆက်ဆံဘဲ ကိုယ်ဝန်ယူနိုင်တာတွေလေ၊ ကျန်တာကတော့ မပြောတတ်ဘူး..."

ဟု ဆရာဝန်ကြီးက ရှင်းပြတော့ သူမက နှစ်မျိုးစလုံး မဖြစ်နိုင်ဘူးဟု မှတ်ချက်ချ၏။

"ဖြစ်နိုင်တာ,မဖြစ်နိုင်တာ ထား..၊ *အခု ဒီကိုယ်ဝန်ကို မင်း* ဘယ်လိုလုပ်မလဲ"

"ရှင်က ဘာလုပ်စေချင်လို့လဲ"

"ငါ လုပ်စေချင်တာပြောရင် မင်းက လုပ်မှာလား"

"ပြောကြည့်လေ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒါကို လုံးဝ မပြောနိုင်ဘူးဆိုတာ ထားလိုက်တော့..."

"မပြောနိုင်တာ မဟုတ်ပါဘူး..၊ မသိပါဘူးလို့ ပြောနေတာ ရှင် ခုထိ သံသယဝင်နေတုန်းပဲလား"

"ငါ့ကိုပဲ မင်း အပြစ်တင်မနေနဲ့လေ..၊ မင်းကိုယ်တိုင် ကျူးလွန် မိတာ မဟုတ်ဘူးဆိုတာ ထား၊ ဆရာဝန်ပြောတဲ့အကြောင်းထဲက တစ် ခုတော့ ဖြစ်နိုင်,မဖြစ်နိုင်ဆိုတာ ရှာရမှာပေါ့"

"ဘာမှမဖြစ်နိုင်ဘူး၊ ရှင် ဝိုင့် ကို လှည့်ပတ်အောက်ထုတ်မနေနဲ့ မယုံဘူးဆိုရင် ဘာမှထပ်မပြောဖို့ မရှိတော့ဘူး"

"ယုံဖို့တော့ လွယ်မလား ဝိုင်..၊ မင်းအဖြစ်က ပုင်လယ်ရေရှေ ခန်းကုန်ပါပြီလို့ အော်နေတဲ့လူလို..."

"အဲဒီလို အတိသယတွေပြောဖို့ ကျွန်မ ဝါသနာမပါဘူး မှတ်တမ်း"

ဝိုင် နေရာကနေ ဆတ်ခနဲ ထရပ်လိုက်၏။ မှတ်တမ်း က စိုးရိမ် သွားသလို လိုက်မော့ကြည့်၏။ ပြီးမှ ဂရုမစိုက်သလို မျက်နှာပြန်လွှဲ ကာ...

"မာနတွေ သိပ်ကြီးမနေနဲ့၊ မင်းပြဿနာက ကြိတ်ဖြေရှင်းလိုက် လို့ ပြီးဆုံးသွားမှာ မဟုတ်ဘူး"

"ပြီးပြီး,မပြီးပြီး ကျွန်မ ဂရုမစိုက်ဘူး"

"ဟာ...၊ ဟိတ်..."

ဝိုင် က အခန်းထဲကို ဘောက်ဆတ်ဆတ် လျှောက်ဝင်သွားပြီး ပြန်ထွက်လာတော့ ပခုံးတစ်ဖက်မှာ သူမရဲ့ကျောပိုးအိတ်လေးကို ချိတ် လျက်...

"မင်း အဲဒီလို လွယ်လွယ်ဆုံးဖြတ်တာတွေကြောင့် ခက်တာ..."

"ဘာလွယ်တာလဲ..၊ ရှင် လူကို အထင်သေး အမြင်သေး လာ မပြောနဲ့နော်၊ လွယ်တယ်ထင်ရင် စမ်းကြည့်လိုက်...၊ အသက်ချင်း





ခစ်မယ် နားလည်လား"

"ဘာတွေ လျှောက်တွေးနေတာလဲ..၊ ငါ အဲဒီလို အဓိပ္ပာယ်နဲ့ပြော မဟုတ်ဘူး၊ တကယ်ကွာ နည်းနည်းမှ စကားမှားမခံဘူး၊ မင်းနဲ့ငါ ...ခွေး..."

"မလိုဘူး.."

"ဟိတ်... ဝိုင်..."

ထိုင်ရာကနေ ဖျတ်ခနဲထလိုက်မိသေးသည်။ ဒါပေမယ့် သူ ပြန် ...နေလိုက်၏။ ကိုယ့်မှာလည်း မာနနဲ့..။

"ဟင်... သား..."

"မေမေ..."

စိတ်ညစ်သွားခိုက်မှာ တံခါးဝမှာ မေမေ ဘွားခနဲ ပေါ်လာ၏။ ...သည် ရင်ဘတ်ချင်းတိုက်မိမတတ်ဖြစ်သွားသည့် ဒေါ်မေကောင်းကင် ...အံ့တသြငေးနေရာကနေ မျက်နှာလေး ရဲခနဲ ဖြစ်သွား၏။

ထို့နောက် ကမန်းကတန်း ရှောင်တိမ်း၍ ထွက်ပြေးဖို့ ကြိုးစား ...

"နေပါဦး သမီးလေးရယ်..၊ ခဏနေပါဦး၊ သားဆီကို မေမေ ...လာတာ၊ သမီးက သားဆီမှာ ဘယ်လိုလုပ်..."

"ဝင်ခဲ့ပါဦး မေမေရာ..၊ ထိုင်ပြီးမှ မေးပါ"

ထင်မှတ်ဘဲ အခြေအနေတွေက ပြန်လည် ရှုပ်ထွေးလာပြန် ... ဒေါ်မေကောင်းကင် သည် သူမ ဝင်လာတဲ့အတိုင်း ဝိုင့် လက် ...း ကိုပါ မလွှတ်တမ်း ဆုပ်ကိုင်ထားခဲ့ပြီး...

"ထိုင်... သမီး၊ ထိုင်.."

တစ်ယောက်က မျက်မှောက်ကြုတ်ကြုတ်၊ တစ်ယောက်က မျက် ... အံကြိတ်လျက်..။ ဒေါ်မေကောင်းကင် ခရီးရောက်မဆိုက် ...းကိစ္စတွေဘာတွေလည်း ဘာမှမပြောဖြစ်တော့ပါ။ ...လေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် တို့အိမ်က သတင်းတွေ ကြားနေရသည်။

နိုး ခဏခဏ ရောက်လာပြီး ဟိုမေးဒီမေးနှင့် အနှောင့်အသွား မလွှတ်တာတွေ စောင်းချိတ်ပြောတာသည်း ရှိသည်။ အခ်ကိုကတော့ ဒေါ်ပွနေပါပြီ...။

"ဒါ တို့လုပ်ပေးနိုင်တာကို လုပ်ပေးခဲ့ပြီးပြီ...၊ ဒီမှာလဲ ကိုယ့် သောကနဲ့ကိုယ် ဒါကိုပဲ သင်းတို့မှာ ဘာတွေ လာလာပြီး ခနိုးခနဲ့ပြော နေမှန်း မသိဘူး။ ဒီကာချူပြီး ငွေမငွေယူထားခဲ့တာလဲ သူတို့အလိုကျပဲ လေ၊ ငါတို့က လောဘကြီး တောင်းယူခဲ့တာလေး...၊ ပြန်ပေးလိုက် စမ်းကွာ၊ ဒီငွေတွေ...၊ ငါးသောင်းရင်လဲ ဘယ်လိုမှ ရှင်းလို့ရမှာ မဟုတ် ဘူး...၊

ဟိုကိစ္စလုပ်တုန်းကတော့ သူ ရိပ်မိသလိုလို စကားတွေပြောလို့ ငါတို့ ဘယ်လောက် ဖုံးဖိထားရသလဲ၊ အလကား ကျေးဇူးမှားမလည် တဲ့ဟာတွေ...၊ ပြီးတဲ့ကိစ္စပြီးပြီပေါ့၊ ခုတော့ သူတို့တူမ ပျောက်သွားတာပ ငါ့သားက နိုးသွားလိုလို..."

ဝိုက်တူးတယ်ဆိုရအောင်လဲ ကျေးဇူးတုံ့တင်တွေ ရှိခဲ့ကြတာပါ။ အခြေအနေချင်းက ဘာများကွာနေလို့လဲ...၊ ဒါတွေကို ပြောဆိုတီးခေါက် ကြည့်ချင်လို့ သူမ လာခဲ့တာ ဖြစ်သည်။ ခုကျတော့...

"မမမေ့ကို ပြောကြပါဦး...၊ သားနဲ့သမီးတို့က ဟို... သားက သမီးကို နိုး..."

"ဟာ...လုံးဝ မဟုတ်ဘူး...၊ နှင်း ပြောလိုက်လေ..."

"ပြောမလို့ပဲလေ...၊ ရှင် အခုနှိ ကင်းကိုက်နေတာကိုး..."

"မဟုတ်တာကို မဟုတ်ကြောင်း ပြောရမှာပေါ့"

အရေးထဲ နှစ်ယောက်က ရန်ဖြစ်နေသေးသည်။

"ဟုတ်ပြီ...၊ ဒီလိုမဟုတ်ဘူးဆိုရင် ဘယ်လို ဆိုကြတာယ်၊ ဘာညာ ဆိုတာ ပြောပြလေ၊ သမီးက နိုးကုအိကခန ယောက်ျားနောက် လိုက်





ဘာတော့ မဟုတ်ပါဘူးနော်"

ဝိုင် ချက်ချင်း ခေါင်းခါလိုက်ပေမယ့် အသံတော့ ရုတ်တရက် လာပါ။ မှတ်တမ်း ကလည်း မျက်နှာလွှဲ၏။ ဒေါ်မေကောင်းကင် ကြည့် ဒီလူကြည့် ဖြစ်သွားသည်။

"ပြောကြပါဦး...၊ ဘာတွေ ဖြစ်နေကြတာလဲလို့"

မေးနေရင်း စိတ်ပူလာမိ၏။ ဝိုင် နဲ့ သားနဲ့ ဘယ်လိုအကြောင်းတွေ ာ လာဆုံစည်းကြတာလဲ...။

ဖြစ်နိုင်တာတွေ လာဖြစ်နေတော့ အံ့ဩလို့မပြီးနိုင်...။

"ဟိတ်...၊ ပြောလိုက်လေ..."

"ရှင်... ပြောလိုက်ပါလား..."

"ဟာ... မင်းကိစ္စ မင်းပြောပါလား၊ ငါနဲ့ ဘာဆိုင်လို့လဲ"

ဝိုင် သူ့ကို မဲ့ရွဲ့ကြည့်ကာ ဒေါ်မေကောင်းကင် ဘက်ကို လှည့် မျက်လွှာလေးချ၍...

"ဝိုင် က သူငယ်ချင်းဆီမှာ လာနေတာ အန်တီ"

"အင်း... ဟုတ်ပြီ...၊ မနေ့ တို့မသိအောင် ထွက်လာတာကို သိပြီးပြီ၊ ဆက်ပြော..."

"အဲဒါ ဟိုမှာနေလို့မဖြစ်တဲ့အကြောင်း ပေါ်လာတာနဲ့ မှတ်တမ်း မှာနေဖို့ ကူညီထားတာ"

"သားက ဒီမှာ တိုက်ဝယ်ထားတာလား၊ တိုက်သစ်မှာလို့ အောင် ပြောလိုက်လို့ မေမေက အံ့ဩနေတာ...၊ တစ်ယောက်တည်းနေပြီး တက်နေတော့ မိန်းမများယူချင်နေပြီလား လို့လေ၊ ကောင်လေး ရှင်းရှင်းမှမပြောဘဲ"

"သူတို့ကိုလဲ ကျွန်တော် ဘာမှပြောမထားဘူး မေမေ"

ဒီကောင်တွေက သိပ်ထား ကို မလိုလားနေကြသည့်အပြင် ဝိုင့် နဲ့ပြီး သူ့ကို ဘာလိုလိုတွေ စနေကြတာတော့ ထည့်မပြောပြပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ဝိုင်နှင့်ကိစ္စတွေ အလုံးစုံ ပြောပြမထားတာလည်း ဒါ ကြောင့်ဆိုတာ…

"သားက ဒီမှာ ဝိုင် နဲ့နေတာလား"

"မဟုတ်တာ မေမေရာ…၊ မေမေကလဲ တလွဲချည်းပဲ၊ ကျွန်တော် က သူ့ကို လုံခြုံအောင် ဒီတိုက်ခန်းငှားပြီးထားတာ၊ မိန်းမဖော်ရှိအောင် ဖေယျ အဒေါ်ဝမ်းကွဲကိုတောင် သူနဲ့ ထားပေးသေးတယ်၊ ကျွန်တော်က ကိစ္စရှိမှ လာတာပါ"

"ကိစ္စရှိမှ…"

"ဟုတ်တယ်"

လို့ ခေါင်းညိတ်ပြီးမှ မေမေ့မျက်နှာ တစ်မျိုးကြီးဟု တွေးမိပြီး ပြန်မော့ကြည့်မိ၏။ မေမေက ပြုံးသွားသည့်နှုတ်ခမ်းများကို လက် မသတ်ဘဲ…

"အေးလေ…၊ အဲဒီလို လိပ်ပတ်လည်အောင် ရှင်းပြပေါ့ သားရယ် မေမေက ဘာမှမသိဘဲဥစ္စာ၊ ထင်တာတွေ မေးနေမိတာပေါ့၊ ဟုတ်ပြီ… ဆက်ပြောပါဦး…"

မှတ်တမ်းက ဝိုင်း ကိုကြည့်လိုက်ပြီး သူပဲ ပြောပါတော့မယ်ဆိုသည့် ခပ်ရွံ့ရွံ့မျက်နှာနှင့် ရှေ့ဆက်ပြောသွားလေသည်။

"ဟင်… ဝိုင်း မှာ ကိုယ်ဝန်ရှိနေပြီ…"

"ဟုတ်ပါတယ် အန်တီ…၊ အဲဒါ ဝိုင် တကယ် လုံးဝမသိခဲ့ ကိစ္စပါ"

"ဖြစ်ရလေ သမီးလေးရယ်…၊ အပွန်း… ဟွန်း…"

"မေမေ…"

မှတ်တမ်း ဝိုင်း ကို အားနာသွားကာ မေမေရယ်နေတာကို ဟ တားဖို့ ကြိုးစား၏။ ဒေါ်မေကောင်းကင် က ရယ်လို့ကောင်းနေတုန်း…

"အန်တီမေ…"





"သမီးကို အန်တီက လုံးဝ အထင်မြင်မသေးဘူး…၊ ဘယ်သူ နားလည်၊မလည်လည် အန်တီ နားလည်တယ်၊ မကြောက်နဲ့နော် သမီး…၊ ကိုယ်ဝန်ကို ရဲရဲတင်းတင်း မွေးရမယ်…၊ အပွန်း… ဟွန်း… မနွေ့တို့ ချင်တာ ရပြီပေါ့…"

"ရှင်…"

"သြော်… မနွေ့ တို့က တူမကို အိမ်ထောင်မကျစေချင်ပေမယ့် မွေးလိုချင်တဲ့အကြောင်းတော့ ပြောဖူးတယ်လေ၊ အဲဒါ… အဲဒါ… အန်တီ သွားတွေးမိလို့ပါ"

ဒေါ်မေကောင်းကင် ရင်တွေ တဒိန်းဒိန်းခုန်နေတာ ဘုရားပွဲလှည့် တဲ့အတိုင်း။ ဖားလိုချင်လို့ မိုးထဲရေထဲ ထွက်ရှာနေတဲ့သူတွေက ပန်းလို့ကောင်းတုန်း…၊ သူမကတော့ ဖားက ကိုယ့်အိတ်ထဲကို သူ လိုလို ခုန်ဝင်လာတဲ့ကိန်း…။

ဒီထက်သေချာတာတောင် ဒီလောက် မသေချာနိုင်ပါ။ တစ်မြို့ ည်းနေပေမယ့် တစ်ခါမှ ဆုံစည်းမဖြစ်ခဲ့ကြတဲ့ နှစ်ယောက်…။

ဆုံစည်းရဖို့ အကြောင်းမရှိလို့လည်း အကြောင်းသိ ခတ်သိဆို ကိုယ့်သားကို သူတို့က ရွေးချယ်ခဲ့သည်။ ခုတော့ ဒီနှစ်ယောက် တိုက်တိုက်ဆိုင်ဆိုင်…။

ကံသီပေလို့ပါလား…၊ သူမသာ နာရီဝက်လောက် နောက်ကျပြီးမှ က်ခဲ့လျှင် ဝိုင် က ဘယ်ဆီဘယ်ဝယ် ထွက်သွားမည်မသိ…။

ကွေ့ကောက်ဆုံစည်းလာတဲ့ တိုက်ဆိုင်မှုကို ဘယ်လိုနည်းနဲ့မှ တ်တမဲ့အဖြစ် ပျောက်ဆုံးမခံနိုင်ပါ…။

ဒီအချိန်မှာ အထပ်ထပ်ပေးထားတဲ့ ကိစ္စတွေကိုလည်း ထုတ်နုတ် သင့်တာကို ပယ်ရမည်။ ချုပ်ဆိုထားခဲ့ကြတဲ့ စာချုပ်တွေကိုလည်း ကိုက်နိုင်…။ ဒါဟာ ကိုယ် ဖန်တီးတာမဟုတ်တဲ့ ဆုံစည်းမှုဆိုတာ တွေကို သိစေပြီးတဲ့နောက်…။



www.burmeseclassic.com

www.burmeseclassic.com



''သမီး ဘယ်မှမသွားရဘူး··၊ အန့်တီလဲ သားကို စိတ်
ဒီတစ်ခါ ရန်ကုန်မှာ စိတ်ပြေလက်ပျောက်နေဖို့လာတာ အတော်ပဲ
အန့်တီနဲ့ သမီးနေ··၊ သမီးက မတမ်းတဘဲ မနေတို့ကို အန့်တီ
အကြောင်းမကြားဘူး၊ တကယ် ကတိပေးတယ်''

''အန့်တီ ဝိုင် ကို ကကယ်ယုံသွားတာလားဟင်··၊ ဘာမှ
တော့ဘူးလား''

''သမီးရယ်··၊ ဒါကို ဘယ်သူဖြစ်ချင်မှာလဲ၊ ဖြစ်လာရင်လဲ
လွဲလို့မှ မရကြတာ၊ စိတ်ဆင်းရဲစရာတွေပြောပြီး ဘာလုပ်မှာလဲကျ
သမီးလေး စိတ်ချမ်းသာသလိုနေ၊ ကိုယ်ဝန်ကိစ္စနဲ့ပတ်သက်သမျှ
ခေါင်းထဲမှာ လောလောဆယ် မလည့်နဲ့''

မေမေ ဟုတ်သေးရဲ့လား။ သူထင်ထားတာက မေမေ
ပျက်သွားမည်။ ကိုယ့်ကို အမှုပတ်အောင် မင်း လက်ခံထား
ဘာညာတွေမျက်လုံးနှင့် စကားပြောပြီး အပြစ်တင်မည်··။

နောက်ဆုံးမှာ ဝိုင် က သနားစရာ မိန်းကလေးတစ်ယော

''သားလဲ အလုပ်ထဲမှာ မအိပ်ရဘူး၊ မေမေရှိနေတုန်း
ပြန်အိပ်··''

''ဟာ··၊ ကျွန်တော့်အဝတ်အစား ပစ္စည်းတွေက···''

''မင်းကို အိမ်ထောင်ပြောင်းခိုင်းတာ မဟုတ်ဘူးလေ··
ပြန်အိပ်၊ ပြန်စားရင် ပြီးရော···''

မှတ်တမ်း အံ့သြနေတာက မေမေ ရှေ့လုပ်ကောက်ရသလို
ခတ်နေတာကိုပါ။ ဝိုင် ကတော့ မျက်နှာလေးကြည်လို့ပါလာ

ခုနတုန်းကတော့ ငိုတော့မလို ပြုံတော့မလိုနှင့်··။





## အခန်း (၂၂)

''မင်း ဘာဖြစ်နေတာလဲ မှတ်တမ်း··၊ တစ်နေ့လုံးလဲ တငိုင်ငိုင်နဲ့··၊ တော်ပြီလေကွာ''

''အေးလေ··၊ ရည်းစား လင်နောက်လိုက်တာကျနေတာပဲ၊ စိတ်ကို မရှည်တော့ဘူး''

သူ ဘာဖြစ်တာလဲ··၊ ထိပ်ထား ကြောင့်လား···။

ဒီနေ့ ထိပ်ထား လိုက်ပို့နိုင်းတဲ့နေရာကို သူ မသွားနိုင်ခဲ့ပေ။ ထိပ်ထား ကလဲ နောက်ထပ်တစ်ယောက်နဲ့တွဲပြီး သူ့ရှေ့ကို ရောက်အောင် လာသွားခဲ့သည်။

သူ စိတ်မကောင်းပါ။ အထူးသဖြင့် သူငယ်ချင်းတွေရှေ့မှာမျှ ပို ရှက်မိသည်။ ထိပ်ထား ဟာ ဒီနေ့ထိ သူ့အပေါ်မှာ သည်းခံခဲ့တာ ဘာမှ မရှိသေးပေ··။

ဒီကောင် သည်းခံခွင့်လွှတ်နေခဲ့လို့ ဒီနေ့ထိ မြဲနေတာ မြင်ပဲ့ အကြောင်း၊ သူမရဲ့လုပ်ရပ်က သက်သေပြသွားသလိုပင်··။

ရှက်တာကတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ အရက်သောက်ရလောက်အောင်တော့ ထိခိုက်သွား ခဲ့ခြင်း မရှိတာ အဲဒီအချိန်လေးမှာ သေချာခဲ့၏။

နေညိုလေ အရှုးရင့်လေ ဖြစ်ခဲ့တာက ဘယ်လိုဝေဒနာမှန်း မသိ သူ ဒီနေ့ အိမ်ပြန်ချိန်က ထူးခြားနေ၏။ သူငယ်ချင်းတွေကတော့ မေ ရောက်လာလို့ မေမေနဲ့ အိပ်သည်ထင်သော်လည်း…

"မင်း မားသားကြီးက မင်းကို ကျိုင်ရှာမှာပဲ မှတ်တမ်း‥၊ ကို အမေ လာကာမှပဲ မင်းမှာ မဖုံးနိုင် မဖိနိုင်…"

"အေးလေ သူ့အကျင့်က ဒီလိုပဲဆိုတာ မင်း မသိဘူးလား၊ မ ဖြန်ကျတော့ မင်း ပြေးဒူးထောက်လိုက်ရင် ပြီးသွားမှာပဲ"

"ဟား… နားညည်းလိုက်တာကွာ‥၊ ကျွတ်!…"

"သေလိုက်‥"

သူငယ်ချင်းတွေက ထိပ်ထား နဲ့ပတ်သက်တိုင်း သူ့အပေါ် ဤသို့သော မေတ္တာတွေထားခဲ့ကြလျက်…

"ကဲ… မင်း ကားမမောင်းနိုင်တော့ဘူးမို့လား၊ ထူးထက် လိုက်ပို့နိုင်း…"

"ဟုတ်တယ်၊ ငါတို့က ဆိုင်ပြန်ရဦးမှာ…"

"ရတယ်‥၊ ဘယ်သူမှ မပို့နဲ့…"

"မှတ်တမ်း…"

"ဖယ်ပါ‥၊ ငါ ဒီလောက် မမူးပါဘူး"

"ရတယ်…"

သူ နောက်ခန်းထဲကနေ ကားပေါ်ထိ မယိုင်ဘဲနဲ့ လျှောက် သူငယ်ချင်းတစ်ယောက်ယောက်ပါလာလျှင် အိမ်မှာ ဝိုင် ရှိနေတာ မြင်သွားနိုင်၏။

သူငယ်ချင်းချင်း ဒီကိစ္စကို ပြောပြ တိုင်ပင်သင့်တာ သိပေ ဝိုင့် ဇာတ်လမ်းက ချစ်ကြိုက်ကွဲညားဇာတ်လမ်းမျိုး မဟုတ်ပေ။ 





လိုအသားပေးပြောပြော ကြားတဲ့လူက ခေါင်းခါမှာပဲ ဖြစ်သည်။

ဝိုင် သိက္ခာကျမှာစိုးလို့ပါ။

ပြီးတော့ အခု မေမေလည်း ရှိနေသည်ဆိုတော့ သူ တိုက်ရိုက်ပတ် သက်နေဖို့မှ မလိုဘဲ။ မသိလက်စနဲ့ မသိတာပဲ ကောင်းပါ၏။

သူ တစ်လမ်းလုံး ဝိုင့် အကြောင်းပဲ တွေးလာခဲ့မိသည်။

ဝိုင့် ကို သနားနေတာလား‥၊ ဒေါသဖြစ်နေတာလား‥၊ မိုးလင်း ကတည်းက ခေါင်းထဲရောက်နေတာက ဝိုင့် ပြဿနာ၊ တစ်နေ့ကုန် စိတ်မကြည်တာလည်း ဒီအတွေးတွေကြောင့်ပဲ ထင်၏။

ဒါဆို ညကျတော့ အရက်သောက်ဖြစ်တာလည်း ဒီအတွေးတွေ ကြောင့်ပဲ ထင်၏။ ဝိုင့် အတွက် အရက်သောက်ဖြစ်လောက်အောင် တော့ သူ မဖြစ်ဘူး ထင်သည်။

ထိပ်ထား အတွက် ခံစားရတာလည်း ဒီလောက်ထိ သူ ဘယ်တုန်း က ဖြစ်ဖူးလို့လဲ။ ဒါကြောင့် ခဲတံ က သူ့ကို ပြောနေကျ‥။

"ဒီကောင်က ထူနေပြီ"တဲ့‥။

ရှုံးနေကျအတိုင်း ရှုံးနေရတာ ဒဏ်ရာအတိမ်အနက်ကို ကြည့်ဖို့ သည်း စိတ်မလှုပ်ရှားတော့ပါ။

အချစ်မှာ အနိုင်အရှုံးတွေ မရှိပေမယ့် ကိုယ့်ဘက်ကလည်း နိုင်လို လိုတာ မဟုတ်သည့်တိုင် ထိပ်ထား ကတော့ နိုင်နေရမှ ကြိုက်သည့် သူ‥။

"ဟဲ့‥ ဟဲ့…၊ သား… မှတ်တမ်း‥"

ကားပေါ်ကဆင်းကတည်းက ယိုင်ခနဲ ဖြစ်သွားပေမယ့် မေမေ စောင့်နေမယ်လို့ မထင်‥။ မူးသာမူးနေသော်လည်း မေမေ့အသံ ကြားလိုက်တာနှင့် ထိတ်ခနဲ ဖြစ်သွား၏။

"သား… မင်း အရက်သောက်လာတယ် ဟုတ်လား…"

"မေမေ…"



www.burmeseclassic.com

www.burmeseclassic.com



''မင်း တစ်နယ်တစ်ကျေးမှာ စီးပွားသပ်သပ်ခွဲချင်တယ်ဆို
ဒီလိုနေရဖို့လား''

''မဟုတ်ပါဘူး မေမေ၊ ကျွန်… ကျွန်တော်…''

''တိတ်စမ်း…၊ ဘာဖြစ်လာတာလဲ၊ လည်လာတာလား၊ အသ
ကွဲလာတာလား…''

''မဟုတ်ဘူး…၊ မဟုတ်ပါဘူး…''

တံခါးဘောင်ကိုမှီလိုက်တာက မေမေ မေးနေတာကို ဖြေဖို့
မဟုတ်ပေ။ ယိုင်သွားတာကို ထိန်းလိုက်တာဖြစ်၏။ မြင်ကွင်း
မေမေက အင်္ကျီအဖြူနဲ့ဖြစ်ကာ ဧည့်ခန်းမှာ အဝါရောင်လေးဖြ
ကြည့်လိုက်တော့ ဝိုင် ဖြစ်၏။

ဝိုင် က ပါးကွက်လေးနှစ်ဖက်နှင့် အဝါရောင်ရှပ်အင်္ကျီပွပွ
ဝတ်ထားသည်။ သူ ကြည့်တဲ့အချိန်မှာ တစ်ချက်ပဲလှမ်းကြည့်ပြီး
ကြည့်နေတာ မပျက်…။

''ကျွန်တော် ဒီတစ်ခါပဲ သောက်ဖူးတာပါ မေမေရာ…၊ တ
ပါ၊ နောက်… နောက်မသောက်တော့ပါဘူး၊ မေမေ ထမင်း
ပြီလား''

''မစားတော့ဘူး၊ မင်းနဲ့စားကြမလို့ စောင့်နေတာလေ…''

''ဝိုင် ကောလား''

''မစောင့်ပါဘူး…၊ ရှင့်ကို စောင့်စရာလား''

''အဟွန်း''

ဒါကျတော့ မမေးဘဲ လှမ်းဖြေဖော်ရလို့။ ကောင်စုတ်
သူ ဟွန်းခနဲရယ်ရင်း အဲဒီကောင်မလေးနဖူးကို ခြေဖြောလိုက်ချင်စိ
ပေါက်သွား၏။

''ကဲ… အထဲကိုဝင်၊ ဘာလုပ်မှာလဲ၊ နေ့အချင်းချိုးလိုက်
အို… ငါလဲ မနိုင်ဘူး ဒီကိုယ်ကြီးကို…၊ သမီးရေ လာကူပါဦး





ဝိုင် မနေသာတော့ဘဲ ထလာပြီး တွဲကူရတော့သည်။

''ဖယ်ပါ…၊ ရပါတယ်ဆို…''

ဟု တွင်တွင်ပြောပြီး မအေကိုတော့ ဖယ်ချသည်။ ဒီဘက်ကို ယိုင်နဲ့လာတော့ ဝိုင့် ပခုံးလေးကို ဆွဲဖက်ပစ်လိုက်တာ သူ့အရပ်ကြီးနှင့် မစာမနာ…။

''ကိုယ့်ကို ရေခပ်ပေးစမ်းပါ၊ ရေသောက်ချင်လို့''

''လူကို တစ်ကိုယ်လုံးပစ်မှီထားပြီးတော့ ဘယ်လိုလုပ် ရေသွား ခပ်ရမှာလဲ''

''နေ… သမီး…၊ အန်တီမေ သွားယူလိုက်မယ်''

ဒေါ်မေကောင်းကင် က ဘေးကနေခွာသွားတော့ လက်တစ်ဖက် တပါ ပိုလာကာ ဝိုင့် ဘက်မှာ မသက်သာလှပေ…။

ရေတိုက်ပြီး ရေခွက်ပြန်ထားသည့်အချိန်မှာ ဝိုင့် ကို သူက မလွှတ် ဘဲနေတော့ အခန်းထဲထိ ဝိုင် ပဲ ပါသွားခဲ့ရသည်။

''ကဲ… ဟိုမှာ အိပ်ရာ…၊ ဖယ်တော့လေ…''

''ဝိုင်…''

''ဘာလဲ…''

သူက ပခုံးကိုဖက်ထားလျက်နှင့် ငုံ့မိုးငေးကြည့်၏။ လက်ကို ဝိုင် အတင်းဖယ်ချလိုက်တော့ ဟိုဘက်လက်နဲ့ လက်မောင်းတွေကိုဖိချုပ် ပစ်လိုက်ပြီး…

''သနပ်ခါးတွေနဲ့ လှလို့ပါလား''

အိပ်ရာဝင်ချိန်တိုင်း ဝိုင့် အတွက် အန်တီတို့ အလှည့်ကျ သနပ် ခါးသွေးပေးကြသည်။ ပါးပေါ်ရောက်တဲ့အထိ လိမ်းပေးကြတာလည်း ညစဉ်ညတိုင်း…။

စကားတွေကို အပိုမပြောချင်တာမို့ ဝိုင် ဒီလိုပဲ လိမ်းနေကျဆိုတာ ကို မပြောဖြစ်ဘဲ မျက်နှာကသာ ပေါက်ထွက်မတတ် တင်းမာလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လျှက်···

"အပိုတွေ ပြောမနေနဲ့၊ ဖယ်··· လွှတ်···"

ဝိုင် သူ့ကို ဒေါသဖြစ်ဖြစ်နှင့် အိပ်ရာဆီ တွန်းချပစ်လိုက်၏ သူ့ကိုယ်ကြီး အိခနဲ ပစ်ကျသွားခဲ့ပြီးမှ···

"အပိုမပြောပါဘူး၊ တကယ်လှလို့ ပြောတာ၊ ဒါပေမယ့် အဟွန်း မထင်ရဘူးနော်၊ တကယ်·· တကယ် ငယ်ငယ်လေးပဲ ရှိသေးတာကွာ နမြောဖို့ကောင်းလိုက်တာ··၊ ကိုယ် တကယ် မထင်ရက်ဘူး သိလား မင်းကိုလေ··၊ အရမ်းချစ်ဖို့ကောင်းတဲ့ ကောင်မလေး၊ ကိုယ်က မင်းနဲ့ ရန်ဖြစ်နေတာကို ပျော်တယ်၊ ခြောက်သွေ့မွန်းကျပ်ခဲ့ရတဲ့ ကိုယ့်နှလုံး သားလွင်ပြင်ကြီးဟာ မင်းရဲ့ဒေါသတွေနဲ့ ပြန်လည် နိုးထခဲ့ရတာ၊ ခုတော့ သွားပါပြီ··၊ ဘာဖြစ်ဖြစ် ကိုယ်က ကံဆိုးတဲ့ကောင်ပါ အဟွန်း"

အိပ်ရာထဲမှာ ပုံပန်းမကျလှဲနေရင်း ဟိုဘက်စောင်းလိုက် ဒီ ဘက်လှိမ့်လိုက် မငြိမ်မသက်နှင့် ပါးစပ်က ပြောချင်ရာတွေ ပြောနေ၏

သူ ဝိုင့် ကို ကဲ့ရဲ့နေတာလား··၊ ဝိုင့် မျက်နှာလေးမှာ ဒေါသတွေ မရှိတော့ဘဲ ရှက်တတ်ခြင်းက နေရာယူ၏။

သူပြောနေသမျှတွေဟာ ဒီကိုယ်ဝန်နှင့်ပဲ ပတ်သက်နေသည်နှ တလှိုက်လှိုက် ဝမ်းနည်းခြင်းသည် မျက်ရည်မိုးတိမ်တွေဖြစ်ကာ မျ ရည်ဖွဲ့ချိန်မရဘဲ တသောသော ပြိုဆင်းလာကြ၏။

သူ ပြန်လည် ငြိမ်သက်သွားတဲ့အထိ ဝိုင် အသံတိတ် ငိုကြွေးနေ မိဆဲ။

သူမ ဒီကိုယ်ဝန်ကို ထိတ်လန့်အံ့သြတာပဲ ရှိသည်။ ကြောက်ရွံ့စွာ ဖယ်ရှားဖို့တော့ စိတ်မကူးခဲ့ဘူးပါ။

ဒါပေမယ့် တစ်ခါတလေ ကိုယ်ဝန်အကြောင်းကိုချည်းတွေး၍ စိတ်ရှုပ်ထွေးလာမိကာ တစ်ခါတလေကျတော့ ကျေနပ်သလိုလို ကြည်နူး သလိုလို··။





ဒါက အချစ်မေတ္တာဆိုတာတွေနှင့် မသက်ဆိုင်ပေ။ သူမဗိုက်ထဲ က ကလေးပေါက်စလေးရှိနေပြီဆိုသည့်အသိနှင့် ချစ်နေမိသလိုလို ယုယ ချင်တာလိုလို··။

တစ်ခါတစ်ရံ ငိုချင်လာတာကတော့···

"သမီးလေး···"

ဝိုင့် ဘေးမှာ ဒေါ်မေကောင်းကင် ရောက်လာ၏။ ဝိုင် မျက်ရည် တ်ဖို့ပြင်တော့ လက်ကိုဆွဲထားကာ သူမကိုယ်တိုင် မျက်ရည်သုတ် ၍···

"ဝမ်းမနည်းပါနဲ့ သမီးရယ်··၊ ဒါတွေက ကံအကြောင်းတရားတွေ ကွယ်၊ အန်တီတို့ သမီးတို့တွေ ဆုံစည်းခဲ့ကြတာတွေက ပဋ္ဌာန်းဆက် လေ၊ ဟော··· ဒီဗိုက်ထဲမှာ ကလေးလေး ရှိနေခဲ့တာလဲ ပဋ္ဌာန်း ပဲ၊ ရင်ထဲမှာ သိပ်ပူလာရင် တရားနဲ့ဖြေလိုက်နော်၊ ဒါတွေ တစ်နေ့ သူ့အလိုလို ရှင်းသွားမှာပါကွယ်"

"အန်တီ"

"ဟင်·· သမီး ပြောလေ···"

"ယောကျ်ားတွေအနေနဲ့ကြည့်ရင် ဝိုင် က ဘယ်လိုမိန်းကလေး နေသလဲဟင်··"

"သမီးရယ်···"

"ဂရုမစိုက်ဘူးဆိုပေမယ့် သူတို့ ဖိနှိပ်ပြောတာကို ဝိုင် ဘာမှပြန် ပြောတတ်တဲ့အခါ အရမ်းငိုချင်တယ်"

"အို···မငိုပါနဲ့ သမီးရယ်··၊ မိဘက ကိုယ်ဝန်ဆောင်စဉ် စိတ် ဝမ်းနည်းမှုတွေ ဖိစီးနေရင် မွေးလာတဲ့ ကလေးကလဲ ပတ်ဝန်းကျင် ကြောက်တတ်လာတယ်၊ မပြောမဆိုရဲ လူတောမတိုးဝံ့တဲ့စိတ်တွေ တတ်တယ်၊ သူ့များ တို့တွေက ငြိမ်ငြိမ်ပြီး ပစ္စလက်ခတ်မွေးလိုက်ရင် အစ်ဘဝလုံးအတွက် ဘယ်လိုရှင်းသန်ရှာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဝိုင် သတ္တိမရှိလို့ မဟုတ်ပါဘူး အန်တီ..၊ ကိုယ်မှားခဲ့တာရှိရင် ဘာဖြစ်ဖြစ် ရင်ဆိုင်ရဲတယ်၊ ခုကျတော့ ဝိုင်... ဝိုင် ဘာမှမသိခဲ့ဘူး၊ ဖြေစရာမရှိ၊ ပြလို့မရ..''

''အို... တော်ပါတော့ သမီးရယ်..၊ သမီး စိတ်ချမ်းသာအောင် နေနော်၊ သားသမီးဆိုတာ ရတနာ သမီးရဲ့..၊ ကိုယ်နဲ့ဆိုက်တဲ့အထုပ် ကိုယ့်ဆီရောက်လာတာလို့ မှတ်ရတယ်''

''အန်တီကကော ဝိုင် ဒီမှာ ခုလိုနေတာ မှတ်တမ်း အတွက် သိက္ခာကျစရာဘွေ ဖြစ်...''

''ဘာသိက္ခာမှ မကျဘူး..၊ အမှန်တရားက ကိုယ့်လက်ထဲမှာ ရှိနေတာပဲ၊ သမီးကိုယ်သမီးတောင် မသိခဲ့ပေမယ့် အန်တီတို့က သိ... အဲ... လူကြီးဆိုတာ လူငယ်တွေလို ထိနိုက်ခံစားလွယ်တာမျိုး မဖြစ်ကြတော့ဘူးလေ၊ အဲဒါကြောင့် ဖြေသိမ့်နိုင်တယ်၊ လောကဓံတရားဆိုတာ လူငယ်တွေ နားလည်ခဲတယ် သမီးရဲ့..''

ကိုယ့်စကားနှင့်ကိုယ် ကံကောင်းလို့။ ဒေါ်မေကောင်းကင် တစ်ယောက်တည်း လျှာခလုတ်တိုက်ရင်း မျက်နှာမထားတတ် ဖြစ်သွားခဲ့၏။ ဝိုင် ကတော့ ဘာမှသတိမထားမိပါ..။

သူမသည် တစ်ခါတလေ ကလေးဆန်စွာ ပေါ့ပါးလန်းဆန်းနေတတ်ပြီး ငိုစရာတွေ ရှာတွေ့ပြီဆိုလည်း ချက်ချင်း မျက်ရည်ကျတတ်ပြန်သည်။

ဘယ်လိုပဲနေနေ အရမ်းချစ်စရာကောင်းဟဲ့ မိန်းကလေး..။

ချစ်ပြုံးရင်းချစ်နေသည့် ဒေါ်မေကောင်းကင် သည် ဝိုင် ကို ချွေးမလေးအဖြစ်လည်း လိုချင်သည်။ ငါ့သမီးလေးသာဆို ဘယ်လောက်ကောင်း မလဲလို့လည်း တွေးဖြစ်၏။

အရက်သမားစကားနှင့်ပြောရမယ်ဆို ဒီကောင်မလေးကို အသေရရ အရှင်ရရ ချစ်ကိုချစ်နေမိတာ ဖြစ်သည်။





နွေမှတ်သုံတို့ညီအစ်မတွေ သည်းသည်းလှုပ်ချစ်နေကြတာ ဒါနှင့်ပဲ နေမှာဟု တွေးမိရင်း ဝိုင် ကို တစိမ့်စိမ့်ကြည့်မိလေ သဘောသ..။

တစ်မြို့တည်းနေကြပေမယ့် ဒီလောက်ကြာကြာ နီးနီးကပ်ကပ်မှ မပါဘဲ သူမရင်ထဲမှာ သေချာနေခဲ့သော တိတ်တနိုး ဆုံးဖြတ်ချက်သည် ဝိုင်ကို ဘယ်လိုနည်းနှင့်မှ ပြန်မပေးနိုင်တော့ပါ..။

ကလေးကိုဖြစ်စေ၊ လူကြီးကိုဖြစ်စေ တစ်ခုခုတော့ မိမိသည် ဟု ကိုယ့်အမှန်တရားနှင့်ကိုယ် ရှိနေပြီဖြစ်သည်။ ဒါတွေ မကြာခင် ရှင်းကြရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၃ )

''ဒါဆို ကိုယ် ပြန်လို့ရပြီလား ထိပ်ထား...''

''အိုခေ...''

လွှင်ကိုကို ထပြန်သွားသည်နှင့် ထိပ်ထား မျက်ဝန်းလေးတွေ သူ့ဆီ ရောက်လာသည်။

''မျက်နှာကြီးက ပွထနေတာပဲကွာ..၊ မကျေနပ်သေးလို့လား''

''မဟုတ်ပါဘူး ထိပ်ထား ရယ်..၊ ထိပ်ထား လုပ်ပုံက ကိုယ်ကသဘောထားသေးနေသလိုလို မကောင်းပါဘူး''

''သဝန်တိုတာနဲ့ သဘောထားသေးတာကို ရောမပြောပါနဲ့ မှတ်တမ်းရယ်..၊ ယူ တို့ကို သဝန်တိုရင် တိုခွင့်ရှိတယ်၊ စိတ်ဆိုးမယ်ဆိုလဲ ဆိုးခွင့်ရှိတယ်လေ၊ တို့တွေက ချစ်သူတွေပဲဟာ၊ တို့လဲ ယူ့ကို သဝန်တိုခဲ့တာပဲ၊ ဘာမလုပ်ရဘူး၊ ဘယ်မသွားရဘူး ချုပ်ချယ်ခဲ့တာပဲ''

''မဟုတ်ဘူးလေ ကိုယ်က ယောကျ်ားလေး''

''ယောကျ်ားလေးတွေ အတ္တကြီးတာ အများကြီးပါကွာ..၊ မှတ်တမ်း က ထိပ်ထား အရွဲ့တိုက်တုန်းက တကယ် ဘာမှမခံစားဘူးလား စိတ်တိုလို့၊ ဖုန်းမဆက်၊ ခေါ်တာမလာဘဲနေခဲ့တာ မဟုတ်ဘူးလားကဲ... ဖြေစမ်းပါ''





''ဆန်းမှမဆန်းတော့တာ ထိပ်ထား ရယ်...''

''ဟင်...''

''မင်း ကိုယ့်ကို စိတ်ဆိုးသွားတိုင်း ကိုယ့်မှာ နေရာမပျက် သဘောကျန်ခဲ့တာ တစ်ခါမှမရှိပါဘူး၊ အရက်တွေ မှိုချချင်တယ်၊ အအိပ်အစားပျက် ဖြစ်ရတယ်၊ မင်း ပြန်မခေါ်မချင်း ထိုင်မရထမရပါ၊ ဒါပေမယ့် ကိုယ်က ချစ်နေရတဲ့သူအဖြစ် နေတတ်အောင် နေရတာပဲ''

''အဲဒီလိုတော့ မပြောပါနဲ့၊ မှတ်တမ်း ကချည်း ချစ်နေရတဲ့သူဆိုတော့ တို့က မချစ်ခဲ့လို့လား''

မှတ်တမ်း က မဖြေပါ။ စီးကရက်ကိုထုတ်ပြီးမှ မီးမညှိဖြစ်ဘဲနှင့် တိုက်ဆောင့်ရင်း မျက်နှာကို ခပ်လွှဲလွှဲလုပ်နေ၏။

''မှတ်တမ်း...''

''ဟင်...''

ထိပ်ထား က မှတ်တမ်း လက်မောင်းကို ကိုင်လှုပ်ပစ်ကာ...

''ပြောလေ..၊ ယူ့ရင်ထဲမှာ အဲဒါတွေ ထည့်ထားခဲ့တာလား''

''ထည့်မထားပါဘူး၊ ဒါပေမယ့် ကိုယ် အမြဲတမ်း အလျှော့ပေးခဲ့တာ ထိပ်ထား သိပါတယ်၊ ဒီကိစ္စလောက်ကျမှ...''

''ဒီကိစ္စလောက် မဟုတ်ဘူးလေ၊ ဘုရားသွားမယ်၊ ရုပ်ရှင်ဝင်မယ်လို့ ယူ့ကို ထိပ်ထား ချိန်းခဲ့တာ၊ အဲဒါ ယူ့အစား တခြားတစ်ယောက်ကို ခေါ်သွားတာလေ၊ အဲဒါ ယူ့အတွက် ဘာမှမဟုတ်လောက်ဘူးလား''

မှတ်တမ်း က ဖျတ်ခနဲ လှည့်ကြည့်သည်။ မျက်ဝန်းထဲမှာ ရယ်မြူးပါပေ..။

''အဲဒါ မင်းသိရက်နဲ့ မင်းပဲ သရုပ်ဆောင်ခဲ့တာလေ..''

ထိပ်ထား လက်တွေ တဖြည်းဖြည်း လျှော့ကျသွား၏။ မှတ်တမ်းမှာ ဘယ်လောက်ထိ ထိရှသွားခြင်းငှာ မျက်ဝန်းတွေမှာ မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့နောက်···

"အဲဒါ ဟုတ်တယ်··၊ ထိပ်ထား လွန်ပါတယ်၊ ဒါပေမယ့် သူ တကယ် ဘယ်မှမသွားခဲ့ဘူး၊ ထိပ်ထား လေ မှတ်တမ်း စိတ်ဆိုးသွား ဆိုတာ တွေးမိလေ မနေတတ်လေ၊ အဲဒါကြောင့် ဖုန်းတွေ မရမက ခေ တယ်၊ အင်တာနက်ဆိုင်ရှေ့လဲ ရောက်တယ်၊ ဖေယျ တို့ကအစ မကြ လင်တာသိတာတောင် ထိပ်ထား ဟန်မဆောင်နိုင်ခဲ့ဘူး၊ မှတ်တမ်း ကို ထိပ်ထား တကယ်ချစ်ခဲ့တာ၊ အနိုင်ရနေလို့ ချစ်တာလဲ မဟုတ်ဘူ အထင်မြင်သေးလို့ အနိုင်ယူနေတာလဲ မဟုတ်ဘူး၊ ယုံပါ မှတ်တမ်း ရယ်···"

မှတ်တမ်း က ပြုံးသည်။ သူ့ရင်ထဲမှာ ကျေနပ်သွားတာလား မကျေမနပ် တင်ရှိကျန်ဆဲလား၊ ဘာမှန်းတော့ မသေချာ။ ဒါပေမယ့်

"ထိပ်ထား လေ··၊ မေမေတို့ လက်ထပ်ပေးမယ့်သူကိုတော့ သစ္စာရှိရှိနဲ့ ငြင်းခဲ့တာ"

ဟင်··· မှတ်တမ်း အံ့သြသွား၏။ ထိပ်ထား တကယ်ပြော တာလား။ ဟုတ်တယ်ဆိုရင် ဒါဟာ သူ့အတွက် ဝမ်းသာစရာကော ဘာဖြစ်လို့ ခုမှ ပြောရတာလဲ··။

"ဘာမှမဟုတ်ဘူး၊ မင်းလိုကောင်ကို သူက ဘယ်စာရင်းထဲ ထည့်ခဲ့တာ မဟုတ်ဘူးလေ၊ အခု ဝိုင့် ကို မင်းဘောမှာမြင်ပြီး ငါးရှ လူး ဖြစ်သွားတာ"တဲ့··။

ခဲတံ က ဒီတိုင်းပြောပြီး သတိကျပ်ကျပ်ပေးသည်။ သူငယ်ချ တွေပြောတာလည်း မလွန်တော့··။ သူ ခေါင်းငုံ့နေခဲ့ရသည်။ ခံပါ သည့်ရင်ဘက်က ရင်ခုန်သံတွေ နားထောင်ဖို့ရော လွမ်းတေးညည်း ဘာမှမရတော့သလို အထုံအကျင်စွဲနေပြီလား··။

ထိပ်ထား ဘက်က မီးစိမ်းပြနေတော့လည်း လှိုက်လှဲကြည် သော ဝမ်းသာပျော်ရွှင်မှုမျိုး သူ့ဘက်မှာ ဖြစ်မလာ··။





ဝိုသေချာတာက ဝိုင့် ကြောင့်ပဲ ဖြစ်၏။ ဝိုင့် ပြဿနာဟာ တစ်နေ့ နေ့မှာ ထိပ်ထား နှင့် သူ့ရှေ့ကို ရောက်လာဦးမှာပင်··။ အစက ပဲ့ဒီ ရှောင်လွှဲလို့ရနိုင်ပေမယ့် အခု မေမေကိုယ်တိုင် ဝိုင့် ဘက်မှာ ရှိနေ၏။

ဒီပြဿနာတွေမှာ ထိပ်ထား နှင့် သူ ဘာတွေဆက်ဖြစ်နိုင်မလဲ···။

"မှတ်တမ်း"

"ဟင်···"

"ယူ တို့ကို ကလဲ့စားချေနေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ထိပ်ထား ရယ်···၊ ကိုယ့်မှာ···"

"ပြောလေ·· တစ်ခုခု ရှောင်လွှဲမနေပါနဲ့၊ ထိပ်ထား က အပြစ်ရှိ နေတဲ့သူပါ"

"ဘာမှမဟုတ်ဘူး၊ ကိုယ်တို့ တစ်ခုခု သွားစားကြမယ်လေ၊ ထိပ်ထား ဘာမှမစားရသေးဘူးမို့လား··"

သူ့ဘက်က ပြုံးပြုံးရယ်ရယ်ပြောလိုက်တော့မှ ထိပ်ထား မျက်နှာ သေး ကြည်သွား၏။ သူမမျက်ဝန်းထဲမှာလည်း မှတ်တမ်း က ခုတစ် ဘာမှ ပိုချောလာသလိုပါ။

ပြီးတော့ ဝိုင် ဆိုတဲ့ ကောင်မလေးကို အရေးတယူ လုပ်နေသေး ည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ထက်ပိုပြီးအရေးကြီးတာ ဘာမှမရှိစေရ··။

ကိုယ့်လောဘနှင့် ကိုယ် မှတ်တမ်း ကို ဆုံးရှုံးမခံနိုင်တာတွေ င်ထဲမှာ ဘယ်လောက် ပူလောင်နေသလဲ ကိုယ်သာ သိသည်။ သူမ သမျှ မှတ်တမ်း ပဲ သည်းခံနိုင်သည်။ သူမ ကြာရှည်စွာ စိတ်ကောက် နိုင်တဲ့သူကလည်း မှတ်တမ်း ပဲ ဖြစ်၏။

ကိုယ့်ကို ကြိုးဆွဲရုပ်သေးလို အနှံ့အတာခံ အလိုကျ အကြိုက်လိုက် ည့်ယောက်ျားတွေ ဒုနဲ့ဒေးပါ။ ဒါပေမယ့် ကိုယ်မှမချစ်တာ ဘာ ချေးလဲ··။

နောက်ပြန်ငဲ့ကြည့်လို့မှ အမောမပြေနိုင်သည့် ပုံစံတွေလေ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လို ရင်ခုန်မလဲ၊ မှတ်တမ်း က လူချောလှလှတော့ မဟုတ်ပေမယ့် ဆွဲဆောင်မှုရှိတဲ့ ယောကျ်ားဖြစ်သည်။ ဘကယ်တမ်း မှတ်တမ်း ကို သူမ ဆုံးရှုံးမခံနိုင်ပေ။

မေမေတို့ ပေးစားမယ့်လူကို မငြင်းရသေးပါ၊ မနေ့ကအထိ ချစ်သူ ဆိုတာရယ်၊ လက်တပ်ရမယ့်သူဆိုတာရယ်ဟာ သူမအတွက် ခွဲခြား စီစဉ်ထားစရာကိစ္စ မဟုတ်ခဲ့သေး..။

ဒီနေ့ ချစ်သူကို သူမ ညာသလို ဖြစ်ခဲ့ပါသည်။ ဒါပေမယ့် ရင်ထဲမှာရှိတာ ဒီဟိုင်းအမှန်ပါ..။ လက်ရှိ အနားမှာရှိနေကြတဲ့သူတွေ ရော၊ မေမေ သဘောတူထားတာကိုရော သူမ လက်မခံနိုင်..။

သီချင်းသံလေး တစ်ချက် ပျံ့လွင့်လာတာက မှတ်တမ်း ၏ ဖုန်း ဆီမှ..၊ ထိပ်ထား စိတ်ကူးတွေ ပျောက်လွင့်ကုန်ကာ၊ မှတ်တမ်း ဖုန်းခေါ် လိုက်တာကို စိတ်ဝင်စားသွားခဲ့၏။

မှတ်တမ်း ၏အကြည့်တစ်ချက် သူမထံ ရောက်လာကာ ဖုန်း ပြောရင်း ထရပ်လိုက်၏။

"ခဏနော်"

ဟု ပြောပြီး ခပ်လှမ်းလှမ်းကို လျှောက်ထွက်သွားတော့ ဘာ မတတ်နိုင်ပါ..။ သို့သော် ဖေယျ လား..၊ ခဲတံ လား..၊ တစ်ယော ယောက်ဆီကဆိုတာတော့ ထိပ်ထား သိလိုက်၏။

"မင်း ဘာလုပ်နေတာလဲ မှတ်တမ်း၊ ယန်းခြံထဲကနေ အခု ဘယ် ကိုပါသွားပြီလဲ"

"မပါသေးပါဘူး၊ ခုမှ သွားကြမှာ..."

"သိသားပဲ...၊ မင်းဟာလေ အမှတ်မရှိဘူး ပြောရမလား အရှက်မရှိဘူး ပြောရမလား..၊ နာမည်နဲ့တော့ တခြားစီပဲ.."

"ဖေယျ မင်းပြောနေတာတွေက စကားလုံးတွေနဲ့ မတူတော့ဘူး ရင်ဘတ်ကို အဆုပ်လိုက် ပစ်မှန်နေတာနော်"





"မင်းက စိတ်ဆိုးချင်လို့လား၊ အဲဒီမှာ လဲသေလိုက်ဦး၊ ငါကတော့ ပြောမှာပဲ၊ မင်းလျှော့ချင်ရင်လဲ နောက်ထပ်တစ်ခါ ကိုယ့်ရှေ့ ပြေးလာ အောင်တော့ အောင့်လိုက်ပါဦးလား၊ ခုပဲ ရှေ့ရောက်လာတယ်၊ မင်းက ပဲ ဦးဆောင် ဒူးယောက်လိုက်တယ်လေ၊ မင်းတို့လိုကောင်တွေရှိနေလို့ အဲဒီလောက်လှတဲ့မိန်းမတွေ ကြိုက်သလို မီးမြှင့်နေတာ.."

"ဟီတ်ကောင်... ဖုန်းထဲကမီးတွေ နားထဲဝင်လာပြီ၊ မင်း ခော်ဦးလား..."

"တော်ပြီ...၊ ဒီညနေထိ မင်းပြန်မရောက်ရင် ငါးနာရီယိုးတာနဲ့ နာဆိုင်စလုံး ပိတ်မယ်"

ပြောပြီး နှုတ်မဆက်ဘဲ ဖုန်းချပစ်၏။

မှတ်တမ်း ထိပ်ထား ဆီ လှမ်းမကြည့်မိအောင် မျက်နှာလွှဲထား ရင်း ပင့်သက်ရှိုက်မိသည်။ ကိုယ် အရူးအမူးချစ်ခဲ့ရတဲ့ မိန်းမတစ်ယောက် က မှားပါပြီ၊ သေပါပြီလို့ ညည်းညူလူးလိမ့်ပြနေတာ၊ ဘယ်ကောင် နိုင်မှာလဲ... ကိုယ်ချင်းစာကြည့်ပါလား..။

မင်းလည်း မမှားဘူး၊ မင်းလည်း မမှားဘူးလို့ အဓိကွေးရှင်း ချလိုက် တော့ မှားနေတာက သူပဲ ဖြစ်နေ၏။ ထိပ်ထား ကို ချစ်မိတာ သူမှား သလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

"မှားနေတာက မေမေ မဟုတ်ဘူး၊ မင်း…"

"မေမေ့ကိုလဲ မှားတယ်လို့ ကျွန်တော် ပြောတာ မဟုတ်ပါဘူး ဒါပေမယ့် သနပ်ခါးသွေးပေးနေတဲ့အထိ ဒီကောင်မလေးကို…"

"ဟဲ့… သားရယ်.. မေမေ့ဘက်က ဟန်ဆောင်နေတာ တစ်ခု မပါဘူး၊ ဗိုင် ကို မေမေ တကယ်ချစ်တာ၊ သမီးလေးလို ပွေ့ဖက်မွေး ချင်စိတ်တွေဖြစ်မိအောင် ချစ်တာ၊ အဲဒါကြောင့် သူ့အဒေါ်တွေ အလှည့် ကျနဲ့ ညတိုင်း သနပ်ခါးသွေးပေးကြတဲ့တာဝန် မေမေ ဆက်ယူတာ ပေါ့.."

"မဟုတ်သေးဘူး မေမေ.. သူလဲကလေးမဟုတ်တော့ဘူး၊ မေမေ ကလဲ သူ့အွေမျိုး မဟုတ်ဘူး၊ ဒီကောင်မလေးရဲ့ ဇီဇစိတ်ကိုက…"

"ဗိုင် က မဆိုးပါဘူး၊ သူ့နေရာမှာ ဒီလောက်ထိ အလိုလိုက်ယုယ ခံထားရတဲ့ တခြားတစ်ယောက်သာဆို ပတ်ဝန်းကျင်စိမ်းတဲ့ အရပ်ဒေသ တစ်ခုမှာ အံဝင်ခွင်ကျဖြစ်အောင်နေဖို့ ဘယ်လိုမှ မလွယ်ဘူး၊ အခု ဘယ်လောက် အဆင်ပြေအောင် နေရှာသလဲ၊ အစားဆင်းရဲ၊ အအိပ် ဆင်းရဲ…"





"ဘာတွေ ဆင်းရဲလို့လဲ မေမေ… တစ်လကို သိန်းနှစ်ဆယ် လောက် လွှင့်ပစ်နေတာ.."

"ပစ်ပစ်လေ၊ ဒါက သူ့ကုသိုလ်နဲ့သူပါ၊ ဘိုးဘွားစဉ်ဆက် ဘယ် လောက်ချမ်းသာခဲ့ကြသလဲ၊ မနေ့ တိုညီအစ်မလက်ထက်မှာ ကျောက် တွင်းလုပ်ငန်းတွေ ပိုဖော်င်ပွားများလာသေးတယ်၊ မေမေ့ ်ဆို စိန် တွင်းတစ်တွင်းတောင် ခုထိ မပိုင်နိုင်သေးဘူး"

ဘယ်သူကရော ဉာဏ် လုပ်လို့ရသလဲ..၊ မေမေ ကိုက ဗိုင် တို့တွေ ကို အထင်တကြီး ဖြစ်နေတာပါ..။ မေမေ ဒီရောက်ကတည်းက ဗိုင် ခါးပြင်မှာ သနပ်ခါးတွေ ညတိုင်း ဖွေးနေတာကို မြင်သည်။

ဒါပေမယ့် မေမေ သနပ်ခါး ကိုယ်တိုင်သွေးပေးနေမှန်း မသိခဲ့ သေး..။ ဒီနေ့ သွေးနေတာ ပက်ပင်းတွေ့တော့မှ…

"ဟုတ်တယ်.. မိုးကုတ်မှာ သနပ်ခါးပင်တစ်ပင်တည်းကို နှစ် သောက်အတူဝယ်မိကြတုန်းက မနေ့ ပြောတာလေ၊ သူတို့ကတော့ အသက်လည်းကြီးပြီဆိုတော့ ခပ်ပါးပါး လိမ်းကြတာတဲ့၊ ကလေးကို တော့ ခြေဆုံးခေါင်းဆုံး ပါးကွက်လေးပါ လိမ်းပေးရတာတဲ့၊ သနပ်ခါး ကုန်တဲ့အကြောင်းပြောရင်း သူ ယူပါရစေဆိုလို့ အဲဒီ သနပ်ခါးပင် သူ့ကိုပဲ ပေးလိုက်ရတယ်လေ"

သေချာရှင်းပြမှ သနပ်ခါး ညတိုင်းလိမ်းရခြင်းရဲ့အကြောင်းကို သူ သိခွင့်ရခဲ့သည်။ မျက်နှာကြီး မှုန်တေတေလုပ်ထားတော့ ဒေါ်မေ ထောင်းကင် က မှတ်တမ်း ကို ကြည့်၍ ပြုံးလိုက်ကာ သွေးလက်စ သနပ်ခါးတုံးကိုလည်း ချလိုက်၏။

"မိန်းကလေးချင်းမို့ သူ့ကို အလိုလိုက်နေတာကို အူတိုတယ်ဆို သားပါတော့၊ သားက ဘာဖြစ်လို့ အူတိုနေရတာလဲ"

"အူတိုစရာလား မေမေရာ၊ တော်ကြာ ကျွန်တော်တို့ သူ့ အဒေါ်တွေက တစ်မျိုးထင်ကုန်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာရှိနေတာကို ဖုံးပိပေးထားတာတောင် လွှန်နေပြီ..''

''ဒါက မေမေ ပူရမယ့်ကိစ္စပါ၊ သား ဘာမှ ခေါင်းစားမနေနဲ့အေး... မေမေ့ကို ခေါင်းစားအောင် ကကယ်လုပ်တာက မင်းဖြစ်နေရင်ငါ မေမေက ခွင့်မလွှတ်ဘူး၊ တကယ်ပြောတာ...''

''ဗျာ... မေမေ ဘာပြောလိုက်တယ်..''

ဒေါ်မကောင်းကင် က ဇေယျ ဆီက သတင်းစုံ ကြားထားပြီးသား ဖြစ်သည်။ ထိပ်ထား ဆိုတဲ့နာမည်ကို မသိပေမယ့် သားမှာချစ်သူရှိနေတာကို သိုးသိုးသန့်သန့် ကြားနေတာတော့ ကြာပါပြီ။ သတင်းအစုံအလင်ကိုတော့ ဒီနေ့မှ သိခဲ့ရတာ ဖြစ်၏။

''သားရှင်ဆိုပြီး လက်မ,ထောင်ကြတဲ့သူတွေ ဘယ်လိုတောင်နိုင်ကြသလဲ မေမေ မသိဘူး၊ မေမေကတော့ မေမေ့သားကို စိုးပိုင်ခြယ်လှယ်သွားမယ့် မိန်းကလေး ဒါမှမဟုတ် မိသားစုတစ်စု ဘယ်နေ့ပေါ်လာမလဲလို့ ရင်ပူနေရတာ သိလား...၊ သားရှေ့ရေးအတွက် မျက်နှာမယ်၊ မကြောင့်ကြရအောင် ဘယ်လို အတတ်ပညာတွေ၊ အသိပညာတွေပဲ ပေးကမ်းပြီးဖြစ်ပါစေ သားကိုကြင်နာမယ့်မိန်းမ ဖြစ်ပါ့မလား... စီးတဲ့ရေ ဆည်တဲ့ကန်သင်း မဖြစ်ဘဲ အသုံးအဖြုန်းကြီးတဲ့မိန်းမ ဖြစ်နေမလား..၊ ဒါတွေမဟုတ်ပြန်ရင်တောင် ရှာသမျှ သုံးလို့မလောက်ဖြစ်နေတဲ့မိန်းမဆိုရင် ငါ့သားလေးကို ငြိုငြင်မလား..၊ အဲဒီလို မသေချာခြင်းများစွာနဲ့ စိုးရိမ်သောကတွေ အမြဲတမ်း ခံစားနေရတယ်...''

''မေမေရာ..၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် 'အားနဲ့သူပါရှင်' လို့ အော်ရမလိုတောင် ဖြစ်လာပြီ''

''မတတ်နိုင်ဘူး သား၊ မိဘတိုင်း ဘယ်လိုနေနေ မေမေ အဲဒီလိုပဲ ပူနေရတယ်၊ အခု မေမေ့သားကို နိုင်စားမယ့်မိန်းကလေး ပေါ်နေပြီ ဒါ လက်ထပ်ရသေးတာ မဟုတ်ဘူး၊ ချစ်သူအဆင့်ပဲ ရှိသေးတာ''

''ဟာ... မေမေ့... မေမေ့ကို ဘယ်သူပြောလိုက်တာလဲ''





မှတ်တမ်း ပြန်လှည့်ထွက်သွားပြီး အခန်းဝရောက်မှ ပြုံးပြုံးပြပြ လှည့်လာတာ ဖြစ်သည်။ ဒေါ်မကောင်းကင် က ကျောက်ပျဉ်ကို ရှေ့ကို သာသာလေး တွန်းရွှေ့ပြီးမှ မှန်တင်ခုံရှေ့က ထရပ်လိုက်ကာ..

''ဘယ်သူပြောတော့ ဘာလုပ်မလို့လဲ..''

''ဝိုင် ပြောတာလား...''

''ဝါသနာမပါဘူး သိရဲ့လား၊ သူများနိုင်စားတာခံချင်လို့ ခံနေမှန်းသိရက်နဲ့ လူမိုက်လုပ်ပြီး ချုံတွန်းလုပ်ရအောင် ရှင်က နပ်ချော်စားတဲ့အရွယ်လား...''

''ဘာ... မင်း...''

ဝိုင် က သူ့ဘေးကနေ ပခုံးချင်းတိုက်တော့မတတ် နီးနီးလေး တပ်လျှောက်သွား၏။

မှန်တင်ခုံရှေ့မှာ ဝင်ထိုင်တော့ သူမက ကျောပေးထားပေမယ့် မှန်ထဲက သူမမျက်နှာကို မှတ်တမ်း မြင်နေရ၏။

ဒီမှာ သူ့အိမ်မှာထားကာမှ ဒီလိုနေသလား မသိ..။

ဘယ်တော့မှ ညဝတ်အင်္ကျီမဝတ်သော သူမကိုယ်ပေါ်မှာ ပန်းရင့်ရောင် ရှပ်အင်္ကျီလက်တိုပွပွနှင့် စကတ်ပွပွကြီးက ကိုးယိုးကားယား။

ရေချိုးပြီးစမျက်နှာက မျက်ခုံးတန်းလေးတွေနဲ့ ဆံစပ်တွေမှာ ရေစိုသက်ကျန်တွေ ရှိနေဆဲ..၊ သူမက ညတိုင်း မိုးချုပ်မှ ရေချိုး၊ မေမေက သနပ်ခါးသွေးပေး ဒီလိုလား..။

သူ တွေးလိုက်မိတာကို ဝိုင် က သိနေသလို မျက်စနဲ့ နောက်ညည့်ကြည့်၍...

''မိုးကုတ်ကနေ ထွက်လာပြီးကတည်းက သနပ်ခါးသွေးရမှာ ရှင်းတာနဲ့ မလိမ်းဖြစ်တာ ကြာပြီ၊ အန်တီရောက်လာမှ အတင်းတိုက်တွန်းလို့ အားနာပါးနာလိမ်းနေရတာ၊ လိမ်းချင်လွန်းလို့တော့ မဟုတ်ဘူးနော်''

''လိမ်းပါ..၊ မေမေသာ မကဘူး ကျွန်တော်ပါ တောင်းပန်တယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ကျွန်းမာရေး ဂရုစိုက်၊ ရေမွန်မွန် ချိုး၊ သနပ်ခါးလေးလဲ လိမ်း..''

ရွဲ့ပဲပြောပြီး သူ ချာခနဲ လှည့်ထွက်သွားသည်။ ဒေါ်မေကောင်းကင် နဲ့ ပိုင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ရယ်မိကြ၏။ ပိုင် က...

''ကန်တော့နော် အန်တီ၊ ထိပ်ထား ကိစ္စ အန်တီ့ကို လှည့်ပတ် မေးတော့မှာ..၊ အဲဒါကြောင့်...''

''ရပါတယ် သမီးရယ်...၊ အဲဒါကြောင့် အန်တီ ဒုက္ခတွေ့နေတာ၊ ခုမှပဲ နေသာထိုင်သာ ရှိတော့တယ်၊ ပြောပြတဲ့ ကောင်လေးတွေကလဲ အန်တီ အတင်းမေးလို့သာ ပြောကြတာ၊ သူသိမှာစိုးလို့ တောင်းပန် လိုက်တာ မပြောနဲ့တော့...''

''ဟုတ်တယ်..၊ အဲဒါလဲ ပါတယ်၊ ပြီးတော့ သူ့ကို ပိုင် အသည်း ယားလို့ သိလား၊ ထိပ်ထား ဆိုတဲ့ မိန်းမနဲ့ပတ်သက်ရင် သူ့ကို နိုင်ဖို့ ဟိုက ကြိမ်စကြာကိုင်ထားတဲ့အတိုင်းပဲ''

အထဲမှာ ပြောကျန်ရစ်တာတွေကို အပြင်မှာ နံရံမှာ ကျောကပ်နေသည့် မုတ်တမ်း က အားလုံးကြား၏။

နှုတ်ခမ်းမှာ မပြေနိုင်သော မှဲ့ပြုံးနှင့်..၊ နာခေါင်းပါ ရှုံ့တွနေမိသေးသည်။ စိတ်ပုပ်ကဲ့ ကောင်မလေး..၊ သူများချစ်တာကို မရှုစိမ့်နိုင် ဖြစ်နေတာ။

သူ့ကျတော့ မချစ်ဖူးခဲ့လို့လား..၊ လူက တွင်တွင်ငြင်းနေပြီး မပေါ့မပါးကြီးတောင် ဖြစ်နေပြီဥစ္စာ..။

ပြောလိုက်ရင် ထွန့်ထွန့်လူးသွားဦးမည့် မယ်မင်းကြီးမ..။

တော်သေးသည်၊ နံရံကနေ ခွာခဲ့ကာမှ အိတ်ထဲက မြည်လာလို့..။

''ဟလို...''

''ကို လားဟင်''

'မုတ်တမ်း' လို့ ခေါ်လိုက်၊ တစ်ခါတလေ 'ကို' ဖြစ်သွားလိုက်





ရှိဖူးပေမယ့် ခုလို 'ကို' လို့ခေါ်ပြီး စပွင့် နှုတ်ဆက်တာတော့ မရှိသေးဘူး ထင်သည်။

ထိပ်ထား တော်တော်ချစ်တတ်လာပြီပဲ၊ သူ့နှုတ်ခမ်းတွေ ပြုံးနေလျက်...

''ကိုယ်ပါ...၊ ပြောလေ ထိပ်ထား...''

''ညဘက်ရောက်မှ ဆက်ရတော့ ဖုန်းကို တစ်ယောက်ယောက် ကိုင်မလားလို့ တွေးပြီး အပြောအဆိုမှားသွားမှာစိုးလို့ မေးတာပါ၊ ကို့ ဖုန်းကလဲ နေ့ဘက်ဆို ခေါ်လို့မရဘူးကွာ၊ ဘာတွေရှုပ်နေလဲ ပြော...''

''မရှုပ်ပါဘူး ထိပ်ထား ရယ်..၊ ဖုန်းက ဟိုကောင်တွေလက်ထဲ ရောက်ရောက်နေတာ များလို့ပါ''

ထိပ်ထား အသံလေး ခဏတိတ်သွား၏။ ပြီးမှ...

''မုတ်တမ်း က ပေးထားတာ မဟုတ်ဘူးလား''

''မဟုတ်ပါဘူး၊ သူတို့မှာ သုံးယောက်မှ ဖုန်းတစ်လုံးပဲ ရှိတာလေ၊ အပြင်သွားတာများတဲ့လူကို ဖုန်းပေးလိုက်ရင် ကိုယ့်မှာ ဖုန်းမရှိတော့ဘူး ဖြစ်သွားတာ..''

''ဟုတ်တယ်ပဲ ထားလိုက်ပါ၊ ဒါပေမယ့် ထိပ်ထား ဝန်ခံပါတယ် မုတ်တမ်းရယ်၊ ဒီလိုတွေဖြစ်လာတာ ထိပ်ထား အပြစ်တွေပါ၊ တို့က သူများတွေ အမြင်စောင်းလောက်အောင် မုတ်တမ်း အပေါ်မှာ ဆိုးနွဲ့ နေမိတာကိုး''

''ထားလိုက်ပါကွာ၊ မင်းနဲ့ ကိုယ် ပြေလည်နေရင် ပြီးတာပဲ၊ ထိပ်ထား ဆိုတဲ့မိန်းကလေး ဘယ်လိုနေနေ၊ ဘာလုပ်လုပ် ကိုယ် နားလည်ပေးနိုင်တယ်''

''ဟင့်အင်း..၊ ဒါကဒါပဲ ကို..၊ တကယ်တော့ အသိုင်းအဝိုင်းဆိုတာ ပစ်ပယ်ထားလို့ရတဲ့အရာ မဟုတ်ဘူး၊ ကို နဲ့ ထိပ်ထား ပေါင်းဖက်ဖို့ရှိလာရင် ထိပ်ထား ဘက်က၊ ကိုယ့်ဘက်က နှစ်ဖက်လုံး ဆွေမျိုးနှစ်

www.burmeseclassic.com



ကြည်ဖြူဖို့ပဲ လိုတယ်''

''ကိုယ့်ဘက်က သူငယ်ချင်းတွေကြောင့် ထိပ်ထား စိတ်အနှောင့်အယှက်ဖြစ်နေတာလား''

''ဟင့်အင်း…၊ လိုအပ်တာတွေကို မြင်လာတာ''

သူ ဖုန်းကိုင်ရင်း တိုက်မျက်နှာစာဘေးက ဘော်ရစ်ဒါတိုလေးဘက်ကို ကွေ့လျှောက်ခဲ့၏။ ပြီးတော့မှ ထောင့်စွန်းလေးက ပန်းစင်ဘေးမှာကိုင်လိုက်ရင်း…

''ကိုယ့်မေမေ ရောက်နေတာက ကိုယ်တို့ကိစ္စနဲ့ မဆိုင်ပါဘူး၊ ထိပ်ထား ဘက်က စီးစိမ်းမပြဘဲ ကိုယ့်ဘက်က လက်ထပ်ဖို့ မပြောဘူး၊ လူကြီးတွေ မသိစေရဘူး၊ ပေးထားတဲ့ကတိကို ကိုယ် တည်ပါတယ်''

''ကျေးဇူးတင်ပါတယ် ကို ရယ်…၊ ထိပ်ထား ဘက်ကလဲ လူကြီးတွေကို ပြောပြနိုင်ဖို့ နီးစပ်ပါပြီ၊ ဒါနဲ့ ကို့ကို မေးစရာရှိတယ်''

''မေးလေ…''

''ကို လုပ်ငန်းတွေ ထူထောင်ထားသေးတယ်၊ ဥပမာ မိနီမားကက်လေးတွေ စပ်တူဖွင့်ထားတာပေါ့…''

ထိပ်ထား ဘယ်လိုသိသွားတာလဲ၊ အားလုံးကို သိပြီလား၊ သူ အကြာကြီး အသံတိတ်မနေရဲဘဲ…

''ဟုတ်တယ်လေ၊ မြေစမ်း ခရမ်းပျိုးတာပါ''

''ထားလိုက်ပါ၊ ဒါပေမယ့် ရှယ်ယာဆိုတာ လုပ်ငန်းနားမလည်နိုင်သေးခင်၊ နားလည်ကျွမ်းဝင်သွားတဲ့အခါ ကစ်ဦးတည်းပိုင် ဖြစ်မယ့်အခု ရှယ်ယာဝင်ဆိုတာ အရင်ပိုင်ရှင်လောင်းက ယာယီအမည်ခံထားတာ ဘာညာတွေကကော…''

''ဟုတ်တာတွေတော့ ရှိတယ်၊ ဒါပေမယ့်… ဘာမှ မရေရာသေးပါဘူးကွာ၊ ကိုယ်က သေချာရေရာမှ မင်းကို ပြောမလို့ပါ…''

''ထိပ်ထား ကတော့ အဲဒီလို မထင်ဘူး''





''ဘယ်လို ထင်တာလဲ''

''ထိပ်ထား ကို ဥစ္စာမနေ၊ အဆောင်အယောင်တွေမက်တဲ့စာရင်းသွင်းပြီး တစ်နေ့ကျမှ ငွေထုပ်နဲ့ ပေါက်မယ်ဆိုတာမျိုး…''

''ဟား… ဟား…''

သူ မရယ်ချင်ဘဲ ရယ်မိ၏။ ဒါက အရောင်တူ အဆင်ကွဲပါ။

သူတစ်ယောက်တည်း ကြိတ်ကြိုးစားနေခဲ့တာ မှန်သည်။ သူမပြောတဲ့ ရည်ရွယ်ချက်နှင့်တော့ မဟုတ်ပေ။

အထင်မြင် ကြီးစေခြင်းဖြင့် ဖြားယောင်းရယူရမည့် အချစ်မျိုးကို သူ မလိုချင်…။ ထို့ကြောင့်…

''ကလေးကျနေတာပဲ ထိပ်ထား ရယ်…၊ ထိပ်ထား က ချမ်းသာပြီးတာကို၊ အဆောင်အယောင်တွေမက်နေရင် ကိုယ့်လိုကောင်ကို ပြန်ချစ်ပါ့မလား၊ ဒါလောက်တော့ ကိုယ် နားလည်ပါတယ်၊ နောက်ပြီးမင်းကို ငွေထုပ်နဲ့ပေါက်ဖို့အဆင့်ဆိုတာ…''

''တော်ပါ ကို ရယ်…၊ ကို က ထိပ်ထား ကို နားလည်တယ်၊ သည်းခံတယ်နဲ့ ပေးဆပ်ခြင်းတွေပဲ ရွတ်ပြနေတာ၊ တကယ်တမ်းကျတော့ အဲဒီလိုလူက ရယူခြင်းပါ၊ ထိပ်ထား တို့က ရနေသလိုလိုနဲ့ပေးဆပ်နေရတဲ့ဘက်မှာ ရောက်နေတာ''

''ဟင်… ရှုပ်ကုန်ပြီ၊ ဘာဖြစ်လို့လဲ…''

''ဟုတ်တယ်၊ ဆိုးနွံလို့ရနေသမျှ သာသာလေးနေလာခဲ့ပြီး ဆိုးရမယ့်လူလဲ မရှိရော အချိန်တိုင်းမှာ လစ်ဟာနေတယ်၊ ဘယ်လိုမှ နေလို့တော်အောင် တမ်းတမိတယ်၊ ဒါကလဲ ကိုယ်သိပ်ချစ်တဲ့လူမို့ပါ၊ ဘာတွေပေးနေနေ ကိုယ်အလိုရှိတဲ့အရာကိုသာ တန်ဖိုးထားကြတာမို့ ထိပ်ထား က မှတ်တမ်း ဆီကပဲ ရယူချင်နေတာ…''

''ဘာတွေ လိုချင်နေသေးလဲ ပြောလေ၊ အကုန်ပေးမယ်''

''ကို ဘာရယ်နေတာလဲ၊ ဒီက အကောင်းပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လဲ အကောင်းပြောတာပါ၊ မင်းအတွက် ကိုယ်ဖြစ်ခဲ့တာ ခုမှ မဟုတ်ဘူး၊ ကြာခဲ့ပြီ"

"ဒါပေမယ့်… အခု မှတ်တမ်း က ရယ်နိုင်တဲ့သူ"

"ရယ်နေနိုင်တာ မဟုတ်ပါဘူးကွာ၊ ငိုနေစရာမှ မဟုတ်တာ ကိုယ် ငိုနေရမှာလား"

"ဟုတ်တယ်၊ မျက်ရည်မကျဘဲ ကို ငိုနေခဲ့ရတုန်းက တို့က ပျော်နေခဲ့တဲ့သူ…"

ထိပ်ထား ဘာဖြစ်လို့ နောင်တတွေ တစ်ထောကြီး ရနေတာလဲ။ သူမအပေါ်မှာ သူမ ပြောနေသလောက်ထိတော့ အတေးအမှတ်တွေ သူ မထားခဲ့တာအမှန်ပါ။

ခုလည်း ထိပ်ထား နောက်တစ်ယောက်နှင့်တွဲပြနေသည့်အတွက် ပူဆွေးသောကရောက်နေခဲ့တာသက်သက် မဟုတ်ပါ။

ထိပ်ထား ရဲ့ အဲဒီလိုအကျင့်နှင့် အိမ်မှာ မေမေနဲ့ ပိုင် ရှိနေသည့် နောက်ကပြဿနာတွေ ဘယ်လို ရှုပ်ထွေးကြဦးမလဲဆိုတာ စိတ်ည… ခြင်း ဖြစ်သည်။

ထိုအခါ ချစ်ရတာနှင့် စိတ်ညစ်ရတာ မမျှတတော့ဘူးထင်… လွှတ်လပ်ခြင်းကို တောင့်တလာမိ၏။ ဒီတစ်ခါ ထိပ်ထား ကို ချော… မရတော့ရင်လည်း ရှိပါစေတော့လို့ စိတ်ဒုန်းဒုန်းချထားမိတဲ့အထိ တော… ဖြစ်ခဲ့သည်။

ထို့ကြောင့် ထိပ်ထား ခုနပြောသည့် ကိုကကော့ ရယ်နိုင်ပြီဆို… ဒါများလား…။

သေမှာမကြောက်တဲ့လူ သေခဲတယ်ဆိုတာ…။

ဒီခံစားချက်တွေနှင့် မှုန်မှိုင်းရောထွေးနေလေ ပို၍ မွန်းကျပ်… ဖြစ်နေကာ မခံစားချင်တော့ဘူးဆိုပြီး နေလိုက်တော့လည်း ရယ်… တွေ၊ ငိုတာတွေအပေါ်မှာ ခံနိုင်ရည် ရှိလာ၏။





ထိပ်ထား ကတော့ ခနဲ့လို့ကောင်းနေတုန်း…။

"မှတ်တမ်း…"

"ဟင်…"

"ဟိုကောင်မလေး ရှိသေးလား"

"ရှိတယ်"

"တစ်အိမ်တည်း နေတာဆို…"

"မေမေ ရှိနေတယ်လေ၊ မေမေက သူ့ကို သိပ်ချစ်တာကွ၊ သူတို့ အတူတူ ပြန်ကြမှာထင်တယ်"

"မှတ်တမ်း…"

"ပြောလေ…"

"မေမေ ဘယ်လိုသဘောထားထား၊ မှတ်တမ်း က စေတနာမပိုရဘူးနော်"

"မပိုပါဘူး၊ အခု မေမေ ရောက်လာတော့ ကိုယ်က အနေသာကြီး"

"ကို့မေမေနဲ့ ထိပ်ထား ကို ပေးမတွေ့ချင်ဘူးလားဟင်…"

"ဘယ်လို!…"

နားထောင်နေရင်း သူ မျက်ခုံးတွေ မြင့်တက်သွား၏။

"ဆောရီး…၊ တို့က ဘယ်တရားမလဲနော်၊ တို့မေမေနဲ့ကျတော့ ကို့က ပေးမတွေ့ဘဲနဲ့"

"မဟုတ်ပါဘူး ထိပ်ထား ရဲ့၊ ကိုယ် အဲဒီလိုတွေးဖို့ သတိတောင် …ဘူး၊ နည်းနည်းအံ့သြသွားလို့ပါ၊ ကိုယ်က အဲဒီလိုမလုပ်ရဲတဲ့လူလေ၊ …ကြောင့်… မေမေ့ကို အရိပ်အမြွက်တောင် မပြောခဲ့မှုးဘူး"

"ဟုတ်တယ်.."

"အင်း…"

ဟိုဘက်မှာ ထိပ်ထား အသံလေး တိတ်သွား၏။

www.burmeseclassic.com



မိန်းကလေးဆိုသည့် အတားအဆီးတွေအောက်မှာ အစကတည်းက မြုံခဲ့သည့် အချစ်တွေက 'တော်တော့'လို့ ခေါင်းခါနေကြ၏။

ကိုယ်က ကြုံဆိုပါသည်၊ လက်ခံပါမည်ဆိုကာမှ မှတ်တမ်း ဘက်က အတူနေချင်တာတွေ၊ လက်ထပ်ဖို့ စကားတွေ တစ်ခွန်းမှ မဟ,ခဲ့တော့ပေ။

အတူလက်တွဲပြီး စွန့်စားရအောင်လို့ မပြောတော့ဘူးလား၊ ကိုယ့်မှာလည်း အလုပ်အကိုင်နှင့် ဝင်ငွေကောင်းနှင့် နေရာတကျရှိနေခဲ့ပြီလို့ရော မပြောတော့ဘူးလား။

ဒီတစ်ခါ မျှော်လင့်ရသူနေရာမှာ သူမ ဖြစ်ခဲ့ပြီထင်သည်။

အပြိုင်အဆိုင် အနိုင်လုရပြီဆိုမှ မက်မောရမှန်း သိသည်။ ဆုံးရှုံးရတော့မှာလားလို့ တွေးမိတော့မှ ကြောက်ရွံ့လာ၏။

မတော်တဆ အသည်းကွဲခြင်းမှ ကင်းဝေးရပါစေ…။





## အခန်း ( ၂၅ )

"ဗျာ ! မေမေ ဘယ်လို…"

"ဩော်… ကြာမှာလဲ မဟုတ်ဘဲနဲ့သားရယ်၊ ကားပေါ်ကနေစောင့်ပြီး ပြန်ခေါ်လာရုံပဲဟာ၊ သားလဲ ဒီနေ့ အားနေတယ်၊ ဆေးခန်းနဲ့ ဒီသွားလာရတာလဲ အဆင်မပြေလို့ပါ.."

မှတ်တမ်း စိတ်ပျက်ခြင်းများစွာနှင့် ရှုံ့မဲ့သွားလေသည်။ ဆေးခန်းဆိုတာက လူမမာတွေပဲ သွားကြတာမှန်ပေမယ့် ကိုယ်လိုက်ပို့ရမှာက နမကောင်းဖျားနာဖြစ်လို့သွားမှာ မဟုတ်..။

"သူက အိုဂျီနဲ့ပြမှာမို့လား မေမေ၊ သူနဲ့ကျွန်တော် တွဲသွားရင် ဘာတွေဖြစ်ကုန်မလဲ၊ လူတွေ ဘယ်လိုထင်မလဲ.."

"ရန်ကုန်မှာကွယ်၊ ခုမြင် ခုပျောက် လူတွေပါ၊ တောရွာတွေမှာလို ဘုပုတို့၊ မိစုတို့၊ မိပုတို့ ဘယ်သူတွေ ဘယ်သွားသွား ကိုယ်ယောင်ပျောက်မရသလိုပေါ့၊ ဒီလိုတွေ မြို့မှာ မရှိဘူး၊ ဒီလမ်းကနေ ဟိုလမ်း ပျောက်သွားတာနဲ့…"

"မဟုတ်ဘူး မေမေ၊ မျက်လုံးတွေ ပါးစပ်တွေက နေရာတိုင်းမှာ ချောင်းကြည့်နေသလိုပဲ၊ မမြင်ဘူးထင်ပေမယ့် မြင်ကြတယ်၊ မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူးထင်ပေမယ့် သိကြတာပဲ၊ ကျွန်တော့်သူငယ်ချင်းတွေ မြင်သွားရင့်
ကတော့ လုံးဝရှင်းလို့ရမှာ မဟုတ်တော့ဘူး''

မှတ်တမ်း စကားကြောင့် ဒေါ်မေကောင်းကင် မျက်နှာတင်းသွား
သည်။ ဆိုဖာပေါ်မှာ ဒေါသမကင်းစွာ ထိုင်ချလိုက်တော့ ရင်ညွန့်
အောက်မှာ လှုပ်ခတ်နေသည့် စိန်လော့ကတ်နှင့်ဆွဲကြိုးက တဖျပ်ဖျပ်
ခါသွား၏။

''ရှင်းရှင်းပြောစမ်းပါ၊ သူငယ်ချင်းတွေကြောင့် ဟုတ်ရဲ့လား..''

''ဟုတ်ပါတယ် မေမေရာ၊ မေမေ့ကိုလဲ ကျွန်တော် တကယ်အံ့ဩ
နေပြီ၊ မိုးကုတ်မှာတုန်းကထက် ပိုနေတယ်၊ ကလေးရှိနေပြီဆိုကာ
ပိုနေသလိုပဲ၊ မေမေ ဝိုင် ကို ချစ်နေတာ အံ့ဩလောက်အောင်ကို ဖြစ်
နေတာ..''

''ကိုယ်ဝန်ရှိလာမှ ပိုချစ်တာပေါ့၊ မိန်းမသားချင်းမို့ သနားတာ
လေ၊ ပြီးတော့ သူ့ခမျာ တစ်နယ်တစ်ကျေးမှာ ဒုက္ခလာဖြစ်နေတာ''

''သူ့ကို အသည်းအသန်ရှာနေကြတာပဲ မေမေ၊ သူ့ဘာသာ ဖုံး
ကာ မေမေက သနားတယ်ဆိုတော့...''

''အို.. မေမေ့ဘာသာ ဘာဖြစ်လို့ပဲ ချစ်ချစ်...''

''ဒါဆို ကျွန်တော် တစ်ခုလောက် မေးပါရစေ၊ မေမေ စိတ်မဆိုး
နဲ့နော်''

''မေး...''

''သူနဲ့ကျွန်တော်ကို လူတွေ တစ်ခုခုထင်သွားကြရင် ဒါမှမဟုတ်
သူနဲ့ အဲဒီလိုအနေနီးပြီး ကျွန်တော်က မေတ္တာသက်ဝင်သွားမိရင် မေမေ
ကြည်ဖြူနိုင်မှာလား..''

''သားက အခု ဝိုင် ကို ချစ်နေလို့လား...''

''ပြောပြတာ...၊ သူကလဲ ချစ်စရာလေးလေ၊ ကျွန်တော်တို့ရှင်း
အစကတည်းက ရင်းနှီးခဲ့ဖူးတယ်၊ တကယ်လို့ဆိုတာ ဖြစ်နိုင်တာ''





''အေး... ဖြစ်လာမှပဲ မေမေ ဖြေမယ်၊ ခု မမေးနဲ့ဦး''

မေမေ့ပုံစံကို သူ အကဲခတ်လို့မရနိုင် ဖြစ်နေမိသည်။ ပိုဆိုးတာက
ဝိုင် နဲ့ သူ တွဲသွားမိတိုင်းလိုလို ထိပ်ထား က သိနေသည်။ ပက်ပင်းတိုး
ကြတာလည်း ရှိ၏။

ဟိုတစ်ခါ တိုးတုန်းကလည်း ဝိုင် ဘာလိုလို အရှုံတိုက်သွားတာ
သူ အကြီးအကျယ် ခေါင်းစားသွားခဲ့၏။ ထိပ်ထား စိတ်ကောင်းလေး
ဝင်နေတဲ့ကာလသာ မဟုတ်ခဲ့ရင် မလွယ်..။

''သား.. မေမေ အကူအညီတောင်းတာနော်၊ ဘာတွေ ဒီလောက်
စဉ်းစားနေတာလဲ..၊ ညနေ မင်းအဖေနဲ့ ဖုန်းချိန်းထားတာလဲ ရှိသေး
တယ်''

''ကျွန်တော့်ကိုဆက်ရင် ရတာပဲ မေမေရာ၊ အဲဒါကြောင့် မေမေ့
ကို ဟန်းဖုန်းကိုင်ဖို့...''

''တော်ပြီ..၊ မေမေ မေးနေတာကို ဖြေ..''

''ပို့မယ် မေမေရာ၊ ကဲ... ပို့ပေးမယ်၊ ပြန်စောင့်ခေါ်မယ်၊ ဘာ
သုပ်ပေးဖို့ လိုသေးလဲ''

''ရပြီ''

ဒေါ်မေကောင်းကင် က မှတ်တမ်း ရွှံ့နေတာလား၊ စိတ်တိုနေ
သလား ဘာမှစိတ်မဝင်စားဘဲ ခပ်မာမာပဲ ပြန်ဖြေသည်။ ပြီးတော့
တစ်ခါတည်း ဝိုင် ရှိနေသည့် ဘေးတွဲဧည့်ခန်းဆီ လှမ်းကြည့်ကာ...

''သမီးရေ... ဝိုင်..၊ သမီး ပြီးပြီလား..''

ခဏစောင့်တော့ ဘာတုံ့ပြန်သံမှ မကြားရသဖြင့် ဒေါ်မေကောင်း
ကင် မျက်မှောင်ကြုတ်သွားသည်။ မှတ်တမ်း က သိလိုက်ပြီမို့ လှစ်ခနဲ
ပြုံးသည်။ တမာဝိုင် တဲ့..။

သေးသေးနုပ်နုပ်မာန မှတ်လို့...။

မေမေကတော့ ကမန်းကတန်းထသွားပြီး ကြည့်ရှာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော်.. ဘယ်ရောက်သွားပါလိမ့်..၊ သမီးရေ... ဗိုင်းလေး.."

ညှို့ခန်းထဲကိုကြည့်ရင်း နောက်ဘေးပေါက်ဆီ ရောက်လာခဲ့ ဒီကနေ အပြင်ကိုထွက်သွားလို့ရနေတာကို သတိရမှ ဗိုင် ထွက်သွား မှန်း သိလိုက်၏။

"သွားပြီ.. မင်းကို မေမေ ပြောနေရတာတွေ ကြားပြီး မ စေတနာမရှိတာတွေ သိလို့..."

"ကဲပါ... တစ်ညလုံး မေမေ ပေါက်ပေါက်ဖောက်တော့မှာ လား၊ ဆေးခန်းလိပ်စာပြော... ကျွန်တော် လိုက်သွားပေးမယ်၊ အပြ ပါလာစေရမယ်.."

သူ ပြုံး၍ပြောနေတုန်း ဖုန်းဝင်လာတော့ ထိပ်ထား ဆီက ချက်ချင်းမျက်နှာပျက်သွားတာကို တစ်ချက်ပဲကြည့်ကာ ဒေါ်မေကော ကင် က ဆေးခန်းလိပ်စာပြော၍ အထဲဝင်သွား၏။

ခုတစ်လော ထိပ်ထား... နေ့နေ့ညည ဖုန်းတွေချည်း ဆက်နေ လား..။

"ဟလို..."

"တို့မှန်းသိနေရင်လဲ ထိပ်ထား လို့ တစ်ခါတည်း ခေါ်ပါလား၊ 'နာမည်ကိုက ထိပ်ထား' တဲ့..။

'မင်း သူ့ကို ထိပ်ထား လို့ ခေါ်နေရသမျှ မင်းပဲ အမြဲတ ခံစားနေရမယ့်နိမိတ်၊ အဲဒါ...'' တဲ့။ ဖေယျ နှင့် ခဲတံ တို့က ဟိုအ ကတည်းက ဟောကိန်းထုတ်ခဲ့သည်။

ထိပ်ထား စကားကြောင့် နားထောင်နေသည့် မှတ်တမ်း မျက် မှာ မဲ့တော့မလို ရယ်တော့မလို..။

"မှတ်တမ်း"

"ဟင်.. ပြောလေ..."





"အခု ဆယ့်ငါးမိနစ်အတွင်း ကွန်နက်ရှင်ကလပ်ရှေ့ကို ရောက် အောင်လာကွာ၊ အရေးကြီးတာ ပြောမလို့"

"ဟင်..."

"အရေးကြီးတယ်ဆိုတာ ပြောဆိုနေကျစကားတွေနဲ့ မတူဘူးနော်၊ ချွဲ့ တို့ရဲ့ဘဝအတွက်..."

မှတ်တမ်း စိတ်ဝင်စားသွားသည်။ ထိပ်ထား ဆီက ဘဝအရေး တွေဘာတွေ ပြောလာတာကို ထူးဆန်းနေလို့ပါ။

"မနေ့က မေမေ့ကို တို့ ဖွင့်ပြောလိုက်ပြီ"

"ဘယ်လို..."

"ယူနဲ့တို့ ချစ်နေတဲ့အကြောင်းလေ၊ အဲဒါ ဘာတွေ အဖြေထွက် လာသလဲဆိုတာ သိချင်ရင် တစ်မိနစ်မှ နောက်မကျစေဘဲ ရောက် အောင်လာ.."

"အဲဒါမှ ကွိုင်ပဲ"

"ဟင်... ဘာပြောတယ် မှတ်တမ်း..."

"ကိုယ် လာချင်လို့လေ..."

"လာချင်ရင် လာပေါ့၊ ဘာကွိုင်တာလဲ"

"ကိုယ်လာလို့ မရဘူး ထိပ်ထား၊ မေမေ ခုပဲ ဒိုင်းလေးတ ဒါကို သွားရဦးမှာ..."

"ဘယ်ကိုလဲကွာ..၊ ဘယ်တုန်းကမှ အရေးပါခဲ့တာ မဟုတ်ဘဲနဲ့၊ ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် ဘာဖြစ်တာလဲ.."

ထိပ်ထား အသံက အလိုမကျတာတွေရော စိတ်တိုသွားတာကော တာ ချက်ချင်း ဝုန်းဒိုင်းထကြဲတော့မလိုလို..။

"ဘယ်သူ့ကြောင့်တွေ ဘာညာ မသိချင်ဘူးကွာ၊ လာဆိုလာ ..၊ ထိပ်ထား က ယူ့အတွက် စွန့်စား ကြိုးပမ်းပေးရတာနော်၊ စကား အဖြစ်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လဲ ကြားချင်တာပဲပေါ့ ထိပ်ထား ရယ်၊ ဒါပေမယ့်··ခုနဲ့ တော်ကြာ ဘယ်အချိန်ပြောပြော ဒီစကားပဲမို့လား၊ နောက်ထပ် နှစ်နာရီ ပဲ အချိန်ပေးနော်··၊ ကိုယ်···"

"မရဘူး···၊ မသိဘူးနော်··၊ တို့ ဘယ်သူ့အပေါ်မှာမှ ဒီလို လိုက်လျောစွန့်စားခဲ့တာ မရှိသေးဘူး၊ ရင်းနှီးပြီးရင်တော့ ဆုံးရှုံးသွားမှာ မခံနိုင်ဘူး၊ ဘာဖြစ်ဖြစ် အရှုံးအမြတ်ဆိုတာ ရှိတယ်"

ဒေါသတွေထွက်ပြီး ပေါက်ကွဲကုန်တာလား၊ စိတ်ထဲမှာ ဒီတိုင်း တကယ်ရှိခဲ့သည်လား၊ မှတ်တမ်း ရင်ထဲမှာ နင့်သွားသည်။

"ယူမှာ ဘယ်လို အခြေခံတွေ တောင့်တင်းနေပြီ၊ ဘယ်လိုလူစား ဘာညာနဲ့ မိဘကို တို့က မရှက်မကြောက် ဖွင့်ပြောခဲ့ရတာ၊ ယူ့ဘက်က ကျတော့ မေမေ့ကြောင့်···တဲ့··၊ မလိုချင်ဘူး၊ အဲဒီ မေမေကို ခုဖွင့်ပြော လိုက်တော့၊ ထိပ်ထား ထက် အရေးကြီးတာ ဘာမှရှိလို့မရဘူးဆိုတာ သိအောင် ပြောပေး၊ ဒါပဲနော်·· တို့ စောင့်နေမှာ···"

"ထိပ်ထား···"

ဖုန်းထဲကနေ တတီတီ နှုတ်ဆက်သံလေးသာ ကျန်ရစ်၏။

"သား·· မသွားသေးဘူးလား··"





## အခန်း (၂၆)

ကားမှတ်တိုင်နားကိုအရောက်မှာ ဆေးခန်းကိုလည်း လှမ်းမြင် နေရပြီဖြစ်၏။ သူ့ကား ဆေးခန်းဆီကို ဦးမတည့်ရသေးခင် အဲကွန်း ဘတ်စ်ကားကြီး သူ့ရှေ့မှာ ပိတ်ခံရပ်သွားသဖြင့် မေးစောင့်နေရတုန်း···

"ဟင်···"

ဝိုင့် ကို သူ မြင်လိုက်သည်။ စိမ်းပြာရောင် လက်ပြတ်လည်ကပ် ကို ကိုယ်လုံးကျတော့ ခပ်ပွပွလေးဖြစ်ကာ ဗိုက်ဖုံးအင်္ကျီနှင့်တူပေမယ့် ဒီလောက်လည်း မပွ··၊

အောက်က ဘောင်းဘီရှည် အပြာရောင်ပွပွနှင့်ဆိုတော့ ဝိုင့် ပုံစံ လေးက မြန်မာပုံလေးပျောက်နေအောင် သွက်လက် နုငယ်နေ၏။

ကားပေါ်ကနေဆင်းလိုက်ပြီး လွယ်ထားသည့်အိတ်ကို ရှေ့ဆွဲယူ ခြင်း၊ အထဲက တစ်စုံတစ်ရာကို ငုံ၍ရှာဖွေနေခြင်းက လမ်းသွားနေရင်း ထုပ်သွားတာမို့ ခလုတ်တိုက်လဲတော့မှာပဲလို့ စိတ်ထဲက ရေရွတ်လိုက်မိ သည်။

ကားကိုလည်း ကားကြီးထွက်အောင် မစောင့်တော့ဘဲ လမ်းပေါ် က ပတ်ကွေ့၍မောင်းထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင် က ခြေလှမ်းကျဲကျဲ ဘောက်ဆတ်ဆတ်နှင့် ပလက်ဖောင်းပေါ် လွှားတက်လိုက်၊ လူရှုပ်လို့ အောက်ဆင်းလျှောက်လိုက်··။

မှတ်တမ်း အသည်းတွေယားနေပေမယ့် ဆေးခန်းလည်း ရောက်တော့မှာမို့ အသံမပေးဘဲ အသာလေးပဲ နောက်က မောင်းလိုက်ခဲ့၏။

ဒါများ ကိုယ်လေးလက်ဝန်နှင့်တဲ့··။ လမ်းသွားနေတာ လေပေါ်ပျံဝဲနေတဲ့အတိုင်း။ မိဘထက်တောင် ငုံထားမတတ် အလိုလိုက် ယုယချင်နေသည့် မေမေ့ကို ခေါ်ပြချင်ပါသည်။ ပြီးတော့ ပြောချင်သည်။

သူတောင် ဒီလောက် ခုန်ပေါက်နေတာကို ကားပေါ်ကဆင်းခဲ့တဲ့အထိ သူ့မျက်နှာက မအီမလည်···။

"ဟိတ်ကောင်···"

"ဟာ··၊ နိုင်အောင်···"

တွေးနေတုန်းမို့ တွန့်ခနဲ ဖြစ်သွားပေမယ့် နိုင်ငံအောင့် ကို မြင်တော့ အံ့သြသွားကာ···

"မင်း ရန်ကုန်ရောက်နေတယ်··"

"ဟုတ်တယ်··၊ မင်းဆိုင်တွေလဲ ရောက်ခဲ့ပြီးပြီ၊ အန်တီ ဒီမှာဆို···"

"ဟုတ်တယ်ကွ၊ ဖေယျ တို့ ပြောလိုက်တာလား"

"အေး···၊ သူတို့ပါလာတယ်၊ ဟိုနောက်မှာ စီးကရက်ဝယ်ရင်းကျန်ခဲ့တာ၊ ငါတို့ အလုပ်ထဲ[illegible]လာတာနဲ့ အိမ်ကိုလိုက်မယ်ဆိုပြီး ထွက်ခဲ့ကြတာကွ၊ အဲဒါ ဟိုဝင်ဒီထွက်လုပ်နေကြတုန်း ကားပေါ်ကဆင်းတော့ မင်းကားကို ဒီဆေးခန်းရှေ့မှာတွေ့လို့၊ ဘာလုပ်နေတာလဲ အန်တီနေမကောင်းလို့လား"

ဖေယျ တို့ပါသည်ဆိုလို့ လည်ပင်းရှည်ကြည့်ရင်း နိုင်အောင်မေးတာကိုလည်း မဖြေရသေးပါ။ နိုင်အောင် က မန္တလေးမှာနေတာမို့ မာကြောင်းသာကြောင်း နှုတ်ဆက်စကားတွေလည်း မပြောရသေး··





အနက်ရောင်ကားလေးတစ်စီး သူ့မျက်စိရှေ့ကို တိုးဝင်လာ၏။

ဒီကားကိုမြင်တာနှင့် မှတ်တမ်း မျက်စိမျက်နှာပျက်လေသည်။ သူ ရပ်နေတာကလည်း ဆေးခန်းရှေ့၊ မှန်တံခါးကြီးဘေးမှာမို့ ပွဲက ဒီမှာပဲပြီးဖို့ သေချာနေကာ···

"မှတ်တမ်း···"

ထိပ်ထား က ကိုယ်တိုင်မောင်းလာသောကားကို လှေကားရင်းသည့်တည့်မှာပဲရပ်ပြီး ကားပေါ်က ဆင်းတာနှင့် မညင်သာစွာခေါ်ခြင်း နှုတ်ဆက်လိုက်သည်။

"အစ်မ··· ကားနည်းနည်းလေး ဟိုဘက်ရွှေ့ပေးပါနော်၊ ဒီနေရာ လူနာအတက်အဆင်းနဲ့ ကားရပ်ထားလို့ မရလို့ပါ"

တံခါးစောင့်ဝန်ထမ်းက ပျာပျာသလဲ လာရောက်ပြောကြားသည်။ ထိပ်ထား က တပ်လာသည့် အပြာရောင်လှဲ့လှဲ့မျက်မှန်ကို အသာလေး ချွတ်၍ မတွေ့တန်သလို ကြည့်သည်။

"စကား ခဏပြောချင်လို့··၊ နောက်ကားလာရင် ရွှေ့ပေးလိုက်··၊ ··"

ကားသော့က ထိုဝန်ထမ်း၏ရင်ဘတ်ကို ချွင်ခနဲ ပစ်မှန်၏။ ပတ်ဝန်းကျင်မှာ လူခပ်ကျဲကျဲနှင့် ဖေယျ တို့အသံတွေ တိတ်ကျသွားကြသည်။ ထိပ်ထား က မျက်မှန်ကို ပြန်တပ်လိုက်ပြီးမှ သူ့ဘက်လှည့်··

"ယူ တကယ် လက်သံပြောင်တယ်"

"မဟုတ်ဘူး ထိပ်ထား··၊ ကိုယ်···"

"အထဲမှာ ဘယ်သူလဲ··· ပြောစမ်းပါ၊ မေမေဆိုတဲ့ အဓိက"

သူ ဘာဖြေရမှန်း မသိပါ။ ဒါပေမယ့် ဝိုင် က တံခါးကိုတွန်း၍ ထွက်လာပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဘေးနားနည်းနည်းကပ်နေသလိုမို့ ဝိုင် က အပြင်ထွက်လာပြီးမှ သူတို့ကို မြင်သွား၏။ ထိပ်ထား က လှမ်းကြည့်ပြီး ဝိုင့်ဘက်ကို တဖြည်းဖြည်း လှည့်လိုက်၏။

ပြီးတော့ တစ်လှမ်းချင်း တိုးသွားရင်း ဒုတိယအကြိမ် မျက်မှန်ကို ချွတ်လိုက်၍…

"လုံးဝကို မထင်ရဘူး"

ပြော၍ ဝိုင့် ရှေ့မှာ ပိတ်ရပ်လိုက်သည်။

သူမ ဒီထိလိုက်လာနိုင်တာ သူငယ်ချင်းသတင်းပေးတာပါ။ ဒါပေမယ့် ဝိုင် ဆိုတဲ့ ကောင်မလေးကို ဆေးခန်းလိုက်ပို့တာလို့ ထင်ပါ့မလား။

မေမေဆိုတာကို သူမတောင် ရင်ဆိုင်ခဲ့ပြီးမှ သူလည်း ရင်ဆိုင်ပေါ့။ ဒေါသတွေကို မျိုချအောင့်အင်းပြီး ဒီကိုလိုက်ခဲ့တာလည်း မှတ်တမ်းရဲ့မေမေ့ကိုတွေ့ဖို့ စိတ်ကူးတွေပါသည်။

ဘာဖြစ်ဖြစ် သူမ ကျေနပ်လောက်အောင် ပြောစရာ၊ ရှင်းပြဖို့ တစ်ခုခု မှတ်တမ်း မှာ ရှိလိမ့်မည်။ မေးကြ၊ ရှင်းကြပြီး ဆေးခန်းထဲမှာ မှတ်တမ်း မေမေကို ဝင်တွေ့ရုံဟု သတ်မှတ်ခဲ့၏။

တကယ် မြင်လိုက်ရတာတွေက တခြား…။

နောက်မှာ ဘယ်သူပါသေးလဲလို့တော့ တစ်ချက် ကြည့်ပေးလိုက်ပါသေးသည်။ ဒါပေမယ့်…

"မှတ်တမ်း…၊ ယူ သူ့ကို ဆေးခန်းလာပို့တာလား"

ထိပ်ထား ၏ မဲ့ပြုံးက လူတွေအားလုံး စိတ်ဝင်စားကုန်အောင် ဖန်ဆင်းနိုင်ခဲ့သည့်ပြင် မှတ်တမ်း အပါအဝင် ဇေယျ တို့ပါ သူမပေါ်ကို ရောက်သွားကြ၏။

ဝိုင် က တစ်ယောက်တည်းလာခဲ့သူမို့ ရှေ့မှာ လူမှုလူ့ဘေးမြင်နေတာကို မျက်မှောင်ကြုတ်ကြည့်၏။ အခြေအနေကို သဘောပေါက်လိုက်သော်လည်း ဘာမှမပြောဘဲ ကြည့်နေလိုက်၏။





"မမေးနဲ့ ထိပ်ထား…၊ ဒီနေရာမှာ မင်းပြောသမျှ ဘာတစ်ခုမှ မတင့်တယ်နိုင်ဘူး၊ မင်းကို ကိုယ် နောက်မှ…"

"ခုပဲ သိချင်တယ် မှတ်တမ်း၊ သူနဲ့ ယူ့ကို မိဘက သဘောတူထားသလိုလို ဘာလိုလို တို့ ကြားနေတာ ကြာပြီ၊ တို့ကတော့ ကြိုက်ရင် ယူမယ်၊ မကြိုက်ရင် မယူဘူး၊ ရှင်းတယ်၊ ယူ့ကကျတော့ မရှင်းနိုင်ဘူး၊ ယောကျ်ားဖြစ်ပြီး မိဘကြိုးဆွဲတဲ့အတိုင်း အချိန်လွန်၊ အရွယ်လွန် က, နေရတာ အရမ်းအောက်တယ်"

ခုကျတော့ သူမဘက်က ရှင်းတာတွေ ပြောလို့ပါလား။ လက်ထပ်ကြဖို့ ရည်ရွယ်ရအောင်ပါလို့ တတွတ်တွတ်ပြောနေခဲ့တုန်းကတော့ မိဘရဲ့သဘောက ရှိသေးတယ်၊ မပြောရဲလို့ပါ၊ နေပါဦးဆိုတာတွေ…။

အဲဒီစကားတွေပြောခဲ့တဲ့ ထိပ်ထားစံ ဆိုတာ မင်း မဟုတ်ဘူးလား၊ ပြောဖို့တွေ မှတ်တမ်း ရင်ထဲမှာ အစီအရီဖြစ်နေ၏။ ဒါပေမယ့် ဒီနေရာမှာ သူ မပြောချင်တော့ပါ။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး မိန်းကလေးတစ်ယောက်က သတ္တိနည်းတာ၊ မပြတ်သားတာတွေ လက်ညှိုးထိုးပြောနေတာ ခံရတော့ ရှက်သည့်စိတ်ကြောင့် ငယ်ထိပ်ထိ တက်ဆောင့်သွားသလိုပင်။ ထိုအခါ သူ့လက်က ဝိုင့် လက်ကောက်ဝတ်လေးကို ဆုပ်ကိုင်လိုက်ပြီဖြစ်ကာ…

"သွားမယ်…"

"မသွားနဲ့…"

ထိပ်ထား က ခပ်ရိုင်းရိုင်း လုပ်ချလိုက်၏။ ဝိုင့် ကို ဆုပ်ကိုင်ထားသည့် မှတ်တမ်း လက် လွတ်ထွက်သွားသည့်ပြင် ဝိုင့် လက်ထဲက ဓာတ်စတစ်အိတ်လေးတစ်လုံးနှင့် ဆေးစာအုပ်က ပြုတ်ကျသွား၏။

ထိပ်ထား မျက်လုံးတွေ ထိုဆီ ကောက်ကောက်ပါသွားပြီး…

"ဒါ…"

နှုတ်ခမ်းနှင့် မျက်လုံးတို့၏ လှုပ်ရှားမှုတွေ တဒင်္ဂ ရုပ်ဆိုင်းကုန်



www.burmeseclassic.com

www.burmeseclassic.com



ကာ စာအုပ်ကို ဖျတ်ခနဲ ကောက်လိုက်၏။ ထို့နောက် မော့ထားသည့် မျက်နှာတို့က မီးတောက်မီးလျှံတွေ စင်ထွက်လာသကဲ့သို့...။

"တောက်..."

တက်ခေါက်သံနှင့်အတူ စာအုပ်ကိုင်သည့်လက်က ဆတ်ဆတ်တုန်လျက်...

"ရှင်... ဘာအချိုးချိုးလိုက်တာလဲ မှတ်တမ်း"

သူမထံမှာ အသိစိတ်တွေ ပျောက်ကွယ်ကုန်ပြီလား၊ ပတ်ဝန်းကျင်ကို ဘာမှမသိတော့သလို မာကျောအက်ရှသည့်လေသံက မှတ်တမ်း မျက်နှာကို သပြေသီးမှည့်ဖြစ်အောင် အရောင်တင်ပေးနေသလို ဖြစ်၏။

"ဖြေလေ...၊ ရှင်တို့က ဘယ်လိုဇာတ်က,နေကြတာလဲ၊ သူ့ဗိုက်က ဘာဖြစ်လို့ ရှင့်ရဲ့ဗိုက် ဖြစ်နေတာလဲ"

"တောက်..၊ အရိုင်းအစိုင်းမ..."

ဝိုင် သည် ဘယ်လိုမှမထင်လိုက်သည့် အချိန်လေးမှာ ထိပ်ထား ပခုံးတစ်ဖက်ကို တွန်းပစ်လိုက်ပြီး လက်တစ်ဖက်နှင့် လွှဲရိုက်ချလိုက်၏။

ဖြန်းခနဲ ထိခတ်သံနှင့်အတူ ထိပ်ထား ခြေသုံးလှမ်းခန့် ဒယိမ်းဒယိုင် လန်ထွက်သွားသည်။ ဇေယျ တို့ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။ မှတ်တမ်း က ဝိုင့် ရှေ့မှာ ကာကွယ်ရပ်လိုက်ပြီးဖြစ်ကာ ဆလင်းဘက်နှင့် လွှဲရိုက်လိုက်သည့် ထိပ်ထား ၏ တုံ့ပြန်မှုကို ကျောပေးခံလိုက်၏။

"တော်တော့.. ထိပ်ထား...၊ ခင်ဗျား လွန်နေပြီ..."

"ဆွဲကြပါဟ..."

ဆေးခန်းထဲကလူတွေလည်း ပြေးထွက်လာကြ၏။ ထိပ်ထား သည် ပါးတစ်ပြင်လုံး ညိုရဲလျက် မျက်ရည်ပြည့်အိုင်နေသည့် မျက်ဝန်းတစ်ဖက်က အစိမ်းသရဲပူးသလို ပြုံးပြက်လက်ရင်း...

"ခင်ဗျား လွန်တယ်...၊ ဟုတ်လား..."

ဇေယျ ကိုပြောပြီး မှတ်တမ်း ကို ဖျတ်ခနဲ ပြန်ကြည့်သည်။





ဒီတော့မှာ ဝိုင့် ကိုဖက်၍ ကျောပေးထားသည့်ပုံစံကနေ မှတ်တမ်း ဒီဘက်ပြန် လှည့်၏။

"တကယ် ခံလိုက်ရတာက ကျွန်မပါ..၊ ရှင်... ရှင်က ကျွန်မ တုံ့ပြန်မှုလေးတောင် လေပယ်မခံနိုင်အောင် ချစ်နေတာလား"

"မဟုတ်ဘူး ထိပ်ထား..၊ ခု လောလောဆယ် မင်း ပြန်တော့၊ မင်းနဲ့ ငါ ဘာပြောပြော အဆင်ပြေမှာ မဟုတ်တော့ဘူး၊ မင်း ပြန်လိုက်တာ အကောင်းဆုံးပဲ၊ လာ... သွားမယ်"

ပြဿနာတွေတက်နေကာမှ ဝိုင် က လက်ကို ဆတ်ခနဲ ပြန်ရုန်း၏။

"မလိုက်ဘူး"

"မရဘူး..၊ လာခဲ့..."

သူ ဝိုင့် လက်ကို နောက်ထပ် ဖိချုပ်ဆွဲပြီး ကားဆီကို ခြေလှမ်းကျဲများနှင့် ထွက်ခဲ့၏။ ဇေယျ နှင့် နိုင်အောင် တို့က လိုက်မလာကြပါ..။

ထို့အတူ ထိပ်ထား ကလည်း ချက်ချင်း မသွားသေးဘဲ အပေါ်စီးကနေ တောင့်မတ်စွာ ရပ်ငေးနေခဲ့၏။ မှတ်တမ်း မျက်လုံးတစ်ချက်ပဲ ဝေ့ကာ ကားကို လမ်းပေါ် ဝေါခနဲ ထိုးတက်၏။

ဒီနေ့ ပျောက်ရှ မျှောလွင့်ကုန်သည့် သိက္ခာတရားတွေ ဘယ်မှာ အစရှာရမလဲ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"အို… ဘာတွေဖြစ်ကုန်ကြတာလဲ၊ သမီး နေဦး… သား လာ စမ်း၊ ဘာဖြစ်လာကြတာလဲ"

"ကျွတ်!… သွားပါစေ မေမေရာ…၊ စိတ်ညစ်ရတဲ့အထဲ…"

ဒေါ်မေကောင်းကင် တံခါးပြေးပိတ်ရမလို အတင်းပဲ ဝင်ဖက် ဆွဲထားရမလို ပြေးတော့လွှားတော့မတတ် ဖြစ်နေ၏။

မှတ်တမ်း လည်း ရောက်အလာ ဝိုင် ကလည်း ပွင့်လျက်သာ အိတ်လေးထဲကို အဝတ်တွေ ဟိုဆွဲချ၊ ဒီကဆွဲချနှင့် တစ်ခုပြီးတစ် ထိုးသိပ်ထည့်နေသည်။ ငိုနေလိုက်တာလည်း သူမခြေထောက်တွေ ပေါ်မှာ မျက်ရည်နှင့်များ မျောပါသွားတော့မလား မသိ…။

ဒေါ်မေကောင်းကင် ဘယ်လိုမှ မကြည့်ရက်နိုင်တော့ပေ။ သည် တရှိုက်ရှိုက်ငိုနေရင်း ရင်ဘတ်လှလှလေးက တသိမ့်သိမ့်တုန် လျက်…။

"အန်တီကို ပြောပါဦး သမီးရယ်၊ အပြင်မှာ ဘာတွေဖြစ်လာ တာလဲ၊ ဒီလောက်တောင် မငိုပါနဲ့ကွယ်၊ သမီးဗိုက်ထဲမှာ ကလေး သနားပါတယ်နော်"





"မသနားပါဘူး၊ ဝိုင့် ကိုယ် ဝိုင် ပဲ သနားတယ်၊ ဘာမှလဲမဟုတ် ဘဲနဲ့ ဒါကြီးဖြစ်လာတာ ဝိုင် ဘာမှ မလုပ်ခဲ့ဘူး၊ ဘာမှလဲ မသိဘူး၊ အခု သူများက ပြောသွားတာ ဝိုင့် ကို ဟင့်…"

ဝိုင် က ခုတင်ဘေးမှာ ဝုန်းခနဲ ထိုင်ချလိုက်ပြီး တစ်ကနေ ပြန် စငိုသည်။ ထိုစဉ် အခန်းတံခါးဝမှာ မှတ်တမ်း ရောက်လာကာ…

"သူများပြောသွားတာ ဘာလိုလို ထင်စရာ ဟုတ်တယ်၊ မင်းလဲ သူ့ကို ရိုက်ချတာပဲမို့လား၊ သူ ဒေါသထွက်နေတာက ငါ့ကို…၊ ငါနဲ့ ရှင်းချင်တာ…"

"ဘာ… ဘာပြောလိုက်တယ်…"

ဝိုင် ဆတ်ခနဲ ထရပ်လိုက်သဖြင့် ဒေါ်မေကောင်းကင် လက်ကား ယား ခြေကားယားနှင့် 'အမယ်ဓလေး'အော်မိမတတ် ဖြစ်သွား၏။ ဝိုင် က မှတ်တမ်း ဆီကို ရှပြေးလွှားရောက်သွားကာ…

"သူ ဒေါသထွက်နေတာက ရှင့်ကို ဟုတ်လား၊ ရှင်နဲ့ပဲ ရှင်းချင် တာက ဘာဖြစ်လို့ ဝိုင့် ကိစ္စကို ထည့်ပြောတာလဲ၊ စာအုပ်ကိုဖတ်ပြီး ဘာဖြစ်လို့ အကျယ်ကြီး ထ,ပြောတာလဲ"

သူ့ရင်ဘတ်ကို တွန်းလိုက်၊ ပြန်ဆွဲလိုက်နှင့် ထင်သလို ဆွဲဆုပ် တွန်းခါလျက် ဝိုင် က ငိုလည်းငို၊ ပြောလည်းပြော…။

"မသိရင် သူက သူ့ယောကျ်ား မယားငယ်နေတာကို လာဖမ်း သလိုလို…"

"အို…"

"ဟား… မင်း စကားပြောတာ ကြမ်းလှချေလား"

"ကြမ်းတယ်…၊ အစကတည်းက ဒီက မိန်းမကြမ်း၊ ရှင် မသိဘူး"

"တောက်… ကွာ…"

"ဘာ တက်ခေါက်တာလဲ၊ ရှင်ကြီးကို မုန်းတယ် သိလား၊ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



ပြောသမျှဆိုသမျှ ဘာတစ်ခုမှ ပြန်မပြောနိုင်ဘူး၊ ဘာမှလဲ မငြင်းဘူး။ ဒေါသမာန ဘာမှမရှိတဲ့လူလို ဒီတိုင်း ကျောက်ရုပ်လုပ်နေတယ်''

''မင်း ခဏ နားဦး၊ သူနဲ့ ငါ...''

''ဟင့်အင်း..၊ မပြောနဲ့...''

''မပြောလို့ရမလား''

ဝိုင် လက်တွေကို ဖြုတ်ချပစ်လို့ရပေမယ့် ဒေါသနှင့် ဆွဲလွဲနေတာမို့ အမှတ်တမဲ့ ယိုင်နဲ့ပြိုလဲသွားမှာစိုးကာ သူမှာ ရင်ဘတ်တစ်ခုလုံးကို စတေးထားရသည်။

''သူနဲ့ ငါက...''

လက်ထပ်ဖို့ ရည်ရွယ်ပြီးခဲ့ပြီဆိုတာ မပြောရဲ..၊ အနားမှာ မေမေ ရှိနေသဖြင့် စကားတစ်ခု စလိုက်၊ ပါးစပ်ပြန်ပိတ်လိုက်နှင့် တစ်ခုခုကို ပြီးဆုံးအောင် ပြောခွင့်မရဘဲ ဝိုင် ထုနက်သမျှ ခံနေရကာ သူမ ပြောသမျှပဲ အမှန်တွေ ဖြစ်သွားခဲ့၏။

''နေစမ်းပါဦး၊ သားက မေမေ့ပြောတော့ ဘာမှမဟုတ်ပါဘူးဆို''

ပါလာပါပြီ မေမေ၊ သူမှာ တစ်ယောက်နှင့်ရှင်းတာ မပြီးသေး

''မေမေ သဘောမတူပါစိုးလို့ပါ မေမေ၊ သူနဲ့ ကျွန်တော် ချစ်ခဲ့တာ ကြာပါပြီ၊ ဒါပေမယ့် အခု...''

''မချစ်ရဘူး..၊ မေမေ ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး..၊ မင်း သတင်းကြားတာတောင် ဘယ်တုန်းကမှ သေချာမမေးခဲ့ဖူးဘူး၊ လူငယ် ရည်းစားထားတာ၊ စကြပြောင်ကြတာ မကင်းနိုင်ရင် ထား..၊ အိမ်ထောင်ရေးကို ထင်သလို မေမေ ခွင့်မပြုဘူး''

''ခွင့်ပြုလိုက် အန်တီ...၊ အန်တီ ခွင့်မပြုရင် ဒီထိ ဓားထမ်းပြီး ရောက်လာနိုင်တယ်၊ ဖြစ်နေတဲ့ပုံက မျက်ကန်းတစ္ဆေမကြောက်တာ ရှက်လဲ မရှက်ဘူး၊ ကြောက်ရွံ့နေပုံလဲ မရှိဘူး''

''ဟင်... ဘာတွေ ပြောသွားလို့လဲ၊ သူက...''





''ခုနကပုံစံဖြစ်အောင် ပြောတာလေ၊ ဝိုင့် ကို ဘေးထားပြီး သူက...''

''မဟုတ်ဘူး မေမေ၊ သူ့ရဲ့ဆေးရုံစာအုပ်မှာ ကျွန်တော့်နာမည်...''

''ဟင်...''

ဒီအချက်ကို ဒေါ်မေကောင်းကင် ခုမှ သတိရသွား၏။ မှတ်တမ်းကလည်း အဆုံးထိ မပြောဘဲ စကားကို ရပ်ပစ်ကာ ဝိုင့် ကို ကြည့်သည်။

ဝိုင် မာနကြီးတာလည်း သူ သိသည်။ ကလေးဆန်သလိုရှိပေမယ့် ဝိုင် က မာကျောကျောလေးပါ။

ဒါဆို ကိုယ်ဝန်အတွက် သူ့နာမည်ကို သုံးခဲ့တာက...

''အဲဒါ မေမေ စီစဉ်ထားခဲ့တာ''

ဒေါ်မေကောင်းကင် က ဝင်ဖြေလိုက်ကာ...

''တစ်မြို့တည်းသားချင်း ကူညီသင့်တယ်ထင်လို့လေ၊ အဲဒါ ဘာဖြစ်သွားနိုင်လဲ ပြော...''

''ရှုပ်ကုန်တာပေါ့ မေမေ၊ တကယ်ဆို ဒါ.. ကျွန်တော် မသိအောင် မေမေ မလုပ်သင့်ဘူး''

ပြောပြီး သူက ဝိုင့် ကို ခပ်စိုက်စိုက်ကြည့်ကာ...

''မင်းလဲ ဒါကို နားလည်ရင် သူ့ကို စာနာဖို့ ကောင်းတယ်''

''ဘာ...''

''သူချစ်သူကို ဒီအဆင့်ထိ မြင်လိုက်မှတော့ ဒီလောက် ပေါက်ကွဲတာ မဆန်းဘူး''

''သိပ်ဆန်းတာပေါ့ မှတ်တမ်း၊ ဒါ ကျွန်မရဲ့သဘော ဘာမှမပါဘူး၊ မိန်းမတွေအများကြီးထဲမှာ ဝိုင် တစ်ယောက်တည်း ကံဆိုးမိုးမှောင်ကျပေမယ့် ကိုယ့်ခန္ဓာကိုယ်မှာ ဖောက်ပြန်ဖြစ်တည်ခဲ့တဲ့ကိစ္စ..၊ ဝိုင့် မှာ သတ္တိရှိတယ်''

''အို... သမီး သတ္တိရှိပေမယ့် ဒါက လေ့ခ ဥပါဒ်ယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားမှာ မဟုတ်ဘူး၊ လူငယ်တွေ သတ္တိကောင်းကြမှန်း သိပေမယ့် လူကြီးတွေက မနေနိုင်လို့ သင့်တော်ရာ စီမံပေးရတာ…”

“မဟုတ်သေးဘူး မေမေ…၊ မေမေ စီမံတာဆိုရင်တောင်…”

သူ စကားရင်သွားပြန်သည်။ စီမံတယ်ဆိုရင်လည်း ကိုယ့်သဘော ဆန္ဒကိုထားပြီး လက်ထပ်ဖို့တိုက်တွန်းတာမျိုးလောက်ပဲ လုပ်ပေါ့၊ ခုတော့ အဆင့်တွေ အများကြီးကျော်လွန်ပြီး…

“အဲဒီလိုတွေ အပြောမခံချင်တာ…၊ အကြည့်တွေကို မလိုချင်တာ… အဲဒါကြောင့် ဒီလို စလုပ်မိကတည်းက ဝိုင် ခဏခဏ တွေးမိတယ်”

ပြောပြောဆိုဆို စာအုပ်က သူ့မလက်ထဲ ဘယ်လိုရောက်သွားတယ် မသိဘဲ တဖြီးဖြီး ဆုပ်ဖြဲခံရပြင်းသို့ ရောက်၏။

“အန်တီ ကူညီခဲ့တာတွေကို ဝိုင် စော်ကားချင်လို့ မဟုတ်ပါဘူး ဒါပေမယ့် ဝိုင် နောက်ထပ် စော်ကားမခံနိုင်တော့လို့…”

ဝိုင် က မူလနေရာကို ပြန်သွားကာ တိုးလိုးတန်းလန်း အဝတ်တွေကို စုလုံးသိပ်ထည့်လိုက်ပြီး အိတ်ကို ဇစ်ဆွဲပိတ်သည်။ ပြီးတော့ ကော... ဆွဲပြီး မတ်တတ်ရပ်လိုက်တော့ ဆံပင်တွေ လွင့်ခနဲ ဝေ့တက်သွား၏။

“ဖယ်ပေး…”

“ဘယ်ကိုသွားမှာလဲ”

“ဘယ်သွားသွား ရှင့်အပူ မပါဘူး”

“ငါ့အပူ မဟုတ်ပေမယ့် မေမေ ပူလောင်နေတာကိုမြင်လို့ ... နေတာ”

“အဲဒါလဲ မတတ်နိုင်ဘူး၊ ဒီထက်မက ပူလောင်နေတတ်တဲ့ ... အခေါ်တွေကိုတောင် တစ်ချက်မှလှည့်မကြည့်ဘဲ ထားပစ်ခဲ့တာ…၊ ... ဝိုင် ဆိုတဲ့ မိန်းမက တစ်ကိုယ်ကောင်းသမား…”

“တစ်ကိုယ်ကောင်းသမားဖြစ်ဖြစ်၊ မိန်းမဆိုးလေးဖြစ်နေနေ အ... ပေးမလွှတ်နိုင်ဘူး သမီး၊ မသွားပါနဲ့ကွယ်…”





“ဟင့်အင်း”

ဝိုင် က သူ့ကိုယ်လုံးကြီးကို အတင်းတိုးတိုက်ထွက်၏။

“ဟိတ်…”

မှတ်တမ်း က ယိုင်သွားပေမယ့် ဝိုင့် လက်တစ်ဖက်ကို ဖမ်းဆုပ်ထားလိုက်၏။ ထိုအခါ ဝိုင့် လက်က လက်ပြန်ရိုက်ချက်နှင့် မြောက်တက်လာကာ…

“ခု လွှတ်…”

ဒီလောက်ဖြစ်နေတာ ‘သွား’ဆိုပြီး လွှတ်ပေးလိုက်တော့ ဝိုင် တကယ်ပဲ ထွက်သွားခဲ့လေသည်။

“မင်း… မင်း… သိပ်မိုက်တဲ့ကောင်၊ မိဘကို စိတ်ဆင်းရဲစေမယ့် ချစ်သူမျိုးကို လက်တွဲဖော်ရှာတယ်၊ မေမေ မနှစ်သက် မကြည့်ဖြူတာတွေ မင်းကို သိအောင် ပြခဲ့တာတောင် သူမှသူ မင်း ဆက်တွဲတယ်”

“မေမေ…”

“နေဦး မှတ်တမ်း…၊ ငါ ပြောလို့မပြီးသေးဘူး”

ဝိုင် ထွက်သွားတာကို သားသမီးပျောက်ဆုံးသွားသလို မေမေ မျက်ရည်ကျနေသည်။ ရှင်းပြဖို့ထက် သူ ဘာလုပ်သင့်တာကို သိလိုက်တာ ကားသော့ယူပြီး သူ အပြင်ထွက်ခဲ့၏။

ဝိုင် ဘယ်ကိုသွားတာလဲဆိုတာ သူ သိရမှ ဖြစ်သည်။ လောလောဆယ် လက်လေးဆွဲထားမိတာတောင် ပါးရိုက်ဖို့လုပ်သည့် သူမကို ပြန်ခေါ်ဖို့ မဖြစ်နိုင်မှန်းသိပေမယ့် မေမေ့အတွက် ဝိုင် ဆိုတာ မရှိမဖြစ် ထိုအပ်နေပြီမှန်း သူ နားလည်သွားခဲ့၏။

သူ့အတွက် ဒီလများမှာ ပြဿနာလား…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

''ဟလို...''

''ငါရယ်...၊ မင်း ဘာပြဿနာတွေ ပေါ်နေလို့လဲ''

''ရှင်ကလဲ အရေးထဲမှာ..၊ ဖုန်းဆက်လိုက်တိုင်း အပြင်သွားနေတယ်ဆိုတာချည်းပဲ''

''ငါက အလကား ကျန်ခဲ့တာမှ မဟုတ်တာကွ..၊ မင်း လုပ်သွားတဲ့ အပေါင်းအနှံကိစ္စတွေပေါ့၊ ငါမှာ ဘာမှစိတ်မဝင်စားဘဲ လိုက်လု ပေးနေရတယ်၊ ပြီးတော့ မင်း မေးသမျှဖြေဖို့ အတိုးအရင်းတွေ ခွဲခြားမှ နေရတာ ညညဆို မင်းရဲ့စာရင်းတွေနဲ့ အိပ်ရေးပျက်ရတာ များနေပြ''

''ဩော်.. ဒီကအပြစ်မတင်ရသေးဘူး သူချည်း စွက်ဟော နေတော့တာပဲ အစ်ကိုရယ်..၊ အစ်ကို့သား ဒီမှာ ရည်းစားထားနေ သိလား''

''သိတယ်လေ၊ ဟိုလက မင်းပြောတာပဲ၊ အခု ဘာလဲ၊ ပြောဆို ဖြစ်ကုန်ပြီလား''

''ဟုတ်တယ်...၊ အခု ဝိုင် မရှိတော့ဘူး''

''ဘာ!...''

ဖုန်းထဲက ဦးဟံရှင် အသံကြီး တောက်ပြောင်ဟိန်းထွက်လာ





''မင်း အဲဒီလောက် ခရီးဝေး အကြာကြီးထွက်တာကို ဒီကိစ္စမျိုး မရှိခဲ့ရင် ငါ လုံးဝ ခွင့်ပြုခဲ့မှာ မဟုတ်တာ မင်း သိတယ်နော်''

ယောက်ျားဖြစ်သူအသံကိုကြားတော့ ဒေါ်မေကောင်းကင် ပိုရှိုက်ချင် သွား၏။ သူမမှာလည်း ရန်ကုန်မှာ သားနဲ့ ဝိုင် ကို အတူတွေ့လိုက်ရလို့ ဒီနှစ်ယောက် ဖူးစာဆုံပြီးဟု ..ကာ ကိုယ်နှင့် မသက်ဆိုင်တော့ ..ထင် ခဲ့သည့် ကိုယ်ဝန်ကိစ္စကို စိတ်ကူးတွေရင့်သန်နေရတာ ညမဥ်ရက်ဆက်..။

သားနှင့်သာ တကယ် ငြိတွယ်သွားလို့ကတော့ ဝိုင် ကိုကော၊ ကလေးကိုကော ဘယ်နည်းနှင့်မျှ ပြန်မပေးနိုင်ဆိုသည့် ဆုံးဖြတ်ချက် တွေကလည်း အနိုင်အမာ..။

''မေ...''

''ရှင်...''

''ဘာဖြစ်သွားတာလဲ''

သူပြောလိုက်လို့ ဒေါ်မေကောင်းကင် စိတ်ထိခိုက်သွားပြီထင်ကာ ဦးဟံရှင် ၏လေသံက စောစောကနှင့် လုံးဝ ခြားနားသွား၏။

''ပြောစမ်းပါဦး...၊ မင့်သားနဲ့ ဝိုင် ကိစ္စကို...''

''သားမှာ ချစ်သူရှိနေတယ်ဆိုပေမယ့် သားကိုယ်တိုင်လဲ တစ်ခါမှ ချစ်သူရှိပါတယ်၊ မိန်းမယူတော့မယ်ဆိုတာတွေ မပြောဘူးတော့ မေ ဘယ်ထင်မလဲ''

''အဲဒီကတည်းက မင်း စ,မှားပြီ''

ဟုတ်နေသည်မို့ ဒေါ်မေကောင်းကင် ဘာမှ ပြန်မပြောနိုင်။

''ငါတို့သားက လူရှုပ်မှမဟုတ်တာ၊ ချစ်သူရှိနေပြီဆိုတာ တစ် ..ဆက်ပြီးတစ်ယောက် စိတ်ပြေလက်ပျောက်တွဲနေလို့ ဖြစ်နိုင်ပါ့မလား''

''ဘာပဲဖြစ်ဖြစ် ဝိုင် နဲ့လက်ထပ်ပေးဖို့ထိတော့ ကျွန်မတို့ မတွေး ကြဘူးလေ၊ ဖြစ်မှ မဖြစ်နိုင်တာ...''

''ဟာကွာ...၊ မဖြစ်နိုင်ပေမယ့် မင်း အဲဒီမှာ ဝိုင် ကို သားနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေတယ်ဆိုကတည်းက ငါ ဘာပြောခဲ့သလဲ…၊ မင်း လုံးဝ မလျှော့ဘူး မေ၊ မြေးလိုချင်လိုက်တာလို့ ညည်းညူနေတာက မင်းနော်…၊ ငါ မဟုတ်ဘူး၊ ငါ မြှောက်ပေးခဲ့တာ မင်းအတွက်…"

"မြေးလိုချင်တာက မနွေတို့ ရအောင် လုပ်ယူနိုင်တာကို အားကျတာပါ၊ သားကို မိန်းမယူမှားသွားမှာစိုးလို့ သားကိုတော့ အိမ်ထောင်မပြုစေချင်ဘူးလေ၊ ဝိုင် နဲ့ဆိုရင်တော့ တစ်ပိုင်းသေအောင်ကို ကျေနပ်မှာ၊ မမှန်းပုံလို့သာ…"

"ဘာကို မမှန်းဝံ့ရမှာလဲ၊ သူတို့က ဘာမို့လဲ၊ ဒီလို သဘာဝမကျတာတွေကို ထိန်းချုပ်တောင်းဆိုလာကတည်းက မင်း ဟန်တပြင်ပြင်ဖြစ်နေလို့ ငါ ကြည့်နေခဲ့တာ၊ ခုတော့ ကံတရားက ဖြစ်သင့်တဲ့အတိုင်း ဖြစ်ခွင့်ဖန်ပေးတာတောင် မင်း လက်နှေးနေတာ"

"လက်နှေးတာက အစ်ကို့သားမှာလဲ ချစ်သူရှိနေပြီ၊ သူတို့ချင်းပတ်သက်နေကြတာလဲ ပြေပြေလည်လည် လုံးဝ မရှိတော့၊ မေ ဘာပြောရမလဲ"

"ဟား ဝေးပါ့ မိန်းမရာ၊ ပြောစမ်းပါဦး… အခု ဘာဖြစ်ကြတာတုန်း"

ဒေါ်မေကောင်းကင် က အဖြစ်အပျက်တွေကို ပြန်ပြောပြလိုက်ကာ…

"ဝိုင် က ကလေးအဖေကို သားနာမည်ထည့်ဖို့တောင်မှ မနည်းတိုက်တွန်းခဲ့ရတာ၊ ရှင့်သားက ပြောလိုက်တာလဲ ကြီးကြီးကျယ်ကျယ်တွေ ရုံနေတာပဲ"

"ပြောမှာပေါ့ကွ…၊ ငါတို့က သိနေကြလို့ ဒါ အမှန်အတိုင်းဖြစ်အောင် စီစဉ်ပေးလိုက်တာ၊ သူကျတော့ ဘာမှမဟုတ်ဘဲ ကလေးအဖေနာမည်တွင်မယ်၊ ရည်းစားက အထင်လွဲတယ်၊ အင်း… ပြော…အဲဒါနဲ့ ထပြဖစ်ကုန်ရောလား"





"ထင်သလောက်တော့ မဆိုးပါဘူး၊ ဝိုင့် ကို သားက အလိုလိုက်တာလေးတွေ၊ သည်းခံတာလေးတွေ ရှိခဲ့တာ အစကတည်းက သိသာတယ်။ မနေ့ကတော့ ဝိုင် ကလဲ ရန်တွေ့တယ်၊ သူ့ကို အပြောခံခဲ့ရတာကိုး၊ သားက နည်းနည်းပါးပါး ပြန်ပြောလိုက်တော့…"

"မင်းကွာ…၊ အဲဒီအချိန်မှာ မင်းပြောချလိုက်ပါလား၊ ငါလုပ်သင့်တာ လုပ်တာ၊ အဲဒါ… မင်းရင်သွေးလို့…"

ဦးဟံရှင် တက်ခေါက်လိုက်တာကို ဒီဘက်က ကြားရ၏။

ဒါပေမယ့် ဒေါ်သထွက်လို့မဟုတ်ဘဲ အားမလိုအားမရဖြစ်နေတာမှန်း ဒေါ်မေကောင်းကင် နားလည်ပါသည်။ သူမလည်း ခံစားနေရတာမို့ ဒါကို အပြစ်မမြင်နိုင်…။

"သူတို့နှစ်ယောက်ကြားမှာ လိုအပ်နေတာ ချည်နှောင်ဖို့ တစ်ခုခုပဲ၊ သားက ဝိုင့် ကို သည်းခံစိတ် ရှိနေတယ်ဆိုတာကိုက ချည်နှောင်ဖို့ အလွယ်ဆုံးဖြစ်လာတဲ့သဘော၊ ဟိုက ချစ်သူ၊ ဒီမှာက ရင်သွေးကွ…၊ မင်းသာ ဖွင့်ပြောလိုက်ရင် သားရဲ့စိတ် ဝိုင့် ဆီကို လုံးလုံးလျားလျားရောက်လာမှာ လုံးဝ သေချာတယ်"

"ဟုတ်ပါ့မလား အစ်ကိုရယ်"

"ဘာလို့ မဟုတ်ရမှာလဲ…၊ ယောကျ်ားတစ်ယောက်ရဲ့စိတ်ကို ယောကျ်ားချင်းပိုသိတယ်၊ ငါတို့လူကြီးချင်းသဘောတူခဲ့ကြတာ ပြဿနာတွေရှိတုန်းက ကလေးချင်းက တခြားစီ၊ အနေချင်းက တစ်နယ်စီ၊ ကိုယ် ဖန်တီးလုပ်ကြံဖို့ကိစ္စတစ်ခုကလွဲပြီး ဘယ်လိုမှ နီးစပ်မှု ရှိမလာနိုင်ဘူးလို့ နှစ်ဖက်စလုံးက တွက်တာလေ၊ အခု ဘယ်သူ့ပယောဂမှမပါဘဲ ဖြစ်လာတာကြည့်စမ်း၊ ဆောင်း ရန်ကုန်ကို ဆင်းဆင်းသွားတာ ဘယ်နှစ်ခါရှိပြီလဲ၊ တစ်ခါမှ တွေ့လာတယ် အသံမကြားဘူး၊ ခုဆို အနှစ်အသည်းအသန်ဖြစ်နေလို့ ကိုကျော့် ကိုတောင် လှမ်းခေါ်ထားရတယ်"

"ဟင်… ကိုရတုကျော် ရောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ဒီမှာ အဲဒီလို ဆိုးရွားနေတာတွေ မင်းသိရင် စိတ်မလုံပါဘူး ဘာဘူးညာဘူးနဲ့ ပြန်ချလာမှာစိုးလို့ တမင် ဘာမှမပြောဘဲထားတာ''

''ဖြစ်ရလေ အစ်ကိုရယ်၊ ဒီလိုဆို မေတို့က ဘယ်တရားပါ့မလဲ''

''ဖြစ်သွားပြီ''

''ဟုတ်တယ်၊ သူတို့က မိဘတွေလော၊ အစက ဒီမိန်းကလေးကို အိမ်ထောင်မကျစေချင်လို့ နည်းမျိုးစုံနဲ့ လှုပ်ရှားနေကြတာပေမယ့် အခုကျတော့ ဒီလိုဟုတ်မှာမဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်တည်း ပျောက်နေတာကို သေသလား၊ ရှင်သလား ပူပန်ပြီး သေလောက် အောင် ခံစားနေရတာဖြစ်မှာ၊ ခံစားရတာချင်း တူနိုင်ပါ့မလား အစ်ကို ရယ်..၊ မေ တို့က ကိုယ့်သားနဲ့ ပတ်သက်နေလို့ ကိုယ့်သွေးသားလေး ကို မက်မောတာ၊ သူတို့ ဆုံးရှုံးရမယ်ဆိုရင် ကြည့်ပါဦး...''

''သိတယ်၊ ဒါပေမယ့် ဒီမိန်းမတွေ အတ္တကြီးလွန်းလို့၊ ဒီတစ်ခါတော့ ငါ့အလှည့်ကျလို့ ငါတွက်ထားတာ''

''မဟုတ်သေးဘူး အစ်ကို၊ မေ ပြန်လာခဲ့မယ်၊ မေ တို့ စီစဉ်ထားတာတွေကို ခေတ္တ ဒါမှမဟုတ် ထာဝရရပ်ဆိုင်းပြီး ဝိုင် နဲ့ဆုံခဲ့တဲ့အကြောင်းတွေ ပြောပြမယ်၊ ခုလို မပြောခဲ့မိဘာအတွက် တောင်းပန်မယ်''

''ဘာ...''

ဖုန်းထဲကနေ လင်မယားချင်းကိုပဲ မနည်း စည်းရုံးနေရသည်။

ဒေါ်မကောင်းကင် ရင်ထဲက မူလဆန္ဒသော်ကတွေလည်း ဘယ်ဆီလွင့်မျောကုန်သည် မသိ။ မိဘချင်း ကိုယ်ချင်းစာစိတ်နှင့်အတူ ကိုယ်တိုင်ကတိတွေထားခဲ့ပြီးမှ သစ္စာမရှိ၊ ကတိမတည်သလို ဖြစ်ခဲ့ရခြင်းအတွက် စိတ်မကောင်းနိုင်။ သား လိုက်သွားတာ ဝိုင် ကို ပြန်တွေ့လာပါစေ...။





အခန်း (၂၉)

ဒီရက်ပိုင်းကျမှ လာလိုက်တဲ့ဖုန်းတွေ၊ သားအမိ တစ်ခါတလေ တစ်ယောက်က ဟန်းဖုန်းနှင့်၊ တစ်ယောက် လိုင်းဖုန်းနှင့်..။

ဒေါ်မကောင်းကင် ခုပဲ ဖုန်းဆက်ဖို့ ထွက်လာတာဖြစ်သည်။ သူမ မိုးကုတ်ကို ပြန်ခဲ့မည်ဆိုတော့ ဦးဟံရှင် က သူမဖြစ်စေချင်သလို ပြောပေးလိုက်မည်၊ မပြန်နဲ့လို့ မှာ၏။

ဒီမှာက ဝိုင် ကို ရှာမတွေ့သေးဘဲ ဟိုဘက်မှာ ပဋိပက္ခဖြစ်ရမှာပဲ ဆတ်တင်မည်လို့ ပြောတော့ ဒါ...မှန်သည်မို့ မပြန်ဘဲ နေလိုက်တာပါ။

မနက်က ဖုန်းဆက်မေးမလို့ဟာ ဖုန်းက ကောင်းကောင်း ခေါ်မရ..၊ တစ်နေကုန်နားပြီး ခု.. ဆက်မလို့ထွက်လာတော့ မှာဘ်တမ်း ပြောနေ၏။

နေ့လယ်ကလည်း ခြံထဲမှာ ဖုန်းတစ်လုံးနှင့် ဟိုလျှောက်ဒီ လျှောက်ကောင်လေး ရည်းစားကို ချော့မော့တောင်းပန်ဖို့ ကြိုးစားနေဘာပဲ ဖြစ်မည်။

စိတ်ထဲမှာ ငိုသွားသော်လည်း ဖုန်းပြောနေတာကိုတော့ မဖျက်ချင်တာမို့ ကွက်ရပ်လေးမှာ အသာရပ်ပြီး စောင့်နေလိုက်၏။

''ကိုယ့်ဖုန်း နည်းနည်းကြောင်နေလို့ပါ၊ ဘာဖြစ်လို့ ပိတ်ထားမှာလဲ''

''... .... ... ...''



www.burmeseclassic.com

www.burmeseclassic.com



"ဖေယျ တို့ ပြန်ပြောပြတယ်၊ မင်းကိုလဲ သူတို့ ပြောလိုက်မှာပါ၊ ဘာပဲဖြစ်ဖြစ် ဝိုင် နဲ့ပတ်သက်တာက မင်းကို ကိုယ်ပြောပြဖူးတာထက် ပိုတာ ဘာမှမရှိဘူး ထိပ်ထား…"

"… … … … …"

"ဖြေရှင်းရအောင် ကိုယ်မှားခဲ့တာမှ မရှိဘဲ"

"… … … …"

"ဝိုင် က ဒုက္ခရောက်နေတဲ့ မိန်းကလေးပါ၊ သူ့ကို ကိုယ် တစ်ယောက်တည်း ကူညီနေတာ မဟုတ်ဘူး၊ ကိုယ့်မေမေကိုက ကိုယ်ဖိရင်ဖိဂရုစိုက် စောင့်ရှောက်နေတာ…"

"… … … … …"

"မင်းလဲ ပါးစပ်နဲ့ ပေါက်ကွဲတာပဲ ထိပ်ထား…၊ မခံနိုင်တဲ့သူကတော့ပြန်တာပါ၊ ဘယ်သူမှ မခံရ၊ မစံရဘူးလို့ ကိုယ် ထင်တယ်"

"… … … …"

"ဆောရီး…၊ ကိုယ် ရှေ့မဆက်ချင်တော့ဘူး၊ ကျောက်တုံးပဲဖြစ်ဖြစ်၊ ဓားပဲဖြစ်ဖြစ် ပွလွှန်းလာရင် အရောင်တော့ ပြောင်းသွားမှာပဲ ကိုယ့်ရင်ဘတ်ထဲမှာ နှလုံးသား ရှိတယ်၊ အဲဒီနှလုံးသားက ထုံဆေးမိနေရင်တောင် အခု ပြယ်သွားပြီလို့ သတ်မှတ်လိုက်ပြီ၊ ကိုယ့်ကို နောက်ထပ် မရူးနိုင်းပါနဲ့တော့ကွာ၊ ကျေးဇူးပါ…"

"… … … …"

"စိတ်ဆိုးသွားတာ မဟုတ်ပါဘူး၊ စိတ်နာခဲ့တာ…၊ မင်း ကိုယ့်သိက္ခာကို တစ်ချက်မှ မငဲ့ကွက်ဘဲ ပက်ပက်စက်စက် ရိုက်ချိုးရက်တာကို… ဒါပဲနော်… မင်းလဲ ပြောစရာကုန်ပြီထင်တယ်…၊ အိုခေ…"

ဖုန်းချပြီး ဒီဘက်လှည့်လိုက်တော့ မေမေက တောင့်မတ်စွာ ထိုင်နေလျက်…

"သား…"





"မေမေ ဘာဖြစ်လို့လဲ…၊ နေမကောင်းဘူးလား"

မှတ်တမ်း စိုးရိမ်ကာ ပျာပျာသလဲဖြစ်သွား၏။ ဝိုင် ကို ရှာတွေ့မလာကတည်းက မေမေ့ကို သူ စိုးရိမ်ခဲ့တာ ဖြစ်သည်။ တငိုငို တရယ်ရယ် မဟုတ်သော်လည်း မေမေ ငေးငိုင်နေတာကို မြင်နေရသည်။

အိဂ်ရာထဲဝင်ပြီး မအိပ်ဘဲ မျက်လုံးအကြောင်သားနှင့် ဟိုလိုမှ ဒီလိုမှ ဖြစ်နေတာတွေ…။

သူ့အိပ်ခန်းထဲ လျှောက်လာလိုက်၊ အလုပ်မရှိအလုပ်ရှာပြီး အချိန်မတော်မှ ရေခဲသေတ္တာထဲက ဟင်းသီးဟင်းရွက်တွေကို ထုတ်လိုထုတ်၊ စီငုံစီ…။

"ဟုတ်တယ်…၊ မေမေ မျက်တွင်းကျသွားတယ်၊ မနေ့ညက တစ်ညလုံး အိပ်မပျော်ခဲ့ဘူး ထင်တယ်"

"အိပ်ရေးပျက်တဲ့ညဆိုတာတော့ မနေ့ကတင် ဘယ်တုန်းကမှမလဲ သားရယ်…၊ သားကို မေမေ မေးချင်တယ်"

"မေးလေ မေမေ…"

"သားရင်ထဲမှာ ထိပ်ထား ဆိုတာ ရှိသေးလား…"

မှတ်တမ်း မျက်လွှာချပစ်မိသည်။ ရင်ထဲမှာ ရှိသေးလားဆိုတာက ထိပ်ထား ကိုမေးတာဆိုရင် ရှိနေသေးတယ်လို့ ဖြေရမှာပါ။ ဒီအချိန်မှာ အချိန်တိုင်းမှာ တွေးမိနေတာက သူမအကြောင်းပဲ ဖြစ်၏။

တမ်းတနေတာလားလို့ မေးရင်တော့ ဖြေဖို့ ခက်လိမ့်မည်။

ကလေးတွေမေးသလို လွမ်းသလား မေးရင်တော့ သူ မလွမ်းဖြစ်ပါ…။

သူမကို လွမ်းလို့ သဟီရနေတာမဟုတ်ဘဲ ဒီလောက်ထိ အနိုင်ပေးခဲ့တဲ့ မိန်းမပါလားလို့ တွေးနေရင်း ရှက်နေတာ ဖြစ်သည်။

သူ တကယ် မထင်ခဲ့ပေ…၊ ထိပ်ထား ကိုယ်တိုင် အောက်တန်းကျသည့်စိတ်ဓာတ် အယူအဆတော့ ရှိနေမည်ဟု တွေးခဲ့သည်။

www.burmeseclassic.com



အရာရာ အငမှောင်ဖုံးလောက်အောင် ဒေါသဖြစ်ခဲ့သည်ဆိုရင် တောင် သူ့အတွက် တစ်နေရာကတော့ မီးကွင်းနယ်မြေလေး ဖြစ်စေ ချင်၏။ ချစ်တဲ့စိတ်ဟာ မီးမှ မဟုတ်ဘဲ..။

ပူပြင်းလောင်မြိုက်ခြင်းကို တင်စားပြီး ထပ်တူပြုခဲ့ကြပေမယ့် မီးဆိုတာ အမှိုက်ကစ လောင်ကျွံအရာ၊ အချစ်စိတ်က နှလုံးသားမှ ချဉ်းနင်းခဲ့သော သွေးစက်တို့၏ စည်းချက်တွေ..။

မီးလောင်ရင် အမှိုက်တောင် မကျန်ဘူးဆိုတာ သဘာဝကျပေ မယ့် ဒေါသမီးကြောင့် ဖြူဖြူမည်းမည်း ဘာမှမမြင်နိုင်ဘူးဆိုတာကို လက်မခံနိုင်..။

ထို့ကြောင့် ထိပ်ထား ကို သူ ရုတ်တရက် မေ့နိုင်မှာ မဟုတ်ပေ။

"ဖြေလေ သား..."

"မေမေ ဘာဖြစ်လို့ မေးတာလဲဟင်..၊ ကျွန်တော်တို့ ပြဿနာဖြစ် ခဲ့ကြတာ ပူပူနွေးနွေးကြီး ရှိသေးတာ၊ ပြီးတော့ အဲဒီမှာ ကျွန်တော် သိက္ခာတွေ မှန်ကွဲစတွေလို ပြိုကျခဲ့ရတယ်၊ ဘယ်လိုလုပ် မေ့နိုင်မှာလဲ"

"ဟင်!... ဟို... မေမေ မေးတာက.. သား သူ့ကို ချစ်နေသေး လို့ ပြန်ပြေလည်ဖို့ ကြိုးစားနေတာလား ဆိုတာပါ"

မှတ်ဘမ်း မျက်နှာလွှဲလိုက်ပြီးမှ ခေါင်းခါသည်။

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"ခုနက သူ ဆက်တာမို့လား၊ သူပဲ စွပ်စွဲပြီး သူက..."

"ဒါတွေ မေးမနေပါနဲ့တော့ မေမေ၊ သူ ဘာဖြစ်ဖြစ် ကျွန်တော် ဘက်က ပြီးပြီ"

ဒေါ်မေကောင်းကင် ခေါင်းတညိတ်ညိတ်နှင့် မျက်နှာတစ်ပြင်လုံး လည်း ပြုံးအီသွားလေသည်။

"မေမေ ဝမ်းသာလိုက်တာ...၊ ဒီလိုကိစ္စမျိုးဟာ ကိုယ်တိုင် စိတ် ပျက်တာမဟုတ်ဘဲ သူတစ်ပါးက ဖျက်ပစ်နိုင်ဖို့ မလွယ်ဘူး၊ အဲ





မေမေ သိလို့ အရမ်းကို ခံစားနေရတာ၊ မေမေလေ သားကို စိတ်ဆင်းရဲ အောင်ပြုပြီးမှ ကိုယ် စိတ်ချမ်းသာရမယ်ဆိုရင် ချမ်းသာမှုကို မေမေကပဲ စွန့်လွှတ်ချင်တာ..."

"အခု မေမေ ကျွန်တော့်ကြောင့် အဲဒီလောက်တောင် စိတ်ဆင်းရဲ နေရတာလား"

"ဟုတ်တယ် သား...၊ မင်းရဲ့အဖေက ပြောလိုက်ပါလား..၊ ဆိုလိုက်ပါလားနဲ့ တိုက်တွန်းတာတောင် သား ခံစားနေတာကိုကြည့်ပြီး မေမေ ရေငုံနှုတ်ပိတ်ခဲ့တယ်"

"ဘာကိုလဲဟင်..."

"ခုနေ မေမေက ဝိုင့် ကို ရှာပေးပါဆိုရင်..."

"အခု ကျွန်တော် ရှာနေတာပါ မေမေ..၊ ကျွန်တော်တင်မကဘူး သူငယ်ချင်းတွေကိုပါ ရှာခိုင်းထားတာပါ၊ အဲဒီအတွက်နဲ့..."

"အဲဒါအတွက်ပေမယ့် ရှိသေးတယ် သား..၊ မင်းကို မေမေ ဝိုင် နဲ့ လက်ထပ်ပေးချင်တာယ်"

"ဗျာ!..."

ဝိုင့် မှာလည်း ပြဿနာကြီးတန်းလန်းနှင့်၊ မေမေ ဒီလို တောင်းဆို မှုတွေကို မျိုသိပ်ပြီး ကြိတ်မှိတ်ခံစားနေရတာ အံ့ဩစရာပါလား။

ဘာဖြစ်လို့လဲ..၊ ဒီပြဿနာအတွက် ကယ်တင်ချင်တာလား ဒါမှ မဟုတ် ဝိုင့် ကို ချစ်နေတာသက်သက်နှင့် သူနှင့် လက်ထပ်ပေးဖို့ ဆန္ဒရှိတာလား..။

"သား... ဝိုင့်မှာ ကိုယ်ဝန်ရှိနေလို့ မင်း စဉ်းစားနေတာလား"

"ဟုတ်တယ်..၊ မေမေ့ကိုလဲ ကျွန်တော် မယုံနိုင်ဘူး ဖြစ်နေတယ်၊ ချစ်သူကို သူ စောင့်ချင်မှပေါ့ မေမေ..၊ သူ ဘယ်လိုပဲ ငြင်းနေနေ တာ တရားခံမရှိဘဲ ဖြစ်လာတာမှမဟုတ်တာ၊ နောက်ပြီး ရင်ကုန်ကို ပါလာရဲတာကိုက လူကြီးမိဘကို ရင်မဆိုင်ရဲတာ မဖြစ်နိုင်ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သူချစ်သူကို လာရှာတာလား..၊ သူ့ရင်ထဲမှာ အများကြီးကို လျှို့ဝှက်ထားရှိနေတာတွေ ကျွန်တော်တို့ ဘာမှသိတာ မဟုတ်ဘူး...၊

သူ့ဘက်က လူကြီးတွေကလဲ တော်ရုံလူတွေ မဟုတ်ဘူးဆိုတာ မေမေ သိတယ်၊ သူတို့ဘာသာ ဖြေရှင်းဖို့တောင် လမ်းဆုံကို မရောက်ကြသေးဘူး၊ ကျွန်တော်က သူ့ကို..."

"ဝိုင် က အပျိုစစ်စစ်ပါ သားရယ်..."

"ဗျာ!..."

နွေခေါင်ခေါင်ကြီး မိုးကြိုးပစ်တာလား..။

"ဒါ... ဒါဆို သူက ကိုယ်ဝန်မရှိဘဲနဲ့..."

"ရှိတယ်..၊ လေးလကျော်နေပြီဆိုတာ တကယ်..."

"မေမေ..."

"အံ့သြနေလို့လား...၊ ဒီထက် ပိုအံ့သြရမှာရှိသေးတယ်..၊ အဲ ကိုယ်ဝန်က သားရဲ့ကိုယ်ဝန်..."

"ဟာ!... မေမေရာ..."

မှတ်တမ်း မျက်နှာကြီး နီရဲသုန်မှုန်သွား၏။ ဒေါသဖြစ်ရအောင် ပြောတဲ့သူက မေမေရယ်..၊ ဒါ နောက်စရာမှ မဟုတ်တာကို...။

"သား..."

"နောက်ပြောင်ချင်တာဆိုရင် တခြားစကားနဲ့ နောက်ပါ မေမေ ရာ..၊ သူများကြားလို့လည်း မကောင်းပါဘူး"

ဒေါ်မေကောင်းကင် မျက်မှောင်ကြုတ်သွား၏။

"မေမေ့ကို သားက အဲဒီလိုပြောတယ်.."

"ဟို... မေမေ... ကျွန်တော်က ဒီလိုပါ..."

"နေဦး..."

ဒေါ်မေကောင်းကင် က စိတ်တိုသွားသည့်မျက်နှာကို ပင့်သက် ရှိုက်နှင့် ဖြေယူလိုက်၏။ ပြီးတော့ ပြတင်းတံခါးဘေးမှာ ခုံဆွဲထိုင်လိုက်





ကာ...

"အဲဒီအဖြစ်ရောက်အောင် ဖန်တီးခဲ့ကြတာက မေမေနဲ့ မငွေ တို့ပါ..."

ဟု အစချီ၍ အစကနေ အခု ဖြစ်ပျက်နေတာတွေထိ သေချာ ပြောပြသည်။ သူမှာ ညဥ့်သန်းခေါင်ကျော်မှာ စိတ္တဇလူသတ်သမားဝတ္ထု တစ်ပုဒ် ဖတ်နေရသလို မျက်တောင်ခတ်ဖို့တောင် မေ့နေခဲ့၏။

"မေမေ ဒီငွေကြောင့် မဟုတ်ဘူး သား...၊ တစ်ယောက်နဲ့တစ် ယောက် မကင်းတာတွေ ရှိခဲ့လို့ပါ၊ မေမေတို့က ပြည့်စုံပေမယ့် ဘယ် လိုကြိုးစားခဲ့ရသလဲ၊ သူတို့ကျတော့ ဘိုးဘေးဘီဘင်ကစပြီး စုရက် ပုံရက် ရှိကြတာ၊ ပြောချင်တာက မေမေတို့ရဲ့ မိဘတွေလက်ထက် ကတည်းက လူကြီးချင်းဆက်ဆံရေးမှာ မေမေတို့ဘက်က အောက် က..၊ သူတို့ဘက်က အပေါ်က..."

"ဒါပေမယ့် ငွေကြေးပမာဏတွေပါလာတာ အရမ်းဆိုးတယ်"

"ဟုတ်ပါတယ်...၊ ဒါပေမယ့် သူတို့က စေတနာကို လိုချင်တာ မဟုတ်ဘူး၊ အခု ဒါ ဒီလို ရှိခဲ့ပေမယ့် နောက် ဘာမှမပတ်သက်အောင် ချည်တုပ်ဖို့က ငွေနဲ့မှ ပြီးမှာလေ၊ မေမေတို့ကိုက သူ့ရဲ့သဘောကျ ဆိုက်လျောဖို့ ဒီတိုင်းထိုင်ပြီး ခေါင်းညိတ်ပေးခဲ့ကြတာ..."

"ဘာပဲဖြစ်ဖြစ်... မေမေတို့အားလုံးရဲ့လုပ်ရပ်က အရမ်းကို ရက် စက်လွန်းတယ် မေမေ၊ ကျွန်တော့်ကို မဟုတ်ဘူး... ဝိုင့် ဘက်မှာ နစ်နာတာ..."

"ဟုတ်ပါတယ်...၊ ဒါပေမယ့် သူတို့က ဒီတိုင်းပဲ ဖြစ်နေတာ ကိုး...၊ ကလေးချင်း ပေးစားလိုက်ပါလားပြောတော့ ဖြစ်သွားလိုက်ပြ ဘာ နောက်ထပ် ဘာမှမပြောရဲတော့အောင်ပဲ၊ ခုတော့ အားလုံးရှုပ်နေပြီ၊ ခြင်ခြားက သူတို့အစ်ကိုကြီးလဲ ရောက်နေပြီ"

"ဝိုင့် မေမေလား..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း… သူ့သမီးလေးကို သူညီမတွေ ဒီလိုလုပ်ထားတာသိရင် ဘာတွေဖြစ်ကြမလဲ မသိဘူး"

"ဘယ်သူဘာဖြစ်ဖြစ် ဝိုင့် ကို ရှာတွေ့မှ ဖြစ်တော့မှာ…"

မှတ်တမ်း ကားသော့ကိုလည်း ဆွဲယူသည်။ ဖုန်းဆီ နောက်တစ်ခါ ပြန်ကပ်ပြီး ဖေယျ တို့ကို ခေါ်၏။

"ကျွတ်!…"

"ဘယ်ကို ဆက်တာလဲ သား"

"ဖေယျ နဲ့ ခဲတံ ဆီကိုပါ၊ ဒီကောင်တွေ မိုးမချုပ်ခင် အကြောင်းထူးစေရမယ်လို့ အာမခံထားတာ…"

"ဟုတ်လား…၊ သတင်းအစ ရထားလို့လား"

"ရထားတယ်၊ မတွေ့ရင်တော့ ခက်ပြီ မေမေရာ…၊ ဒီကိစ္စမှာ သနားစရာအကောင်းဆုံးက ဝိုင် ပဲ၊ သူ့ခမျာ…"

ရှေ့ဆက်မပြောရက်အောင် ရင်နင့်သွားသည်။ ဒီမှာ အတူရှိခဲ့တဲ့ တစ်ချိန်လုံးမှာ သူမကို သူ ဟိုပြောဒီပြော ပြောခဲ့တာတွေ…၊ မသိပါဘူး ဆိုတာကို မယုံနိုင်စွာ အထပ်ထပ်မေးခဲ့တဲ့ မေးခွန်းတွေ…၊ ဘယ်လို သဘာဝမကျတာကြီးကို ဝိုင့် ခမျာ ဖျက်လိုဖျက်ဆီးလည်း မလုပ်ဘဲ လက်ခံထားခဲ့ရှာသည်။ ပြီးတော့… သူနဲ့ ထိပ်ထား ရဲ့ ဘာလိုလို အကြည့်…၊ ဘာလိုလိုစကားတွေ…။

"သား…"

"ကျွန်တော် သွားဦးမယ် မေမေ"

"သား လိုက်ရှာမလို့လား"

"ဟုတ်တယ်…၊ မိုက်မိုက်ရိုင်းရိုင်းပြောရရင် ဒါ လူမဆန်တဲ့ပြစ်မှုကြီး မေမေ…၊ သူ့ဘက်ပေ ဒီလို ရက်ရက်စက်စက် လုပ်ရဲမှတော့ ကျွန်တော် ပစ်မထားနိုင်ဘူး"

"ဒါဆို သားက လက်ထပ်ဖို့ သဘောတူတယ်ပေါ့"





"လက်ထပ်ဖို့ကိစ္စက ရှင် ကျွန်မတို့ကိုပဲ မေးရမှာ…၊ ရှင့်သားကို မဟုတ်ဘူး…"

စကားသံနှင့်အတူ လူရိပ်တွေ သူတို့ရှေ့မှာ ပေါ်လာကြသည်။

ဆောင်းဝသန် ရယ်၊ ဒေါ်မြင့်မြင့်တင် ရယ်၊ ပြီးတော့ အမျိုးသမီးတစ်ယောက်ရယ် ညနေခင်းကြီးမှာ ဘွားခနဲ ရောက်ချလာတော့ ဒေါ်မေ ကောင်းကင် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ဦးဟံ လာပြောလို့ သိရတာ…၊ အကြောင်းကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မမေ၊ ဒါပေမယ့် အဲဒါကို ခဏဖယ်ပြီး ရှင်တို့ စားကျက်ထွင်နေကြတာတော့ ယုတ်မာရာ ရောက်တယ်"

"ကျွန်တော်တို့က စားကျက်ထွင်နေတာ မဟုတ်ဘူး အန်တီ၊ အဲဒါကြောင့် ယုတ်မာစရာလဲ မရှိဘူး၊ ဖျင်းဖျင်းရှိတိုင်း လူကိုရေလောင်းပြီး မျောက်လိုခုန်နိုင်းနေတဲ့သူတွေထက်စာရင် ကျွန်တော်တို့က ကယ်တင်ဖို့ ကြိုးစားတဲ့သူတွေပါ"

"ဘာကွ…"

ဆောင်း ရှေ့ကို ဆတ်ခနဲ ဟိုးသည်။ ဒီကောင်လေးက ဒီလို ဆတ်ဆတ်ဆတ်လေးလား…၊ ဝိုင့် ကို ရှာနေကတည်းက သင်း ပိုင်ဆိုင်သည်ဆိုသော မီးခြစ်ဘူးလောက် လုပ်ငန်းလေးတွေဆီကို သူမ ရောက်သည်။

အင်တာနက်ဆိုင်တွေနှင့်…၊ မိနီမားကတ်တွေနှင့်…၊ ပြီးတော့ ဆိုရှိ ဟိုတယ်လုပ်ငန်းတစ်ခုမှာ ရှယ်ယာဝင်ထားသည်…တဲ့…။

ဘယ်လိုလူမျိုးတွေက သင်းကို လုပ်ငန်းရှင်ကြီးလို့ သတ်မှတ်ပြီး ဆင်ကြီးသလဲ၊ ကိုယ့်အတွက်ကတော့ ဖိနပ်တစ်ရန်စား၊ ခြေတစ်ဖက်တာပါ…။

မုံစံလေးက မတိုမရှည်ဆံပင်တွေကို သိမ်းလှန်ဖြီးထားတော့ နဖူးကြီးနာတံက ချွန်လွန်းလို့ လွန်နေသည်၊ နှုတ်ခမ်းက ပိရိစွာပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပါးသည့်ဘက်ကို ရောက်၏။ ခြုံကြည့်လိုက်တော့ ဘယ်မှာလဲ လူရည်မွ ပုံစံ..။

"ဟွန်း... ငါဘို့လုပ်ခဲ့တဲ့အကြောင်းက ဘာပဲဖြစ်လာလာ ငါ့ အတတ် ငါတို့နိုင်တယ်၊ နောက်ထပ် ပိုပြီး နိုင်သေးတာက ဝိုင့် ကိုပဲ ဝိုင် ဟာ ငါတို့လက်ထဲကနေ ဘယ်ယောက်ျားတစ်ယောက်ရဲ့ လက်ထဲ မှ မရောက်ရဘူး"

"ပြောနေတုန်းပဲနော်..၊ ဟွန်း..."

"သား..."

မှတ်တမ်း ကို ဒေါ်မကောင်းကင် တားဆီးလိုက်တာကို ဂရုမစိုက် တော့ပေ..။

"ဝိုင် တစ်ယောက်တည်း ရန်ကုန်မြို့မှာ ထင်တိုင်းလွှင့်နေတုန်း လမ်းဘေးက ဆိုက်ကားသမား..၊ ကားသမားတွေ..၊ လမ်းပေါ် သွားလာနေသမျှ ယောက်ျားတွေ၊ ဘယ်သူ့လက်မှာဖြစ်ဖြစ် ဘဝဆုံးသွား နိုင်တယ်ဆိုတာ အန်တီ မတွေးမိဘူးလား"

"ဟော့... ဆုံးပါလေ့စေ...၊ ငါတို့ လိုက်ရှာနေတာ... ငါတို့သ ကို သူနဲ့ပတ်သက်နေနိုင်တဲ့ ပြဿနာတွေ မပါဘူး.."

ဆောင်းဝသန်၏ အတွေးစကားတွေက ကြက်သီးထဖွယ်...၊

"ငါ့သမီး ဘာဖြစ်လာလာ..၊ ဘယ်ဘဝကို ရောက်နေနေ အသက်ရှင်လိုက်လေးပဲ ဖုတ်လှိုက်ဖုတ်လှိုက်ရှိရှိ.. အဲဒါလေးကို ကောက်သွားမှာ..၊ ကုန်ကုန်ပြောမယ်ကွာ... ကလေးရဲ့ဘဝ သဲတောထဲကျသွားတဲ့ သကြားလုံးတစ်လုံးလို ဖြစ်နေပါစေ ကလေး 'ဟဲ...'လို့ တစ်ခွန်း မငေါက်ဘူး၊ တုတ်တစ်ချက် မရွယ်ဘူး၊ ကျုပ် ဟာ အမှန်တရားပဲ..."

"မမှန်တာကို မှန်တယ်ပြောရဲတာ သတ္တိမဟုတ်ဘူး အန်တီ အတွေးဆိုတာလဲ အဲဒီလောက်ထိ မညစ်နွမ်းဘူး၊ အန်တီရဲ့အတွေးက ည



ရုံမကဘူး အဆိပ်တက်နေပြီ"

"မင်း မသိဘူးလား၊ ငါတို့တစ်မိသားစုလုံးက အတွေးကို အဆိပ် သောင်းထားကြတာလေ၊ အဲဒီတော့ ဝိုင့် မှာလဲ အဆိပ်ရှိတယ်၊ မင်းတို့ ရဲ့ ကယ်ဆယ်ရေးလမ်းစဉ်ကို ရှေ့ဆက်ဖို့ မလိုဘူး..."

ဆောင်း မျက်လုံးက ဒေါ်မကောင်းကင် ဆီ ရောက်သွားပြီး...

"ရှေ့တင်မှာဖြစ်ဖြစ်..၊ ကွယ်ရာမှာဖြစ်ဖြစ်.. ဝိုင့် ကို ဆွေမျိုးစပ် ကြည့်ဖို့လဲ မကြိုးစားပါနဲ့"

"သိပ်ကြိုးစားတာပေါ့ အန်တီ..၊ အန်တီနဲ့ရော..၊ မေမေတို့နဲ့ရော သက်ဆိုင်ဘူးဆို ရသေးတယ်၊ ကျွန်တော်ကတော့ ဝိုင် နဲ့ တိုက်ရိုက် ဆက်ဆိုင်တဲ့သူ..."

"ဘာပြောတယ်..."

"အို!... ဆောင်း..."

ဆောင်း က လက်တစ်ဖက် မြှောက်ရွယ်လျက် ရှေ့ကိုလည်း တက်သည်၊ ရိုက်လည်း ရိုက်ပစ်လိုက်၏။ ထိုစဉ်မှာ ဖုန်းသံမြည်လာ ခြင်းနှင့်အတူ မှတ်တမ်း က ဖုန်းဆီကို နောက်ပြန်ဆုတ်လိုက်သဖြင့် ဆောင်သလိုဖြစ်သွားကာ ရိုက်ချက်လွဲသွား၏။

"နေဦး သမီး..၊ ကြီးကြီး ပြောမယ်၊ နေဦး... နောက်ဆုတ် ...."

"ဟုတ်ပါတယ် ဆောင်း ရယ်..၊ မမေ ပြောပါရစေဦး၊ ဓာလေး သည်းခံပါနော်"

ဒေါ်မြင့်မြင့်တင် နှင့် ဒေါ်မကောင်းကင် ဝိုင်းဆွဲကြတော့ ဆောင်း ဆက်မတိုးတာတော့ပေ။ ဒါပေမယ့် ဒေါသထန်နေသည့် ရင်ဘတ် တစ်ခုလုံး လှိုင်းထလျက်၊ ပခုံးထက်မှာလွယ်ထားသည့် စလင်းဘက် ကြိုးကလည်း တံတောင်ဆစ်ထိ လျှောကျပြီး လွဲယမ်းနေတော့ ဖရို ဖရဲ...။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း…၊ လူကို ဂရုမစိုက်သလို လုပ်နေတဲ့ပုံက…။

မှတ်တမ်း ဖုန်းပြောနေတာကိုကြည့်ကာ ဆောင်း ဒေါသ ဘယ်လိုမှ ထိန်းမရနိုင်ဘဲ ဖြစ်နေ၏။

သူ့ကို သတ်မယ်ဖြတ်မယ် ဒီလောက်ဖြစ်ပြီး ရန်းရင်းဆန်ခတ်ရေ အနားမှာ အုံကြွနေတာကို သူနဲ့မဆိုင်သလိုလို မသိသလိုလို‥။

ထို့ပြင်…

"ကျွန်တော် အပြင် ခဏသွားဦးမယ် မမေ"

မအေကိုတောင် နှုတ်ဆက်သွားလိုက်သေးသည်။

"တောက်…"

လူပါးဝလိုက်တဲ့ကောင်လေး…၊ ဆောင်း တက်ခေါက်နေတာ ဒေါ်မြင့်မြင့်တင် က ဒီဘက်ပါလာအောင် မရမက ဆွဲခေါ်၏။ ဒေါ်မေ ကောင်းကင် က နေရာထိုင်ခင်းပေးကာ…

"အစ်ကို ပြောပြလိုက်တယ်ဆိုရင်လဲ ကျွန်မတို့မှာ ဖြေဖို့ ရှိပါသေး တယ် ဒေါ်လေးရယ်‥၊ ဆောင်း လဲ ခဏ သည်းခံပြီး နားထောင်ပါဦး ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုက ကျွန်မပြောပြလိုက်လို့ သိရတဲ့သူ ဒီမှာ ဝိုင် နဲ့ပတ်သက်တာ အစအဆုံးကို ကျွန်မတို့ သားအမိကပဲ…

"သားအမိလို့ ထည့်ပြောနေတာက သူ ပြောသွားတာကို အတည် ပြုပေးချင်တဲ့သဘောလား မမေ‥၊ မရဘူးနော်… ကလေးကို နဲ့…"

"ဩော်… ကဲ‥ ဟိုကပြောတာကို နားထောင်လိုက်ပါဦး ဆော ရယ်…"

ဒေါ်မြင့်မြင့်တင် က တူမဖြစ်သူကို ဖျောင်းဖျရင်း ဒေါ်မေကော ကင် ဘက်ကိုလည်း လှည့်၍…

"ဟိုမှာ နွေ တော်တော်လေး ဖြစ်နေတယ်ကွယ့်၊ သူတို့အ လဲ ရောက်နေတယ်လေ၊ အခု တို့ ဒီကို ထွက်လာတဲ့အထိ ကလေ





ကိစ္စကို အမှန်အတိုင်း မသိသေးဘူး၊ သူလဲ သူ့သမီးကို ပြန်ပေးမယ့် လူမမာကိုငဲ့ပြီး ခုချိန်ထိတော့ ဘာမှမဖြစ်ကြသေးဘူးပေါ့ကွယ်၊ တို့ လာတာကို မောင်ကျော် သိပေမယ့် ကလေးကိစ္စရယ်လို့ သေချာမပြော ခဲ့ဘူး၊ လိုရင်းကိုပြောရရင် ကလေးကို ပြန်ခေါ်သွားနိုင်မှ ဖြစ်မှာ‥၊ ကိုယ်ဝန်နဲ့ပတ်သက်ပြီး အ‥အန ဘာမှပေါ်မလာခင်ပေါ့နော်၊ အဲဒါ ကြောင့် ပြောနေရတာ‥၊ လက်ထပ်ဖို့တွေ‥၊ ပေါင်းဖက်ဖို့တွေ ဘာမှ လုပ်လို့မရဘူး၊ လောလောဆယ် ပြဿနာရှင်းဖို့က အရေးကြီးနေတယ်၊ ကလေး ဘာလို့ပျောက်နေသလဲဆိုတာကို မောင်ကျော် အမှန်အတိုင်းသိလို့ လုံးဝကို မဖြစ်ဘူး…"

ဒေါ်မြင့်မြင့်တင် က ရှင်းပြ၏။ ဒေါ်မေကောင်းကင် ကလည်း ဝိုင် ကို ဘယ်လိုစောင့်ရှောက်ထားတာတွေ အားလုံးရှင်းအောင် ပြော ပြခဲ့ပါသည်။

ဒါပေမယ့် ဆောင်း က မကျေနပ်ပေ၊ မျက်မှောင်ကြုတ် မပြေ၊ အံကြိတ် မပြေ။ ဒီကိစ္စ ဒီကောင်လေးကို အသိပေးလိုက်ကြတာကိုက မသမာကြတာ‥၊ ကတိအထပ်ထပ်၊ စာချုပ်အစောင်စောင်နှင့် ဒီ လောက်သေချာအောင် လုပ်ခဲ့တာကို‥။ တွေးလေ… မကျေနပ်လေ‥။

နောက်ဆုံးမှာ မျက်စောင်းမြားက ဒေါ်မေကောင်းကင် ထံ ရောက်လေသည်။ ဒေါ်မေကောင်းကင် က မြင်ယောင်ဆောင်လိုက် သည်။

ဘယ်သူ ဘာတတ်နိုင်လို့လဲ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

ကားကို အလျှင်စလို မောင်းနေမိမှန်း ရပ်လိုက်တော့မှ သ ရ၏။ ပြေးနေတဲ့သူကို နောက်က ရုတ်တရက် ဆွဲလိုက်သလို ကား ရှေ့ကာရပ်၍ နောက်ဖင်ရွှေ့သွားပြီးမှ ဘီးလေးဘီးလုံး ရပ်ခဲ့၏။

ဝိုင်း က အပြူရောင် တီရှပ်ပွပွလေးနှင့် ဇေဒါရောစ်ဖျော့ ဘောင်းဘီရှည်ကို ဝတ်ထားသည်။ ရင်ညွန့်လောက်ထိရှည်နေပြီ သော ဆံနွယ်လေးတွေကို နားရွက်တစ်ဖက်ညှပ်လျက် ခုံအပြည့် လှ သည့် တုတ်ထိုးဆိုင်မှာ ဘေးကနေ ကုန်းကွ စားသောက်နေ၏။

ကိုယ်ဝန်လေးလနှင့် မိန်းကလေး..တဲ့…။ သူမ ကုန်းကွ မျိုး ကို အဝေးကလှမ်းမြင်ပြီး သူမှာ ကားကိုတောင် ဒီတိုင်းထားခဲ့ခြင်းဖြစ် သည်။ သူမထံ နှိန်လွှားသွားပြီး ဆွဲခေါ်လာချင်သည်။

အနားကို သူ တကယ်ရောက်သွားတော့ ပါးစပ်ထဲမှာ ပါးဖော အောင် ဝါးနေလျက်နှင့် မငြိမ်မသက် တွဲလွဲကျနေသည့် လွယ်အိတ် ချိုင်းကြားထဲ ညှပ်လိုက်သည်။

ထပ်၍ပြိုဆင်းလာသော ဆံပင်တွေကို နားနောက် ထပ်ညှပ် နောက်ထပ် လက်လှမ်း၏။





"တော်ပြီ..၊ နောက်ထပ် မကုန်းနဲ့တော့"

လှမ်းလိုက်သည့် လက်ကလေးကို သူ ဖမ်းဆွဲထားလိုက်ပြီး အဆင်သင့်ထုတ်ယူထားခဲ့သည့် ငါးထောင်တန်ကို ကိုင်ထားရင်း…

"သူစားတာ ဘယ်လောက်ကျလဲ"

မေးလိုက်ပေမယ့်လည်း စောင့်နေဖို့ စိတ်ကမရှည်ဘဲ တုတ်ချောင်းတွေကို ဈေးသည်က ရေတွက်နေတုန်း ငါးထောင်တန်ကို ဒီတိုင်းချပေးလိုက်၏။

"ရော့… ယူထားလိုက်တော့၊ သွားမယ် လာ…"

"အို… ဘာလုပ်တာလဲ၊ သူများစားတာ နှစ်ထောင်တောင် မပြည့်သေးဘူး"

"ဘာဖြစ်ဖြစ်ကွာ…"

"ပြန်အမ်းတာ ယူဦးမှာပေါ့"

"မယူဘူး"

ဝိုင်း က သူ့ကိုမြင်တော့ အံ့ဩသလိုလေး ဖြစ်သွားပြီး စိတ်က ငါးထောင်တန်ဆီ ချက်ချင်းရောက်သွားပုံ ပေါ်သည်။ ကားနားရောက်တဲ့အထိ ဆိုင်ကို လည်ပင်းလိမ်ကြည့်နေတုန်း…

"ဖယ်စမ်းပါ..၊ ရှင့်နောက်ကို ဘယ်သူက လိုက်မယ်ပြောလို့လဲ"

"မလိုက်လို့ ရမလား၊ ကဲ… ကားပေါ်တက်ကွာ..၊ ပြောစရာတွေ ရှိတယ်"

"မတတ်ဘူး..၊ လိုက်လဲ မလိုက်ဘူး"

"ဝိုင်း…"

ဝိုင်း က သူ လှမ်းဆွဲသမျှလက်တွေကို ဘယ်ညာပုတ်ချပစ်ကာ ...ည်ထွက်သွား၏။ မပြေးရုံတမယ်မို့ သူ ပြေးလိုက်ရတော့သည်။

"ဝိုင်း..၊ ဟိတ်…"

"ဘာလုပ်တာလဲ..၊ ရှေ့က ဖယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“ဟိုမှာ မုန့်ဆိုင်တွေထဲက လှမ်းကြည့်ကုန်ကြပြီ…၊ လာပါကွာ… ခဏပဲ… ကဲ… ပြီးရင် ပြန်ပို့ပေးမယ်”

“မလိုက်ဘူးလို့ ပြောနေတယ်နော်၊ ကျွန်မ အော်လိုက်ရမလား”

“အော်ချင်အော်ပေါ့၊ ကျွန်တော့်မိန်းမ ကျွန်တော် ခေါ်နေတာလို့ ပြောလိုက်ရုံပဲ”

“ဘာ!…”

“ကဲ… လာပါကွာ…”

“အို… ဟင့်အင်း…၊ လွှတ်… လွှတ်နော်…”

ဝိုင့် လက်ကလေးကို ဆွဲမချုပ်ရုံတမယ်ပဲ အတင်း ဆွဲခေါ်လာခဲ့သည်။ ကားပေါ် ထိုင်မိကြတာနှင့် တန်းမထွက်နိုင်ဘဲ သူမကိုလည်း လက်မလွှတ်ရဲဖြစ်ကာ…

“မင်း အဒေါ်တွေ လိုက်လာကြတယ်”

“ဟင်…”

ဝိုင် ငြိမ်ကျသွား၏။ ဒီတော့မှ လက်လွှပ်ကျ၍ ကားကို ဆက်မောင်းခဲ့ရသည်။

“ဘယ်သူ သွားပြောလိုက်တာလဲ၊ အန်တီလား…၊ ရှင်လား…”

“ဟာ… မဟုတ်ပါဘူး”

“ဟုတ်တယ်…၊ ဝိုင့် ကို လက်ခံထားရတာ တာဝန်ကြီးတယ်ဆိုပြီး တော့ သွားပြောတာ…”

“မဟုတ်ဘူးဆိုမှ ဘယ်လိုဖြစ်နေတာလဲ”

“ဘယ်လိုဖြစ်ရမှာလဲ…၊ ရန်ကုန်မှာ ဝိုင့် ရောက်ကြောင်းသိတဲ့သူ ဘယ်သူမှ မရှိဘူး…၊ မှူးမှူး တောင်မှ မိုးကုတ်ကလူတွေကို သိ… မဟုတ်ဘူး”

“ဘာဖြစ်ဖြစ်…၊ ပြောပြလိုက်ရတာမှန်ရင်တောင် မင်းအတွက် မဖြစ်သင့်တာ မဖြစ်ရအောင် စိတ်ပူလို့ပဲ ဖြစ်မှာ…၊ ဒါပေမယ့်…





“မလိုပါဘူး၊ အဲဒါမျိုး ဝိုင် က ကျေးဇူးမတင်ဘူး…၊ ပူစရာလဲ မလိုဘူး…၊ ဘယ်အရပ်မှာနေနေ ငွေရှိဖို့ပဲ လိုတာ၊ လုံခြုံမှုကို ဖန်တီးနိုင်တာ ငွေပဲ၊ အခု ဝိုင့် မှာ ငွေရှိတယ်”

“တမာဝိုင်…၊ မင်း… ငါပြောတာကို နည်းနည်းပါးပါး နားထောင်ပါဦးလား…”

“မလိုတော့ဘူး…၊ ကားရပ်… ခု…”

“မင်းမှာ ကိုယ်ဝန်နဲ့ဆိုတာရော တွေးမိရဲ့လား”

“သိတယ်…၊ ဘယ်မှာနေနေ ဝိုင် ရော ဝိုင့် ရဲ့ပတ်ဝန်းကျင်ပါ အပူမီးနဲ့တထောင်းထောင်းရှိနေမယ့်ကိစ္စ၊ အဲဒါကြောင့် အန်တီတို့ဆီကို ဘယ်တော့မှ မပြန်ဘူး၊ ရှင်… ကားရပ်ဆို အခုရပ်နော်…”

“မင်းကို သူတို့ဆီ ခေါ်သွားမယ် ထင်နေတာလား”

ဝိုင် က ထပ်မမေးဘဲ စောင့်ကြည့်နေ၏။ မှတ်တမ်း က ကားမောင်းရင်းလှည့်ကြည့်ကာ…

“အခု မင်း[illegible]န်တီဆောင်း တို့ ကိုယ့်အိမ် ရောက်နေတယ်”

“ဟင်!…”

“သူတို့လဲရောက်လာရော မေယျ တို့ဆီက ဖုန်းကလဲ အချိန်ကိုက် ဝင်လာတာနဲ့ မင်းရှိမယ့်နေရာကို သိသိချင်း ကိုယ် ထွက်လာခဲ့တာ”

သူ ဖုန်းခေါ်ထားတာကို မြင်ပြီး မေယျ တို့က ချက်ချင်း ပြန်ခေါ်တာပါ။ ကံကောင်းချင်တော့ ဆောင်း ရဲ့ ထုနက်ရိုက်ပုတ်လိုမှုတွေ စတင်လာတုန်းမှာ ဖုန်းဝင်လာတော့ သူ ရှောင်ထွက်ဖို့အခွင့်အရေးပါ ရသွားခဲ့သည်။ ဒါတွေကိုတော့ ဝိုင့် ကို သူ ပြောမပြနိုင်…။

“ရှင်က လူတွေအများကြီးနဲ့ ဝိုင့် ကို ဘာဖြစ်လို့ ရှာနေတာလဲ၊ အဲဒီနည်းနဲ့ ဝိုင့် ပြဿနာကို လူသိအောင်…”

“မသိကြဘူး ဝိုင်…၊ ဟိုနေ့က ထိပ်ထား ကြောင့် ဖြစ်သွားခဲ့ရတဲ့ ကိစ္စကလွဲရင် သူတို့ ဘာမှ ပိုမသိကြဘူး…”



www.burmeseclassic.com

www.burmeseclassic.com



ဒေယျ တို့တွေက ဝိုင် ပြဿနာကို သူနဲ့ တိုက်ရိုက်ပတ်သက်နေပြီလို့ တွက်ထားလိုက်ကြတာကိုလည်း သူမှ မဖြေရှင်းခဲ့ဘဲ..။

ဝိုင် ကို သူပိုင်ဆိုင်သည့်နယ်မြေထဲမှာ ခေါ်ထားခဲ့ဖူးသည်။ သူလည်း ထိုနေရာကို အဝင်အထွက် ရှိနေခဲ့၏။ အခု ဝိုင် မှာ ဒီပြဿနာပေါ်လာတော့ သူ ဘယ်လိုခေါင်းခါရက်မှာလဲ..။

သူငယ်ချင်းတွေ ပြုံးစိစိ စနောက်ကြတာကို ခံခဲ့ရသည်။ အားပေးကြတာကိုလည်း မျှီသိပ် ခေါင်းငုံ့နေခဲ့ရ၏။

"မင်း အဖြစ်မျိုးတွေ ရှိဖူးပါတယ်..၊ ဒါပေမယ့် အဲဒီအဖြစ်တွေထဲမှာ ထိပ်ထား နေရာမှာ ထိပ်ထား လောက် ရိုင်းစိုင်းတာမျိုးတော့ မကြားဖူးဘူး.."လို့ ပြောတာတွေ..။

"ဘာကြောင့်ဖြစ်ခဲ့ဖြစ်ခဲ့ ဟိတ်ကောင်၊ ဝိုင် ကိုပဲ မင်း လက်ထပ်လိုက်..၊ ကိုယ်ဝန်ကြောင့်ဖြစ်ဖြစ်၊ ဘာအတွက်ဖြစ်ဖြစ် ထိပ်ထား နဲ့ လွှဲဖို့ဖြစ်လာတာ ကံကောင်းလို့မှတ်.." ဆိုတာတွေ...၊

ဒါတွေကို ဖုန်းထဲကနေ ကြားနေရ..၊ တွေ့တဲ့နေရာမှာ ကြားရ..။ မေမေ့ကိုလည်း သူ ဒါတွေ မပြောဖြစ်ခဲ့ပါ..။ စိတ်ထဲမှာ ဘယ်သူဘယ်လိုမှားတယ်လို့ သုံးသပ် မဆုံးဖြတ်ရသေးမီ ရင်ထဲမှာရှိနေတာက ဝိုင် ကို ဥပေက္ခာမထားရက်ခြင်းပင်..။

သူမကို မိန်းမဆိုးလေးလို့ မြင်ထားသည့်စိတ်မှာ သံယောဇဉ်ဆိုတာ ရှိခဲ့သည်ထင်၏။ ထို့ကြောင့် မေမေ့မျက်နှာ မသာယာတာကိုမြင်ရသည်နှင့် အပူတပြင်း လိုက်ရှာခဲ့တာ ဖြစ်သည်။ ဒီအချိန်မှာ ထိပ်ထားနဲ့ လွှဲရလေခြင်းဆိုသည့်ဒေါသ စိုးတစိမျှ မရှိ။

"မင်း မယုံဘူးလား ဝိုင်..၊ သူတို့က ကိုယ့်ကို ကူညီနေကြတာ သက်သက်ပါ၊ မင်းနဲ့ ပတ်သက်တာကို လုံးဝ မစပ်စု မဝေဖန်ဘူး"

"ရှင် အခု ဘာလိုက်လုပ်တာလဲ"

"မင်းရဲ့သဘောကို သိချင်တယ်၊ ပြီးတော့ ဟိုပြေးဒီရှောင်





ဒုက္ခရောက်သွားမှာ စိုးလို့၊ မကြာခင် မင်းရဲ့ကိုယ်ဝန်က မင်းကို အနေခက်အောင် လုပ်တော့မှာ..."

ဝိုင် မျက်လုံးတွေ မိုက်ဆီ ဝေ့ရနဲ့ ရောက်သွားပြီးမှ ချက်ချင်း မျက်နှာပြန်မော့၏။

"မင်းရဲ့ ဖူးဖူး... မင်းကို ဝှက်ထားပေးတဲ့နေရာ ဒေယျ တို့ ဖော်ထုတ်နိုင်သလို သူတို့လဲ သိသွားနိုင်တာပဲ..၊ အဲဒီကျရင် ပြန်မလိုက်ချင်ဘူးဆိုရင် မင်း ထွက်ပြေးဦးမှာလဲ.."

ဝိုင် မျက်ရည်တွေ ပိုးသိုးပေါက်ပေါက် ကျလာကြ၏။ အဲဒီလို ဝိုင် ငိုအိုင်း မနေတတ်တာ သူပဲ ဖြစ်သည်။ ငိုတဲ့လူက ငုတ်တုတ်ထိုင်ငိုနေပေမယ့် သူမှာ ကားကို ဖြစ်သလိုထိုးရပ်ပြီး တစ်သျှူးရှာ၊ လက်ကိုင်ပဝါရှာနှင့် ဟိုနိုက်ဒီနိုက်...။

"ရော... မငိုနဲ့ကွာ..၊ မင်း ဘာလုပ်ချင်သလဲ ပြောလေ..၊ ကိုယ် ဘာကူညီရမလဲ.."

သူက ဘာဝက်လောက်ပဲ ရှိတော့သည့် တစ်သျှူးထုပ်လေးကို ဝိုင် လက်ထဲ အညှိပေးကာ...

"မင်းနဲ့ကိုယ် ဟိုတုန်းကနေ ဒီမနက်ထိ မပြေမလည် ဖြစ်ခဲ့တာတွေအားလုံး မေ့လိုက်ကြရအောင်..."

ဝိုင် က မျက်ရည်လက်ကျန်များနှင့် မျက်ဝန်းလေး လက်စနဲ့ဖြစ်သွားအောင် လှည့်ကြည့်သည်။

"ကိုယ် တကယ်ပါ..၊ မင်းကို ကူညီချင်တယ်၊ ကျေးဇူးတင်ဖို့ မလိုဘူး၊ ညာတာဖို့လဲ မလိုဘူး၊ မင်းဘက်က ကိုယ့်ကို အရင်လိုပဲ ကြိုက်သလောက် ဆိုး၊ စိတ်ထဲရှိတဲ့အတိုင်း ဆက်ဆံ၊ ကိုယ့်ဘက်က အေးဆေးဖြစ်နေမယ်"

"ဘာဖြစ်သွားတာလဲ..၊ ရှင် ရူးသွားတာလား"

"ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံး၍ ခေါင်းညိတ်လိုက်သည်။ ခုနေ မင်းရဲ့ကိုယ်ဝန်က ကိုယ်နဲ့သက်ဆိုင်တယ်လို့များ ပြောလိုက်ရင် ဝိုင့် မျက်နှာပြုံးသွားမှာ မဟုတ်တာတော့ လုံးဝ သေချာ၏။

"ရှင့်ကို ဝိုင် မယုံဘူး"

"ဘာဖြစ်လို့လဲ"

"အန်တီက အန်တီနွေ့ တို့ကို လွန်ဆန်မှာမဟုတ်ဘူး၊ အဲဒါ ဝိုင် သိတယ်"

"မေမေနဲ့ မဆိုင်ဘူးကွာ၊ မင်းကသာ အန်တီနွေ့ တို့နဲ့ ပြန်မလိုက်ဘူးလို့ တစ်ခွန်းပဲပြော..၊ မင်းကို ကိုယ် ခေါ်သွားမယ်.."

"ဘယ်လို!..."

"ဝိုင်..."

သူ ဝိုင့် ဆံပင်ကို ပခုံးတစ်ဖက်စောင်း၍ နီးအောင် တိုးလိုက်သည်။ မျက်နှာကို လုံးဝ ညီမျှခြင်းဖြစ်အောင် လျှောချပြီးမှ...

"ကိုယ် ရှင်းရှင်းပြောမယ်နော်..၊ ဒေါသ ရှေ့မထားနဲ့.."

ဝိုင် က မျက်မှောင်လေး ကုတ်သွား၏။ ဒါပေမယ့် ဘာမှ ဝင် မပြောဘဲ နားထောင်နေသည်။

"မင်းကို ကိုယ် ခိုးသွားမယ်"

"အို..."

"နေဦး..."

ဝိုင် ချက်ချင်း ခေါင်းခါတော့ ဝိုင့် လက်ခုံနုနုလေးတစ်ဖက်ကို သူ ဆုပ်ကိုင်ထားလိုက်၏။ ဒါက မပြောလို့ မဖြစ်သည့်ကိစ္စမို့...

"မင်းနဲ့ကိုယ့်လောက် ရင်းနှီးနားလည်ထားကြတဲ့လူ နောက်ထပ် ရှိဦးမလား ဝိုင်..၊ ဘာဖြစ်ဖြစ် ဖွတ်တရွတ် မဆန်ပါနဲ့၊ ဒီတစ်ချက်ကတော့ မင်း စဉ်းစားမှ ဖြစ်မယ်၊ ရန်ကုန်မှာ မင်းတစ်ယောက်တည်း ဒီကိုယ်ဝန်နဲ့ ဘယ်လို ရှေ့ဆက်မလဲ.."





ဝိုင် မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ငုံ့ပစ်လိုက်တော့ ငိုပြန်ပြီဆိုတာကို သိသည်။ သူ ဆုပ်ကိုင်ထားသည့်ထဲကနေ လက်သီးလေးဆုပ်ပစ်လိုက်တာ ကတုန်ကယင်..၊ သူမလဲ ဒါကို တွေးပူနေရှာပြီဆိုတာ သူ နားလည်လိုက်၏။

ထိုအခါ စိတ်မကောင်းခြင်းတရားက ရင်တစ်ခုလုံး ပျံ့နှံ့ပြည့်နှက်သွားခဲ့ပြီး ပွေ့ပိုက်မချော့မိအောင် ပင့်သက်နှင့်အတူ မျက်နှာလွှဲရ၏။ ဒါပေမယ့် ပူနွေးနေသည့်မျက်ရည်စက်တို့ သူ့လက်ခုံပေါ်ကို နောက်ထပ် ခုန်ဆင်းသက်ရောက်ခဲ့ကြပြီ..။

"ဝိုင် ရန်ကုန်ကိုလာခဲ့တုန်းက အဲဒါကို လုံးဝ မသိဘူး"

"ဒါတွေ ထားလိုက်ပါတော့ကွာ.."

"ရှင်က ဝိုင် ပြောသမျှကို ယုံသွားပြန်ပြီလား.."

"ကြားတာတွေ၊ မြင်တာတွေထက် မင်းကို ဒုက္ခမရောက်စေချင်တာ..."

"အခု အန်တီ လွှတ်လိုက်တာမို့လား၊ ရှင် နောက်ထပ်ပြီး..."

"မဟုတ်ဘူး..၊ အခု ကိုယ်ထွက်လာတာ သိပေမယ့် ဘယ်ကိုဆိုတာ လုံးဝ မသိဘူး..၊ နောက်ထပ်လဲ ကိုယ်က အသိပေးမှာ မဟုတ်ဘူး"

"အဲဒါ ဘာဖြစ်သွားတာလဲ..၊ ရှင့်ကို ဝိုင် မယုံဘူး.."

"ကျွတ်!..."

"ထိပ်ထား ဆိုတဲ့ မိန်းမနဲ့..."

"ကိုယ်တို့ အဲဒီနေ့ကပဲ ပြီးသွားပြီ"

"လွယ်လှချေလား"

"ဟုတ်တယ်..၊ အချိန်တစ်ခု ရင်မှာဖြစ်လာတာ လွယ်လွယ်လေးပဲ ဖြစ်တတ်တာ၊ အကြောင်းပြချက်မရှိဘဲ မြင်မြင်ချင်း ချစ်သွားကြတာတို့၊ လှပေမယ့် အနေကြာတဲ့သံယောဇဉ်တို့၊ အများကြီးပဲ... ဒါပေမယ့် ချစ်ပြီးရင် အမြစ်တွယ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကျတော့ရော..."

"သစ်ပင်နဲ့လူ၊ အမြစ်တွယ်ပုံချင်း တူနိုင်မလား ဝိုင်..၊ ဘူးခွဆုပ်ဖမ်းကြည့်လို့ ရတဲ့အရာနဲ့ ဘူးခွလို့လဲ မရ၊ ဆုပ်ဖမ်းကြည့်လဲ မဖြစ်နိုင်တဲ့အရာဟာ ဘယ်လိုမှ မတူနိုင်ဘာလေ.. အဲဒါကြောင့် ကိုယ်ပြောချင်တာက အမြစ်တွယ်တိုင်း ခိုင်မြဲတတ်ပုံချင်း မတူဘူးဆိုတာ..."

"ပြောလို့ရအောင် အကြောင်းရှာထားပုံ ပေါ်တယ်"

"မင်းကို ကိုယ်က ချစ်ခွင့်တောင်းနေတာမှ မဟုတ်ဘဲ ဝိုင်..၊ ကိုယ့်အဖြစ်က တစ်ယောက်ပြီးတစ်ယောက် ကြောင်းတယ်လို့တော့ မပြောနိုင်သေးပါဘူး၊ ချစ်ခဲ့ဖူးတာနဲ့ သံယောဇဉ်ရှိခဲ့ဖူးတာမှာ အချစ်ဆိုတာ ကွဲရှပျက်စီးလွယ်တဲ့အရာလိုပဲ..၊ သံယောဇဉ်က ခိုင်မြဲပါတယ်၊ မင်းကို ကိုယ် သံယောဇဉ်ရှိခဲ့တာ..."

ယုံကြည်တာ မဟုတ်ပါ..၊ ဒါပေမယ့် ဝိုင် သူ့လောက် ဂကား မကြွယ်ဘူး ထင်သည်။

"မင်း ကိုယ့်ကို အဲဒီလောက်ထိ စိတ်မဝင်စားခဲ့ဘဲနဲ့ နှိုက်နှိုက်ချွတ်ချွတ်တွေ မမေးနဲ့တော့လေ၊ အခု ဆုံးဖြတ်ရမှာကိုပဲ စဉ်းစား..."

"မမေးလို့ ရမလား..၊ ရှင်နဲ့ နီးရာလိုက်ပြီးရင် ကျွန်မက ရှင့်မိန်းမ ဖြစ်သွားရမှာ..."

"ဒီနည်းအပြင် တခြား အဆင်ပြေဖို့မှ မရှိတာ"

ဝိုင် က တစ်ခုခုကို စဉ်းစားလိုက်ပြီးမှ ဆုံးဖြတ်ချက်ချသည့်ပုံလေးဖြစ်သွားကာ...

"ရှင် ဝိုင့် ကို တကယ် ကူညီမှာလား"

"လုံးဝ တကယ်..."

"အန်တီအေး တို့ရော.. ရှင့်အမေပါ.. မသိတာ တကယ်နော်.."

"တကယ်ပါ ဆို..."

"ဒါဆို... ရှင်.. ဝိုင် နဲ့ လက်မှတ်ထိုးရုံလေးပဲ ကူညီပါ"





"မဟုတ်ဘူးလေ..၊ မင်းရဲ့ဘေးမှာ ကိုယ် အမြဲရှိနေမှာ..."

"ဟုတ်တယ်..၊ အဲ.. မဟုတ်ဘူး..၊ ဝိုင် ပြောတာက ရှင်နဲ့ ဝိုင် တကယ့်လင်မယား မဟုတ်ကြတာကို..."

"ဒါတော့ မဖြစ်ဘူးထင်တယ်"

"ဘာ!..."

ကြည့်လိုက်တော့ သူ့မျက်နှာက ခပ်တည်တည်။

"ဒီကိစ္စကို မျက်မွေးတစ်ဆုံးပဲကြည့်ပြီး ဆုံးဖြတ်လို့ မရဘူး၊ မျက်စိတစ်ဆုံးကြည့်ရမှာ..၊ မင်းရဲ့အဒေါ်တွေကလဲ မင်း ဒီလိုလုပ်တာကို သဘောတူချင်မှ တူမှာ.."

သူ့အဒေါ်ပြောတာကို သတိရမိလို့ပါ..။

"ငါ့တူမဘဝဟာ သဲတောထဲကျသွားတဲ့ သကြားလုံးတစ်လုံးလိုဖြစ်နေပါစေ၊ 'ဟဲ့'လို့ တစ်ခွန်းမခေါ်ဘူး၊ တုတ်တစ်ချက် မရွယ်ဘူး၊ ကျွန်ခဲ့တဲ့ဟာ အမှန်တရား"..တဲ့..။

ပြီးတော့ ပြောသေးသည်။

"ဝိုင့် မှာလဲ အဆိပ်ရှိတယ်"..တဲ့..။

ဒါကြောင့် ခုကတည်းက သူ ပြန်မပေးရဖို့အတွက် ချည်ပြီးသားပဲ ဖြစ်နေမှ...။

"ဆက်ပြောလေ..၊ ရှင့် အကြံအစည်တွေ..."

"အကြံ မဟုတ်ဘူး..၊ ဘာပဲဖြစ်ဖြစ် သံယောဇဉ်ဆိုတာ ရှိတယ်၊ မင်းနဲ့ကိုယ် အနေနီးတဲ့အခါ ကိုယ့်စိတ်က ဒီတိုင်း ရိုးသားသွားနိုင်လား၊ ကလေးမွေးပြီးတော့ရော ကလေးနဲ့ကိုယ်က မချစ်ခင်၊ မကြင်နာလား၊ အဲဒီအချိန်မှာ မင်းက ကွာရှင်းပေးပါဆို ကိုယ် မပေးနိုင်ဘူး"

"ရှင် ပြောတော့ ကူညီချင်တာဆို..."

"ဟုတ်တယ်.."

"ဝိုင့် ကို ချစ်ခွင့်ပောင်းနေတာ မဟုတ်လို့ တစ်ယောက်ပြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ပြောင်းရာမကျဘူးဆို…''

''အင်းလေ..''

''အခု ရှင်နဲ့ ဝိုင် လက်ထပ်လိုက်တာ တကယ် ပေါင်းကြပြီဆိုရင် ရှင်ပြောတာတွေ အလကားပေါ့''

''မတတ်နိုင်ဘူးလို့ ပြောရမှာပဲ ဝိုင်..၊ ကိုယ်ပြောနေတာတွေက ရှေ့ရေးနောက်ရေးတွေ အကုန်ပါတယ်၊ လောလောဆယ်အတွက် မဟုတ်ဘူး၊ ကဲ… တစ်ခုရှိတယ်ကွာ..၊ ကိုယ်တို့ အခု ရှိးသားနေကြတာပဲ၊ ဘာတွေညာတွေဖြစ်ကြဖို့လဲ မရှိပါဘူး၊ ဒီအချိန်မှာ မင်းစိတ်တိုင်းကျ ဖြစ်စေရမှာပါ၊ ဘယ်လိုလဲ…''

ဝိုင် နားမလည်နိုင်၊ မှတ်တမ်း လိုက်လာတာဟာ ကိုယ့်အတွက် ပွဲပင်တာတစ်ခုတည်းပဲလိုလို့နှင့် ခုကျတော့ လက်ထပ်ခွင့်ရဖို့ အသေအလဲ ကြိုးစားနေတာနှင့် တူနေသည်။

ဒါက ဖြစ်နိုင်လို့လား…၊

သူမအတွေးတွေ မဆုံးလိုက်ပါ၊ ရပ်ထားသည့်ကားရှေ့မှာ ပါဂျဲရိုး ကားမည်းကြီး သိမ့်ခနဲ ထိုးရပ်သွား၏။ ကား၏မီးရောင်တွေက ဒီဘက် ကားတစ်ခုလုံးကို ထိုးထားလျက်ကနေ ငြိမ်းကျမသွားခဲ့ပေ..။

ထို့နောက် ကားပေါ်ကလူတွေ ဆင်းလာကြတာကို မြင်လိုက်ရပြီး..

''ဟင်!… မေမေ…''

''မေ…မေ…''

ဝိုင် ထိတ်လန့်ကာ မှတ်တမ်း လက်မောင်းတစ်ဖက်ကို အားကိုး တကြီး ဖက်လိုက်၏။

''မေမေ လိုက်လာပြီ..၊ ဘယ့်တုန်းက ပြန်ရောက်ပြီး လိုက်လာ တာလဲ..၊ လုပ်ပါဦး မှတ်တမ်း၊ ဝိုင့် ကိစ္စကို သိနေပြီလား မသိဘူး အန်တီ လှမ်းပြောလိုက်တာလားဟင်..''

''နေပါဦး ဝိုင် ရယ်..၊ ကိုယ်ရှိနေတာပဲ၊ မင်း ဘာမှမကြောက်နဲ့''





''မေမေက ဒေါသကြီးတယ် မှတ်တမ်း ရဲ့..၊ မေးလာရင် ဝိုင် ဘာမှလဲ မပြောတတ်ဘူး..''

ဝိုင် ဒီလို ကြောက်ရမယ့်သူရှိနေမှန်းလည်း သူ ခုမှပဲ သိရတော့ သည်။ ရင်ထဲမှာ သနားစိတ်တွေနှင့်အတူ ဝိုင့် လက်ဖဝါးလေးကို ချစ်ညစ်ဆုပ်ရင်း ကားပေါ်က ဆင်းလိုက်သည်။

''သား…''

''ဟော့… ဟိုထဲကတစ်ယောက် ဆင်းလေ..၊ ဖအေကိုမြင်အောင် ဘာလုပ်နေတာလဲ''

''သူ ဆင်းစရာ မဟုတ်ဘူး အန်ကယ်လ်..၊ သူမှာလဲ မပေါ့ ကြီးနဲ့ပါ၊ ဒီထက်ပိုပြီး ကြောက်လန့်တုန်လှုပ်သွားအောင် မလုပ်ဖို့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်''

''ဟ…၊ ပြောမှပြီးမယ့်ကိစ္စတွေ ရှိတယ်လေ၊ နေပါဦး… ကြားတာက… မင်း…၊ ကျွတ်!… ဘာတွေဖြစ်ကုန်တာတုန်း၊ ...င်းတို့ချင်း မရင်းနှီးဘူးဆိုပြီး ခု အတူတူ…''

ဦးရတုကျော် စကားတွေ တောင်ရောက်မြောက်ရောက် ...။ ... သူ ဘာပြောလို့မှလည်း အဆင်ပြေမှာ မဟုတ်တော့၊ ... ...ားကို ရပ်ပစ်လိုက်ရသည်။

ညီမလုပ်တဲ့သူတွေ ထင်ရာတွေလျှောက်လုပ်နေကြလို့ က... ...ရောက်တော့မှပဲ ပြေးလွှားလိုက်ခဲ့တာဖြစ်သည်။ ဟိုမှာကြားတာ ...တွေကို ကလေးချင်း မသိကြဘူး..တဲ့။ ခုကျတော့…

"ကျွန်တော်တို့နှစ်ယောက် လက်ထပ်ထားပြီးပါပြီ''

''ဘာ!…''

''သား…၊ မေမေတို့က…''

''မေမေနဲ့ အန်ကယ်လ်တို့ လိုက်လာကြတာကိုလဲ ကျွန်တော် ...မိပါတယ်၊ ဒါပေမယ့် အိမ်မှာ မေမေနဲ့ အန်တီတို့လဲ ရှိနေတော့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့တို့ ဟိုရောက်ရင် အကြောင်းစုံကို သိရမှာပါ၊ ဝိုင် ကိုတော့ ပြန်မခေါ်မသွားပါနဲ့လို့ ပြောပါရစေ''

''မဟုတ်ဘူး ... အခု မျက်နှာစုံညီ ရှင်းကြရမှာ၊ ခုကျွပါပဲ ကိုဟံ ပြောဦးလေဗျာ ... ကျန်ခဲ့တဲ့ လူမမာကလဲ ရှိသေးတယ်၊ ဒီမှာလဲ လက်ထပ်ထားပြီးပြီတဲ့ ဘာတွေလဲ ...''

သမီးကို မြင်လိုက်ကတည်းက ဦးရတုကျော် မျက်စိရှုပ်သွားတာ မဟုတ်ပါ ... ။ သူသိခဲ့တာ ဒီလိုမှမဟုတ်ဘဲ၊ ခုကျတော့ မုတ်တမ်း ကို ဖက်ထား ပဲ၊ ဘာ ရင်ခွင်ထဲ ဝင်ပုန်းနေလိုက်တာ တကယ့်ကို အားကိုးတကြီး ... ဖြစ်စေ ''နေဦး ...၊ မင်းတို့ချင်း လက်ထပ်ထားပြီးပြီဆိုတာ အဟုတ်လား ... သမီး ခဏဆင်းခဲ့ဦး၊ အကျိုးအကြောင်း ဘာမှမပြောလို့ မရဘူး ပူပင်းနဲ့ ... လာ ...''

အဝ ထပ်ခေါ်တော့လည်း သမီးက ဆင်းမလာ၊ မုတ်တမ်း က ကား ခါးကို ကျောကပ်ထား၍ ...

''သူပြောရင် ကြောက်တဲ့စိတ်နဲ့ပဲ စကားအများပါမှာပါ အန်ကယ် ကားမည်ယ်လ်နဲ့ ဖေဖေ အခုမှ လမ်းခရီးမှာပဲ ရှိသေးတယ်ဆိုတော့ အိမ် ကားတင်ပါ၊ မနက်ကျရင် ကျွန်တော်တို့ လာခဲ့ပါ့မယ်''

ဒေါသကြီးသည့် ဦးရတုကျော် မါးစပ်ကြီးအပြောင်းသားနှင့် သ လည်း သွားဆွဲချလို့မဖြစ်၊ ဒေါသကလည်း ခေါင်းပြူနေပါပြီ ကိုယ့်သမီးပင် ဖြစ်လင့်ကစား သူမမှာ လက်ထပ်ထားတဲ့သူ ဉ်တော့ ကိုယ်မပိုင် ... ။

''တောက် ...၊ တော်တော်ရှုပ်ကြတာပဲ''

ဦးရတုကျော် တက်ခေါက် မျက်နှာလွှဲချိန်မှာ မုတ်တမ်း က ဦး ရှင် ကို မျက်ရိပ်ပြ၍ တောင်းပန်လိုက်သည်။ ထို့ကြောင့် ...

''ကဲ ... ကျွန်တော်တို့လဲ ခရီးပန်းနေကြပါပြီ၊ အားလုံး သူ့အ သူ ဖြစ်ကုန်ကြမှတော့ ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့





အိမ်ကို သွားကြရအောင်''

ဘိအရ သူ့စိတ်

''ဒါ ခေါင်းအေးအေးထားလို့ မရဘူးဗျ ...၊ အဲဒါ စိတ်ချ ရတော့ လဲ အဝေးကြီးကလာရပြီး ခုထိ ဘယ်မှာမှ မနားခဲ့ရ ဘူး၊ နေ့ အကြောင်း ခင်ဗျားတို့ ဘာမှမသိဘူး၊ ဒီကောင်မလေးက လိုတာမရရင် အသက်ထွက်မတတ် ရောဂါသည်းတဲ့သူ ...''

ဦးရတုကျော် ပြောသမျှ ဝိုင် ကြားနေရကာ အန်တီဖွေ့ တစ်ခုခု ဖြစ်နေပြီကို သိလိုက်၏။ ဒါပေမယ့် သူမမှာ မဖြေရှင်းနိုင်သည့် ပြဿနာ ကြီးနှင့် ... ။ ထိုအခါ မျိုသိပ် ချုပ်ထိန်းနေရသမျှ မျက်ရည်တွေသာ တသောသော ကျခဲ့၏။

အန်တီဖွေ့ ကို ချစ်ပါသည်။ ဖေဖေ့ကိုလည်း ချစ်ကြောက်ရိုသေ ခဲ့သည်။ ဒါပေမယ့် ခုချိန်မှာတော့ တံခါးနားကနေ မုတ်တမ်း သွေးဖယ် ပေးလိုက်မှာကို အကြောက်ကြီး ကြောက်နေမိခဲ့သည်။

အားလုံးကို ရင်မဆိုင်ရဲခြင်းမှာ ဖေဖေ့ကို ပိုကြောက်လေသည်။

''သမီး ...''

တွေးကြောက်နေတုန်းမို့ ဝိုင် ကိုယ်လေး တုန်ခနဲ ဖြစ်သွား၏။

''ဖေဖေ့ဆီကို ဆင်းလာခဲ့စမ်း ...၊ ဒီကိစ္စကို သမီးရဲ့အန်တီတို့ ...''

''ဟုတ်ပါတယ် ...၊ အဲဒါတွေ နောက်တော့ အားလုံး ပြောရမှာပါ၊ တစ်ညတော့ သူ့စိတ်ကိုသူ အားတင်းပါစေ အန်ကယ်လ်၊ ခွင့်ပြုပါ ဦး ...''

''ဟာ! ... ဟော့ ... မင်း ဒီလိုလုပ်လို့ မရဘူးလေ၊ ရပ်စမ်း ...''

မုတ်တမ်း ကားထဲပြန်ဝင်ကာ ရှေ့မှာပိတ်ရပ်ထားသည့်ကားကို တစ်ချက်တည်း ဝိုက်ကွေ့ပြီး ဝေါခနဲ ရှောင်ထွက်၏။ နောက်မှာ ဘာဖြစ် ခဲ့ ထားခဲ့လိုက်တော့သည်။ ရိုင်းတယ်ထင်ပြီး ဆဲဆဲဆိုဆို မတတ်နိုင် တော့ပါ။ သို့သော် ဝိုင် ရှိုက်ကြီးတငင် ငိုရှိုက်နေသံကြားလျှင်း သူ ထိုးရပ်လိုက်ရ ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ယ်တို့ ဟိုဧ

ခါမသွား ပန်းလေးကို ကိုင်လိုက်လျှင် ဝိုင် က သူ့ရင်ခွင်ထဲ တိုး ဝင်လိုက်ပြီ...

''ကြောက်တယ်...၊ ဝိုင် သေ...၊ ဝိုင့် ကိစ္စကို ဖေဖေ သိသွားရင် ဆိုပြီး...''

''မကြောက်ပါနဲ့ ဝိုင် ရယ်...၊ မနက်ဖြန်ကျ အားလုံး ရှင်းသွားမှာပါ''

''ဟင်... ရှင်က မနက်ဖြန် ဝိုင့် ကိုတကယ်ပြန်ပို့မှာပေါ့၊ ဟုတ်လား''

ဝိုင့် မျက်နှာလေး မော့လာတော ပျာပျာသလဲ...။

''ဝိုင် ရယ်...''

သူမ ပန်းလေးကို တင်းခနဲ ဖက်လိုက်ကာ ခေါင်းလေးကို လည်ပင်ကြားမှာ ပုနေအောင် ဆွဲသွင်းထားလိုက်မိသည်။ တကယ် ဒီည ဝိုင် နဲ့ သူ လက်ထပ်ဖြစ်သွားဖို့အတွက် လူကြီးတွေရှေ့က ဖွတ်ထွက်ခဲ့ရတာ ဖြစ်သည်။

လောလောဆယ် သူမကို ကယ်တင်ခြင်းလည်း ပါပေမယ့် ထား ဝိုင်ဆိုင်ခွင့်အတွက်ပါ။ ဦးရတုကျော် တစ်ခုခုပြောလိုက်လို့ အဖြစ်မှန် ဝိုင် သိသွားလျှင် အားလုံး ဒီတိုင်း အဆင်ပြေသွားဖို့က မသေချာ ဒါကြောင့် ဝိုင့် ကိုအပါခေါ်ပြီး ရှောင်ထွက်ခဲ့ရခြင်း ဖြစ်သည်။ ဘာ မသိသော ဝိုင် သည် သူ့ပန်းထက်မှာ မှီနွဲ့၍ ငိုရှိုက်နေဆဲ...။

သူမ ကြောက်စိတ်ပြေအောင် ချော့မော့ရှင်းပြရင်း ထိုညမှာ လက်မှတ်ထိုးဖြစ်ဖို့အတွက် အသိသက်သေများနှင့် လူကြီးစုံရာ ပင့်ပြီး သူ စီစဉ်ခဲ့သည်။

''ရှင်က ဝိုင့် ကိုရန်ကုန်မှာပဲ ထားတာလား''

''မဟုတ်ဘူးလေ...၊ ကိုယ့်ကတိအတိုင်း မနက်ဖြန် လူကြီးတွေ





သွားတွေ့ရဦးမှာ၊ အဲ... မင်းကိုပေးထားတဲ့ ကိုယ့်ကတိအရ သူတို့က ခွင့်မလွှတ်ဘူး၊ သဘောမကျဘူးဆိုရင် မင်းကိုခေါ်ပြီး မင်း စိတ်ချမ်းသာ တဲ့အရပ်မှာ အခြေချမယ်''

''ဝိုင့် ကို ဖေဖေတို့က ခွင့်လွှတ်ဖို့ မဖြစ်နိုင်ပါဘူး၊ ကိုယ်ချစ်တဲ့သူ ကို ရွေးတာပါလို့ ပြောရင်တောင်မှ ကိုယ်ဝန်ဒီလောက်ဖြစ်နေမှ ပြဿနာ တွေ ရှုပ်ထွေးခဲ့ရတဲ့အတွက်...၊ အဲဒီသိက္ခာတရားအတွက်.. ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူး''

ဝိုင် က တစ်ထစ်ချတွက်ထား၏။

''တစ်ခုရှိတာက ဖေဖေတို့က ခွင့်လွှတ်ကြည်ဖြူတယ်ဆိုရင်လဲ ရှင်နဲ့ ဝိုင် က ဘာမှဟန်ဆောင်နေကြဖို့ မလိုတော့ဘူးလေ''

''ဝိုင်...''

''အရှင်းဆုံးပြောတာပဲ မှတ်တမ်း...၊ ရှင်ကလဲ ကိုယ်ဝန်ကြီး ကားကားနဲ့ ကျွန်မ ဒုက္ခရောက်မှာကို ပွဲပင်ခဲ့တာမို့လား၊ မိဘက ခက်ခံမှတော့...''

''မင်းအတွက် ကိုယ် မလိုတော့ဘူးပေါ့...''

ဘန်ဂလိုပုံစံ တစ်ထပ်တိုက်ပြားလေး၏ရှေ့မှာ ငါးလုံးမီးနိုင်ကြီး နေသဖြင့် ထိုအောက်မှာ သူနဲ့ ဝိုင် စကားပြောနေကြတာ ဖြစ်သည်။

အအေးနှစ်ပုလင်း တင်ထားသည့် စားပွဲပုလေးအလယ်မှာထား မျက်နှာချင်းဆိုင် ထိုင်နေရာကနေ မှတ်မ်းကိုယ်ကြီး စားပွဲပေါ် ကျသွားသလို လက်နှစ်ဖက်ထောက်၍ ရှေ့ကို ကိုင်းလာ၏။

''မင်းကို ကိုယ် ရှင်းပြပြီးပြီနော်၊ ကိုယ်တို့ လက်ထပ်တမ်းကစား ကြတာ မဟုတ်ဘူး''

''ကိုယ့်ကိုယ်ကိုယ်တောင် ဖင်မှန်းခေါင်းမှန်းမသိဖြစ်ခဲ့တဲ့ ကျွန်မ အဖြစ်ဆိုးကို ရှင် ဘယ်လိုပဲ နားလည်ပေးပေး ကျွန်မ လိပ်ပြာမလုံ တကယ်လင်မယားဖြစ်သွားဖို့က လုံးဝမလွယ်ဘူးဆိုတာ အဲဒါ...''



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်…၊ ကိုယ် ပြောဦးမယ်"

အစချီပြီး သူ မပြောတတ်၊ အမှန်အတိုင်း ပြောလိုက်ရမည်လား၊ လူကြီးပဲ ပြောပါစေဆိုပြီး ထားလိုက်ရမလား၊ လက်ထပ်ပြီးခဲ့ပြီမို့ သူ့ဘက်မှာ ပြောရေးဆိုခွင့်က ရှိနေပါပြီ။ ဒါပေမယ့်…

"ပြောလေ…၊ ဘာလဲ…"

"မင်းနဲ့ကိုယ် အစကတည်းက ချစ်သူ၊ ဒါက ကိုယ်နဲ့ ငြိစွန်းခဲ့တဲ့ ကိုယ်ဝန်… ဒါဆို မပြီးဘူးလား၊ မင်း ဘာဖြစ်လို့ မဟုတ်တာတွေ ရှောက်တွေးနေတာလဲ၊ နေရာတကာ ကလေးဆန်ဆန် နေတတ်ခဲ့ပြီး ဒါကျ လူကြီးလေးလို အတွေးတွေ နက်မနေပါနဲ့ကွာ၊ ဟိုတုန်းကလိုပဲ ခို မမ်းပါ၊ ကြိုက်သလိုနေ…၊ ထင်ရာပြော…၊ မင်းရဲ့ဆိုးနွဲ့ခြင်းအပေါင်းကို ကိုယ့်ရင်ခွင်မှာပဲ ပစ်ထည့်လိုက်ပါ"

ဝိုင် အံ့ဩသည့်မျက်နှာလေးနှင့် သူ့ကို ကြည့်နေ၏။

ရည်းစားဖြတ်ထားသည့်လူနှင့်လည်း မတူပါလား။ ပြီးတော့ ရည်းစားပြတ်ခဲ့ရတာ ကိုယ့်ကြောင့်…။

"ဝိုင်…"

သူက စားပွဲကိုကျော်၍ ဝိုင့် လက်ကလေးကိုဆွဲယူလိုက်သည်

"မင်းနဲ့ကိုယ် လက်ထပ်ပြီးပြီနော်၊ မင်း ကိုယ့်ကို အထင်လွဲ သူများက ကိုယ့်ကို အထင်လွဲတာ၊ ဘာအကြောင်းတွေပဲရှိရှိ မင်း ကိုယ် စွန့်လွှတ်လိုက်မှာ မဟုတ်ဘူး"

သူကိုယ်သူတောင် မသေချာခဲ့တဲ့အဖြစ်အတွက် ဝိုင့်ကိုလည်း ရှင်းမပြရဲပါ။ သူ ဝိုင့်ကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်သွားတာ ဘာကြောင့်လဲ…။



## အခန်း(၃၁)

"အို… သဘောမတူဘူး…၊ လုံးဝ သဘောမတူနိုင်ဘူး…၊ ကိုကြီးက ခုမှ ရောက်လာတဲ့သူ၊ ဆောင်း တို့ချင်း လုပ်ထားတဲ့ကိစ္စ ဆောင်းတို့ပဲ သိတယ်၊ ဒါ သက်သက်လုပ်ကြံတာ…"

"အေး… လုပ်ကြံခွင့်ရသွားတာ ဘယ်သူ့ကြောင့်လဲ၊ နင် ဒီစကား ဒီ ဒီမှာပဲ ပြောစမ်း"

မှတ်တမ်း ဟားထားသည်ဆိုသည့် တိုက်ခန်းလေးမှာပါ။ ဒါပေမယ့် မောင်နှမနှစ်ယောက်နှင့် ဒေါ်မြင့်မြင့်တင် တို့မှာ ခြံရှေ့တံခါးနားမှာ ဖြစ်သည်။

ခြံက သိပ်မရှိဘဲ အိမ်ကလည်း သေးသည်။ အပြင်ဟိုဘယ်မှာ သွားတည်းဖို့ကျတော့လည်း ဝိုင့် ကို နောက်ထပ် မျက်ခြည်ပြတ်မခံရဲ။

ထို့ကြောင့် ခြံပြင်တံခါးနားမှာပဲ တိုးတိုးစကားကို မိုးတိုးမတ်တတ် ပြောနေကြခြင်း ဖြစ်၏။

မောင်နှမနှစ်ယောက်အားမှာ ဒေါ်မြင့်မြင့်တင် ကတော့ ပွဲ ကြားမင်ရုံသက်သက်ကို ဖြစ်နေခဲ့၏။

"သူတို့ လက်ထပ်ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကစပြီး ညစ်သွားတာပဲ၊ ဘာမှမဟုတ်ဘူး"

"အေး… မဟုတ်ပေမယ့် ဒီမနက် ရောက်လာကြရင် လက်ထပ်ပြီး ဖြစ်နေမှာပဲ၊ သူတို့ လက်ထပ်ပြီးတဲ့နောက်မှာ မှတ်တမ်း က နင်တို့ရဲ့တူ ဖြစ်သွားပြီ၊ ကိုဟံ တို့လင်မယားက ငါနဲ့ ခမည်းခမက်တွေပဲ၊ ငါ ပြောချင်တာက ကိုယ့်ကလေးက သူတို့လက်ထဲမှာ…"

"အို… ဘယ်သူက ထားမယ်ပြောလို့လဲ"

"ထားထား… မထားထား ဒီလိုတော်ပါတယ်၊ ဒီလို စဉ်ပါတယ် ဆိုတာ ငြင်းလို့မရတော့ဘူး"

"ဟုတ်သားပဲအေ…၊ ခက်တော့တာပဲ ညည်းတို့မှာ၊ ဒါတွေကို ညည်းတို့ပဲ စခဲ့တာ၊ အခုလဲ ဒီကောင်လေးကိုယ်တိုင် နိုးယူသွားတဲ့ကို သူ့အဖေနဲ့ကလေး ရှိပါစေတော့လား"

"ဆောင်း တို့က ဒီလိုမဖြစ်အောင် အားလုံး စီစဉ်ခဲ့ပြီးသား"

ပြောရင်း ငိုချလိုက်တော့ ဦးရတုကျော် မျက်နှာကြီး ညိုပုပ်သွား၏။

ညက သူ မအိပ်နိုင်ပါ၊ ဦးဟံရှင် နှင့်စကားတွေပြောဖြစ်ခဲ့သည်။ သိပ်မပြေပြစ်ခဲ့သော်လည်း မသိချင်လို့လည်း မရတော့တာမို့ မှတ်တမ်း အကြောင်းကို နားထောင်နေခဲ့ရ၏။

ဒီထဲမှာ ဘယ်လုပ်ငန်း ဘယ်လိုထူထောင်တယ်၊ ဘယ်လိုအကျိုး အမြတ်ရှိတယ်ဆိုတာ ထားလိုက်ပါ၊ အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆိုတဲ့ စကားရှိတော့ လုပ်ငန်းကြီးဝဘ၊ သေးတာက အမိကမကျပေ…။

ဒီကောင်လေး ထူးချွန်ဖြစ်မြောက်အောင် ကြိုးစားလုပ်ကိုင်ချင် စိတ်လေး ရှိတာတော့ သဘောကျစရာပင်…။

"တိုက်နဲ့ခြံတွေ ဝယ်တယ်၊ နည်းနည်း ပြုပြင်ဆန်းသစ်ပြီး ပြန် ရောင်းတယ်၊ အဲဒါတွေ လုပ်တာပေါ့၊ ကျွန်တော်တို့ကို ဘာမှမပြော ဘူး၊ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေပြောလို့ သိရတာ၊ တစ်နှယ် တစ်ခေါင်း ထောင်သွားပြီဆိုကတည်းက အပြင်လူလို နေတော့တာ၊ မိုးကုတ်က





လုပ်ငန်းတွေကို စိတ်မဝင်စားတာလေးကလွဲရင် ကျွန်တော့်သားက လူဆိုး လေးတစ်ယောက် မဟုတ်ပါဘူး"

လို့ ဦးဟံရှင် က ရှင်းပြသေး၏။ သူ့ဘက်ကတော့ သမီးလေး ငယ်သေးသည်ထင်နေသည့်စိတ်နှင့် ခွင့်မလွှတ်ချင်တာပါ…။

ဒါပေမယ့် ဒီလိုဖြစ်လာခဲ့တာတွေက အဒေါ်တွေကြောင့်ဆိုတော့ ကလေးမှာ အပြစ်မရှိ…။

ဒီလူနှင့် ဖူးစာဖက်လို့ ကြံဖန် ဆုံစည်းသွားတာတောင် ကျေးဇူး တင်ရဦးတော့မလို။ ဦးဟံရှင် တို့အခြေအနေတွေကလည်း ကိုယ်နဲ့သာ မယှဉ်ဘူးဆိုရင် နိမ့်နိမ့်ပါးပါးမှ မဟုတ်တာ။ ခက်နေတာက နွေမှတ်သုံ နှင့် ဆောင်းဝသန်…။

မိုး ကလည်း သူပြောပြလို့ နားလည်သင့်သလောက် လည်နေပြီ၊ နွေ ကိုလည်း ဖျောင်းဖျပါမည်ဟု ပြောပြီး ကျန်ရစ်၏။

သူကတော့ ဆောင်း ကိုပဲ ပြန်တောင်းပန်ရတော့မလိုပါ…။

သူ ရောက်စက ညီအစ်မတွေ ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်တာကို သတိရပြီး ဦးရတုကျော် မျက်နှာကိုပြန်တင်းလိုက်သည်။

"တကယ်ဆို အဲဒီလောက် ကလေးလိုချင်မှန်းသိရင် နင်တို့အိမ် ထောင်ရေးကို ငါကိုယ်တိုင် စီစဉ်ပေးမိမှာ…"

"ဟင်…"

ချက်ချင်းကြီး တင်းတင်းမာမာဖြစ်သွားတော့ ဆောင်း မျက်နှာ လေး ငယ်သွား၏။

"ဆောင်း တို့က အိမ်ထောင်ပြုရမယ့်အရွယ်တွေမှ မဟုတ်တော့ ဘာ၊ ပြုလဲ မပြုချင်ပါဘူး၊ နောက်ပြီး ဝိုင့် ဆီက ကလေးကိုပဲ…"

"တော်စမ်း…"

ဦးရတုကျော် ဒီစကားကိုတော့ တကယ်ပဲ နားရှက်ကာ မျက်နှာ ကြီးရဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီမလေးတွေဆိုပြီး ငါ့သမီးကို ယုံယုံကြည်ကြည်နဲ့ ထားပစ်ခဲ့တာ၊ နင်တို့မှာ ဘယ်လိုဆန္ဒတွေပဲရှိရှိ လူတစ်ယောက်လုံးရဲ့ဘဝကို ထင်သလို လုပ်ပစ်ရလား၊ ပြောပြန်ရင် ငါက သမီးကိုထိလို့ နာတယ်ဖြစ်မယ်၊ မပြောဘဲနေတော့ အစ်ကိုတစ်ယောက်လုံးကို လေးစားသမှု မရှိကြဘူး"

"လေးစားပါတယ် ကိုကြီးရယ်..၊ ဒါပေမယ့်..."

"ဒါပေမမယ်နဲ့ အခု သူတို့ကွယ်ရာမှာမို့ ငါ ပြောမယ်၊ ဆူးနဲ့ဖက် ဥပမာကို သူများတွေပြောနေကြတာလဲ အပ်ကြောင်းထပ်နေပြီ၊ ငါ မပြောချင်တော့ဘူး၊ အဲဒီတော့ တစ်ရက်က နှစ်ရက်..၊ မှားပြီးရင်း မှားအောင် မလုပ်ကြနဲ့..."

"ကိုကြီး မနွေ က..."

"လူမမာလဲ လူမမာနဲ့တန်တဲ့စကား သုံးပြီး နားလည်အောင် ပြော..."

"ကိုကြီးကလဲ..."

"ဟော.. ဟိတ်စမ်း..၊ တော်ကြာ ကလေးတွေရောက်လာရင် ပြောဆိုကြည့်ပြီး ခရီးထွက်ဖို့ ချက်ချင်းပြင်..."

"ကိုကြီး.. ဒီကောင်လေး မနွေညက ကိုကြီးကိုတောင် မလိမ့်တပတ်လုပ်သွားခဲ့တာ၊ အဲဒါ..."

"ပတ်ပေစေတော့..၊ ငါ့သမီးကို သူ မေတ္တာရှိလို့ ရအောင်ယူသွားတာ၊ ညားကို ညားသင့်နေတဲ့နှစ်ယောက်၊ ဘယ်လိုနည်းနဲ့ပဲ ညားညား.."

ဆုံးဖြတ်ချက်က ဒီမှာပဲ အဆုံးသတ်၏။





## အခန်း (၃၂)

နွေ နှင့် မိုး တို့ဆီကို ရောက်လာကြတဲ့အထိ ဝိုင် ကလည်းလူကြီးတွေကို ရင်မဆိုင်ရဲတော့ ရှောင်ဖယ်ဖယ်နေသည်။ ထိုအခါ ဝိုင်က ဒေါ်မေကောင်းကင် နားမှာပဲ ရှိနေလေသည်။

ဆောင်း အသည်းတယားယားနှင့် စိုက်ကြည့်လေ ဝိုင် ကမျက်လုံးချင်းမဆုံအောင် ရှောင်လေ..၊ ဦးရတုကျော် ကတော့ သမီးလေးနှင့်ကွဲကွာနေတာကြာပြီမို့ လွမ်းတာရော..၊ ဒီတစ်ခါပြန်တွေ့တဲ့အချိန်မှာ သမီးလေးက အိမ်ထောင်သည် ဖြစ်သွားပါရောလားလို့ ရင်ထုမနာတွေးမိတာရော ပြုံးသယောင်ရှိနေသည့်မျက်နှာမှာ ကြေကွဲခြင်းတွေနှင့်ပါ..။

မြန်မြန်ပြန်လို့ရအောင် မန္တလေးထိ လေယာဉ်နှင့် ထွက်ခဲ့ကြသည်။ အဖြူရောင်စာတွန်နှင့် အင်္ကျီပွပွလေးရယ်၊ ဘောင်းဘီရှည် အဖြူပွပွလေးရယ် ဝိုင့် မျက်နှာလေးက ဟိုတုန်းကလို နုသစ်လှပနေဆဲ..။

"ငါ့တူမလေးနဲ့ ဟိုကောင် တကယ် ညားသွားတာလား"

တူမမျက်နှာကို ကွက်ကြည့်ကွက်ကြည့်ဖြစ်ရင်း ဆောင်း အံကြိတ်လိုက်၊ လက်သီးဆုပ်လိုက်..။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ ဆောင်းရယ်၊ ညည်းမျက်နှာကြီး အဲဒီလိုဖြစ်နေတော့ ကလေးက ဘယ်လိုလုပ် ဒီနားလာရဲတော့မှာလဲ၊ ကြည့်ဦး… ဟိုသားအမိဘေးမှာချည်းပဲ"

"အဲဒါ သူတို့ မြူဆွယ်ထားတာ ကြီးကြီးမြင့် ရဲ့…၊ ဆောင်း လုံးဝ မသက်ဘူး၊ ကြီးမြင့် ကြည့်စမ်းပါ ကလေးက အိမ်ထောင်သည်နဲ့ တူရဲ့လား"

လေယာဉ်ပေါ်မှာ ဂနာမငြိမ်ဖြစ်နေတာ ဆောင်း ပဲဖြစ်၏။ ဝိုင်တို့က နောက်ခပ်လှမ်းလှမ်းလေးမှာမို့ တစ်ခုခုပြောချင်ပြီဆို နောက်ကို လည်ပင်းကဲ လန်သွားလိုက်၊ လည်သွားလိုက်…။

ဟိုဘက်ဘေး ရှေ့နားက ဦးရတုကျော် မျက်နှာကြီးတင်းတင်းနှင့် လှည့်ကြည့်လိုက်မှ ဆောင်း မျက်လုံးကို ဟိုရွှေ့ဒီရွှေ့…။

ဦးရတုကျော် က ကြိမ်းမောင်းသည့်မျက်လုံးများနှင့် ခဏခဏ ကြည့်နေတော့ ဆောင်း ဉာဏ်များပြီး လူသွားလမ်းလေးမှာ ဟိုပစ္စည်းပစ်ချ၊ ဒီပစ္စည်းပစ်ချ…။

ပြီးတော့ ငုံ့ကောက်သလိုလိုနှင့် ဝိုင် ကို မျက်လုံးချင်းဆုံအောင် ကြည့်သည်။

ဝိုင် က ကြည့်မိတာနှင့် ဖျတ်ခနဲ လွဲသွားတော့ ဆောင်း တက်ခေါက်တာ ခပ်ကြိတ်ကြိတ်…။

"ညည်းမှာလဲ ဒုက္ခဆင်းရဲပဲ ဆောင်း ရယ်…၊ ဘာလဲ… ဘာပြောချင်လဲ၊ ကိုယ့်တူမပဲဟာ…"

ဒေါ်မြင့်မြင့်တင် ပြောလိုက်တော့ ဆောင်း မျက်ရည်တွေ ဖြိုက်ခနဲ ပြိုဆင်း၏။

"ဒီက ဒေါသဖြစ်လို့ ပြောဆိုမိတာကို ကြီးကြီးမြင့် ရဲ့မြေးဒီလောက် ဖြစ်သွားစရာလား…၊ ဟိုမိန်းမရင်ခွင်ထဲ ပြေးဝင်လိုက်တာ ခွေးလိမ္မာလေးကျနေတာပဲ…"





"ဒါကတော့ ညည်းတို့ကို ကြောက်တာကိုး"

"အပိုတွေ…၊ အလကား… ဒီအခေါ်တွေကို သူလား မပြောဆိုရဲအောင် ကြောက်တာ…"

"ဒါပေမယ့် ကိုယ်ဝန်ကို ညည်းတို့ရဲ့ပယောဂလို့ သူ သိသေးရဲ့လားမှ မသိတာ…"

"ဟင်!…"

ဟုတ်ပြီ…၊ ဆောင်း တစ်ကိုယ်လုံး မတ်ခနဲ ဖြစ်သွား၏။ ဒါကို သူမ ဘာဖြစ်လို့ မေ့နေခဲ့တာလဲ…။ ပြောဖို့ဟာ ဘာစကားတွေများ ပြောခွင့်ရလို့လဲ…၊ ပြန်ရောက်လာကြပြီဆိုကတည်းက မှတ်တမ်း က ဝိုင့် လက်ကိုဆွဲထားတာ မလွှတ်တမ်း…။

ကိုကြီးကလည်း စပြောပြီဆိုကတည်းက မင်္ဂလာဆောင်စွနှင့် လူမမာ အကြောင်း…။

"ကြီးကြီးမြင့် ဘယ်လိုထင်လဲဟင်…၊ ဒါဆို ဝိုင်လေးက ဒီကိစ္စတွေကို ခုထိ တကယ်မသိသေးတာ ဖြစ်နိုင်သလား၊ ဆောင်း က မမေ တို့သစ္စာဖောက်ပြီး အားလုံး ဖွင့်ပြောလိုက်ပြီ ထင်တာ၊ ဒါကို အထူးတလည် ပြောပြဖို့ သတိကိုမရဘူး"

"ငါကလဲ ကလေး အထင်လွဲ စိတ်ခုသွားမှာစိုးပြီး ညည်းတို့ဘက်က ပြန်မစချင်တာထင်လို့"

"ဆောင်း ကလဲ ဒါကို ကလေး စိတ်ခုနေတာလားဆိုပြီး ရဲရဲတင်းတင်း မပြောဆိုရဲခဲ့တာ"

"ကဲ… ထားလိုက်ပါတော့အေ…၊ မန္တလေးရောက်တော့မှပဲ ပြောပါ၊ ညည်းတို့ စလုပ်ကတည်းက အလုပ် မဟုတ်ခဲ့တာ၊ မှားပြီးရင်း မှားနေမှာပဲ၊ သတိလဲ ထားကြဦး…"

"ကြီးကြီးမြင့် ရယ်…၊ ကလေးကို ဒါကို ပေးမသိဘဲ ကိုယ်ဝန်ရှိထားတဲ့အပြစ်ကို ရိုးမယ်ဖွဲ့ပြီး ခြောက်လှန့်ထားတာ လုံးဝကို ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ဟာ..၊ အမယ်လေး... အသည်းယားလိုက်တာ၊ မှတ်တမ်း ဆိုတဲ့ သူ့ခမိန်လေး၊ သင်းက အကောင်ငယ်ငယ်နဲ့ လူကြီးတွေကို နှစ်ပတ်သုံးပတ်ရိုက်နေတာ၊ မန္တလေးရောက်ရင်လဲ လာကြိုဖို့ အစီအစဉ်တွေကို သူပဲ ဆွဲထားတာ၊ ကလေးကို သူ့ကားပေါ်ဆွဲတင်သွားတာနဲ့ ဘာမှ ပြောလိုက်ရမှာ မဟုတ်ဘူး၊ ကိုကြီးက တစ်မျိုး..၊ တောက်...''

''ဆောင်းဝဿန် ရယ်..၊ ညည်းနားမှာနေရတာ ငါ့နားတွေ မီးတောက်တော့မယ်၊ ဒုက္ခပါပဲ''

ဆိုမှ ဆောင်း ပါးစပ်ခဏလေးပဲ ပိတ်၏။ ပြီးတော့...

''ကြည့်ကြည့်စမ်းပါ ကြီးကြီးမြင့် ရယ်..၊ ကလေးက အိမ်ထောင်သည်နဲ့လဲ မတူဘူးနော်၊ ဟုတ်တယ်မို့လား..၊ သူတို့ တကယ် မပေါင်းကြသေးဘူး ထင်တယ်''

''ဒုက္ခပါပဲကွယ်''

''မိုးပြေးကြပြီး အတူနေတုန်း ညားသွားကြတာက အဆင့်အတန်းမရှိတဲ့သူတွေပါ၊ မှတ်တမ်း ဆိုတဲ့ကောင်လေး အဲဒီလိုအတန်းအစားတော့ မဟုတ်လောက်ပါဘူး..၊ မိသားဖသားပီပီ တောင်းရမ်းထိမ်းမြားပြီးမှ ပေါင်းသင်းမယ့်ရုပ်လေးပါ၊ ကြည့်ပါဦး...''

''ဖြစ်ရပြန်ပြီ..၊ ရုပ်လေးဖြစ်လိုက်၊ ရုပ်ကြီးဖြစ်လိုက်၊ ဒီမှာ ဆောင်း ညည်းတူမ ဗိုက်လဲပူနေပြီ၊ ဒါမှ မအိုသေးရင် ဘာကို အိုတယ် ပြောမှာလဲ၊ အစကတည်းက အပျိုရည်မပျက်စေချင်ရင် ဒီကိစ္စကို မလုပ်ခဲ့ပါနဲ့လား..''

''အို.. ဘာဆိုင်လို့လဲ၊ မွေးတော့ ဗိုက်ခွဲထုတ်လိုက်ရုံပဲဟာ၊ ဒါရှေ့ ထည့်ပြောပြန်ပြီ ကြီးမြင့်ရာ...''

''ညည်း ထည့်ပြောလို့ ပြောရတာပါ၊ ထားလိုက်ပါတော့ကွယ်-ကောင်လေးပုံစံကလဲ ဝိုင်ဳ ကို တော်တော်ယုယကြင်နာမယ့်ပုံပါ၊ ဗိုက်ထဲမှာလဲ သူ့ပစ္စည်းလေးပဲဟာ၊ နောက်ထပ် လွဲမှားကုန်အောင် မလုပ်ပါနဲ့..''





''ဒီလိုဖြစ်အောင် သူတို့ ဖန်တီးလိုက်တာကို ဆောင်း ဒေါသဖြစ်တာ..၊ ကိုကြီး ခုလို ရောက်လာတာလဲ သူတို့ အရှမ်းကို ထဲဆောင်းတာပဲ၊ ဟွန်း.. မိုးကုတ်ရောက်ရင် မမဋ္ဌေ လုံးဝ လက်မခံပါစေနဲ့..၊ သေမလိုရှင်မလို ရောဂါသည်းပြပြီး အဲဒီနှစ်ယောက်ကို ခွဲဝင်ပါစေ''

''သေချာတယ်၊ ညည်းတို့ညီအစ်မတွေ နောက်ဘဝလဲ အချိုးကြီး ဘဝနဲ့ ပြီးကြမှာ...''

''ပြီးပါစေ..၊ ဒါကိုကြောက်နေတဲ့သူပဲ ကြီးမြင့် စကားကို ကရုစိုက်မှာ...''

ဒေါ်မြင့်မြင့်တင် သက်ပြင်း အကြိမ်ကြိမ်ချရင်း မန္တလေးကို လေယာဉ်ဆိုက်ခဲ့သည်။ ဆောင်း ပြောသည့်အတိုင်းပါပဲ..။

ဒေါ်မြင့်မြင့်တင် ကိုယ်တိုင် မြို့ခံလူပေမယ့် ကားသုံးစီး အကြိုရောက်နေကာ မှတ်တမ်း ကပဲ လူတွေကို နေရာချပေးသည်။ ပျာယာခတ်အောင် ရှိသေလေးစားနေတော့ အမိန့်ပေး စီစဉ်နေတာနဲ့မတူ။ ဒါကြောင့် သူတင်ပေးတဲ့တိုင်း ကားပေါ်ရောက်ကြသည်။

ဝိုင်ဳ နဲ့ သူကတော့ ကားတစ်စီးလုံးမှာ နှစ်ယောက်တည်း။ အလယ်မှာ ဒေါ်မကောင်းကင် တို့ဖြစ်ကာ သူမတို့တွေက ရှေ့ဆုံးကားနှင့်..။

မင်း လုပ်ထားဦး မှတ်တမ်း...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၃)

''ဟင်!.. ဘယ်... ဘယ်လို...''

ဝိုင် မျက်လုံးဝိုင်းသွားတော့ ဆောင်း က မဲ့ပြုံးပြုံး၏။ ထင်သား[illegible] ကလေး ဒါကို မသိသေးဘူးဆိုတာ..။

နွေ နှင့် မိုး တို့ကတော့ မပြုံးနိုင်ပါ။ သူမတို့ရင်ထဲမှာ စိုးရိမ်သွား[illegible] တာက တစ်မျိုး၊ ညီအစ်မသုံးယောက် ညှိသည်တွေလည်းပါ[illegible] ခေါင်းချင်းဆိုင်ချိန် မရသေးပေ..။

ဒီကြားထဲ ကိုကြီးက ဟိုလင်မယားကို အိမ်ကိုတန်းခေါ်လာ[illegible] ခရီးရောက်မဆိုက်ကြီးမှာပဲ ဒီပြဿနာက မျက်နှာစုံညီ ပြန်စ,နဲ့သည်

''သမီးလေး...''

နွေ သည် အားနည်းဖျော့တော့နေသည့် မျက်ဝန်းများနှင့်[illegible] တအံ့တသြရှိနေဆဲ ဝိုင် လက်ကိုဆုပ်ကိုင်လိုက်၏။ သူမက ဒရင်ဘ[illegible] ပေါ်မှာမို့ ဝိုင် က သူမဘေးမှာ...

''ဒါတွေကို အန်တီတို့ စ,နဲ့မိတာကလေ ကလေးကို ဆုံးရှုံး[illegible] တာ..၊ မျိုးဆက်မကျန်ရစ်မှာ စိုးတာ...''

''ဟင့်အင်း...''





ဝိုင် က လက်ကိုရုန်းပစ်လိုက်ပြီး နေရာမှ ထရပ်လိုက်၏။

''သမီး...''

''ကလေး...''

မိုး နှင့် ဆောင်း တို့ ပျာပျာသလဲဖြစ်ကုန်တော့ ဝိုင် က တံခါးဘက်ကို နောက်ပြန်ဆုတ်လိုက်ကာ...

''အန်တီတို့ သိပ်ရက်စက်တယ်..၊ ဝိုင့် ဘဝ၊ ဝိုင့် ရဲ့အနာဂတ်ကို ဖျက်ဆီးရက်တယ်''

''အို... မဟုတ်ပါဘူး..၊ မဟုတ်ရပါဘူး သမီးရယ်...''

''ဟုတ်တယ်..၊ ဒါကြောင့် ဝိုင့် ဘဝ တစ်စစီ စုတ်ပြတ်သွားတော့ လေ့ သိရဲ့လား..၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မိရင်တောင် ဘယ်သူမှ သိလိုက်မှာ မဟုတ်ဘူး..''

''သမီး..၊ စိတ်ထဲရှိတာကို ထိန်းပြောလေ..၊ သမီး အန်တီနွေက နေကောင်းသေးတာ မဟုတ်ဘူး''

ဦးရတုကျော် အနားကပ်လာတော့ ဝိုင် က ခြေတစ်လှမ်း ရွှေ့ပစ် လိုက်သည်။ ထိုအခါ အစကတည်းက ခပ်လှမ်းလှမ်းမှာရပ်နေသည့် [illegible]တ်တမ်း နှင့် ရှေ့နောက်ရပ်နေသလို ဖြစ်သွား၏။ ဝိုင် က ဦးရတုကျော် ကိုလည်း ဂရုမစိုက်ဘဲ ခေါင်းတွင်တွင်ခါ၏။

ကိုယ့်ရင်ထဲကို ကိုယ်သာ သိသည်။ ကြာကြာ သောကမမွေး [illegible]တ်သူမို့ ဘေးလူမြင်ရင်တော့ သူမက မပူပင်တတ်တဲ့ ခပ်ပေါ့ပေါ့ [illegible]...။

တကယ်တမ်း ကြောက်လန့်နေတာတွေ..၊ သွေးပျက်မတတ် ဖြစ် [illegible]တဲ့ နေ့တွေ..၊ ညတွေ.. ဒီကာလတွေမှာ လူတစ်ယောက်၏ အသက် [illegible]ချောင်း တိတ်ဆိတ်စွာ ပျက်စီးသွားနိုင်သည်။

အကယ်၍ အနားမှာ ဒေါ်မေကောင်းကင် သာ ရှိမနေခဲ့ရင်..၊ [illegible]တမ်း ဆိုသည့်လူသာ စာနာစိတ်မမွေးဘဲ ရန်လို ဘက်တိုက်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



လျှင်…၊

"အန်တီနွေ့ နေမကောင်းသေးတာက ဝိုင့် ကို ပူပင်တာ တစ်ချင်းမှုပဲ ဟုတ်မယ်၊ သူတို့ ထုဆစ်ဖန်တီးထားတဲ့ သက်ဝင်ရုပ်တုလေး ဝိုင် နဲ့ ဘယ်ကမ်းဘယ်သောင်ကို ပါသွားမှန်းမသိလို့ ရင်နာနေတာလဲ ဖြစ်နိုင်တာပဲ.."

"သမီးရယ်..၊ အဲဒီလိုတော့ မပြောပါနဲ့.."

နွေ့ တရှိုက်ရှိုက် ငိုပါပြီ။ ဒါပေမယ့် ဝိုင် က ပြောနေတာကို မရပ်..။

"ဒါတွေမဟုတ်ရင်တောင် ငါလုပ်လိုက်တာ မှားပြီလားလို့ နောင်တတွေ ရင်မှာပိုက်ပြီး ခံစားနေရတာလဲ ဖြစ်ချင်ဖြစ်မယ်..၊ ဒါပေမယ့် ညီမတွေ၊ အိမ်ဖော်တွေရဲ့အလယ်မှာ စိန်ရွှေရတနာအပြည့်နဲ့ ဖြူ ခံနိုင်ပါသေးတယ်၊ ဝိုင် ကတော့ တစ်မြို့တစ်နယ်မှာ လွတ်လပ်မှုတွေ နဲ့ ကြည်နူးမလို့ ငြေလှမ်းစ,နေတုန်း ဘာမှမသိလိုက်ရတဲ့အဖြစ်တစ်ခု ကြောင့် ဘဝမှာပြိုမတတ် ကြောက်ရွံ့ခဲ့ရတာ.."

"ကလေးရယ်..၊ အန်တီတို့ကို နားလည်ပေးပါ၊ ဖြစ်ခဲ့သမျှကို လေ…"

"ဟင့်အင်း..၊ ဟင့်အင်း…"

"အို!.. ကလေး…"

"သမီး ဒီလိုမလုပ်ရဘူး..၊ မောင်မှတ်တမ်း ဆွဲလိုက်ပါ"

ဦးရတုကျော် အသံတုန်ကြီးနှင့် သတိပေး၏။ သို့သော် လှမ်းဆွဲ လိုက်ပေမယ့် မမီပါ..။

"ကလေး…၊ ကိုကြီးရယ်.. ကလေးကို ထပ်ပျောက်မသွားပါစေ နဲ့..၊ ပြန်ခေါ်ပေးပါ… သွားခေါ်ပါ…၊ နွေ့ လေ… ကျွန်မ…"

"ဟင်!… မမနွေ့…"

"နွေ့…"





နွေ့ သတိလစ်ပျော့ခွေသွားကာ ခေါင်းက ဒရင်းဘက်ဒ်ရဲ့ဘေးကို တိုက်ခနဲ ပြိုကျသွား၏။ ဒေါ်မြင့်မြင့်တင် နှင့် မိုး သာ အချိန်မီ လှမ်းမပွေ့ လိုက်ရင် မလွယ်..။

"မနွေ့…"

"ဆရာဝန်…၊ ဆရာဝန်.. ကျွန်တော် ခေါ်လိုက်မယ်…"

ဦးဟံရှင် တို့လင်မယားကလည်း ပျာပျာသလဲဝင်လာ၏။ မှတ်တမ်း က ဘောင်းဘီအိတ်ထဲက ကားသော့ကို စမ်းလိုက်ပြီး…

"ကျွန်တော် လိုက်ခေါ်မယ် အန်ကယ်လ်..၊ သူ ထွက်သွားတဲ့ နေရာကို ကျွန်တော် သိတယ်.."

"အေး… အေး… မြန်မြန်လိုက်စမ်း.."

မှတ်တမ်း ကားပေါ်တက်တဲ့အထိ လှမ်းကြည့်ပြီး ဒေါ်မေ ကောင်းကင် ရင်မ,နေမိ၏။ ဒီကိစ္စတွေကို သူမတို့ဘက်က ဘာတစ်ခုမှ ပြန်ပြောခဲ့တာ မပါပေ..။

ဒါအတွက်တော့ ထားခဲ့ကြသည့် ကတိစကားအတွက် စိတ်ထဲမှာ ဘာမှ ပိုးမသန့် မဖြစ်ခဲ့ပါ..။ မကောင်းတဲ့စိတ်မျိုး မထားခဲ့တဲ့အပြင် ဝိုင့် ကိုတောင် စောင့်ရှောက်ထားခဲ့သေးသည်။

ဦးရတုကျော် ကတော့ ဒါကို နားလည်သွားပါပြီ..။ မကျေနပ်ဖြစ်ခဲ့ရှိသည့် ဆောင်း ကိုတော့ အံ့ဩမိတာ အမှန်ပင်..။ ဇာတ်လမ်းက ဘယ်ပါးသွားက,ပြီး သိမ်းကြဖို့ပဲ ကျန်သည်။

ဒါကို သူမတို့က ခေါင်းခါချင်တုန်း…။

ဘာဖြစ်ဖြစ် သား အဆင်ပြေလာပါစေ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၄)

''မလိုက်ဘူး သွား...၊ အဲဒီကလူတွေကို ကျွန်မ လုံးဝ မတွေ့ချင်ဘူး..၊ ဘယ်ရောက်ရောက်.. ဘာဖြစ်ဖြစ်...''

''ဘယ်ရောက်ရောက်ဆိုလဲ ကိုယ့်ရင်ခွင်ထဲကိုပဲ လာပါရယ်..၊ ဘယ်သူနဲ့မှ မတွေ့ချင်ဘူးဆို မတွေ့ရပါဘူး၊ မင်း စိတ်သွား... ကိုယ်ပါနေသမျှ မင်းရဲ့ကလေးလေးက ဒုက္ခများနေရှာတာ..၊ အဲ... ငဲ့ပါကွာ...''

''ဟင့်အင်း...၊ အဲဒါကစပြီး ဝိုင် သောကတွေဖြစ်ခဲ့တာ..၊ ...ကိုမှ မညှာနိုင်ဘူး''

ဝိုင် က စကားပြောရင်း နောက်ပြန်ဆုတ်သွားလိုက်..၊ ... ပြီး နှစ်လှမ်း.. သုံးလှမ်း ပြေးလိုက်..၊ အိမ်ဝိုင်းအလွှတ်တွေဖြစ်နေ... ချုံစပ်စပ်မှာ သစ်ပင်ကြီးတွေလည်း ရှိနေ၏။

ဝိုင့် ကို သူ ဘယ်လိုမှ ချော့ခေါ်တာမရဘဲ နှစ်ယောက်... ဒီတိုင်း တရွေ့ရွေ့နှင့် ကားနှင့်လည်း ဝေးလာခဲ့သည်။

''ဝိုင်...၊ မင်း ခဏလေး အဲဒီမှာ ရပ်နေပါဦး..၊ ဟိုမှာ ... သတိလစ်ကျန်ခဲ့တယ်၊ မင်းရဲ့အန်တီကို ပြန်မငဲ့တော့ဘူးလား...





ဝိုင် ခြေလှမ်းတော့ရပ်သွား၏။ ဒါပေမယ့် မျက်နှာလေးက တင်းမာဆဲ ဖြစ်သည်။

''ခဏဖြစ်ဖြစ် ပြန်လိုက်ခဲ့နော်..၊ အန်တီနွေ ရဲ့စိတ်က မင်းကိုမြင်...နဲ့ ချက်ချင်းပြောင်းသွားမှာ..၊ သူ မှားခဲ့တာကိုလဲ တောင်းပန်ခဲ့ပြီးပြီပဲ ...ရယ်...''

''ရှင်က ဘာလဲ..၊ ရှင့်ကိုလဲ ဝိုင် ကျေနပ်တယ် မှတ်နေလား''

''ဟောဗျာ!...''

''ရှင် ဒီကိစ္စကိုသိနေလို့ ချက်ချင်းကြီး ပြောင်းလဲပြီး ဝိုင့် နောက်...တ်လာတာ...''

''ဘာကြောင့်ပဲလိုက်လိုက်.. မင်းအတွက်နဲ့ပတ်သက်ပြီး ကျန်...အားလုံးကို ကိုယ်ထားခဲ့နိုင်တယ်..၊ မင်းက ပထမအရေးကြီးပါ''

''ဒါဆို..., ဝိုင့် ကို ဟန်ဆောင်ပန်ဆောင် လက်ထပ်ပြီး ဒုတိယ...ရေးကြီးဆို ရှင် ပြေးဦးမှာပေါ့ ဟုတ်လား..၊ ကျွန်မဆိုတဲ့ ဝိုင် က ...အားသနားသဖြင့် ပေးကမ်းစွန့်ကြဲ...''

''ဟော့..၊ ဟော့... ဘာတွေ လျှောက်ပြောနေတာလဲ..၊ ထိပ်ထားနဲ့ ...ပြဲသနာက ကျန်ခဲ့ပြီ၊ အားလုံးလဲ ပြီးသွားပြီ၊ လက်ထပ်ကြတာ ...ကစားသလို လုပ်လို့ရတာမျိုးလား..၊ နောက်ထပ် ဒုတိယ အရေး...ဆိုတာလဲ မင်းပဲ..၊ တတိယလဲ မင်းပဲ..၊ ဒါတွေ မင်း ပိုသိလာ...င် ကိုယ် လက်တွေ့ သက်သေပြပါ့မယ်၊ ခုတော့.. အားလုံးကိုငဲ့ပြီး ...တွေ ခဝါချလိုက်ပါနော်..''

''ဟင့်အင်း....''

''ဝိုင် ကလဲကွာ..၊ အားလုံး မင်းကို ချစ်ကြတဲ့သူတွေချည်းပါ''

''ဟုတ်တယ်..၊ အားလုံးကြောင့် ရှင် ကျွန်မကို အားနာနေရ... ...ကတယ်၊ ပြန်ပါတော့ရှင်..၊ ကျွန်မ ဘယ်မှမသွားဘူး..၊ ... လုံးဝ ပြန်မလိုက်နိုင်ဘူး၊ အဲဒါ ဆုံးဖြတ်ချက်...''



www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား..."

"ဟင်!..."

ဝိုင် ကိုယ်လေး တွန့်ခနဲ ဖြစ်သွား၏။ သူမနောက်မှာ အရက်ပုလင်းကြီးကိုင်လျက် မားမားကြီးရပ်နေသည့် ဦးတာတေက ဘာတွေ သဘောကျနေသည် မသိ..။

"တွေ့ပြီ..၊ နင့်ကို ခုမှပဲ သတ်ခွင့်ရတော့မှာ..၊ ဟား... ဟား... ဟား..."

"ဝိုင်.. ဝိုင်... ဒီဘက်ကို လာခဲ့..."

ဝိုင် တစ်ချက်မျှ ခေါင်းမခါတော့ဘဲ မှတ်တမ်း ရင်ခွင်ထဲ အော်တိုမစ်တစ် ရောက်သွား၏။ ဦးတာတေကြီး ရဲ့မျက်လုံးတဝင်းဝင်းက ရယ်နေရာကနေ လူသတ်တော့မည့်ပုံ ဖြစ်သွားလျက် မှတ်တမ်းဆီကို ကူးစက်လာသည်။

"ဟိတ်... ကောင်မလေးကို လွှတ်လိုက်စမ်း..၊ ခုလွှတ်..."

"ဦးတာတေကြီး..၊ ဦးတာတေကြီး သတိထားဦးလေ..၊ သူ ဦးရုတ္တကျော် ရဲ့သမီးပါ.."

"ဘယ်က ရုတ္တ လဲ..၊ မသိဘူး..၊ ပေးစမ်း ကောင်မလေးကို..."

"အို... မှတ်တမ်း..၊ လုပ်ပါဦး..."

ဦးတာတေကြီး က ခေါင်းခါရင်း ကမူးရှူးသိုး ဝင်ဆွဲ၏။ ရူးသည့်ဦးနှောက်မှာ ရန်သူလို သတ်မှတ်ထားပြီးသည့်အစွဲက ဘယ်တော့မှ ပျောက်မည်မထင်..။

"ငါ နှစ်ယောက်စလုံး သတ်မှာနော်..၊ ပေး... ပေး... ပေး..."

"မလုပ်ပါနဲ့..၊ ဟာ..."

"အမယ်လေး..."

ဦးတာတေကြီး က အရက်ပုလင်းနှင့် တဝိုးဝိုးလွှဲရိုက်နေ၏။





ဝိုင့်ကို လွှတ်ရာကျွတ်ရာကို တွန်းပို့လိုက်ချင်ပေမယ့် ဝိုင့် နောက်ကိုပဲ ဒီလူကြီးလိုက်မှာကို သိနေသဖြင့် မလွှတ်ရဲ...။

ရှူးတဲ့လူက မူးလည်းမူးနေတော့ ဂေါ်ဇီလာပုံ ပေါက်နေသည့် ဦးတာတေကြီး က ဘီလူးကြီးတစ်ကောင်နှင့် တူနေ၏။

"ဝိုင်... ဝိုင်.. မျက်နှာမမော့နဲ့ ငုံ့ထားနော်.."

သူ ဝိုင့် ကို ဖက်ထားပြီး လွှတ်အောင် မနည်းရှောင်နေရ၏။

"ဘုန်း"

"အ.."

"မှတ်တမ်း..၊ ရှင့်ကို ထိသွားပြီလားဟင်.."

"နည်းနည်းပါ..၊ ဘာမှမဖြစ်ဘူး"

ထိုစဉ် လူသံတွေကြားရကာ အဝေးကနေ လူတွေလာနေပြီကို သူ သိလိုက်၏။ ထို့ကြောင့် အာရုံက ထိုဆီ တစ်ချက်ပျံ့သွားမိစဉ်...

"ခွပ်.."

"အား..."

"မှတ်တမ်း!..."

"ထိသွားပြီ..၊ ဟိုမှာ... ဟိုမှာ..."

"ဟိတ်... ဘာလုပ်တာလဲ..၊ ဦးတာတေကြီး ရပ်... ခုရပ်..."

"တာတေကြီး..၊ ခင်ဗျားကို ထောင်ချပစ်မှာနော်..၊ ရပ်လိုက်... ရပ်..."

လူတွေ ပြေးလာကြမှန်းသိတော့ မှတ်တမ်း လည်ပင်းကို သွေးစိမ်းရှင်ရှင်တွေ စီးကျနေပြီဖြစ်ကာ လူလည်း မဟန်နိုင်တော့ပေ..။

သူ့ဘေးမှာ ပုလင်းကြီး ဘုတ်ခနဲ လိမ့်ကျလာကာမှ ဦးတာတေကြီး ပြေးပြီမှန်း သိလိုက်၏။ ပုလင်းက ဘယ်လောက်မာကျောနေသလဲ မသိ..။

သူ့ခေါင်းကိုရိုက်လိုက်တာလည်း ခေါင်းပဲကွဲသည် ပုလင်းမကွဲ..။



www.burmeseclassic.com

www.burmeseclassic.com



အောက်ပစ်ချတော့လည်း မြက်ခြောက်ဖုတ်ပေါ် ကျသွားခဲ့ပြီး ဒီအတိုင်း…။

"ခေါင်းကွဲသွားတာ မနည်းဘူးကွ…"

"ဖယ်ကြပါဦး…၊ သား… ငါ့သား…"

"ဘာတွေဖြစ်ကုန်တာလဲ…"

"အရှုးရိုက်သွားတာ…၊ ကျုပ်တို့က နှစ်ယောက်စလုံး ထိပြီမှတ်နေတာ…၊ ကောင်မလေးကို သူက ဖက်ထားတော့ ကောင်မလေးကို မထိလိုက်ဘူး"

မှတ်တမ်း ကတော့ သူ့ဘေးကို ဘယ်သူတွေရောက်လာပြီး မေးနေပြေနေကြမှန်း ဘာမှမသိတော့ပါ။ ဝိုင် သူ့ကိုယ်ကိုဖက်၍ ကြုံကြုံပါအောင် ငိုနေတာလည်း မကြား။

သူ့ရဲ့မသိစိတ်တွေက ဝိုင့် ကို ပွေ့ဖက် ကာကွယ်နေဆဲ…။

ပြီးတော့ လူသန်ကြီးကို ရှောင်ရှားပြေးလွှားနေလျက်က မမေ့နိုင်…။





## အခန်း၊(၃၅)

"စိတ်တော့မကောင်းစရာပဲကွာ…၊ ကိုတာတေကြီး လဲ အဲဒီကနေ ဘမှုးရှူးသိုးထွက်ပြေးပြီး ဆိုင်ကယ်နဲ့တိုက်မိတာ ဆိုင်ကယ်ကော…၊ သူကော… တော်တော့်ကို လွင့်စဉ်ထွက်သွားသတဲ့၊ ဆေးရုံမှာ အခြေအနေ သိပ်မကောင်းဘူးလို့ ပြောကြတယ်…"

"အို…၊ စိတ်မကောင်းဖြစ်ရမှာက ကိုယ့်သားကိုပါ၊ ဒီမှာ ခြောက်ချက်တောင်ချုပ်လိုက်ရတယ် ကြည့်ဦး…၊ တစ်နေကုန် သတိမရတာလဲ အသက်ပါ ပါသွားနိုင်တယ်၊ ခေါင်းကိုရိုက်တဲ့ ပုလင်းကြီးက နည်းသလား၊ အရူး… အရူး…နဲ့ အိမ်ဦးတက်ချေးပန်းမယ့် လူမျိုး၊ သူ့အပြစ်နဲ့သူ ထိုက်သင့်တာ ခံရတာ၊ မသနားဘူး"

"မင်းကလဲကွာ…"

ဦးဟံရှင် ကတော့ မိခင်ဖြစ်သူလောက် သားဇောကပ်နေတာမျိုး မဖြစ်ဘဲ ကိုယ်လည်း အသက်အန္တရာယ် မဖြစ်ခဲ့သလို တစ်ဖက်မှာလည်း မဖြစ်စေချင်…။

ဒေါ်မကောင်းကင် က မှတ်တမ်း ကိုထမင်းကျွေးပြီးသည့်ချိန် ပြန်ဆင့်ကာ ပန်းသီးတွေ ထုတ်၏။



www.burmeseclassic.com

www.burmeseclassic.com



''မေမေ...''

''ဟင်..၊ ဘာလဲသား...''

''ဝိုင် ဘယ်မှာလဲဟင်...''

''သူ့အဖေနဲ့ စကားပြောနေတယ် သား..၊ အခြေအနေတွေ[illegible] ကိုကျော် နဲ့ မနွေ့က နားလည်သွားပါပြီ၊ ဆောင်းတို့ညီအစ်မကတော့..''

ဒေါ်မေကောင်းကင် စကားရပ်သွားသည်။ ခေါင်းကပတ်တီး[illegible] ကိုင်၍ မှတ်တမ်း တစ်ချက်မှဲ့ပစ်ကာ...

''ဒီနေ့ ပတ်တီးဖြေရအောင် ပြောပေးပါ မေမေ၊ ကျွန်တော်[illegible] ဒီလိုကြီး မနေချင်ဘူး''

''ဘာဖြစ်နေလဲ သားရယ်..၊ ဒဏ်ရာက ပြင်းလွန်းလို့ သွေး[illegible] သွင်းထားရတာ..''

''အခြေအနေတွေ ဒီလိုဖြစ်နေတုန်း ကျွန်တော်က ဆေးရုံမှာလှ[illegible] ဖြစ်နေရင် ဝိုင့် ကို ဆုံးရှုံးလိုက်ရမှာ...''

''ဟင်...''

ဒေါ်မေကောင်းကင် သားမျက်နှာကို ငေးသွား၏။ မျက်နှာ[illegible] သောကတွေရှိနေတာ သေချာပေမယ့် လိုတာထက် ပိုနေခဲ့သလား[illegible]

''ဝိုင်က ဘယ်လိုသဘောတဲ့လဲ..၊ သူ့အဖေနဲ့ စကားပြောနေ[illegible] ဆိုတာ ဘယ်မှာလဲ..၊ သူ့အဒေါ်ဆီ ပြန်ရောက်သွားရင် ကျွန်တော်[illegible] ကျွတ်!... ဒါကြီး ဖြေပါရစေ မေမေ..''

''သားရယ်..၊ မင်းထက် မေမေက ပိုပြီး စိတ်ဇောနေ[illegible] ဒါပေမယ့် ရှိခဲ့တဲ့ ကတိစကားတွေအရ မေမေတို့က သူတို့ကြည့်[illegible] နေရာရမယ့်သူတွေ၊ အဓိက,က ဝိုင် ပေါ့..၊ သားက ဝိုင့် ကို [illegible] စိုးတာလား..၊ ကလေးကိုလားဟင်...''

မှတ်တမ်း ငြိမ်ကျသွား၏။ ဒေါ်မေကောင်းကင် က ခဏ[illegible] သူ ဘာမှမပြောတော့မှ...





''သားသမီးဆိုတာ အချိန်တန်ရင် အဖေဘယ်မှာလဲ..၊ အမေ ဘယ်မှာလဲလို့ မေးလာကြတာပဲ၊ ရင်းစားမရနိုင်တာဟာ မိဘပဲ သားရဲ့၊ သူတို့အားလုံးပြည့်စုံအောင် ဖန်တီးပေးလိုက်နိုင်ရင်တောင် မိဘကို ဖန် ဆင်းပေးလို့ မရဘူး၊ ဒီကလေးလေး မွေးလာရင်...''

''မေမေ ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ..''

''ဟင်...''

''ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ချစ်ခင်စုံမက်ကြ ပြီဆိုရင် လက်ထပ်ကြဖို့အရေးကို ပူကတတ်တာလား..၊ ကလေး ရ,မရ ကိုပဲ ပူကြသလား..''

''သားက...''

''ကျွန်တော် ပြောချင်တာက နှစ်သက်မြတ်နိုးခြင်းက တစ်ယောက် နဲ့တစ်ယောက်ကိုပါ၊ သားသမီးဆိုတာ ပေါင်းဖက်ကြတဲ့နောက်ကျမှ လောကသဘာဝအတိုင်း မွေးဖွား ချည်နှောင်ကြတာ..၊ ကလေးနောက် တကောက်ကောက်လိုက်နေရအောင် ကျွန်တော်က သားပျောက်ရှာနေတဲ့ ယောကျ်ားမှ မဟုတ်ဘဲ''

ဒါ[illegible]၊ ဒေါ်မေကောင်းကင် အံ့သြသွား၏။ သားမှာ ချစ်သူရှိနေ လို့ သူမကိုယ်တိုင် ဒီကိစ္စဖြစ်မြောက်ဖို့အတွက် ရတက်မအေးနိုင်ခဲ့ရ တာ..။

''ကျွန်တော် လူမမာလုပ်နေရင် ဝိုင့် ကို သူတို့ ပြန်သိမ်းသွားလိမ့် မယ် မေမေ၊ လက်ထင်ထားပေမယ့် စာချုပ်စာတမ်းဆိုတာ လူကညစ် ရင် မခံနိုင်ဘူး...''

''ဒါဆို မေမေ မေးပါရစေ...၊ သား ရှင်းရှင်းဖြေနော်..၊ ဝိုင့် ကို သားက မေတ္တာရှိနေတာလား..''

ခေါင်းမညိတ်ပေမယ့် ခေါင်းမခါတာကို ဒေါ်မေကောင်းကင် နား လည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''သားအမိရင်းမို့ ပြောရဦးမယ်၊ ဟိုလေ.. သားက ထိပ်ထားနဲ့..''

''ချစ်ခဲ့ဖူးပေမယ့် အဲဒါတွေဟာ မှန်းကျပ်မှုတွေနဲ့ ပြီးဆုံးသွားပါပြီ၊ အိမ်ထောင်ရှိတဲ့ယောက်ျားတချို့တောင် အိမ်ထောင်ရေးမှာ နားလည်မှုတွေလွဲပြီး အဆင်မပြေတာများလာရင် မှန်းကျပ် စိတ်ပျက်လာတတ်တာပဲ၊ သူ့ကို ကျွန်တော် အစွမ်းကုန်ထိ နားလည်ပေးခဲ့ပြီးပြီ၊ သူ့ဘက်က ရယူခြင်းတွေနဲ့ ပွေ့ပိုက်ပျော်မွေ့ခဲ့ရတော့ ကျွန်တော် မရှိတဲ့အခါ နည်းနည်းပါးပါး လွမ်းတာဆွေးတာ ဖြစ်လိမ့်မယ်၊ အမြဲတမ်း ပေးဆပ်နေခဲ့ရတဲ့သူအတွက်က ရင်ထဲမှာ ဘာမှမကျန်ခဲ့တော့ဘူး...''

နည်းနည်းပါးပါး လွမ်းတာဆွေးတာမကဘူး ထင်သည်။

ဖုန်းတွေ တဂွမ်ဂွမ်ဆက်နေတာ ဒေါ်မေကောင်းကင် မကြားဘဲနေမလား..။ ဒါပေမယ့် သားပြောတာလည်း သဘာဝကျနေတာမို့ ဒါဖြစ်သင့်သည်ဟု တွေးလိုက်မိသည်။

ထိပ်ထား ဆိုတဲ့တစ်ယောက်အကြောင်းကို သူမ မေးခဲ့ဖူး၏။ ဒီတုန်းကတော့ ဘူးကွယ်ခဲ့တဲ့ သား..။ ဝိုင် ကို ချစ်နေပါပြီဆိုမှ...

''ဒါဖြင့် သားကိုယ်တိုင် ဝိုင် ကို မေတ္တာရှိနေတာပေါ့၊ ဝမ်းသာလိုက်တာ သားရယ်..၊ အားလုံးက အဆိုးထဲက အကောင်းတွေပါ၊ ခုလဲ ဝိုင်ကို သားက ကာကွယ်ပေးခဲ့တာကိုသိပြီး မမြ⸺က ကျေနပ်ခဲ့တယ်၊ ဦးရဲကျော် က အားလုံးကို လွှမ်းမိုးပြီး ဒီကိစ္စဖြစ်သင့်တဲ့အတိုင်းဖြစ်ရမယ်လို့ အမိန့်ပေးခဲ့တယ်၊ ဆောင်းတို့ သဘောမတူပေမယ့် သားတို့လက်ထပ်ဖြစ်မှာပါ၊ မေမေက စိုးရိမ်နေခဲ့တာ... ဝိုင် ကို သားက သည်းမခံဘဲ တစ်ယောက်နဲ့တစ်ယောက် အနိုင်လုပြောဆိုမိကြပြီး ဝိုင်လေး စိတ်ဆင်းရဲသွားမှာကို...''

''မေမေကတော့ သူ့ကို ဘာဖြစ်လို့ အဲဒီလောက် ချစ်နေတာလဲ''

''ပဋိသန္ဓေဆက်တွေကြောင့်ပေါ့ သားရယ်..၊ ရှေးရေစက်ပေါ့၊ သူ့မျက်နှာလေးကိုက ချစ်စရာကောင်းနေတာ၊ ဆူပူဆိုးနွဲ့နေတာလေးကလဲ





အပြစ်ကင်းတယ်၊ သူ့ခမျာ ကလေးစိတ်လေးလဲ မပျောက်လို့ပေါ့ကွယ်၊ မဟုတ်ရင် ဒီပြဿနာကြီးကို တော်ရုံမိန်းကလေး ရင်မဆိုင်နိုင်ဘူး၊ ငိုလွယ်ရယ်လွယ်လေးတွေရှိလို့ မေ့မေ့ပျောက်ပျောက်နေတတ်တာလေ..''

''ဘယ်သူ ကဲ့ရဲ့နေပါစေ..၊ ကျွန်တော် ဂရုမစိုက်ဘူး၊ နောက်ထပ် ထပ်တူမညီနိုင်တာတွေရှိနေရင်လဲ ဝိုင် ကို ရအောင်ယူမှာပဲ...''

ဝိုင် ခြေလှမ်းတွေ ဒီနားမှာပဲ သွေးတောင့်လုပြီ ထင်၏။ ထိုစဉ် ဦးဟဲ့ရှင် ဘွားခနဲ ပေါ်လာ၏။

''သမီး အထဲဝင်လေ..၊ အထဲမှာ သမီးအန်တီလဲ ရှိတယ်၊ ဘာ ရပ်လုပ်နေတာလဲ''

''ရှင်!... ဟို...''

ဝိုင် ရှက်ရှက်နှင့် ဆံပင်ကိုပဲ နားနောက် ခဏခဏ ညှပ်သိပ်ထည့်ရင်း ငုံ့ပစ်လိုက်မိသည်။ ကိုယ့်ကို ချစ်တဲ့အကြောင်းတွေ ပြောနေတာကိုများ ချောင်းနားထောင်သလို ဖြစ်ရတဲ့အဖြစ်..။

အထဲကိုဝင်လိုက်တော့ မှတ်တမ်း က ခုတင်ထက်မှာ ခြေချထိုင်နေလျက်..၊ ဒေါ်မေကောင်းကင် က အင်္ကျီတစ်ထည်ကို ကိုင်ပေးရင်း လှည့်ကြည့်ကာ...

''ဟယ်.. သမီးလေး...၊ လာ... လာ...''

အဝါရောင်အင်္ကျီပွပွလေးနှင့် ဝိုင် ကို မှတ်တမ်း က စူးစူးရဲရဲကြည့်နေ၏။ ဖျတ်ခနဲ အကြည့်ချင်းဆုံကာ ဝိုင် ရင်ထဲမှာ ဒိတ်ခနဲဆောင့်ခုန်သွားသည်။

''လာ..သမီးလေး ထိုင်..၊ သမီး တစ်ယောက်တည်းလား၊ ဘယ်သူမှ မပါဘူးလားဟင်..''

''ဖေဖေ ပါပါတယ်..၊ ဒါပေမယ့် ဝိုင် ကို လိုက်ပို့ပြီး ပြန်သွားတယ်''

လိုက်တောင်ပို့တယ်ဆိုတော့ အခြေအနေက မဆိုးပါလား..၊



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးတစ်ဖက်ကို ဆွဲထားလိုက်ပြီး သူကိုယ်တိုင် ဒီဘက် ကပ်လိုက်၏။

''ကိုယ့်ကို မင်း ဘယ်လိုသဘောထားလဲဟင်..''

''ဘာလဲ..၊ မသိဘူး..၊ အရင်အတိုင်းပဲ''

သူ မျက်နှာ ကွက်ခနဲပျက်သွားသည်။ ဝိုင် က ဟိုဘက်မျက်နှာ လှည့်ပြီး မဲ့သည်။ အတန်ကြာတဲ့အထိ သူ ဘာမှမပြောတော့ဘဲ တိတ် နေပြီးမှ...

''ဒီအဖြစ်သနစ်တွေဟာ ဘယ်သူ့ရဲ့ ဘယ်လိုအကြောင်းဖြစ်ဖြစ်၊ နောက်ဆုံးမှာ မင်းနဲ့ကိုယ် ညားကြမှာပဲ ဝိုင်..၊ အဲဒါ ကိုယ် သိတယ်''

''သိရင်လဲ မလိုအပ်တာတွေ မမေးနဲ့ပေါ့..''

''မမေးလို့ မရဘူး..''

လက်ကို သူ ဖိဆွဲလိုက်တော့ ဝိုင် က ပြန်ရုန်း၏။ ဆွဲလိုက်ရုန်း လိုက်နှင့် လွတ်မြောက်တာလည်း မဟုတ်..။

''မင်းကို ပိုင်ဆိုင်ခွင့်ရဖို့ ကိုယ် ကြိုးစားနေတာမဟုတ်ဘူး ဝိုင်''

ဘာဖြစ်လို့လဲလို့ မေးသည့်မျက်ဝန်းလေးတွေ လက်ခနဲ ရောက် လာပြီး အကြည့်ချင်းဆုံသွားသည့်အခိုက်မှာ နှစ်ယောက်စလုံး ငြိမ်သက် သွားကြ၏။

မှတ်တမ်း က ဝိုင့် လက်ကလေးကို မြတ်နိုးဖွယ်ပစ္စည်းကလေး တစ်ခုကို တယုတယ ပွတ်သပ်ဆုပ်ထားရင်း...

''မင်းကို ကိုယ် ချစ်ခွင့်ရချင်တယ်''

ဝိုင် က တစ်ဖက်လှည့်ပစ်လိုက်၏။ သူ ပျာပျာသလဲ ဖြစ်သွား ကာ..

''ဝိုင်...''

''ပေါင်းကြဖို့ဖြစ်လာတာက ဒီကိုယ်ဝန်ကြောင့်ပဲ၊ အန်တီ့ကို [illegible] လဲ ပြောတယ်၊ ကလေးမွေးပြီးတာနဲ့ အားလုံး အရင်အတိုင်း ပြန်[illegible]





ပြီတဲ့''

''ဘယ်ရမလဲ ဝိုင်...၊ အဲဒီလို ထင်သလို မင်းတို့လုပ်ရအောင် ကိုယ်က အရုပ်တစ်ရုပ်မှ မဟုတ်တာ၊ အခု မင်းက ငါ့မိန်းမ..၊ မွေးလာ မယ့်ကလေး ငါ့ကလေး..၊ ငါ့ဘက်က ပြောဆိုခွင့်မရှိတာ ဘာမှမရှိဘူး၊ ဒါပေမယ့်... အဲဒါကြီးတွေကို ဆုပ်ကိုင်ပြီး ကလေး မုန့်ပူဆာသလို ကိုယ် မလိုချင်ဘူး၊ အခု လက်ထပ်ပြီးခဲ့တဲ့ကိစ္စရော လူကြီးတွေက ကျေနပ်မှာ,မကျေနပ်မှာတွေရော အားလုံး ထားခဲ့လိုက်ပါ၊ မင်းနဲ့ကိုယ် ဘာမှမပတ်သက်ခဲ့ဘူးတဲ့ လူနှစ်ယောက်အဖြစ် အသစ်ကနေ ပြန်ချစ် ချင်တယ်''

''ကျွန်မကတော့ ဆောရီးပဲ''

''ဝိုင်...''

သူ ဝိုင့် ပခုံးလေးကို တင်းခနဲ ဆွဲဖက်လိုက်၏။

''ရှင်..နော်...''

''အား...''

''ဟင်!..''

ဝိုင် စိတ်ရှိလက်ရှိတွန်းပစ်လိုက်သဖြင့် သူ့ရဲ့ညာဘက်ပခုံးကို [illegible]၏။ [illegible]ပစ်လိုက်သလိုဖြစ်သွားကာ မှတ်တမ်း တွန့်ခနဲ ဖြစ်သွား၏။ ဖက်[illegible] ကိုယ်လုံး [illegible]သည့်လက်ကလည်း အလိုအလျောက် ပြုတ်ကျလေသည်။

''မှတ်တမ်း..၊ ဆော... ဆောရီးနော်..၊ ဝိုင်...'' [illegible]ချစ်နိုင်ဘူးလို့ [illegible]ခံစားချက်တွေ ရင်ထဲမှာ ပြင်းထန်နေလို့လို့ မ[illegible]ည်ဖြူနေတာလဲ..၊ [illegible]တော့ ဝိုင် က ခဏခဏမြင်နေကတည်းက [illegible] [illegible]သည်။ သူကျတော့ သူ့ချစ်သူကလွဲပြီး [illegible]ဘင်းသံတွေ မြည်ဟည်းနေ၏။ [illegible]ိုယ် တိုက်ရိုက်ပတ်သက်နေပြီဆိုတော

''မင်း ကိုယ့်ကို ဘယ်လိုပြောလိုက်[illegible]

[illegible]''



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေးတစ်ဖက်ကို ဆွဲထားလိုက်ပြီး သူကိုယ်တိုင် ဒီဘက် ကပ်လိုက်၏။

''ကိုယ့်ကို မင်း ဘယ်လိုသဘောထားလဲဟင်..''

''ဘာလဲ..၊ မသိဘူး..၊ အရင်အတိုင်းပဲ''

သူ မျက်နှာ ကွက်ခနဲပျက်သွားသည်။ ဝိုင် က ဟိုဘက်မျက်နှာ ချ လှည့်ပြီး မှဲ့သည်။ အတန်ကြာတဲ့အထိ သူ ဘာမှမပြောတော့ဘဲ တိတ် နေပြီးမှ...

''ဒီအဖြစ်သနစ်တွေဟာ ဘယ်သူ့ရဲ့ ဘယ်လိုအတ္တကြောင့်ဖြစ်ဖြစ်၊ နောက်ဆုံးမှာ မင်းနဲ့ကိုယ် ညားကြမှာပဲ ဝိုင်..၊ အဲဒါ ကိုယ် သိတယ်''

''သိရင်လဲ မလိုအပ်တာတွေ မမေးနဲ့ပေါ့..''

''မမေးလို့ မရဘူး..''

လက်ကို သူ ဖိဆွဲလိုက်တော့ ဝိုင် က ပြန်ရုန်း၏။ ဆွဲလိုက်ရုန်း လိုက်နှင့် လွတ်မြောက်တာလည်း မဟုတ်..။

''မင်းကို ပိုင်ဆိုင်ခွင့်ရဖို့ ကိုယ် ကြိုးစားနေတာမဟုတ်ဘူး ဝိုင်''

ဘာဖြစ်လို့လဲလို့ မေးသည့်မျက်ဝန်းလေးတွေ လက်ခနဲ ရောက် လာပြီး အကြည့်ချင်းဆုံသွားသည့်အခိုက်မှာ နှစ်ယောက်စလုံး ငြိမ်သက် သွားကြ၏။

မှတ်တမ်း က ဝိုင့် လက်ကလေးကို မြတ်နိုးဖွယ်ပစ္စည်းကလေး တစ်ခုကို တယုတယ ပွတ်သပ်ဆုပ်ထားရင်း...

''မင်းကို ကိုယ် ချစ်ခွင့်ရချင်တယ်''

ဝိုင် က တစ်ဖက်လှည့်ပစ်လိုက်၏။ သူ ပျာပျာသလဲ ဖြစ်သွား ကာ..

''ဝိုင်...''

''ပေါင်းကြဖို့ဖြစ်လာတာက ဒီကိုယ်ဝန်ကြောင့်ပဲ၊ အန်တီ့ကို လဲ ပြောတယ်၊ ကလေးမွေးပြီးတာနဲ့ အားလုံး အရင်အတိုင်း ပြန်ဖြ





ပြီတဲ့''

''ဘယ်ရမလဲ ဝိုင်...၊ အဲဒီလို ထင်သလို မင်းတို့လုပ်ရအောင် ကိုယ်က အရုပ်တစ်ရုပ်မှ မဟုတ်တာ၊ အခု မင်းက ငါ့မိန်းမ..၊ မွေးလာ မယ့်ကလေး ငါ့ကလေး..၊ ငါ့ဘက်က ပြောဆိုခွင့်မရှိတာ ဘာမှမရှိဘူး၊ ဒါပေမယ့်... အဲဒါကြီးတွေကို ဆုပ်ကိုင်ပြပြီး ကလေး မုန့်ပူဆာသလို ကိုယ် မလိုချင်ဘူး၊ အခု လက်ထပ်ပြီးခဲ့တဲ့ကိစ္စရော လူကြီးတွေက ကျေနပ်မှာ၊မကျေနပ်မှာတွေရော အားလုံး ထားခဲ့လိုက်ပါ၊ မင်းနဲ့ကိုယ် ဘာမှမပတ်သက်ခဲ့ဘူးတဲ့ လူနှစ်ယောက်အဖြစ် အသစ်ကနေ ပြန်ချစ် ချင်တယ်''

''ကျွန်မကတော့ ဆောရီးပဲ''

''ဝိုင်...''

သူ ဝိုင့် ပခုံးလေးကို တင်းခနဲ ဆွဲဖက်လိုက်၏။

''ရှင်..နော်...''

''အား...''

''ဟင်!..''

ဝိုင် စိတ်ရှိလက်ရှိတွန်းပစ်လိုက်သဖြင့် သူ့ရဲ့ညာဘက်ပခုံးကို ...၏။ ...ခ်လိုက်သလိုဖြစ်သွားကာ မှတ်တမ်း တွန့်ခနဲ ဖြစ်သွား၏။ ဖက် ...ကိုယ်လုံး ...သည့်လက်ကလည်း အလိုအလျောက် ပြုတ်ကျလေသည်။

''မှတ်တမ်း..၊ ဆော... ဆောရီးနော်..၊ ဝိုင်...၊ ...မချစ်နိုင်ဘူးလို့ ...ခံစားချက်တွေ ရင်ထဲမှာ ပြင်းထန်နေလို့လို့ မ...ညီဖြူနေတာလဲ..၊ ...တော့ ဝိုင် က ခဏခဏမြင်နေကတည်းက ... ...သည်။ သူ့ကျတော့ သူချစ်သူကလွဲပြီး ...ဂင်းသံတွေ မြည်ဟည်းနေ၏။ ...ကိုယ် တိုက်ရိုက်ပတ်သက်နေပြီဆိုတော

''မင်း ကိုယ့်ကို ဘယ်လိုပြောလိုက်...

...''



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်း က သူ့ပခုံးသူ ဖွဖွဆုပ်ထားရင်း ဒါကိုပဲ မျက်နှာပျက် ပျက်နှင့် ထပ်မေးသည်။

"ကိုယ့်ကို မင်း မယုံတာလား…"

"သိပ်သေချာတာပေါ့ မှတ်တမ်း…၊ ရှင် ဝိုင့် ရှေ့မှာပဲ မိန်းမတစ် ယောက်ကို သေလုအောင် ပြေးလွှားချစ်နေခဲ့ရတာလေ…၊ ဘာကို ယုံစရာ ရှိလို့လဲ၊ ချစ်တဲ့စကားတစ်ခွန်းက ပြောလို့လွယ်တယ်၊ ပြီးဆုံးဖို့ဆိုတာ မလွယ်ဘူး"

"နေဦး…"

"ရှင့်ကျတော့ လွယ်သားပဲ…"

"ကျွတ်!…"

သူ့မျက်နှာ ရှုံ့မဲ့သွားတာကို ဝိုင် က သေချာထိုင်ကြည့်သည်။ ပြီးတော့ နှာနှာကျင်ကျင် မဲ့ပစ်၏။ ကိုယ့်ကို သူ စေတနာထားခဲ့တာ လည်း သိသည်၊ ချစ်တယ်ဆိုတာကိုလည်း သဘောကျမိသည်၊ ဒါပေ မယ့် ဘယ်လို ယုံကြည်ရမလဲ…။

ကိုယ့်ရှေ့မှာပဲ ချစ်သူနဲ့ချိန်းထားတယ်ဆိုပြီး ထွက်သွားတာတွေ…၊

ဆိုတဲ့မိန်းမအပေါ် ပျာပျာသလဲဖြစ်ခဲ့တာတွေ…။

လာပြီအဲဒါတွေ ဒီက ဘယ်လို မေ့ပျောက်ပစ်ရမှာလဲ…။

သွားကြ…ချစ်ဆိုတာ အမြစ်တွယ်ချင်း မဟုတ်ဘူး ဝိုင်…၊ စိတ်ရဲ့ခံစား

မှတ်တာ…ကျောက်စိုင်ကျောက်သားတောင် သဘာဝဒဏ်ကို မခံနိုင်

တစ်ခုကို တယုယတိုင်း မရ၊ ပေးတိုင်းမယူ၊ နားလည်မှု၊ ပြေလည်မှု

"မင်းကို ကိုယ်…ခဲ့တဲ့ မေတ္တာကမ္ဘာတစ်ခု ဘယ်လိုခိုင်ခံ့အောင်

ဝိုင် က တစ်ဖက်လှည့်…စပြီး သူ့ကို ဆင်းရဲစေအောင် မလုပ်ခဲ့မှု

ကာ… တော်သင့်ပြီလို့ ထင်တဲ့နေ့ လမ်းခွဲလိုက်

"ဝိုင်…" …ဘယ်၊ ပြိုကွဲတယ်ဆိုတာ တစ်ယောက်

"ပေါင်းကြဖို့ဖြစ်လာတာ…ဆိုတာ မင်း နားလည်စမ်းပါ ဝိုင်…"

လဲ ပြောတယ်၊ ကလေးမွေးပြီး…





"အခု ရှင်က ဝိုင့် ဆီက ကလေးကိုမြင်ပြီး သူ့ကို လမ်းခွဲလိုက် တာပဲ၊ ဒါတွေကို ပြန်မစနဲ့တော့ မှတ်တမ်း…၊ ရှင့်နဲ့ ဝိုင် လူကြီးတွေစီစဉ် ခဲ့လို့ ဒီလိုဆုံဖြစ်ကြတာ၊ သူတို့က တော်ပြီဆိုရင် လမ်းခွဲရုံပဲ…"

"လုံးဝ မရဘူး…၊ လူကြီးတွေ စီစဉ်ခဲ့တာ မင်းနဲ့ကိုယ် တွေ့ဆုံ ပြေလည်ဖို့မှ မပါတာ၊ ကိုယ်တို့ ဆုံစည်းခဲ့ကြတာက ကံတရားအတိုင်းပဲ၊ မင်းက ကိုယ့်အတွက် ဘုရားပေးတဲ့ဆု…၊ ကိုယ် ဆုံးရှုံးမခံနိုင်ဘူး ဝိုင်…၊ မင်းပြောနေတဲ့ ကလေးကြောင့်ဆိုတာကို ဖျောက်ပစ်လိုက်စမ်းပါ၊ ကိုယ် ခပ်ရိုင်းရိုင်းတွေ မပြောချင်ဘူး၊ ဒီမှာ ဝိုင်…"

သူက ဝိုင် မရှောင်သာအောင် လက်ကောက်ဝတ်လေးကို ဖျတ် ခနဲ ဖိဆုပ်လိုက်ကာ…

"မင်းကို ကိုယ်ချစ်တယ်…၊ မင်းကို မြင်တွေ့ရင်းနှီးလာပြီးမှ တခြား ဘာကိုမှ ကိုယ် မမက်မောခဲ့တာပါ၊ အဲဒီခံစားချက်တွေ ပြောင်း လဲနေတာ ကိုယ့်ကိုယ်ကိုယ် သိနေတယ်"

"ရှင်နော်…၊ ဝိုင် ဒီတစ်ခါ ပိုနာအောင် ထိုးပစ်လိုက်မှာ…"

"ခံချင်လွန်းလို့ပါ…၊ လုပ်လိုက်စမ်းပါ"

သူ ဝိုင့် ကိုယ်လေးကို ခါးလေးကနေ ဆွဲဖက်ထားလိုက်၏။

သူ ဆံပင်တွေကို ငုံ့နမ်းလိုက်မှန်းသိလျှင် ဝိုင့် တစ်ကိုယ်လုံး ခတ်လိုက်သွားသလို ကျင်ခနဲ…၊ ရှိန်းခနဲ။ ညည်း သူ့ကို မချစ်နိုင်ဘူးလို့ ပြောပြီးတော့ ဝိုင်…၊ သူနမ်းတာကို ဘာဖြစ်လို့ ကြည်ဖြူနေတာလဲ…၊ ငြင်းပစ်လိုက်… ရုန်းထွက်လိုက်လေ…။

ခေါင်းထဲမှာ သတိပေးခေါင်း…သာင်းသံတွေ မြည်ဟည်းနေ၏။ ဒါပေမယ့်…၊ ဟင့်အင်း…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

ငွေကြေးပြဿနာတွေ မရှိပေမယ့် ရှိနေတဲ့ပြဿနာကြောင့် မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာတော့ မလုပ်ဖြစ်ခဲ့ပါ..။ မန္တလေးမှာ တစ်ခါဆောင်ပြီး မိုးကုတ်မှာ နောက်ထပ် ညစာစားပွဲလုပ်ခဲ့၏။

ညပိုင်း ကိုယ့်ခြံထဲမှာပဲ အကျဉ်းချုံးမယ်ဆိုတာတောင် မှတ်တမ်းဘက်က သူငယ်ချင်းမိတ်တွေပါ တစ်နယ်တစ်ကျေးကနေ ရောက်လာကြတာမို့ ညစာစားပွဲက ကျပ်သိပ်စည်ကားနေခဲ့၏။ ဒါတောင် လူကြီးတွေကျန်းမာရေးကြောင့် အကျဉ်းချုံးလိုက်တာပါဟုပြောတိုင်း လူတိုင်းကလက်ဖျားခါ၏။

အပျိုကြီးတွေက တူမကို ရွှေလမ်းငွေလမ်းဖောက်ခွင့် ပြုလိုက်သည်ဆိုတာ ပေါ့ပေါ့ပါးပါးနှင့် ယုံသွားတဲ့လူလည်း ရှိသလို..၊ တချို့ကျတော့ ပြုံးစိစိနှင့် မျက်နှာလွဲသွားတာတောင် သိပါတယ်ဆိုသော အကြည့်တွေနှင့်..။ လူအများက အမှန်အတိုင်း မသိပေမယ့် ပိုင် နဲ့ မှတ်တမ်းရန်ကုန် မှာတွေ့ပြီး ခိုးရာလိုက်ပြေးကြလို့ မဖြစ်လို့ ပေးစားလိုက်ရသည်ဟု... ထင်ကြပါစေတော့..၊ ဘယ်အခြေအနေပဲဆိုက်နေနေ မှတ်တမ်းလိုလူနှင့် ကိုယ့်ကလေးက ညားကိုညားမှာပဲ ဖြစ်သည်မို့...





"နွေ..."

"ဘာလဲ.."

"ကြည့်ပါဦး..၊ ကိုယ်ဝန်က အမြဲဆိုတော့ ဘာမှမသိသာဘူးနော်"

"အဲဒါကို ထည့်ပြောနေပါနဲ့ဟာ..."

"မှတ်တမ်း နဲ့ ငါတို့ကလေး လိုက်တော့ လိုက်ဖက်ပါတယ်"

"ဖက်ဖက်,မဖက်ဖက်ဟာ ငါတော့ ရင်ထဲ မကောင်းပါဘူး..၊ ဆောင်း လို မျက်နှာလွှဲခဲပစ်နေလိုက်လို့ရရင်လဲ ကောင်းသား..."

ဆောင်း ကတော့ မန္တလေးမှာ ညစာစားပွဲပြီးတာနှင့် မိုးကုတ်ကိုပြန်မလိုက်တော့ဟုပြောကာ ကြီးကြီးမြင့် အိမ်မှာ အိမ်စောင့်ကျန်ရစ်၏။

သူမကို ဘယ်လိုမှ ချွေးနွေးမရသည်မို့ ကိုကြီးကလည်း ထားခဲ့လိုက်တော့ဟု လက်လျှော့ခဲ့၏။ ညစာစားပွဲမှာ ပဝါကြီး ဘယ်ညာချ၍ခန့်ခန့်ကြီး ပါဝင်ဆင်နွှဲနေရ ပေမယ့် နွေ နဲ့ မိုး တို့ရဲ့မျက်လုံးတွေကမှတ်တမ်း နဲ့ ပိုင် ဆီမှာပဲ ဖြစ်နေကြသည်။

"ကလေး သနားပါတယ်နော်..၊ ငါတို့ကြောင့် ကိုယ်ဝန်ကြီးနဲ့မင်္ဂလာဆောင်နေရတယ်"

"နွေ ရယ်..၊ ကိုယ်ဝန်က ဘာမှမသိသာပါဘူး၊ တချို့ဆို ခုနစ်လထိတောင် ဖျောက်ဖျက် လှုပ်ရှားနေကြသေးတယ်တဲ့.."

"ဘာဖြစ်ဖြစ် ငါတို့ အရမ်းကို မှားပါတယ်.."

နွေ့မျက်နှာ ဖြူဖျော့နေတော့ မိုးရိပ်စိတ်နှင့် မိုး က လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ကာ...

"လူတိုင်း မှန်နေကြရင်လဲ အမှားဆိုတာ ဘယ်ရှိတော့မှာလဲ နွေရယ်..၊ နင်ကလဲ အခု ပြီးပြီလေ..၊ မင်္ဂလာတောင်ဆောင်နေမှဥစ္စာ..."

နွေ က ခေါင်းတရမ်းရမ်းနှင့် ချောင်ကျကျ စားပွဲတစ်လုံးမှာခပ်ဖြည်းဖြည်း ထိုင်ချလိုက်ပြီး...

"ငါ ပြန်တွေးမိတိုင်း ရင်တုန်တယ် မိုး ရယ်..၊ ပြီးခဲ့ပြီဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်လို့ မရဘူး..၊ ကလေးသာ ရန်ကုန်မှာ ဒုက္ခတွေပြီး ဒါမှမဟုတ် ရှက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်လိုက်ရင်လေ...''

''အို.. တော်ပါတော့..၊ ကျက်သရေမရှိလိုက်တာ...''

''ကလေးကို ငါတို့ ဒီလိုလေးတောင် မြင်ရမှာ မဟုတ်ဘူးနော်''

''ကဲ.. ထပါ..၊ ဟိုမှာ ဧည့်သည်တွေ သွားနှုတ်ဆက်ရအောင်..''

နွေ က ထိုင်ရာကမထဘဲ ခေါင်းခါ၏။

''လူငယ်တွေပါ..၊ သူတို့ဘာသာ ဧည့်ခံလိမ့်မယ်၊ ငါတို့ကလေးရဲ့ အသက်က မမေ တို့သားအမိဆီမှာပဲ မိုး..၊ သူတို့သားအမိကြောင့် ရန်ကုန်မှာ ကလေး မပျက်မစီးရှိခဲ့တာ...''

''နွေ ရယ်..၊ အကောင်းဘက်ချည်းတွေးပြီး ဘာလဲ.. ကန်တော့ပွဲ အုန်းပွဲနဲ့များ သွားကန်တော့ဦးမှာလား...''

''အဲဒီစိတ်ကိုပေါက်နေတာ တကယ်ပဲ မိုး..၊ ကလေးကိုသာ ယောဝရခုံးရှုံးပိုက်ရရင် ငါ ရူးသွားမှာပဲ''

ဟုတ်ပါသည်..။ ခုလည်း နွေ့ စိတ်က ချောက်ကမ်းပါးအစွန်းထ ခဲလုံးလေးလို တကယ့်တည်းတည်းလေးပဲ ရှိတော့ကာ ဖြစ်၏။

ဝိုင် ရောက်လာလို့ ဝေါက်ခနဲ ထထိုင်သွားနိုင်တာဖြစ်သလို နောက် ထပ် တစ်ရက်..၊ တစ်မနက်လောက်မှ နောက်ကျခဲ့လည်း အသက်လု တော့မည့်အခြေအနေ..။

''ငါလေ..၊ ကလေးကို ဆုံးရှုံးရမို့ဖြစ်လာပြီဆိုမှ သေဆုံးပျော ကွယ်သွားခြင်းထက်စာရင် ကျန်ရှိနေခြင်းဟာ ဘယ်လိုပဲရှိနေနေ ရတာ ပါလားဆိုတာ နားလည်ခဲ့တယ်၊ ကလေးကိုရင်းပြီး မြေးလိုချင်ခဲ့မိတာ 'ဘုရား' တောင် တ,မိပါတယ်ဟယ်...''

''အဲဒါ သူတို့ ညားကြဖို့အကြောင်းပဲ နွေ ရေ..၊ ငါကတော့ မဖြစ်သာလွန်းလို့ သဘောတူလိုက်ရတာ၊ အဲဒီမိသားစုကို နင့်လော တော့ အကောင်းမမြင်ပါဘူး..၊ အခု နင်ယ်တဲ့ ဝိုင် ရဲ့နှလုံးသားလေး





မှာ ငါတို့ကို ကြည်ကြည်လင်လင်ရှိချင်မှရှိဦးမှာ..၊ ဒါကို သူတို့ ဘယ်လို ကလိန်ကကျစ်ကျဦးမလဲ မသိဘူး..၊ မှတ်တမ်း ဆိုတဲ့ ကောင်လေးကို ကြည့်..၊ သိပ်ကိုလည်တဲ့ ရုပ်လေး၊ မသိရင် လူတော်လူကောင်းလေး လိုလိုနဲ့ ကလေးလက်ကို ဆွဲထားတာ တစ်ချက်မှ မလွှတ်ဘူး''

ဦးဟံရှင် တို့၊ ဦးရတုကျော် တို့ကတော့ တပြုံးပြုံးနှင့်ပါ..။

ဝိုင် က ဒေါ်မေကောင်းကင် နှင့် မှတ်တမ်း ရဲ့အလယ်မှာ ထွက် ပေါက်မရှိသလိုမျိုး..။

''ငါတို့က မလိုလားတဲ့ဘက်က နေခဲ့တဲ့သူတွေဆိုတော့ အနား မလာရဲကြတာမျိုးပါ..၊ သူတို့က ကလေးရဲ့ကျေးဇူးရှင်တွေဆိုလဲ မမှား ပါဘူး မိုး ရယ်..၊ ထားလိုက်ပါတော့... မှတ်တမ်း ဆိုရင် ဦးတာတေ ကြီး လက်ထဲကနေ ကလေးကို အသက်စွန့်ပြီးကာကွယ်လိုက်တာ ဘယ် လောက် အံ့ဩဖို့ကောင်းလဲ..၊ ဒီကောင်လေးက ချစ်သူရှိတယ်လို့လဲ ပြောသေးတယ်၊ ဝိုင့် အပေါ်ထားတဲ့ စေတနာက နက်နက်ရှိုင်းရှိုင်းပဲ..၊ ခု ကြည့်ပါဦး... သူကိုယ်တိုင်လဲ မြတ်နိုးနေတဲ့ပုံပါ''

သွားပြီ..၊ ကျန်းမာရေးချို့ယွင်းပြီး ခေါင်းကိုပါ ထိသွားပြီလား သေီ..။ စိုးလည်း စိုးရိမ်သည်။ ဒေါသလဲ ဖြစ်ချင်လာ၏။ သိနေတာပဲ ဘာကို ပြောနေလိုက်တာ တဖွဖွတနွဲ့..။ ချစ်သူရှိသားနှင့် ဒီတစ်ယောက် ကို ထပ်ချစ်တာ ဝမ်းသာစရာလား..။

''တို့ကလေးကိုယ်က ကံကောင်းတာ သိလား မိုး..၊ သူ့မျက်နှာ လေးမြင်ရင် လူတိုင်း ချစ်သွားတာပဲ၊ ဆုတောင်းကောင်းတာပေါ့နော်''

''ဟား... ဟား... ဟား...''

လူငယ်တွေဆီက ရယ်သံ သူတို့နားထိ ကျယ်ကျယ်လောင်လောင် ဝင်လာတော့ နှစ်ယောက်စလုံး စကားရပ်သွားကြ၏။ ထိုအခါ ပြောနေ သံကို ကြားရတော့သည်။

''ယုံပါတယ်ဗျာ..၊ ဟား... ဟား...၊ မင်း ဝိုင့် ကို ကျောကွဲ

www.burmeseclassic.com



အောင် ချပ်တာ…"

"ဘိတ်ကောင်.. တိုးတိုးပြောစမ်းပါ..၊ မင်းဟာကြီးက ဘာမှန်းမသိ.."

မှတ်တမ်း က ဖေဖျ လက်မောင်းကို လက်သီးနှင့် လှမ်းထိုး၏။ နိုင်အောင် က အသေအချာ မြင်ခဲ့တဲ့သူမို့ ခေါင်းညိတ်ထောက်ခံ၏။

"မင်း ခုမှ ရှက်မနေပါနဲ့..၊ သူ့အဒေါ်တွေက အရူးလက်ထဲက ကယ်လိုက်တာကိုတောင် ကျေးဇူးတင် ခွင့်လွှတ်ခဲ့သေးတာ..၊ အဲဒီဖြစ်ရပ်လေးပါ မြင်လိုက်ရရင် အဲဒီကတည်းက မင်းတို့ အဆင်ပြေသွားမှာ.."

"အေးလေ..၊ မင်း ဝိုင့် ကိုဖက်ပြီး ကျောပေးခံလိုက်တာ ထိပ်ထားရဲ့အိတ်ကြီး မင်းကျောပေါ် ဇုန်းခနဲပဲ..၊ အဲဒီမှာတုန်းက အိတ်မဟုတ်ဘဲ ပုလင်းဆိုရင် မင်း အဆုတ်ကျာပြီ..၊ ခုလို မင်္ဂလာပွဲလေးနဲ့ ငါးခူပြုံးပြုံးနေနိုင်ပါ့မလား"

"ငါတို့ သိသားပဲ..၊ မင်းရဲ့စိတ် ထိပ်ထား ဆီမှာ မရှိတော့ဘူးဆိုတာ အဲဒီမှာ အဖြေပေါ်တာ…"

"မဟုတ်ပါဘူးကွာ..၊ သူ့ရမ်းကားလွန်းတာကို အဲဒီမှာ ငါ စိတ်ပျက်သွားတာ.."

"စိတ်ပျက်နေတာကတော့ အဲဒီကစတာ မဟုတ်ဘူး မှတ်တမ်း-မင်း မလိမ်နဲ့..၊ ပါးရိုက်လိုက်တာက ဝိုင် ရယ်..၊ ဟိုကရိုက်တော့ မင်း မခံနိုင်ဘဲနဲ့..၊ ဝိုင့် ကိုပဲ ကာကွယ်တယ်၊ အရေးကြုံလာတော့ မင်းရင်ခွင်ထဲမှာ ဝိုင ်ပါကွာ..၊ ထိပ်ထား က ကျောဘက်မှာပါ"

ဟိုဘက်ဝိုင်းမှာ လူကြီးတွေနှင့်အတူရှိနေသော ဝိုင့် နားမှာ သူ့တို့အသံတွေ အကုန်လုံးဝင်နေ၏။ လှမ်းကြည့်လိုက်တော့ ခပ်လှမ်းလှမ်းစားပွဲမှာလည်း အန့်တီနွေ တို့ ရှိနေကြသည်။ ဒီဘက်ကိုကြည့်ပြီးဘာတွေပြောနေကြသည် မသိပါ..။

ထိုဆီကိုသွားဖို့ ခြေလှမ်းပြင်တိုင်း မှတ်တမ်း က ... ှမ်းခေါ်လိုက်-





လက်ကိုဆွဲယားပြီး မည်သည့်သည်တွေနှင့် မိတ်ဆက်ပေးလိုက်..။

မျက်လုံးချင်းဆုံတိုင်း အန့်တီနွေ က ပြုံးပြပေမယ့် အန့်တီမိုး က မတည်မပြုံး..။ ဝိုင့် ရင်ထဲမှာ ကျေနပ်ခြင်းတွေရော..၊ မကျေနပ်ခြင်းတွေရော.. ရှုပ်ယှက်ခတ်နေတော့သည်။

မင်္ဂလာပွဲပြီးသွားတော့ အန့်တီနွေ တို့ အလှူပေးခဲ့ကြတဲ့အဝတ်ဝိုင် နှင့်အတူ မွေးဖွားမပြီးမချင်း လိုက်မေ့ဖို့ မှတ်တမ်း က ပါလာခဲ့သော မင်္ဂလာအိပ်ခန်းကို သေချာပြင်ပေးသွားပါသော်လည်း…

"ဘယ်ကိုလဲ ဝိုင်…"

သူ အင်္ကျီလဲနေတုန်း ဝိုင်က ခေါင်းအုံးလေးပိုက်ပြီး တံ ... ဖွင့်ထွက်သဖြင့်…

"ကြည့်လို့မကောင်းလိုက်တာကွာ..၊ ဘယ်သွားမလို့လဲ ပြော..."

မှတ်တမ်း က အင်္ကျီကြယ်သီး ပြီးအောင်မတပ်ဘဲ ဝိုင် ဖွင့်ထားသည့်တံခါးကို ရုပ်ခနဲ ပြန်ပိတ်ပစ်၏။

ဝိုင့် မျက်နှာစူပုတ်သွားကာ ဆံပင်တွေလွင့်သွားအောင် မော့ပစ်လိုက်၏။

"အန့်တီနွေ မျက်နှာသိပ်မကောင်းဘူး"

"အဲဒီတော့ ဘာဖြစ်လဲ…"

"အန့်တီက ကျန်းမာရေးကောင်းတာ မဟုတ်ဘူးလေ..၊ ဝိုင်စကားသွားပြောမလို့.."

"ကိုယ်ကရော…"

"ရှင်က လူမမာမှ မဟုတ်တာ"

"ကိုယ်က လူကောင်းဆိုရင် သူလဲ ကောင်းနေတာပဲ..၊ ဧည့်ခံပွဲမှာ အစအဆုံး သူရှိနေတာ ပြုံးလို့ရယ်လို့…"

"အဲဒါ ဟန်ဆောင်နေပေးရှာတာ…"

"သူ အဲလို ပြောလို့လား.."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်.. ဖယ်ပေး....၊ ရှေ့က..."

ဝိုင် လက်လှမ်းတော့ မုတ်တမ်း က လက်ကို တွန်းပစ်လိုက်ကာ...

"မင်္ဂလာဦးညကြီးကွာ..၊ ကိုယ့်ကို တစ်ယောက်တည်း ထားခဲ့ပြီး ဘာ..."

"ဖယ်နော်.."

"မသွားရဘူး..၊ ပေး... အဲဒါ !.."

"အို.. မပေးဘူး..၊ ရှင်... ရှင်နော်..."

ခေါင်းအုံးကို ဆွဲယူလိုက်ကာ မွေ့ရာကြီးပေါ် ပစ်တင်လိုက်သဖြင့် ဒေါကန်သွား၏။ ဝိုင် သူ့ကို ကြောက်နေသည်။ ဒါကြောင့် နှစ်ဘက်တည်း မနေချင်...။

"ည..ညဆို ဝိုင် က သနပ်ခါးလိမ်းပြီးမှ အိပ်တာ၊ အဲဒါ အန်တီမိုး က သွေးပေးနေကျ..."

"အဲဒါ ဘာဖြစ်လဲ.."

"သွားလိမ်းမလို့.."

"ကိုယ် သွေးပေးမယ်.."

"မလိုပါဘူး..၊ အန်တီမိုး က ကိုယ်တိုင်လိမ်းပေးတာ..."

"အဟွန်း..."

မုတ်တမ်း က ခပ်နွဲ့နွဲ့ခါးထောက်၍ ရယ်သည်။ ဝိုင့် ပါးပြင်လေးတွေက မီးရောင်အောက်မှာ ပန်းရင့်ရောင်နီဥလျက်...။

"တော်ပြီလား..၊ ထပ်ပြဖို့ အကြောင်းတွေ ရှိသေးရင်..."

နှုတ်ခမ်းလေးကိုက်၍ ဝိုင့် မျက်ဝန်းစုံက ကျားသစ်ပျို မလေးနှယ်..။

"ဟုတ်တယ်..၊ ရှင်နဲ့ တစ်ခန်းတည်း မနေချင်လို့.."

ပြောပြီး ခေါင်းအုံးပြေးယူမလို လှည့်ထွက်လိုက်လျှင်...

"ဝိုင်..."





"အို!..."

မုတ်တမ်းက ဝိုင့် တစ်ကိုယ်လုံးကို နောက်ကနေ သိမ်းဖက်ပစ်လိုက်၏။

"ရှင်... ရှင်..နော်..၊ ဘာလုပ်တာလဲ.. လွှတ်..."

"ဟင့်အင်း.."

မုတ်တမ်း ရဲ့မျက်နှာက သူမရဲ့ဆံပင်နှင့် ကုတ်သားနုနုလေးကြားမှာ ဖိနှစ်ပွတ်ကပ်လျက်...

"ကိုယ့်နားက မင်း ဘယ်မှမသွားရဘူး"

"မရဘူးနော်..၊ ရှင်... ရှင် ဝိုင့် ကိုထိလို့ မရဘူး..၊ မဖြစ်ဘူး ဆို..၊ အို!..."

သူ တင်းကျပ်စွာ ချုပ်ဖက်၍ မြတ်နိုးမက်မောစွာ နမ်းနေပေမယ့် ဝိုင် အကြောက်ကြီး ကြောက်နေကာ...

"ဝိုင် တောင်းပန်ပါတယ် မုတ်တမ်း..၊ ဝိုင့် ကိုလွှတ်ပါနော်.. ဟို...ဟို..လေ မမွေးရသေးဘဲ ရှင်... ရှင် ဝိုင့် ကိုထိရင် နောက်လ တစ်ယောက်တိုးပြီး အမြွာပူးဖြစ်သွားမှာ..."

"ဘာ..."

သူ့မျက်နှာ ပြန်မော့လာတော့ ဝိုင် ဝမ်းသာအားရ ဖြစ်သည် ဒါပေမယ့် ရှန်းထွက်ကြည့်တော့ နည်းနည်းလေးမှ လှုပ်မရ ကျောနှင့်ရင်ကို ကော်နှင့်ကပ်ထားတဲ့အတိုင်း..။

"ရှင် သူများ တောင်းပန်နေတာ မရဘူးလား..."

ပြောရင်း ဝိုင့် အသံလေး ငိုသံပါလာကာ...

"သူများကို အမြွာပူးဖြစ်သွားအောင် မရမ်းကားနဲ့.. သိလား..."

"မဟုတ်တာတွေ ဝိုင် ရာ..၊ ကလေးပေါက်စ ပဲ..၊ မင်းကို ဘယ်သူပြောလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင့် ဘာသာ သိနေတာပေါ့..၊ ရှင်နဲ့ အတူနေတာမဟုတ်ဘဲနဲ့ တောင် ဒီလိုဖြစ်ခဲ့တဲ့ဥစ္စာ..၊ ခုလိုဆိုရင်..."

"ဘာမှမဖြစ်ဘူး..၊ အဲဒါမျိုးလဲ မရှိခဲ့ဖူးဘူး"

"ဖယ်... မရဘူး..၊ ဝိုင် ကြောက်တယ်..၊ လွှတ်..."

"အဲဒီလိုတော့ မဆိုးပါနဲ့ကွာ..၊ ဒါ ကိုယ်တို့ရဲ့မင်္ဂလာဦးညလေ"

"ဟင့်အင်း.."

"မနက်ကျ လူကြီးတွေကို ကိုယ် မေးပေးမယ်နော်.."

"ဟုတ်တယ်.. အဲဒီလိုပါဆိုမှ...၊ ဝိုင် မကြည်ဖြူဘူးနော်..၊ ရှင့်ကို သိလား...၊ ဟင့်အင်း..."

ဒါ မင်္ဂလာဦးညတဲ့လား...။

ဒေါ်နွေမုတ်သုံ တို့ မျိုးစေ့ချခဲ့တဲ့အတွက္က မင်္ဂလာဆောင်ပြီးတာ တောင် မငြိမ်းချမ်းပါလား..။

တစ်ညလုံး ကလေးချော့သလိုချော့ရင်း သူ မိုးမိုတ်ခွင့်ရတော့ ညဥ့် တစ်နာရီတီတီ..။

ရင်ခုန်သံတွေကို ကြားခဲ့ရပါ၏..။ ဒါပေမယ့်...၊

အတွက်မှော်လေလား...။

# လရောင်ကျူးရင့်



www.burmeseclassic.com